


# မြတ်သင်း

## မြတ်သင်း နှစ်ယောက်

နှင့် ဝတ္ထုတိုများ

မြတ်သင်း

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်၌ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

U WIN KYI

# မြတ်သင်း

# မြတ်သင်းနှစ်ယောက် နှင့် ဝတ္ထုတိုများ

ကျ ၁၀၀/-

စာမူခွင့်ပြုချက်အမှတ် - ၁၀၀၂/ ၂၀၀၂ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၉/ ၂၀၀၃ (၁)

မျက်နှာဖုံး
ဇော်မောင်

ပုံနှိပ်ခြင်း
ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ
နန်းသာမြေ

စာအုပ်ချုပ်
ကိုမြင့်

စီစဉ်သူ
ဦးကျော်ဝင်း

ပုံနှိပ်
အဲဗားဂရင်းအော့စက်

Ks 1000/-

ဟောမန်မြတ်သင်း
ဝသန်မြတ်သင်း
နွေဟာန်မြတ်သင်း တို့အတွက်

ဗီစဉ်သူ့ဖက်အနေဖြင့် ...

'ဆရာမြတ်သင်း' က 'ယုံကြည်စွာ'လွှဲအပ်သဖြင့် မဂ္ဂဇင်း အသီးသီးတွင် ပုံနှိပ်ဖော်ပြခဲ့ပြီးသော ဆရာ၏ဝတ္ထုတိုများကို ပြန် လည်ဖတ်ရှု ခံစားခွင့် ရရှိခဲ့ပါသည်။

ဆရာ့ဝတ္ထုတိုများကို တစ်ပုဒ်ပြီးတစ်ပုဒ် ဖတ်ရှုနေရင်းမှာ ပင် ကျွန်တော်သည် စာအုပ်တစ်အုပ်ဖြစ်မြောက်အောင်၊ အလုပ် လုပ်နေသည်ကို မေ့လျော့ကာ၊ ဝတ္ထုတိုကောင်းများကို တစ်စုတစ် စည်းတည်းဖတ်ရှုခွင့်၊ လေ့လာ . . . ခံစားခွင့် ရရှိနေသည်ဟု 'ဝမ်း မြောက်'နေမိပါသည်။ စာအုပ်တစ်အုပ်စာ . . . စုစည်းရယူ၍ ဝတ္ထုတိုအချို့ 'ချန်ထား' ခဲ့ရသည်ကိုလည်း 'နှမြော'နေမိပါသည်။

မည်သို့ပင်ဖြစ်စေ . . .

ဆရာမြတ်သင်း၏ဝတ္ထုတိုများကို စုစည်းထုတ်ဝေခွင့် ရရှိ ခဲ့ခြင်းအတွက်၊ 'နန်းသမြေစာပေ'က ဝမ်းမြောက် ဂုဏ်ယူပါသည်။ 'ဝတ္ထုတိုဆိုတာ . . . ဟောသလိုပါပဲ' ဟု ညွှန်းပြနိုင်မည့် စာအုပ် တစ်အုပ်ကို၊ မြန်မာ့ဝတ္ထုလောကသို့ ထည့်ဝင်ခွင့် ရရှိခဲ့သောကြောင့် ဖြစ်ပါသည်။

ကျော်ဝင်း
နန်းသမြေစာပေ

U WIN KYI

မြတ်သင်း

## မာတိကာ


| | | | |
|---|---|---|---|
| ၁။ | သေတ္တာထဲကကြိုးရှုပ်ရှုပ် | ... | ၁ |
| ၂။ | မန်ကျည်းပင်ဖိုဖို ရွက်နုညွန့်စိုစို | ... | ၁၉ |
| ၃။ | မြစ်ပြင်ကျယ်ထဲ ဝမ်းဘဲတစ်ကောင် | ... | ၃၃ |
| ၄။ | မငွေ့ရင်ကို အမြစ်မတင်ကြပါနှင့် | ... | ၅၂ |
| ၅။ | ရွှေရုပ်လွှာ | ... | ၆၇ |
| ၆။ | မီးပုံးပျံစီးသူများ | ... | ၈၃ |
| ၇။ | ကိုးမြှနှင့်ဗိုင်းမည်းတို့ တစ်ကိုင်းတည်း နားကြခြင်းအကြောင်း | ... | ၉၅ |
| ၈။ | သန့်လျှင်းပေါ်မှ ဘော်ကြယ်များ | ... | ၁၀၈ |
| ၉။ | သမြေနုရောင်အကျီနှင့်လု | ... | ၁၂၂ |
| ၁၀။ | မြတ်သင်းနှစ်ယောက် | ... | ၁၃၆ |
| ၁၁။ | ဖားဆိုမှဖား | ... | ၁၄၈ |
| ၁၂။ | ငါ့လက်ကထွက်လိုက်ပါ့ ချိုချို | ... | ၁၅၈ |
| ၁၃။ | ကန္တာလေတောခြေဝယ် | ... | ၁၆၈ |
| ၁၄။ | နွေလိန်ပိတ္တံ မိုးလဝိတ် ဆောင်းလွှဆိတ် | ... | ၁၈၄ |
| ၁၅။ | မှိုင်းညို့သော သုသာန်ကလေး | ... | ၁၉၃ |
| ၁၆။ | နွေဟန်မြတ်သင်းနှင့် အပေါင်းအသင်းများ | ... | ၂၀၁ |
| ၁၇။ | မေမေဖျိုးသော ပန်းတာပွင့် | ... | ၂၀၈ |
| ၁၈။ | မောင့်ကြော့ဝေ | ... | ၂၂၅ |
| ၁၉။ | တွယ်ကပ်ရစ်နှောင် အိုပဒေသာင် | ... | ၂၄၃ |

## အောင်သင်း၏အမှာစာ

အခြားသူတို့၏စာအုပ်များအတွက်သာမက ကျွန်တော်၏စာအုပ်များအတွက်လည်းအမှာစာရေးတန်လျှင်ရေးထည့်ပေးလိုက်ရပါသည်။ ကိုယ့်စာများအကြောင်းကိုတော့ သိနေပြီးဖြစ်သောကြောင့် အလွယ်တကူပင် ရေးလို့ရပါသည်။ သို့သော်သူတစ်ပါးစာအုပ်အတွက် အမှာစာရေးတော့မည်ဆိုလျှင်အလွယ်တကူရေးလို့မရတော့ပါ။

အမှာစာဆိုသည်မှာ သက်ဆိုင်ရာ စာရေးသူ၊သက်ဆိုင်ရာစာအုပ်နှင့် မိတ်ဆက်ပေးရုံလောက်သာမကဘဲစာဖတ်သူအတွက်လည်း ရသကိုဖြစ်စေ၊ သုတကိုဖြစ်စေထိုက်သင့်သလောက်ပိုမိုခံစားမိအောင် အကြံပေးသွားသင့်သည်ဟုယူဆပါသည်။ ထို့ကြောင့် မိမိအမှာစာရေးရမည့် စာအုပ်ကို သေသေချာချာဖတ်ရပါသည်။ အချိန်ယူပြီး အေးအေးဆေးဆေး ဖတ်ရပါသည်။ ထို့ကြောင့် ကျွန်တော့်ထံက အမှာစာရလိုသူများအဖို့ အတော်လေးကိုစိတ်ရှည်ကြရပါသည်။ ကျွန်တော်ကလည်းအားနာပါသည်။ သို့သော်မတတ်နိုင်ပါ။

ယခု 'မြတ်သင်း'၏ ဝတ္ထုတိုများကိုဖတ်လျှင် ဟိုတစ်ပုဒ်ဒီတစ်ပုဒ်ကျော်လွှား မဖတ်ဘဲ သူ့အစဉ်အတိုင်း ဖတ်သွားပါရန်စာဖတ်သူအား အကြံပေးလိုပါသည်။ အကြောင်းမဲ့မဟုတ်ပါ။ ကြက်ကိုအဖျားကစ၍စုပ်သကဲ့သို့ တစ်စထက် တစ်စအရသာတိုးလာစေလိုသောကြောင့် ဖြစ်ပါသည်။ ထို့မှမကသေးပါ၀တ္ထုတိုဆရာတစ်ယောက်၏ လက်ရည်တက်လာပုံ သမိုင်းကြောင်းကိုပါ သတိထားမိစေလိုသောကြောင့်လည်း ဖြစ်ပါသည်။

'မြတ်သင်း'၏ ဝတ္ထုတိုများကို တန်းစီပြီးဖတ်သွားရင်း သူ၏ မနားမနေကြိုးပမ်းမှုကို ကျွန်တော့်စိတ်ထဲတွင် ခံစားမိလာသည်။ စာကို 'တဖြစ်ရုံမျှသာ' မရေးဘဲ စာဖတ်သူကိုလေးစားစွာ (သူ့ကိုယ်သူလည်းလေးစားစွာ)ရေးသည့် ကလောင်ရှင်ဟုခံစားမိလာသည်။ တစ်ပုဒ်ထက်တစ်ပုဒ် အတွေးလည်းနက်လာသည်။ အရေးလည်းညက်လာသည်၊ အပြော လည်းသွက်လာသည် ဟုခံစားမိလာ



သည်။ ထိုတိုးတက်လာမှုကိုပါ ခြေရာခံ အရသာရှာ စေလိုသောကြောင့် ကျော်လွှားပြီး မဖတ်ပါနှင့်ဟု စာဖတ်သူကိုအကြံပြုရခြင်းဖြစ်ပါသည်။

မြတ်သင်းသည် အဆင့်မြင့်ဝန်ထမ်းတစ်ယောက်ဖြစ်သည်။ အဆင့်မြင့်ဆိုသည်မှာ အဆင့်နိမ့်ရာက စခဲ့ရခြင်းဖြစ်ကြောင်းအထူးပြောနေစရာမလို။ထို့ကြောင့်သူသည်အနိမ့်အကြောင်းကိုလည်းကြုံခဲ့သည်၊ အမြင့်အကြောင်းကိုလည်း သိနေသည်။ ကိုယ့်အောက်ကလူတွေအကြောင်းကိုလည်း သိသည်။ ကိုယ့်အထက်လူတွေ အကြောင်းကိုလည်း သတိထားမိသည်။ ထိုထိုသောအသိတို့သည် သူ၏'ဝတ္ထုတိုလိပ်ပြာ'ကို နိုးစေခဲ့သည်ဟု ကျွန်တော်မှတ်ယူသည်။ သူသည် ဝတ္ထုတိုရေး နေခြင်းမဟုတ်၊ ခေတ်ပတ်ဝန်းကျင်နှင့် လူသားတို့အကြောင်းကို ဝတ္ထုတိုအသွင်ဖြင့် မှတ်တမ်းတင်နေခြင်းဖြစ်သည်ဟု ကျွန်တော်ပြောချင်သည်။

ကျွန်တော့်အဆိုပြုချက်အတွက် အထောက်အထားပြပါဟုဆိုလာလျှင် 'မီးပုံးပျံစီးသူများ'၊ 'ဖားဆိုမဖား'၊ 'မိုင်းညို့သော သသနံကလေး'၊ 'မမေ့ပျိုးသောပန်းတစ်ပင်'၊ 'တွယ်ကပ်ရစ်နှောင်အိုပဆောင်' တို့ကို သတိထားပြီး ကြည့်လိုက်စမ်းပါဟု ကျွန်တော်ကလျှောက်လိုပါမည်။

အနောက်တိုင်း စာပေတွင် ၁၉၀၀ ကျော်လောက်က **O.Henry twist** ဟုခေါ်ကြသော ဇာတ်လမ်းအလှည့် ကလေးနှင့်ဝတ္ထုတိုများခေတ်စားခဲ့ဖူးသည်။ မြန်မာဝတ္ထုလောကတွင်လည်း စပြီးခေတ်တိုင်အောင် ရေပန်းစားခဲ့ဖူးသည်။ 'သုခဝတ္ထုတိုများ'ကိုကြည့်ပါ။ ယခု 'မြတ်သင်း' ဝတ္ထုတိုများကိုကြည့်လိုက်လျှင်လည်း အလှည့်ကလေးတွေနှင့် အဆုံးသတ်ထားသည်တို့ကို တွေ့ရလိမ့်မည်။ သို့သော် သူ့အလှည့်က ဇာတ်လမ်းအလှည့်မဟုတ်။ အတွေးအမြင်အလှည့်၊ရှုထောင့်အလှည့်ဟု ကျွန်တော်ပြောလိုက်ချင်သည်။ ဖတ်ပြီးမှ ကျွန်တော့်တင်ပြချက်ကို ဆုံးဖြတ်ပါ။

'မြတ်သင်း'သည် ခေတ်ကိုလည်းကောင်း၊ လောကကိုလည်းကောင်း မကြာခဏသရော်တတ်သည်ဟုလည်း ဆိုချင်သည်။ သို့သော် သူ့သရော်သံတွင် သက်ပြင်းချသံနှင့် ရှိုက်သံငွေ့ငွေ့

ပါနေသည်ဟုလည်း ထင်မိသည်။

'မြတ်သင်း'သည် မျက်စိရှင်သည်၊ နားပါးသည်ဟု ဆိုချင်သည်။ သွားလေရာ ရောက်လေရာတွင် စိတ်ထဲက စာရေးနေဟန်ရှိသည်။ ထိုအချက်ကို 'ဖားဆိုမှဖား' 'နွေလိန်ပိတ် မိုးလပိတ် ဆောင်းလှုဆိတ်' ဝတ္ထုတိုများတွင် တွေ့နိုင်သည်။

'သပြေ နုရောင်အကျီနှင့်လူ' တွင်တော့ 'မြတ်သင်း' 'အတတ်စမ်း'ထားသည်ဟု ထင်မိသည်။

ကျွန်တော့်ဥာဉ်အတိုင်း 'အကြိုက်ဆုံးဝတ္ထုတို'ကိုလည်း ပြောလိုက်ချင်ပါသေးသည်။

'ခင်ဗျားက ကျောင်းဆရာကိုးဗျ' ဟုပြောလျှင်လည်း ခံရပါတော့မည်။ 'မေမေပျိုးသော ပန်းတစ်ပင်'၏ အဆုံးသတ်စာကြောင်းလေးကို ဖတ်လိုက်ရသောအခါ ရင်ထဲမှာ နင့်ခနဲဖြစ်သွားအောင်ခံစားလိုက်ရပါသည်။ ကျွန်တော့်တစ်သက်တာ မေ့နိုင်တော့မည်မဟုတ်သော ဝတ္ထုတိုကလေး ဖြစ်ပါသည်။

ကျွန်တော့်အဖို့ အမှာစာရေးရန်သာတာဝန်ရှိပါသည်။ တည်းဖြတ်ဖို့တာဝန်မရှိပါ။ အကယ်၍ တည်းဖြတ် ပါဟုဆိုလာခဲ့လျှင် ဤစာအုပ်ကို 'မေမေပျိုးသောပန်းတစ်ပင် နှင့် ဝတ္ထုတိုများ'ဟု အမည်ပေးပါမည်။

ထို့ပြင် 'နွေလိန်ပိပ် မိုးလပိပ် ဆောင်းလှုဆိပ်' ဟု 'ပ်' တွေပြောင်းပစ်ပါမည်။

စာဖတ်သူက 'ခင်ဗျားက ကျောင်းဆရာကိုးဗျ' ဟု တစ်ခါ ထပ်ပြီးပြောလေမလား။

ဇော်သင်း

၁၇-၄-၂၀၀၂

(၁၃၆၄ နှစ်ဆန်း တစ်ရက်)



U WIN KYI

# သေတ္တာထဲ ကြိုးရှုပ်ရှုပ်

(၁)

နေဝင်ပြီမို့ အနောက်ခန်းမှာ ဘုတ်အိုသံတွေညံနေကြပြီ။ လက်ပံပင် မြင့်မြင့်ကြီးပေါ်မှ သိမ်းငှက်မောင်နှံပင် အိပ်တန်းဝင်နေကြပြီ။ 'သိမ်း' ဆိုတဲ့ အဟိတ် တိရစ္ဆာန်ငှက်ကမှ မိုးချုပ်ရင် မယားရှိရာ အသိုက်ကို ပြန်လာရမှန်း သိသေးတယ်။ ကိုရင်ကလည်း နော် ခုထိတောင်ပေါ် မလာသေးဘူး။

အချိန်တန်လို့မှ ပြန်မလာရင် အိမ်ကမယား တစ်ယောက် လည်ပင်း ညောင်ရေအိုးဖြစ်အောင် မျှော်နေလိမ့်မယ် ဆိုတာများ သင်း မသိရောသလား။ အေးလေ ... သိချင်မှ သိမေပါ့။

သူလူပျိုဘဝက 'ကျွတ်ပြီ-လွတ်ပြီ' လို့ အော်နိုင်ခဲ့တဲ့ အချိန်က တစ်မွန်းတည့်ရှိသေးတာကိုး။ ဘာဘဲဖြစ်ဖြစ် ဒီအချိန်မှာတော့ ပြန်လာဖို့ကောင်းပါပြီ။ ကိုရင်ကလည်းနော်. . . ခုထိတောင် ပေါ်မလာသေးဘူး။

ဒီကနေရတာက ရွာစွန် ရွာဖျားမှာ။ ပြီးတော့ မအေတစ်ခု၊ သမီးတစ်ခု၊ မိန်းမသားတွေချည်းတည်းရယ်။ ခါတိုင်းနေရဲပေမဲ့ အခုလို လင်ရယ် သားရယ် ဖြစ်လာမှတော့ မိုးချုပ်ပလားဆိုရင် ကိုယ့်လင်ကို ကိုယ့်အိမ်မှာ ရှိနေစေချင်တာပဲ အားကိုးချင်တာပဲ။ ဟုတ်တယ်လေ. . . မပူချင်လို့ ယောက်မရှာတာပဲ တော်ရဲ့။ အပူခံနိုင်မှတော့ ထမင်းအိုးကို ကိုယ့်လက်နဲ့ကိုယ်ပဲ မွှေလိုက်တော့မှာပေါ့။ ခုတော့ အားမကိုးရတဲ့အပြင် သူ့အတွက်တောင် ပူနေလိုက်ရသေး။ ဒါကြောင့်မို့ ကျုပ်တို့ ကောက်စိုက်ဘောက်က အပျိုကြီးဒေါ်အုန်းသင်က ခဏခဏ ပြောတာပဲ။

'ကောင်မရေ. . . ငါတော့ လင်ဆိုရင် အိမ်နောက်ဖေးမှာ စပါးလင်ပင်တောင် မစိုက်ချင်ဘူးအေရဲ့' တဲ့။

သူပြောတာလည်း ဟုတ်တုတ်တုတ်၊ခုကြည့်လေ. . . လင်ရလို့ တစ်ရက်မကူးသေးဘူး။ လင့်ဒုက္ခ ခံစားရပြီ။ အနောက်ကွင်းက ကုန်းအတက်မှာများ လူရိပ်မြင်လေသလား . . . ကိုရင် ပြန်လာလေမလားလို့ ခြေဖျား ထောက်ထောက်ပြီးမျှော်ကြည့် နေရတယ်။ မျှော်ရလွန်းအားကြီးတော့လည်း ဒေါသဖြစ်လာတယ်။ ရင်ထဲမှာတော့ ကောက်ရွာ ပြောတီးနေသလို တဒိန်းဒိန်း တမြုန်းမြုန်းနဲ့။ ငါ့နှယ်နော်. . . စိတ်မရှည်လိုက်တာ။ ပင်ပင်ပန်းပန်း မလုပ်ရပေမဲ့ တစ်နေကုန် ကောက်စိုက်ထားရသလို မောနေတယ်။ ငါ့နှယ်နော်. . . စိတ်မရှည်လိုက်တာ. . .။





ကိုရင့်ကို စိတ်ပေါက်တိုင်း မှိုရှဲနေတဲ့မန်ကျည်းပင် ကြီးက မန်ကျည်း ရွက်တွေကို အပြုံးနဲ့ သပ် သပ်ချနေမိတယ်။ သွားလေရော့ဟဲ့ . . . သွားလေရော့ဟဲ့ လို့ ဆိုဆိုပြီး . . .။

ဘေးအိမ်က သန်းမေတို့ ခင်စောတို့သာမြင်ရင် ကျုပ်ကို ဘာပြောကြမလဲ။ 'ကြည့်စမ်းဟေ့. . . ရှင်မြရီ တစ်ယောက် သူ့လင်ကြီးကိုမျှော်ရင်း အပူဆိုက်နေပြီ' လို့ပြောပြောပြီး မရယ်ကြပေဘူးလား။ ရှင်သန်းမေက အရယ်သန်ပါဘိ အသရော်ကလည်း သန်ပါဘိသနဲ့။

နေ့လယ် မင်္ဂလာဆောင်တုန်းကဆိုရင် မဏ္ဍပ်အောက်မှာ သူတို့ ပြောင်ကြတဲ့ အသံ . . . လှောင်ကြတဲ့ အသံတွေကျွက်ကျွက် ကို ညံနေတာပဲ။

အင်း. . . ကိုရင်ကလည်းနော်၊ ခုထိတောင်မပေါ်လာသေးဘူး။

အနောက်ခန်းက ဘုတ်အိုသံတွေ၊ ခါပြောက်တွန်သံတွေကတော့ ညံလို့ . . .။

(၂)

နေ့လယ်တုန်းက ကိုယ့် မင်္ဂလာဆောင်လေးအကြောင်း ကိုယ်ပြန် တွေးကြည့်ရင်တော့ ပျော်စရာ အကောင်းသား။ ရှက်စရာလည်း အကောင်းသား။ မျက်နှာလည်း အပူသား။ ခုယားတွေစူးသလို တစ်ကိုယ်လုံးမှာလည်း ရှိန်းခနဲ ဖိန်းခနဲ အဖြစ်သား။

နေပါဦးလေ. . . မင်္ဂလာ့ဆောင် အကြောင်းမပြောခင် ကျုပ်နဲ့ ကိုရင်နဲ့ ဘယ်လိုက ဘယ်လိုကြိုက်လာကြတယ်ဆိုတာ အရင်ပြောဦးမှဖြစ်မယ်။ ရေတွင်းတူးပြီးမှ ရေကြည် သောက်ရတယ်

မဟုတ်လား။ ကောက်စိုက်ပြီးမှ စပါးရိတ်ရတယ် မဟုတ်လား။ ကြိုက်ကြပုံကို မပြောသေးဘဲနဲ့ ညားတဲ့အကြောင်းကို အရင်ပြောလို့ ဘယ်ဖြစ်ပါ့ မလဲတော်ရဲ့။

အခုတုန်းကများ ဒီလူကြီးကို ကြိုက်ရကောင်းမှန်း မသိပေါင်။ အမြင်တောင် ကတ်သေးတယ်။ လူကြီးကိုက ကျွဲပေါက်ကြီးလို မဲမဲ သဲသဲ ထောင်ထောင် မောင်းမောင်းကြီးမို့ ကြောက်တောင်မှ ကြောက်သေးတယ်။ ကျုပ်က အပျိုဖြစ်စ . . . အုပ်လုံးသိမ်းစ . . . ဒေါ်အုန်းသင်တို့ဘောက်မှာ လက်သင်အဖြစ်နဲ့လိုက်ပြီး ကောက်စိုက် ခါစ . . . သည်တုန်းကတည်းက သူက ကျုပ်ကို မီးထွက်တော့မ တတ် မျက်လုံးကြီးတွေနဲ့ စူးစူးဝါးဝါး စိုက်စိုက်ပြီး ကြည့်နေ တတ်တာယ်။ သူ့မျက်လုံးကြီးတွေက သိပ်ကြောက်စရာ ကောင်းတာ ပဲ၊ သိပ်လည်း မုန်းစရာကောင်းတယ်၊ ကျုပ်ဖြင့်လေ . . . သူ့ရှေ့ ရောက်ရင် စိတ်ကို မလုံဘူး၊ ပင်နီ အင်္ကျီက ကြယ်သီး တစ်လုံးလုံးပဲ ပြုတ်နေသလိုလို . . . လုံချည်ကပဲ ရှိနေသလိုလို . . . လုံချည်က အဖာကိုများ နောက်တည့်တည့် ရောက်အောင် ဝတ်ထားမိလေ သလားဟဲ့၊ ဘာလားဟဲ့၊ ညာလားဟဲ့နဲ့ ကိုယ့်ကိုယ်ကို အထပ်ထပ် ပြန်ပြန်စစ်ရတယ်၊ သူ့ကြည့်ပုံကိုက အပျိုလေးတစ်ယောက်ရဲ့ စိတ်ထဲမှာ မလုံစရာမျိုး၊ ရင်ခုန်စရာမျိုး၊ သိပ်မုန်းစရာကောင်းတာပဲ။

အရင်ဆုံး ရိပ်မိတာကတော့ ပေါခင် . . .။

ပေါခင်က တစ်နေ့မယ် ဇီးပုအင်းလယ်ထဲမှာ စိုက်ကြရင်း ပြော တယ်။ 'ဟေ့ . . . ဟေ့ ရှင်မြရီ ညည်းကို ကိုရင်သာညွန့်ကြီးက ကြိုက်နေတယ် ထင်တယ်တော့်၊ သူ့မျက်လုံး ကြည့်ပုံကြီးကမ ရိုးဘူး . . .' တဲ့။

ဒီလို အပြောခံရတုန်းကများ ရှက်လိုက်တာလေ။ အမိုက





လည်း ဖြစ်ခါစကိုး။ လူမို့သာ . . .။ လိပ်သာ ဆိုရင်တော့ ခေါင်းကို ထွက်ရဲမှာမဟုတ်ဘူး။

ပေါခင်နော် . . . ပေါခင် . . . တော်တော် ယစပ်း၊ ငါ့ကို ကြိုက် တာမဟုတ်ဖူး၊ နင့်ကိုကြိုက်တာ . . . သူ့ဟာသူ ကြည့်ရှုမကလို့ မျက်စိပဲ ကျွတ်ကျကျ . . . ငါနဲ့ဘာဆိုင်တုံး . . . ဒီ လူကြီးက ငါ့ထက် အသက်ကြီးတယ်ဟဲ့ သိရဲ့လား . . . သေနာကောင်မရဲ့ . . . လို့ ရှက်ရှက်နဲ့ ပေါခင်ကို ဖေါက်ပစ်လိုက်တယ်။ ရွှံ့ပုပ်တွေနဲ့လည်း ပက်ပစ်လိုက်တယ်။

ပေါခင်ကတော့ရယ်ကဲ့ကဲ့နဲ့။ ဩော် . . . ယောကျ်ားများ တယ်ခက်ပါလားတော်ရယ်။ သူတို့ ကြိုက်ပြန်တော့လည်း ကျုပ် လက်ကလေးတွေက ရွာဦးကန်ထဲက ကြာဖူးလေးတွေလို လှပြန် သတဲ့။ အဖေလည်း မရှိ မအေမုဆိုးမကြီးနဲ့ နေရတဲ့အတွက် မျက်နှာ မရှိရှာလို့သာပဲတဲ့။ အနို့မို့တော့ ကျုပ်ဟာ ကွမ်းတောင် ကိုင်ရမှာ အမှန်ပဲတဲ့။ ကိုရင်သာညွန့် ပြောပုံတွေ၊ ပြောခဲ့ပုံတွေ . . .။

ကျုပ်အသားကလည်း ညိုပေမဲ့စိုပြန်သတဲ့။ ကောက်စိုက် သီချင်းဆိုရာမှာလည်း ကျုပ်အသံက သူများအသံထက် ပိုပြီးစည် ပြန်သာတဲ့။ ပြီးတော့ ပင်တင်း ဆေးရိုးနဲ့ မူးသာက ဆေးရွက်ကြီးငုံ လိပ်ကြတာချင်း အတူတူ၊ ကျုပ်လိပ်တဲ့ဆေးလိပ်က ပိုပြီး ဆေး စပ်တည့် ပြန်သတဲ့။ လက်သင်စမို့ မစိုက်တတ် စိုက်တတ်နဲ့ဟိုတစ် ပင် ဒီတစ်ပင် လျှောက်ထိုးထားတာကိုပဲ ကျုပ်ကောက်ကွက်ကပို ပြီးစိပ်သတဲ့။ ပိုပြီးလှ ပြန်သတဲ့ . . .။

ခက်ပဲခက်ရချည်ရဲ့။ ယောကျ်ားပီပီ လျှာအရိုးမရှိတိုင်း လျှောက်ပြောနေတော့တာပဲ၊ အောင်သွယ်ကတော့ တောင်ရပ်ထဲ က အရိုးဆင့်လေ . . .။ အရိုးဆင့်က ကိုရင်ပြောသမျှကို အကုန်

မြန်မြန်ပြောတတ်တယ်။ ကိုရင်ကောင်းကြောင်းများ ပြောရမယ်ဆိုရင်လေ. . . အရီးဆင့်တို့က မမောတမ်းပဲ။ ရှေ့ကလက်ဖက်အုပ်ကိုတောင် နှိုက်ရမှန်း မသိဘူး။

'ရီးဆင့်ကတော့နော်. . . ကိုရင့်အကြောင်းသာ ပြောရမယ်ဆိုရင် နောက်က ကျားဝင်ဆွဲတာတောင် သိမှာမဟုတ်ဘူး' လို့ပြောရသေးတယ်။ အရီးဆင့်ပြောတာတွေကတော့ စုံတကာ့ကိုစုံလို့. . .။

ကိုရင်သာညွန့် ရှစ်နှစ်သားမှာ သူ့မိဘတွေက သားလေးကို ရွာဦးကျောင်း ဆရာတော် ဦးဇောတိကဆီအပ်ပြီး မြစ်ရိုးကို ပြေးဆွတ်သွားကြတဲ့အကြောင်းများပြောရင် အရီးဆင့်က မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့ ။

မြစ်ရိုးမှာ တစ်ဖက်ကမ်းကို သွားသွားပြီး ပြေးဆွတ်ကြရင်းနဲ့ လှေမှောက်ပြီး ကိုရင့်မိဘနှစ်ပါး ဆုံးကြတဲ့အကြောင်းများပြောရင် အရီးဆင့်က နှပ်ကလေးတရှုံ့ရှုံ့နဲ့မျက်တောင် ကလေးတပုတ်ပုတ်နဲ့။ ဖျင်တဘက်အနားကလေးကိုင်ပြီး မျက်ရည်စတွေကို တသုတ်သုတ်နဲ့. . .။

အင်းလေ. . . ကိုရင့်ဘဝကလည်း သနားစရာတော့အကောင်းသား။ ငယ်ငယ်လေး ကတည်းက အဖေခေါ်စရာမရှိ အမေခေါ်စရာ မရှိ။ ဆွေရယ်၊ မျိုးရယ်လည်းမရှိ၊ တစ်ကောင်ကြွက်။ သူနဲ့စာရင် ကျုပ်ကမှ တော်သေးတယ်။ အဖေဆုံးပါးသွားပေမဲ့ အမေ ကျန်ရစ်သေးလို့၊ ကိုရင့်မိဘတွေဆုံးသွားတော့ ရွာဦး ဆရာတော်က ကျောင်းဒါယကာ ဦးအောင်မြတို့ဆီ အပ်ပေးတယ်လေ။ ကိုရင်ကံ ကောင်းတာပေါ့တော်၊ဦးအောင်မြ တို့ဆိုတာက လယ်တွေ လက်ညှိုး ထိုးမလွဲ ပိုင်တာမဟုတ်လား။ ကြေးရတတ်တွေ မဟုတ်လား၊ ကျုပ်တို့ ကောက်စိုက်ဘောက်ဆိုရင် တစ်နှစ် တစ်နှစ်





ဦးအောင်မြလယ် စိုက်ရတာပဲ များတယ်။ ပြီးတော့ လယ်ချောကြီးတွေ ချည်းတည်းရယ်၊ တစ်ခါတစ်ခါများ လယ်ကြီးတွေက ကျယ်လွန်းလို့ စိုက်ရတာ မောမောနဲ့ စိတ်မရှည်ရင် သီချင်းတောင်မှ ဆိုမိကြသေးတယ်. . .။

' စိုက်လေ ကျယ်လေ လယ်တွေပေါ၊ လူနိုး အောင်မြတော. . . ' လို့။

သူရင်းငှားချင်းအတူတူပေမဲ့ လယ်ရော ငွေရောပေါတဲ့ ဦးအောင်မြတို့ အိမ်မျိုးမှာ သူရင်းငှားလုပ်ရတော့ ကိုရင်အဖို့ ပိုပြီး ကံကောင်းတာပေါ့တော်။ ဦးအောင်မြ ငွေပေါပုံကတော့လည်း ကျုပ်တို့ အားလုံး သူ့ဆီကပဲ ဆီပေး ဆန်ပေး စပါးပေး ယူနေကြရတာ. . .။ 'သာညွန့်တစ်ယောက်တော့ အမိုကောင်း တွေ့သွားပြီဟေ့' လို့ တရွာလုံး ချီးမွမ်းခဲ့ကြရသတဲ့။

ကိုတို့ပြောရရင်တော့တော်. . . တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသလိုပဲ ကျုပ်ကလည်း တဖြည်းဖြည်းနဲ့ ကိုရင့်ကိုသနားလာတယ်၊ ကောက်စိုက်ရမယ့်လယ်က ကိုရင်တို့ ပျိုးနုတ်တဲ့ ပျိုးခင်းနဲ့ နီးတယ်ဆိုရင် စိတ်ထဲက ပျော်သလိုလိုပဲ၊ လယ်ရှင်က ဝေပေးတဲ့ ထက်မီးဘောက်မီးမုန့်ဆိုရင်လည်း ကျုပ်မစားဘဲ ကိုရင့်ဖို့ တမင် ချန်ထားမိတယ်။ လက်ဖက်ဝေပြန်ရင်လည်း ဖက်သန်းရွက်လေးနဲ့ သေသေချာချာ ထုပ်ပြီး ကိုရင့်ဖို့ ချန်ထားမိတယ်။

ကိုရင်ကလဲ ပျိုးလက်ချတိုင်း သူယူလာတဲ့ ထန်းလျက်ခဲလေးအစ ပဲလှော်လေးအစ ခါးပိုက်ထဲကပြေပြီး ကျုပ်ကိုကျွေးတယ်၊ ဒေါင်းသလိပ် ပန်းတွေခူးလာပြန်ရင်လည်း ကျုပ်ပန်မှကြိုက်တယ်။ တစ်နေ့ကတော့ ကိုရင်ကကျုပ်ဘေးမှာ ကူပြီးကောက်စိုက်တယ်။ ကောက်ပင်ထိုးသလိုလိုနဲ့ ရေထဲမှာ ကိုရင်ကကျုပ်လက်ကိုဆုပ်

ထားတယ်။

'ခေါင့်ရတာကြာလှပြီ မြရိရာ. . . နင် ငါ့ကိုမသနားဘူး လား . . .၊ ငါ့ကို ပြန်ပြီး ချစ် မချစ် ပြောစမ်းပါဟာ' လို့ တိုးတိုးလေး မေးတယ်။ ကျုပ်ဖြင့် ရှက်လိုက်တာလေ မပြောပါနဲ့တော့၊ ဘေးက တောင်မတွေ ရိပ်မိမှာလည်း စိုးတယ်၊ လက်ကိုလည်း မလွှတ်ဘူးတော့ ၊ ပုဆိုးနံလုံးများ ညှပ်သလား အောက်မေ့ရအောင် တအား ဆုပ်ထားတယ်။ ရေက ခြေချင်းဝတ်သာသာထိ မြုပ်နေလို့ ဘေးက တော့ မမြင်ဘူးပေါ့၊ ရုန်းလို့လည်း မရဘူး။ ကြိုက်တယ် ပြောမှ လွှတ်မတဲ့။

ဒါနဲ့ စကားရှည်နေမှာစိုးတာနဲ့၊ ဘေးကလည်း ရိပ်မိမှာစိုးတာနဲ့၊ ပြီးတော့ . . . ပြီးတော့သနားလဲ နည်းနည်းတော့ သနားသလို လိုရှိတာနဲ့ ခေါင်းညိတ် လိုက်ရတယ်။ မှတ်မှတ်ရရ အဲဒီနေ့က ပထမ ဝါဆိုလဆန်း ဆယ့်လေးရက်နေ့၊ ကိုရင်က ထန်းလျက်ခဲကိုပေး ရင်းနဲ့. . . 'ထန်းလျက် နှစ်လုံးမြူး . . . တစ်သက်မှုန်းဘူး' လို့ မြူးမြူးမြူးကြီး ပြောခဲ့တဲ့နေ့ . . . ။

(၃)

ရည်းစားသနံရယ်လို့ ဖြစ်လာပေမဲ့လည်း ကျုပ်တို့နှစ်ယောက် က အနေမှန်ကြပါတယ်။ ဒီနေ့ မင်္ဂလာဆောင်ကြတဲ့အထိ သုံးနှစ် သုံးသီးသာ ကြာလာတယ်. . . တစ်ခါပဲ လူကြီးမသိအောင် ချိန်းချက် ပြီး တွေ့ဖူးကြပါရဲ့။ အဲဒီတုန်းကတွေ့တာကလည်း ကိုရင်က နောက် တစ်နေ့ ဘိုးတော်တောကို ထင်းခုတ်သွားရမှာမို့ 'ဒီနေ့တစ်ရက်တော့ တွေ့ပါရစေဟာ' လို့ပူဆာ ပြောလွန်းလို့ . . ။

အိမ်နောက်ဖေးက သလဲပင်နားမှာ တွေ့ကြတယ်။ အရင်က တော့ တစ်ခါမှ လက်ကိုကိုင်တဲ့ အဆင့်ထက်မကျော်ဖူးဘူး။





ကိုရင့်ကို မယုံလို့လားဆိုတော့လဲ မဟုတ်ပေါင်။ အပျိုဘဝမှာတော့ အပျိုလိုပဲ နေချင်လို့ကို တမင် စည်းစောင့်တာ။ အဲဒီချိန်းတွေ့တဲ့ ညက တော့. . . ။

လကလေးကလည်း သာသာ. . . လေကလေးကလည်း တဖြူးဖြူး . . . ခင်ပုတ်ချီ ပန်းနံ့လေးတွေကလည်း တသင်းသင်းနဲ့ . . . ။

တွေ့လို့မှမကြာသေးဘူး ကိုရင်ဘာမပြော ညာမပြောနဲ့ မြန်း ဆို ကျုပ်ပါးလေးကို မွှေးပါလေရော။ ဝေါသဖြစ်လိုက်ပုံများတော့ လေ. . . ကိုရင်မို့သာ၊ တခြားလူသာဆိုရင် ပါးကွဲအောင် ရိုက်ပစ် လိုက်မယ်မှတ်။

သန်းခေါင်ကြက်တွန်ပြီးမှ ကိုရင် ပြန်သွားပေမဲ့ ကျုပ်တို့ ဘယ်လောက် စည်းစောင့်ကြတယ်ဆိုတာ ကျုပ်တို့ကိုယ် စောင့်နတ်တွေသာ အသိဆုံးပါ။

ဒီနောက်တော့ သိပ်မကြာပါဘူး။ ကိုရင်က လူကြီးစုံရာနဲ့ အမေ့ ကိုလာပြောတယ်။ သူ့ဆရာ ဦးအောင်မြတို့လည်း ပါသပေါ့။ အမေကလည်း မငြင်းလိုက်ပါဘူး။ ငြင်းလို့လည်း ဘယ်ဖြစ်ပါ့မလဲ တော်။ ကိုယ့်သမီးက ကြိုက်နေမှကိုး။ ပြီးတော့ ကိုရင်က အလုပ်လုပ်ရင် ခါးချိုးပြီးလုပ် တတ်တာရယ်၊ ရိုးရိုးဖြောင့်ဖြောင့် ရှိတာရယ်၊ ကျုပ်တို့မှာကလည်း အားကိုးအားထား ယောကျ်ားတစ် ယောက်လို နေတာရယ်. . . ။ သဟာတွေကြောင့် အမေကလက်ခံ လိုက် တယ်။

ဟော. . . ဒီနေ့ကတော့ကျုပ်တို့မင်္ဂလာဆောင်တဲ့ နေ့ပေါ့။ မင်္ဂလာဆောင် ဆိုပေမဲ့ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး။ ကျုပ်တို့ ကိုရင်တို့က ငွေပိုငွေလျှံ ရှိတာမှတ်လို့။ ကျုပ်တို့ မင်္ဂလာ

ဆောင်မတိုင်ခင်က ပြီးသွားတဲ့ ဇီးတော သူကြီးသမီး မင်္ဂလာဆောင် များတော့ သိပ်စည်တာပဲတဲ့။ ဝက်ကြော် ခုကျွေးသတဲ့။ ဝက်သားတုံး ကြီး တစ်တုံးတစ်တုံးများ လက်သီးဆုပ်လောက်ရှိဆိုပဲ။ မျက်နှာကြီး မင်္ဂလာဆောင်ဆိုတော့ ကြိတ်ကြိတ်တိုး စည်လွန်းလို့ . . .။

'သတို့သား သာအေး၊ ဝက်သားကျွေး၊ မြည်းမြည်း ဝင်ကြပါ' လို့တောင် ကျွေးရုံဝမှာ ဖျာတစ်ချပ်ကို စာရေးပြီး ကပ် ထားရသတဲ့။ ခုတင်တွေ၊ မွေ့ရာတွေ၊ ခေါင်းအုံးတွေ ဆိုရင်လည်း မန္တလေးထိ တက်ပြီး ဝယ်ကြသတဲ့။

ဒါတွေပြောတာ ကျုပ်ကအားကျလို့ပြောတာမဟုတ် ပါဘူး။ သူများ မင်္ဂလာဆောင်ကို သွားရည်ကျစရာလည်း မလိုပါဘူး။ မကြာ သေးခင်ကမှ ပွပွနွေးနွေးပြီးသွားတဲ့ မင်္ဂလာဆောင်မို့ သတိရလို့ ပြောတာပါ။ကျုပ်တို့မင်္ဂလာဆောင်ကတော့ ဝက်ကြော်လည်း မကျွေးနိုင်ပါဘူး။ ဝက်ကြော်မပြောနဲ့ ပဲခြမ်းကြော်နဲ့တောင် လက် ဖက်ရည်မတိုက်နိုင်ဘူး။ ပြောရမယ်ဆိုရင်တော့ သကြားငါး ပိဿာ နဲ့ ပြီးလိုက်တာပဲ။ ရွာကကာလသားငွေနဲ့ ထောင်ထားတဲ့ အုံပန်း ကန်တွေထဲမှာ သကြားထည့်ပြီး ကြေးဇွန်းကလေးတွေစိုက် ချွေ့ခံ လိုက်တာဘဲ။ လာတဲ့ပရိသတ်တွေက သကြားကိုအမြည်း လုပ်ပြီး ရေနွေးကြမ်းနဲ့ သောက်ကြတယ်လေ။

ရွာဦးကျောင်းကိုတော့ ဟင်းစုံအောင်ချက်ပြီး ဆွမ်းအုပ် တစ်အုပ် ပို့လိုက်တယ်။ ရွာထဲက လူကြီးသူမ ဆယ်ဦးလောက်ကို ထမင်း ဖိတ်ကျွေးလိုက်တယ်။ ဒီလောက်အကျဉ်းရုံးတာ တောင် အကုန်အကျက မသက်သာလှဘူးတော်ရေ့ . . .။

လက်ဖက်ခြောက်ဖိုးနဲ့၊ သကြားဖိုးနဲ့၊ ဆန်ဖိုး ဆီဖိုး ဟင်းလျာ ဖိုးနဲ့၊ လက်ဖက်ဖိုး ခြင်းဖိုးနဲ့၊ လူကြီးတွေ ကတော့ဖို့ အုန်းငှက်ပျော





ဖိုးနဲ့၊ ကာလသားကြေး၊ အပျိုကြေးနဲ့ဆိုတော့ တစ်မိုးတွင်းလုံး လုပ်ထားရတဲ့ ကိုရင့်လူ ငှားခလေးတော့ပြတ်မှာပဲ။ အခုလုပ်နိုင် တာတောင်မှ ကိုရင့်သူရင်းတိုင် ဦးအောင်မြကြီးက သဘောကောင်း လွန်းလို့ ငွေကြိုပြီး ထုတ်ထားပေးပေလို့ နောင်နှစ် တလင်းတက်ချိန် ကျမှ လူငှားခနဲ့နှိမ်ယူမယ်ဆိုပြီး စပါးတိုးနဲ့ တွက်ပြီး ငွေထုတ်ပေးပေ လို့။

နေ့လယ်တုန်းကတော့ လက်ပံပင်ဆက်ရက် ကျသလား လို့အောက်မေ့ရတယ်။ ကောင်မတွေ မဏ္ဍပ်ထဲမှာဆူညံနေတာပဲ။

'ဟေ့ . . . ကိုရင်သာညွှန့်ကြီးက အခုလို ယောပုဆိုးနဲ့ တိုက်ပုံ အင်္ကျီနဲ့ဆိုတော့ ခန့်ချောကြီးအေရဲ့၊ ငါတောင်၊ ကြိုက်ချင်လာပြီ'လို့ သူငယ်ချင်းပေါခင်က ပြောတယ်။

ကျုပ်ကိုတော့လည်း . . . 'အောင်မယ်. . . ရှင်မရိက နှုတ် ခမ်းနီတွေ ဆိုးလို့ပါလား' လို့ ပြောင်တဲ့လူကပြောင်တယ်။ အပျိုခန်း ထဲ ဝင်ကြပြန်တော့လည်း သူတို့ကတော့ ပြောင်စရာ အကွက်ရှာ နေကြတာပါပဲ။ အကဲဆုံးကတော့ . . . ပေါခင်။

အခန်းထဲ ရောက်ရောက်ချင်းပဲ အင်ကြင်းသားခုတင်လေး ကို လှုပ်ကြည့်ကြတယ်။ 'ခိုင်သားပဲဟဲ့' လို့လည်း မထိတထိ ပြောသေး ရဲ့။ 'ကိုရင်သာညွှန့် လက်မောင်းဒိုးကြီးတွေက အကြီးကြီးတွေနော်' လို့လည်း မဆီမဆိုင် ပြောလိုက်ကြသေးတယ်။

ဒေါ်အုန်းသင်ကတော့ ပြောပြန်တယ်။ 'ဒီကောင်မကို နှမ်း ဖတ်ချိန်တဲ့ ချိန်ခွင်အကြီးကြီးနဲ့ ဒီနေ့ချိန်ကြည့်ထားချင်တယ်။ နက်ဖြန်နံနက်ရောက်တော့လည်း တစ်ခါထပ်ပြီး ချိန်ကြည့်ချင်တယ်' တဲ့။ ဘာပြောမှန်းလည်း မသိဘူး။ အပျိုကြီးပေမဲ့ အလာသား။

ကျုပ်မြင့်သူတို့ကြားထဲမှာ ခေါင်းကိုမဖော်ရဲဘူး။ အရေးထဲမှာ

လုံချည်ကလည်း ဒီနေ့မှထုတ်ဝတ်တဲ့ ချည်ပါပိုးလုံချည်အသစ်ဆိုတော့ မာတောင့်တောင့်နဲ့၊ အဝတ်ရသိပ်ခက်တာပဲ။ ဝတ်ပြီးရင် ချပ်ချပ်ရပ်ရပ် ဖြစ်အောင်ဆွဲဆွဲသပ်နေရတယ်။

အကျီစားသန်ကြလွန်းလို့ ကျုပ်ဖြင့်လေ ရှက်ရှက်နဲ့ မျက်နှာလေးကို ငဲ့ရွက်လောက်ရှိတော့တယ်ထင်တာပဲ။ ကိုရင့်ကိုလည်း သူ့သူငယ်ချင်း ထနောင်းမြိုင်က ကိုစန်းမောင်တို့ လူသိုက်က သည်လိုပဲ ပြောင်ကြနောက်ကြမယ်ထင်ပါရဲ့နော်။

ကိုရင်ဆိုတဲ့ ကိုရင်ကတော့လေ. . .။ သူ့အလုပ်ကိုတော့ သိပ်လေးစားတာ။ မင်္ဂလာဆောင်မှာ လူစဲကာရှိသေးတယ်။ ဘုံပန်းကန်တွေတောင် ကာလသားခေါင်းအိမ် ပြန်မပို့ရသေးဘူး။ ငှားထားတဲ့ ဖျာတွေကိုတောင် ပြန်မပို့ရသေးဘူး။လယ်တောကို ထွက်သွားတော့တာပဲ၊ မသွားလို့လည်း မရဘူးလေ၊ သူရင်းတိုင် ဦးအောင်မြကလူလွှတ်ပြီးအခေါ်ခိုင်းတာကိုး။

လူငှားက တစ်ယောက်တည်းရှိတော့ နွားကျွေးတာကို မလစ်ဟင်းစေချင်ဘူးတဲ့။ ပြီးတော့ သူ့လယ်တွေကို အဝှမ်းအကောညီချင်သတဲ့။ မှုးရေမလာခင် မိုးဦးအမီ ညီထားရမှာမို့ တစ်ရက်မှ မပျက်စေချင်ဘူးတဲ့။ ကိုရင်ကတော့ ထူးထူးထွေထွေ ပြောမနေပါဘူး။ အဝတ်အစားသစ်တွေကို အဝတ်ကြမ်းနဲ့လဲပြီး ပေါက်ပြားတစ်လက် ဆွဲထွက်သွားတာပါပဲ။ ဒီလောက်အလုပ်ကို လေးစားတဲ့လူ၊ ဒါကြောင့်လည်း ကျုပ်ကို အေးငြိမ်းတစ်ရွာလုံးက 'မယ်အေးသမီး မြရီတစ်ယောက် လင်ရ ကံကောင်းတယ်။ ပုဆိုးရေမခြောက် လုပ်ကိုင်ကျွေးမယ့် လူကိုရတယ်' လို့ ချီးမွမ်းကြတာနေမှာပါပဲ။

လယ်ထဲက ပြန်လာပြန်တော့လဲ သူ့ခမျာမထိုင်အားရှာဘူး။ ဦးအောင်မြ နွားမတစ်ကောင်က ပြန်မလာဘူးတဲ့။ နွေဆိုတော့





ခိုင်းနွားတွေကိုသာ အိမ်မှာဖျော်ကျွေးပြီး ကျန်တဲ့နွားမတွေ နွားလေးတွေကိုတော့ လယ်တောထဲလွှတ်ထားကြတာကိုး။ အဲဒါ ချိုတောင်မတစ်ကောင်က ပြန်မလာလို့ နွားရှာ သွားရဦးမယ်တဲ့။

အမေက ချွေးသံတွေနဲ့ သူ့သားမက်ကိုကြည့်ပြီး . . .' နားပါဦးလား မောင်သာညွန့်ရယ်' လို့ ပြောတာတောင်မှ မနားဘူး။ 'မနားသေးဘူး အမိုးအေးရာ၊ နေရှိတုန်းရှာမှ၊ ဒီနွားမက သိပ်ဆော့တာ' ဆိုပြီး ချွေးမတိတ်ခင် ထွက်သွားပြန်တယ်။ အမေကတော့ အလုပ်ရှိသေတဲ့ သူ့သားမက်ကလေးကို သဘောကျလွန်းလို့ ခေါင်းတညိတ်ညိတ်နဲ့။

သွားမယ့်သွားတော့လည်း ခုထိတောင်ပေါ်မလာသေးဘူး၊ အနောက် ကွင်းက ကုန်းအတက်မှာများ လူရိပ်မြင်လေသလား . . . u [illegible] mav yv mv [illegible] mu fထောက်ပြီး မျှော်ကြည့် နေရတယ်၊ မျှော်ရလွန်း အားကြီးတော့ ဒေါသဖြစ်လာတယ်၊ ရင်ထဲမှာလဲ ကောင်ရွာ ကြောတီးနေသလို တဝိန်းဝိန်း တဖြုန်းဖြုန်းနဲ့၊ ငါ့နှယ်နော် . . . စိတ်မရှည်လိုက်တာ . . .။ ပင်ပင်ပန်းပန်း မလုပ်ရပေမဲ့ တစ်နေကုန်ကောက်စိုက်ထားရသလို မောနေတယ်။ ငါ့နှယ်နော်. . . စိတ်မရှည်လိုက်တာ. . .။

ကိုရင်ကို စိတ်ပေါက်တိုင်း ကျောမို့ပြီး ရပ်နေတဲ့မန်ကျည်းပင်ကြီးက မန်ကျည်းရွက်တွေကို အငြိုးနဲ့ သပ် သပ်ချနေ မိတယ်။ သွားလေရော့ဟဲ့ . . . သွားလေရော့ဟဲ့ လို့ဆိုဆိုပြီး . . .။

အင်း. . . ကိုရင်ကလည်းနော် ခုထိတောင်ပေါ်မလာနိုင်သေးဘူး။

## (၄)

လာမယ့်လာတော့ မှောင်မှ မည်းမှ။ နေစုပ်စုပ်တန်းမှ၊ မိုးကြီး စုပ်စုပ် ချုပ်မှ။

သည်လောက်တောင် ကြာရကောင်းလားဆိုပြီး ဒေါ်ပွပွနဲ့ သူ့ကို နှုတ်တောင်မဆက်လိုက်ဘူး။ လက်လာကိုင်တော့လည်း ဆောင့်ရုန်း ပစ်လိုက်တယ်။ ကျောင်းခေါင်းလောင်းစင်က ဂျွန်နှုတ်သီးလို ချွန်နေအောင် နှုတ်ခမ်းကိုလည်း တအားစုထားလိုက်တယ်။ စိတ်ဆိုး နေမှန်း သိရောဟဲ့ ဆိုပြီး မျက်စောင်းလည်း ခဏခဏ ထိုးတယ်။ ဒါကို ဘသားချောက စိတ်ဆိုးလို့ ဆိုးမှန်းမသိဘူး။ မရိပ်မိဘူး။

စိတ်ဆိုးမှန်းမသိတဲ့အပြင် ရေသနုပ်ပုဆိုးနဲ့ သူ့ချွေးတွေကို သုတ်ပစ်လိုက်ပြီး . . .

'ရှာလိုက်ရတာကွာ၊ တစ်ကွင်းလုံးကို နှံ့နေတာပဲ၊ ငါးရတွင်း လောက် ဝေးတဲ့ လုံးသော် ရွာနားမှာမှ သွားတွေ့တယ်၊ နွားမက နွားရိုင်းပြေး ပြေးတာကိုကွ။ မူရိုးဘေးက လယ်ကျင်းထဲမှာလဲ နေတယ်၊ မြက်စိမ်းတွေ ရိတ်ကျွေး၊ ရေတိုက်ပြီးထူထူထောင်ထောင် ဖြစ်အောင်လုပ်ပြီးမှ မနည်းဆွဲခေါ် လာရတယ်၊ မောလိုက်တာကိုလွန် ပါရော. . .' တဲ့။

မောတယ်လို့ပြောတာက သူ့ကိုရေခပ်ပြီး တိုက်စေချင်လို့ ပြောတာ၊ တိုက်ပေါင်တော်။

'နေ့လယ်ကလည်း ပေါက်ပြားပေါက်၊ ညနေပိုင်းလည်း လျှောက်သွားထားရတော့ တစ်ကိုယ်လုံးကိုညောင်းပျစ်နေတာပဲဟေ့' တဲ့။

ဒါက အိပ်ရာဝင်ကျရင် သူ့ကိုနင်းနှိပ်ပေးအောင်လို့ ပြောတာ၊ နင်းပေါင်တော်။ ဒါမျိုးများတော့ စောမေတို့က နောကျေလို့၊ နင်း





U WIN KYI

လိုက်ပါလိမ့်မယ် အားကြီး။ လင်နေစ ဆင်သေမှတဲ့။

ထမင်းတောင်မှ 'ဟဲ့. . . မိရီ ထမင်းခူးကျွေးလိုက်ပါဦးဟဲ့၊ သူ့ခမျာ မောမောပန်းပန်းနဲ့ပြန်လာတာ' လို့ အမေက ပြောလို့ ခူးကျွေးတာ၊ နို့မို့တော့ အဝေးသား။

မနက်က မင်္ဂလာဆောင်က အကျန်နဲ့ဆိုတော့ ညနေ ထမင်း က ဟင်းသိပ်မညှိဘူး။ စားလိုက်တာလေ၊ ကိုရင်ကတော့ ခေါင်း တောင်မဖော်ဘူး။ ထန်းသီးလောက်ရှိတဲ့ သူ့လက်ကြီးနဲ့ ထမင်းတွေ ကို ဆုပ်ဆုပ်ပြီးလွေးလိုက်တာ. . .။

'စား . . . စား တို့သားအဖိက စားပြီးပြီ၊ မင်းတစ်ယောက်ပဲ ကျန်တော့တာ ' လို့ အမေကတောင် သူ့ သမက်စားတာကြည့်ပြီး စေတနာ ပိုနေလိုက်သေးတယ် ။ စားပြီးပြန်တော့ ပြောင်းဖူးဖက် ဆေးလိပ်တစ်လိပ်နဲ့ သူက မှိန်းနေတယ်။

ကျုပ်ကလည်း စကားမပြောဘူး၊ သူကလည်း စကားမပြော ဘူး၊ အမေကလည်း ပုတီးစိပ်နေတာမို့ စကားမပြောဘူး။

တဖြည်းဖြည်းနဲ့ ရွာထဲမှာ လူသံ နွားသံတွေ ဆိတ်လာ တယ်။ ဘုတ်အီး သံ၊ ခါပြောက် တွန်သံတွေလည်း မကြားရတော့ဘူး။ အိမ်တိုင်းမှာလည်း ရေနံဆီမီးခွက်ကလေးတွေ တလက်လက်နဲ့။

ကိုရင်ဆိုတဲ့လူက စကားပြောရင် ဘယ်ရောက်လို့ဘယ် ရောက်မှန်း သိ မထင်ပါဘူး၊ ကိုယ်တွန်ရမယ့်လယ်ကို မြင်တာနဲ့ ရေအတိမ်အနက် ဘယ်လောက် ရှိတယ်ဆိုတာကို သိပေမဲ့. . . ကိုယ်ပြောမယ့်စကားရဲ့ အတိမ်အနက်ကိုတော့ သိပုံမပေါ်ဘူး။

ကြည့်ပါလား၊သူငယ်အိပ်ဆိတ် ကြက်တောင် မတွန်သေးဘူး။ ရွာဦးကျောင်းက ဘုရားဝပ်တက် ခေါင်းလောင်းတောင် မထိုးသေး ဘူး။ 'အိပ်ချင်ပြီကွာ. . . အခန်းထဲဝင်ပြီး လှဲချကြစို့ရဲ့' တဲ့။

ဒါ. . . ယောက္ခမရှေ့မှာ သမက်အသစ်စက်စက်က ပြောရမယ့် စကားတဲ့လား။ ကိုယ့်စကားက ဘယ်အထိတာသွား တယ်ဆိုတာ သူမသိဘူး တဲ့လား။ ပြောပြီးတော့လည်း ခဏလေးတောင် ဟန်လုပ်ပြီးထိုင်မနေဘူး။ မီးခွက် တစ်ခွက်ညှိလို့ ထတည့်ပြီး ရောက်လာတဲ့ အိမ်ကိုပဲ မမွေးခင်က နေလာတဲ့ အိမ်ကျနေတာပဲ။ ပိုင်စိုးပိုင်နင်းရှိလိုက်တာ။

ကျုပ်ကတော့ လိုက်မသွားပါဘူး။ အမေ့နားမှာပဲ အကြာကြီး ထိုင်နေလိုက်တယ်။ စိတ်ထဲမှာ ဘာလိုလိုနဲ့မို့၊ ရေနံဆီ မီးခွက်ရဲ့ မီးစာထိပ်က မင်းသီးလေးတွေကို တွယ်ချိတ်အပ်ဖျားနဲ့ ခြွေနေလိုက်တယ်။

ကြာလာတော့ အမေကပြောတယ်. . .။

'ဟဲ့. . . မိရိအိပ်ချေတော့လေ၊ မိုးချုပ်ပြီ' တဲ့ ကျုပ်ကတော့ မထရဲ သေးပါဘူး။ အမေ့ဟိုရှက်နေတယ်။

'ဟဲ့ ကောင်မလေး . . . ပြောနေတာမကြားဘူးလား၊ တစ်နေ့လုံးလည်း မိုးတိုးမတ်တတ်နဲ့ နေနေရတာ အညောင်းမိနေလိမ့်မယ်၊ လှဲချေတော့' တဲ့။

သည်တော့မှ အသာလေး မထချင် ထချင်နဲ့ ထိုင်ရာက ထတယ်။ စိန်ဂွက်ထော်အငြိမ့်ထဲက ယိုးဒယားကတဲ့ မင်းသမီးလေး ထိုင်ရာက ထသလို ဟုကယ့်ကို ဖြည်းဖြည်းလေးထတယ်။

အခန်းနဲ့အနီးလေးပေမဲ့ သွားရမယ့် ခရီးကတစ်ခေါ်လောက်ဝေးသလို စိတ်ထဲမှာထင်နေမိတယ်။ ကျုပ်ဖြင့်ဟောဒီ မင်္ဂလာဦးညဆိုတဲ့ဟာကြီးကို အခုလိုကြုံလာမှ ပိုပြီးကြောက်လာတယ်။ စိတ်ထဲမှာလဲလေးလာတယ်။ ရင်ထဲမှာလည်း တလုပ်လုပ်နဲ့ ကိုယ့်လက်များတွေ ကိုယ်ကိုင်ကြည့်တော့လည်း တအေးလက်ကျနေတာပဲ၊





အေးလို့ စက်လို့။

နေ့ခင်းတုန်းက ကောင်မတွေပြောခဲ့တဲ့စကားတွေကို မြန်ပြီးကြားယောင်လာမိတယ်။ အခန်းတံခါးဝကြီးကို မြင်ရတာကို ကပဲ ကျားပါးစပ်ကြီးလိုဘဲ။ အခန်းထဲဝင်ရမှာကိုလဲ မျှော့တွေ၊ ကျွတ်တွေ လန်းလန်းလန်းလန်း နေအောင်ပေါလှပါတယ် ဆိုတဲ့ လယ်ကွက်ထဲ ဆင်းရမှာလို အသည်းယားနေတယ်။

တဲ့နေ့တဲ့နေ့လျှောက်လာရင်းက မီးခွက်ရောင်ရှိ လျှက်နဲ့ကိုပဲ တံခါးနားမှာ ချထားတဲ့ ဆေးစပ်တောင်းကြီးကို ခလုတ်တိုက်မိပါလေရော။ ကိုယ့်ပါးစပ်ကို ကမန်းကတန်း ပိတ်ပေမဲ့ မရဘူး။

'အမေ့' လို့ အကျယ်ကြီး ယောင်အော်လိုက်မိတယ်။အဲဒါမှ ခုက္ခ။ ကျုပ်အော်သံကို အခန်းထဲက ဟိုလူကြီးကြားသွားတော့မယ်။ ကြားရင် ကျုပ်အခန်းထဲဝင်လာတော့မယ်ဆိုတာ သူကြီးသိတော့မယ်။ သိရင်. . .

သိလို့အခန်းတံခါးဘေးမှာအသာလေးကပ်နေပြီး ကျုပ် ဝင်အသွားမှာ ဆီးပြီးပွေ့လိုက်ရင် ဘယ့်နှယ်လုပ်ပါ့မယ်၊ အဲသလိုများ ပွေ့လိုက်ရင်. . .

အဲဒါတွေတွေးရင်း. . . လန့်ရင်း. . .၊ ကြောက်ရင်း. . .၊ ဒူးတဆတ်ဆတ်တုန်ရင်း . . . ဖိုနေတဲ့ ရင်ကိုလက်နှစ်ဖက်နှင့် စုံဖိရင်း . . . ငြိမ်နေတဲ့ အခန်းကြီးထဲကို တယိတ်ယိတ်နဲ့ တစ်လှမ်းချင်း ဝင်လိုက်ရတယ်။

အခန်းထဲရောက်ပြန်တော့မှဟို. . . ဟို. . . ခုတင်ကြီးဆီကို မရဲတရဲနဲ့ ကြည့်လိုက်ရတယ်။ ဟောတော့. . . ဟောတော့ . . .။


အရပ်ကတို့ရေ . . . ကြည့်လှည့်ကြပါဦး။ မင်္ဂလာဦးညသတို့သားတဲ့ တော်. . .။ တစ်ညလုံးတစ်ရေးမှ မနိုးတော့မယ့်

အိပ်ပုံမျိုးနဲ့ ခြေပစ်လက်ပစ် နှစ်နှစ်ခြိုက်ခြိုက် အားရပါးရကြီး ကာလနဂါးအိပ်သလို အိပ်ပျော်နေလိုက်တာ. . .။

ကိုရင်သာညွန့် တစ်ယောက်ကဖြင့် တခူးတခူး တခေါခေါ မြည်အောင်တောင် ဟောက်လို့များ နေပါပကောလားတော်ရေ့ . . .။

[ မြဝတီ၊ အောက်တိုဘာလ ၊ ၁၉၇၀ ]





## မန်ကျည်းပင်ဖိုဖို ရွက်နုညွန့်စိုစို

'ဦးလှကြီးကတစ်ပိသသာ၊ ခင်ပုတို့အိမ်က တစ်ပိသသာအာ စိတ်၊ မပွဲက ငါးဆယ်သား၊ ရှင်မယ်ရီက အစိတ်သား၊ ရှင်မယ်ရီတို့များ တော် သားတွေမြေးတွေ စားလူတစ်ပုံကြီးနဲ့ ခရမ်းသီးအစိတ်သား တည်း ဝယ်ရတယ်လို့၊ ချွေတာရန်ကော၊ မယ်တင်ရေ . . . မိုးဖွဲ ကျလာပြီဟဲ့၊ ခရမ်းသီးတောင်းတွေ သိမ်းတော့'

အမေဆုံသည် ကျောက်သင်ပုန်းပေါ်ရှိ ယနေ့ရောင်း ရသည့် ခရမ်းသီးအကြွေးစာရင်းများကို ဖတ်နေရာမှ မိုးရေစက်များ ကျလာ သဖြင့် ဈေးတောင်း သိမ်းရန်မြေးငယ်အား သတိပေးလိုက်၏။ ရွာလယ် မန်ကျည်းပင်ကြီးအောက်မှ ဆိုင်ဟုဆိုလျှင် အမေဆုံ၏ ဟင်းသီးဟင်းရွက်ဆိုင်ကို ဆိုလိုကြောင်း အေးငြိမ်း ရွာတစ်ရွာလုံး

သိကြသည်။ ဆိုင်ဟုဆိုသော်လည်း အမိုးအကာမရှိ၊ အခင်းမရှိ။ မန်ကျည်းပင်အောက် မြေပြင်တွင်ပင် ခင်းခင်းပြီး ရောင်းခြင်းဖြစ်၏။ အေးငြိမ်းရွာ၌ ဈေးဟူ၍မရှိ။ဆိုင်ကနားလည်း မရှိချေ။ ရွှေဘိုမြို့နှင့် ငါးမိုင် သာဝေးသောကြောင့် ရွာသားများသည် လိုအပ်သော ပစ္စည်းရှိလျှင် မြို့သို့တက်၍ဝယ်ကြ၏။ မုန့်နှင့်သားငါးပုဇွန်တို့ကိုကား တစ်ရွာမှလာ၍ ရောင်းသည့် ခေါင်းရွက်ဈေးသည် များထံမှ ဝယ်စားကြသည်။ ထို့ကြောင့် အေးငြိမ်းရွာတွင် တစ်နေရာတည်း၌ ထိုင်ပြီးရောင်းသော ဆိုင်ဟုဆိုစရာမှာ အမေဆုံ၏ ဟင်းသီးဟင်းရွက်ဆိုင်တစ်ဆိုင်သာ ရှိ၏။ အမေဆုံ၏ဆိုင်ကား အမေဆုံ သီလဆောက်တည်မြဲဖြစ်သည့် ဥပုသ်နေ့မှ တစ်ပါးနံနက်တိုင်း ထွက်သည်။ အမေဆုံ၏ ဆိုင်ကိုဘယ်သူမှ မတုပနိုင်ကြ။ ခရမ်းသီးဟု ဆိုပေမဲ့ အမေဆုံ၏ အခင်းမှထွက်သော ခရမ်းသီးသည် ပို၍ချော၏။ ပို၍ချို၏။ ပိုးလည်း လွတ်သည်။ ထို့ပြင် အမေဆုံ၌ ဈေးသည်စိတ်မရှိ။ ရက်ရောသည်။ အမေဆုံ၏ ဆိုင်မှချိန်ခွင်လျှာသည် ဝယ်သူဖက်သို့ သာမြဲပင်။ အဆစ်လည်း တနင့်တပိုးပေးတတ်သည်။ ထို့ကြောင့် အမေဆုံရောင်းသမျှ ပစ္စည်းသည် ဆွမ်းခံမဝင်ခင် ကုန်လေ့ရှိ၏။ ငွေလက်ငင်းမချေဘဲ အကြွေးဝယ်ယူသူများကို အမေဆုံသည် ကျောက်သင်ပုန်းငယ်ပေါ်တွင် ကံ့ကူဆံဖြင့် စာရင်း မှတ်၏။ သို့သော် အမေဆုံ၏ ပန်းပေါ်မှ ကျော်ပြီးစာရင်းများကို ဖတ်ကြည့်ပါက ဘာမျှ နားလည်နိုင်မည် မဟုတ်ချေ။

'အမေဆုံကလည်းဗျာ. . . တဂျစ်ဂျစ်နဲ့ မှတ်လိုက်တာ၊ ဘာတွေမှတ်မှန်းလဲ မသိဘူး၊ ကျုပ်တို့ဖြင့် ဖတ်လို့လည်း မရပေါင်' ဟူ၍ ပြောပါက အမေဆုံသည် ကွမ်းသွေးများ စွတ်စိုနီရဲနေသည့် သွား အောက်နှုတ်ခမ်းပါးလေးကို လက်ညှိုး လက်မတို့ဖြင့် သုတ်ရင်း





. . . 'ဟဲ့ . . . နင်တို့ ဘယ်ဖတ်လို့ ရပါ့မလဲ၊ ငါရေးတာက နတ်စာဟဲ့ . . . နတ်စာဆိုတာနတ်တွေ၊ သိကြားတွေ၊ သိလရှိတဲ့ လူတွေမှ ဖတ်လို့ရတယ် ' ဟုချေပတတ်၏။ ပြီးမှ ရယ်နေတတ်သည်။

ကျောက်သင်ပုန်းပေါ်မှ အမေဆုံပြောသည့် နတ်စာများ ကို လေ့လာကြည့်ပါက လက်ဝဲဖက်ပေါင်အနားတွင် ဝလုံးလိုလို၊ သစ်ပင်လိုလို၊ တိရစ္ဆာန်အရုပ်လိုလိုအရာများကို တွေ့ရ၏။ ယင်းသင်္ကေတများကား ဈေးဝယ်သူတို့၏အမည်များ ဖြစ်၏။ ဥပမာ မခင်ပုဟု ဆိုလျှင် အမေဆုံက ထန်းပင်လေးရေးလိုက်၏။ မခင်ပုတို့အိမ်တွင် ထန်းပင် ရှိသည်။ ခေါ်ပွဲဆိုလျှင် နွားခေါင်းပုံလေး ရေးလိုက်၏။ ခေါ်ပွဲတို့အိမ်တွင် နွားချောချော တစ်ရှဉ်း ရှိသောကြောင့်တည်း။ ဤသို့လျှင်အမေဆုံသည် တစ်ရွာလုံးမှ ဈေးဝယ်သူ အမည်များကို သူ့သညာနှင့် သူမှတ်နိုင်စွမ်းရှိ၏။ ရောင်းရသည့် ကုန်ချိန်ကိုလည်း အမေဆုံသည် ဈေးဝယ်သူ အမည်နှင့်ယှဉ်၍ မှတ်၏။ သို့ရာတွင် သူတကာကဲ့သို့ တုတ်ချောင်းငယ်များ တစ်ချောင်း၊ နှစ်ချောင်း စသည့် ခြစ်ပြီး မမှတ်။ မြွေသဏ္ဌာန်မျဉ်းကောက်လေး တစ်ချောင်းကိုသာ ခြစ်ပြီး မှတ်သည်။ ထိုမြွေ၏ အတိုအရှည်သည်ပင်လျှင် ကုန်ပစ္စည်း၏ အလေးချိန်၊ ကုန်ပစ္စည်း၏ အရေအတွက်ဖြစ်သည်။ တစ်ပိဿာဆိုလျှင် မြွေ၏အရှည်သည်ဘယ်လောက်၊ တစ်ပိဿာ အစိတ်ဆိုလျှင် မြွေ၏အရှည်သည် ဘယ်မျှဟူ၍အမေဆုံသည် မျက်မှန်းလက်ဆဖြင့် ဆွဲတတ်နေသည်။ တွေးကြည့်လျှင်ကား လူ အမည်ရော ကုန်အချိန်ပါ မှားစရာကောင်းလှသည်။ အမေဆုံ ကားမမှား။ ဤကဲ့သို့ သင်ပုန်းတစ်ချပ်ဖြင့် မှတ်သားရောင်းချလာခဲ့ သည်မှာ ဆယ်နှစ်ကျော်ချေပြီ။ တစ်ခါမှလူအမည်ရော ပစ္စည်းအရေ

အတွက်အချိန်အတွယ်ပါ မှား ယွင်းဖူးခြင်း မရှိ။ သူ့သင်္ကေတနှင့်သူ ဟန်လျက်ရှိ၏။

စင်စစ် အမေဆုံသည် စာမတတ်ရှာပေ။ အမေဆုံတို့ ငယ်စဉ်က ရွာ၏ အလေ့မှာလည်း မိန်းကလေးများကို ကျောင်းအပ်လေ့မရှိခဲ့။ 'သမီးမိန်းကလေးဆိုတာ စာမတတ်ဖို့မလိုပါဘူး' ဟု၍ မိဘတိုင်းက ပြောခဲ့ကြ၏။ ထို့ကြောင့် အမေဆုံတို့ခေတ်က ဘုန်းတော်ကြီးကျောင်းတွင် စာသင်သားဟူသရွေ့ ယောကျ်ားလေးချည်းသာဖြစ်ခဲ့၏။ ရွာထဲမှ အမေဆုံတို့ အရွယ်ခြောက်ဆယ်နီးပါး မိန်းမကြီးများတွင် စာတတ်သူဟူ၍ မရှိသလောက်ပင်။

အမေဆုံ အသက်သုံးဆယ့်လေးနှစ်တွင် ခင်ပွန်းဆုံးခဲ့၏။ သမီးတစ်ယောက်သာ ကျန်ရစ်သည်။ သမီးကိုငဲ့သဖြင့် အမေဆုံသည် အိမ်ထောင်သစ်မထူထောင်ခဲ့။ သမီးအရွယ်ရောက်သောအခါ ရွာထဲမှ သင့်တော်သူတစ်ယောက်နှင့် ထိမ်းမြားပေး၏။ အမေဆုံသည် ကံမကောင်းရှာပေ။ အမေဆုံ၏ သမီးသည် ယခုမြေးငယ်မယ်တင့်ကို မွေးဖွားစဉ်ပင် သွေးတက်၍ သေဆုံးသွား၏။ သမီးဆုံးပြီး မကြာမီမှာပင် သားမက်က နောက်အိမ်ထောင်ပြုသည်။ ယခုမူ အမေဆုံ၏အနီးတွင် မြေးငယ်မယ်တင့် တစ်ယောက်သာ ကျန်တော့၏။

အမေဆုံကား လောကဓံကိုမမှု အသက်ခြောက်ဆယ်ပြည့်တော့မည့်တိုင် ခြံထဲတွင် တကုပ်ကုပ်နှင့်ရာသီ သီးနှံပင်များ စိုက်ပျိုးနေတတ်၏။ အသက်ကြီးပြီဖြစ်၍ အေးအေး ဆေးဆေးနေရန်ပြောလျှင်. . .

'ဟဲ့. . . လူဆိုတာ ချွေးထွက်မှ ကျန်းမာတာ၊ အခုလို တစ်သက်လုံး လှုပ်လှုပ် ရှားရှား လုပ်ကိုင်ခဲ့လို့ အမေ့ဒီအရွယ်အထိ





ခါးမကိုင်း နားမထိုင်းတဲ့အပြင် မျက်စိမမှုန်တာ' ဟုပြောလေ့ရှိသည်။ စိုက်ခင်းမှ ထွက်သော သီးနှံများကို နံနက်တိုင်း ရွာလယ်မန်ကျည်းပင်ကြီးအောက်တွင် ထိုင်ပြီးရောင်း၏။ ဆိုင်သိမ်းလျှင် အိမ်ပြန်ပြီး ရေချိုး ထမင်းစားသည်။ ပုတီးစိပ်သည်။ ထို့နောက် တရေးတမော အိပ်၏။ နေချိုသော အခါရွာထဲသို့လှည့်၍ နံနက်က မရသေးသော ကြွေးငွေများ တောင်းတတ်၏။

'မယ်တင့်ရေ . . . ငါ့ကွမ်းအစ်ထဲမှာ ကွမ်းကုန်နေပြီ၊ သွား . . . ကွမ်းရွက် ခူးချေစမ်း၊ ကတ်ကြေး ယူသွားနော်၊ အညှာကို လက်နဲ့ဆိတ်ပြီးမဖြတ်နဲ့ '

မြေးငယ်က ကွမ်းရွက် ယူလာသောအခါ အမေဆုံသည် ရှေးဦးစွာ ကွမ်းရွက်ချည်းသက်သက်ခေါက်၍ပါးစပ်ထဲသို့ သွင်းငုံလိုက်၏။ ထို့နောက် ထုံးဘူးထဲမှ ကွမ်းသီးစိတ်နှစ်စိတ်ကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်ပြီး မြုံ့နေ၏။ အမေဆုံ ကွမ်းစားတိုင်း ကွမ်းယာကို တကျတန ယာစားလေ့မရှိ။ သည်နည်း အတိုင်းပင် တစ်ခုချင်း တစ်မျိုးချင်း စားသည်။

'ငါ . . . ရွာထဲလှည့်ပြီး အကြွေး တောင်းချေဦးမယ်၊ နင်နေရစ်၊ ဟိုဖက်ခြံက ကြက်တွေ လာရင်မောင်းထုတ်နော် '

အမေဆုံသည် ကျောက်သင်ပုန်းကိုကိုင်၍ကြွေးတောင်း ထွက်လာခဲ့၏။ ရှေးဦးစွာ ရွာဆော် ကိုတင်ရတို့အိမ်သို့ဝင်၍ စာရင်းအရ ခရမ်းသီး တစ်ပိဿာဖိုး တောင်းသည်။

'အမေကလည်း ဘယ်ကလာ တစ်ပိဿာ ရမှာလဲ၊ မနက်က ကျုပ်ဝယ်တာ တစ်ပိဿာခွဲဗျ၊ အမေ့ပိုက်ဆံကိုညာပြီး မယူချင်ပါဘူး ၊ ရော့. . . ရော့ တစ်ပိဿာခွဲဖိုး ယူသွား '

တစ်ခါမှ စာရင်းမှားဖူးသော အမေသည် ကိုတင်ရအား ကက်

ကက်လန်အောင်ပြန်၍ ရန်တွေ့၏။ အလကားပို၍ ပေးသော ပိုက်ဆံကို ယူလောက်အောင် သူမငတ်သေးဟု ပြောပြီး တစ်ပိသာဖိုးသာ ယူသည်။

'ဒီမယ် မောင်တင်ရ. . . မှတ်ထား၊ အမေစာမတတ်ပေမဲ့ ဈေးစာရင်းမှတ်လာတာ ဆယ်နှစ်ရှိပြီ၊ ငါစာရင်း တစ်ခါမှမမှားဖူးဘူး၊ မင်းနဲ့ ကျမှကွယ်. . . ကြုံပဲကြုံရတတ်တယ်'

ထို့နောက် ဆီဆုံကြိတ်သော ဦးချစ်မောင်တို့ အိမ်သို့ဝင်ပြီး ခရမ်းသီး တစ်ပိသာခွဲဖိုး တောင်းသည်။

'ဟောဗျာ . . . ဒီနေ့အမေဆုံ ဘယ်လိုဖြစ်လာတာလဲ၊ ကျုပ်ဝယ်တာ ခရမ်းသီးတစ်ပိသာထဲပါဗျ၊ ငါးဆယ်သားက ဘယ်လိုပိုလာရပြန်တာတုံး'

သည်တစ်ခါတွင်တော့ အမေဆုံသည် သံသယဝင်လာ၏။ ကျောက်သင်ပုန်းကို လက်နှစ်ဖက်ဖြင့် ကိုင်ပြီး သေချာစွာကြည့်သည်။ အားမရသဖြင့် ဖျင်တဘက်အနားဖြင့် မျက်စိကိုပွတ်ပြီး သေချာကြည့်ပြန်၏။ နံနက်က ဦးလှကြီးတို့အိမ်မှ ခရမ်းသီး တစ်ပိသာ ဝယ်စဉ်က တစ်ပိသာ၏ သင်္ကေတအဖြစ် မြွေတစ်ကောင်ကို အလောတော် အရှည်အတိုစံပြု၍ မှတ်သည်။ နောက်ဆက်လက်မှတ်သော စာရင်းများ၌ နှစ်ပိသာဆိုလျှင် ထိုမြွေ၏ နှစ်ဆ၊ သုံးပိသာဆိုလျှင် ထိုမြွေ၏ သုံးဆ၊ တစ်ပိသာခွဲဆိုလျှင် ထိုမြွေ၏တစ်ဆခွဲ ရေးမှတ်ခဲ့၏။ ပြီးခဲ့သော ရက်များတုန်းကလည်း ဤသို့ပင်မှတ်ခဲ့လေ့ရှိသည်။ ယခုကား အမေဆုံသည် မိမိစံပြုသော မြွေကိုပင် မသက်ာတော့။ ၎င်းတစ်ပိသာ၏ သင်္ကေတမြွေသည် အနည်းငယ်တိုနေ သယောင်ယောင်။ ဦးချစ်မောင်က ထပ်၍ မေး၏။





'ပြောပါဦးလေ အမေဆုံရဲ့၊ ဒီနေ့ဘယ်လိုဖြစ်လာတာလဲ'

အမေဆုံက ပါးစပ်ထဲမှ ကွမ်းသွေးများကို ထွေးချလိုက် ပြီး လှိုက်လှိုက် လှဲလှဲပြုံးသည်။

'သိပါဘူးဟယ်၊ မနက်က မိုးရေရွှဲတာနဲ့ ငါ့မြွေတွေလည်း တိုတဲ့ဟာက တို ၊ ရှည်တဲ့ဟာက ရှည် ဖြစ်ကုန်ပြီ ထင်ပါရဲ့'

'တိုတဲ့လမ်းနဲ့ ရှည်တဲ့လမ်း ဘယ်လမ်းကို ရွေးမလဲ၊ သူတော်စင်များကား ရှည်လျားတဲ့ သံသရာခရီးလမ်းကို မလိုလားကြဘူး၊ ဘဝတိုတိုနဲ့သာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက်လိုကြပေတယ်'

ဆရာတော်သည် ကြိမ်ကုလားထိုင်ကြီးပေါ်တွင် ထိုင်၍ သားရေဖုံးနှင့် ကျမ်းစာအုပ် ထူထူတစ်အုပ်ကို ဖတ်နေရာမှ တစ်ပါးတည်း ရေရွတ်တော်မူလေ၏၊ ထိုစဉ် ဦးလှဝ သုတ်သီး သုတ်ပျာနှင့် ကျောင်းအောက်သို့ဝင်လာပြီး ဆရာတော်ကို ဦးချသည်။

'ဘယ့်နှင့်လည်း ဒကာဝ၊ ဒီနေ့အမတော်ကြေးထုတ်ရာမှာ လက်မှတ်ထိုးစရာ ရှိပြန်ပြီ ထင်တယ်။ အင်း . . . တယ်လည်း အလွယ်ကြုံကြသကိုး။ အခုပဲ ဒကာ မောင်ရွှေသီးတော့ လေ့ကျင့်ပြီး ပြန်သွားလေရဲ့'

'မှန်ပါ၊ တပည့်တော်ဝင်လာတော့ ကျောင်းပေါက်မှာ သူပြန်လာတာနဲ့ တွေ့လိုက်ပါတယ်ဘုရား'

'သွားသွား၊ ဦးပဉ္ဇင်း ပညာဝရဆီသွား သူလုပ်ပေးလိမ့်မယ်'

ဆရာတော်သည် စာဆက်ဖတ်နေ၏။ ဦးလှဝက ခေါင်းမှ ပုဆိုးကို ဖြင်၍ပေါင်းပြီး ဦးပညာဝရရှိရာသို့သွားသည်။ ဦးလှဝ၏ မိဘများက လယ်ကုလီများ ဖြစ်ကြ၏။ ထို့ကြောင့် ငယ်စဉ်က သူတစ်ပါးကျောင်းနေချိန်တွင် သားငယ်အား ကျောင်းသို့အပ်နှံ၍ စာသင်ကြားပေးခြင်း မပြုနိုင်ကြ။ ကျောင်းထားရမည့် အရွယ်တွင်

သားငယ်အား လယ်ရှင်ထံသို့ ထွန်စီး နွားကျောင်းခိုင်းရန် အခနှင့် အပ်နှံခဲ့ရရှာကြ၏။ မိဘများ ဆင်းရဲသော်လည်း ဦးလူဝက ခွန်နှင့်အားနှင့် ကြိုးစားသောကြောင့် လယ်ယာမြေဝေခြမ်းရေး မတိုင်မီကပင် လယ်ငါးဧကခန့် ပိုင်ဆိုင်ပြီး လယ်ကုလီဘဝမှ လွတ်မြောက်ခဲ့၏။ ယခု ဦးလူဝသည် အသက်ငါးဆယ့်ငါး နှစ်ရှိချေပြီ။ သျှောင်ကိုတစောင်း အမြဲ ထုံးလေ့ရှိသည်။ ပျော်တတ် ရွှင်တတ်ပြီး လူငယ်များနှင့် ရောနှောနေတတ်သဖြင့် ဦးလူဝအား လူငယ်တိုင်းက ချစ်ခင်ကြသည်။ ထို့ပြင် ဦးလူဝသည် ခြင်းလုံးခတ်ရာ၌ လူငယ်တိုင်း၏ ဆရာဖြစ်၏။ ဦးလူဝခပ်ငယ်ငယ်က သူ၏ သျှောင်ချောကြီးကို တစောင်းထုံးပြီး ထိုးကွင်းမင်ကြောင်များပေါ် လာအောင် ပုဆိုးကို ခါးတောင်းကျိုက်၍ ခြင်းခတ်နေပြီဆိုလျှင် ရေခပ်ဆင်းသော လုံမပျိုများပင် ရပ်၍ကြည့်နေရသည်ဟု ဆိုစမှတ်ရှိ၏။ ယနေ့ကား နှောပင်ကုန်းရွာတွင် အမတော်ကြေး ငွေ ထုတ်ချေးသောနေ့ဖြစ်၏။ ဤသို့သောနေ့မျိုးတွင် ဦးရွှေသီး နှင့် ဦးလူဝတို့နှစ်ယောက်သည် အတူတွဲ၍သော်လည်းကောင်း၊ တစ်ယောက်ချင်းသော်လည်း ကောင်း ကျောင်းသို့ လာမြဲပင်။ လာရခြင်း အကြောင်းကား ဤသို့တည်း။ အမတော်ကြေးငွေ ထုတ်ရာတွင် ငွေရရှိကြောင်း ချေးယူသူက လက်မှတ်ထိုးရ၏။ ဤလိုနေ့မျိုးတွင် ပရိသတ် ဗိုလ်ပုံအလယ်၌ မြို့မှလာသော သက်ဆိုင်ရာပုဂ္ဂိုလ်က ...

'စာတတ်သလား ' ဟု မေးသည်ကို ...

'မတတ်ပါဘူးခင်ဗျ' ဟူ၍ သေးသိမ်သောအသံနှင့် ဖြေရမည်ကို သူတို့နှစ်ယောက် အလွန်ရှက်၏။

'ကဲ... ကဲ ... မတတ်ရင် ဒီနေရာမှာကြက်ခြေခတ်လိုက်' ဟု အပြောခံရမည်ကိုလည်း ရွံ၏။ မိမိရှေ့မှ ညီအရွယ် သားအရွယ်





ကလေးများက ကိုယ့်အမည်ကိုယ် လက်မှတ် ထိုးသွားကြပြီး မိမိက တုန်ရင်သောလက်ဖြင့် ဖောင်တိန်ကိုကိုင်ကာ ကန့်လန့်ဖြတ်မျဉ်းနှစ်ကြောင်းခြစ်၍ ကြက်ခြေခတ်ရမှာကိုလည်း အလွန်အမင်း ကြောက်လှသည်။ ထို့ကြောင့်ပင် ဦးလူဝနှင့် ဦးရွှေသီးတို့နှစ်ဦး တိုင်ပင်၍ နည်းသစ်နည်းဆန်းတစ်ခု ထွင်ခဲ့ကြ၏။ အဆိုပါ တီထွင်ထားသောနည်းက လက်မှတ်ထိုးရန် ကိစ္စရှိသောနေ့တွင် ရွာဦးကျောင်းသို့လာရမည်ဖြစ်၏။ ဤတွင် ဘုန်းတော်ကြီးက ဒါယကာ၏ အမည်ကို အိမ်ရိုက်သံတစ်ချောင်းဖြင့် ကျောက်သင်ပုန်းပေါ်၌ အရာထင်အောင်ခြစ်ရေးပေး၏။ ဥပမာ ဦးလူဝဟုဆိုပါစို့ ။ ဘုန်းကြီးက သံချောင်းဖြင့် ကျောက်သင်ပုန်း ၌ 'လူဝ' ဟူ၍ ပီပီသသ ခြစ်ရေးပေးလိုက်၏။ အဆိုပါစာလုံးကို သံချောင်းရာအတိုင်း ဦးလူဝက လိုက်၍ ထပ်ရေး၏။ လက်အံသေလာအောင် အထပ်ထပ် လေ့ကျင့်သည်။ ကျေနပ်လောက်အောင် လေ့ကျင့်လိုက်သောအခါ ပရိသတ်အလယ် ငွေချေးရာ၌ မိမိအမည်ကို မိမိရေးနိုင်သွား၏။ တစ်နည်းအားဖြင့်ဆိုသော် လက် မှတ်ထိုးနိုင်သွား၏။ ကြက်ခြေမခတ်ရတော့။ မျက်နှာမငယ်ရတော့၊ တစ်ပွဲတိုးနည်းပင်ဖြစ်သော်လည်း ဤနည်းဖြင့် အဆင်ပြေခဲ့သော နှစ်မှာမနည်းတော့ပေ။

ယနေ့လည်းဦးလူဝတစ်ယောက် ကျောင်းသို့ရောက်ရ ပြန်ချေပြီ။ ဦးရွှေသီးသည်လည်း ဦးလူဝနှင့်အရှေ့မနှောင်းပင် ပြန်သွား၏။ သူကား ယနေ့အဖို့လက်မှတ်ရေးထိုးနိုင်သူဘဝသို့ မိမိ အရင်စောစော ကူးပြောင်းသွားချေပြီတည်း။

ဦးပဉ္စင်းဦးပညာဝရသည် ဦးလူဝကို မြင်ကာမတ္တမျှနှင့် ပင်အဘယ် ကိစ္စနှင့်လာကြောင်းကြိုတင်သိနှင့်၏။

'လာ... လာ... ဒကာကြီး ... ဦးရွှေသီးတော့ ခုနကတင်

ပဲ ပြန်သွားတယ် '

ဦးပညာဝရသည် အစောကသံချောင်းဖြင့် ရွှေသီးဟု ရေးခြစ်ထားသော ကျောက်သင်ပုန်းကိုယူ၍ တစ်ဖက်သို့လှန်လိုက်၏။

'မြို့ကငွေပေးမယ့် ပုဂ္ဂိုလ်တွေရောက်ကြပြီလား ဒကာကြီး၊ ဘာနဲ့လာကြသလဲ ကားနဲ့ဘဲလား '

'မှန်လှပါမရောက်သေးပါဘုရား၊ သူကြီးက သူ့လူတွေ အကြိုလွှတ်လိုက်တာတော့ တွေ့မိပါတယ်ဘုရား '

ဦးပညာဝရသည် သံချောင်းဖြင့် ဦးလူဝ၏ အမည်ကို ကျောက်သင်ပုန်းတွင် ထင်ထင်ရေးခြစ်ပေး၏။ စာလုံးလေးများမှာ ဝိုင်းစက်နေသည်။ ထိုအခိုက်တွင်ကျောင်းသားငယ် တယောက်က ဦးပဍွင်းကို လာ၍ဦးတိုက်၏။

'ဦးပဍွင်းဘုရား၊ သက်န်းတွေဆေးဆိုးဖို့ပြုတ်ထားတဲ့ ရေနွေးအိုးကြီး ဆူနေပြီဘုရ '

'ဟာ. . . ဟုတ်သားပဲ၊ မေ့နေလိုက်တာ'

ဦးပဍွင်းသည် ယခုမှသတိရဟန်ဖြင့် စကေသီကို ကပျာ ကရာ ပြင်၍ ရုံ၏။ ကိုင်ထားသောကျောက်သင်ပုန်းကို ဦးလူဝအား ကမ်းပေးလိုက်ရင်း . . .

'ကဲ. . . ကဲ. . . ဒကာကြီး ခါတိုင်းလိုပဲကျင့်ပေါ့၊ ဦးပဍွင်းသက်န်းတွေ ပြုတ်ထားတာ သွားကြည့်အုံးမှ၊ တော်ကြာ အကုန်ပျက်စီးကုန်လိမ့်မယ်'

'မှန်ပါဘုရား'

ဦးလူဝသည်ကျောက်တံတစ်ချောင်းဖြင့် ဝိုင်းစက်သော စာလုံးလေးများကို စိတ်ရှည်လက်ရှည် ထပ်ရေးနေသည်။ ဆယ်ခါ ဆယ့်ငါးခါ၊ အခါနှစ်ဆယ်၊ အခါသုံးဆယ်၊ အခါ လေးဆယ်၊ အခါ





ငါးဆယ်။ စိတ်ကျေနပ်လောက်သောအခါ အောက်နားတွင် အလွတ်ရေးကြည့်သည်။ မိမိအလွတ်ရေးသော စာလုံးလေးများသည် အထက်မှသံချောင်းရာစာလုံးလေးများနှယ်ပင် ဝိုင်းဝိုင်း စက်စက်၊ ဝိဝိရိရိ၊ သေသေ သပ်သပ်။ စိတ်ထဲတွင် ပျော်သွားသည်။ ပီတိလွှမ်းသော မနောဖြင့်ငွေချေးရာသို့ ထွက်ခဲ့၏။ ငွေချေးအဖွဲ့ ရောက်နေပြီ။ ရွာသားတွေလည်း ကြိတ်ကြိတ်တိုးနေကြချေပြီ။ အမည်ခေါ် လိုက်တိုင်း တစ်ဦးပြီးတစ်ဦး လက်မှတ်ထိုး၍ ငွေယူနေကြ၏။

' ဦးလူဝ'

မိမိအမည်ကိုခေါ် သံကြားရ၏။ ကိုယ့်အလှည့်သို့ရောက်ပေမင့်ကိုး။

'စာတတ်သလား လက်မှတ်ထိုးတတ်သလား' ဦးလူဝကခပ်သွက်သွက် ခေါင်းညိတ်လိုက်၏။

'ဒါဖြင့် ဒီနေရာမှာထိုး'

ဦးလူဝသည် တုန်ယင်ခြင်းမရှိ။ မိမိကိုယ်ကို ယုံကြည်မှုဖြင့် ဖောင်တိန်ကိုယူပြီး ညွှန်ပြသောနေရာတွင် ရဲရင့်စွာဖြင့် လက်မှတ်ထိုးချလိုက်၏။ အလှည့်မကျသေးသဖြင့် ဘေးမှရပ်စောင့်နေသော ရွာသားအချို့က ဦးလူဝလက်မှတ်ထိုးသည်ကို သေချာစွာကြည့်နေကြသည်။ ဤတွင် အာမေဋိတ်သံများ ဟိုမှသည်မှ ကျည်ကျည်ကျာကျာပေါ် ထွက်လာခဲ့၏။

'ဟ. . . ဟ အလို ဘယ့်နှာတုံးဟ၊ ဟောဒီမှာ ဦးလူဝလက်မှတ်ထိုးတာက ရွှေသီးတဲ့ဟော့၊ မဆိုမဆိုင် ဦးလူဝထိုးတဲ့ လက်မှတ်က ရွှေသီးတဲ့ဟ'

* * *

ရွှေသီးရွှေနှံဖြစ်သော စပါးတို့ကို ဇီးတောရွာမှ လယ်သမားများ ရိတ်သိမ်းရောင်းချပြီးကြသဖြင့် ရှုလေရာတိုင်းတွင် ရိုးပြတ်ငုတ်တိုများကိုသာ မြင်တွေ့နေရ၏။

နွေဦးပေါက်လေပြီ။

ဘသာဖြိုးသည် ဘယ်လက်မောင်းကို ပင့်မြှောက်၍ အင်္ကျီကိုနမ်းကြည့်၏။ တစ်ဖန်ညာလက်မောင်းကိုပင့်မြှောက်ပြီး အင်္ကျီကို နမ်းပြန်သည်။ ထို့နောက် ချိုင်းနေရာကိုငုံ့ပြီး နမ်းကြည့်ပြန်၏။ နှာခေါင်းကိုရှုံ့လိုက်သည်။

'ဟင်း . . . ချွေးစော် နံလိုက်တာ၊ ထွီ အင်္ကျီလျှော်ပါဆိုတာ မလျှော်ကြဘူး၊ အင်္ကျီတစ်ထည်ကို ငါကဘယ်နှရက်တောင် ဝတ်ရမှာတုံးဟ'

ထိုနောက်ဒေါသဖြင့်ဝတ်ထားသော ဖျင်အင်္ကျီကို ချွတ်ပြီး ခြေရင်းသို့ လွှင့်ပစ်သည်။ အင်္ကျီမပါဗလာကိုယ်ထီးဖြင့် အရွဲ့တိုက်ပြီး ထိုင်နေ၏။ အရွယ်ခြောက်ဆယ်ပြည့်ပြီဖြစ်ရကား ဘသာဖြိုး ရင်ပတ်မှအရေပြားသည် နေလောင်ထားသော သရက်သီးနှယ် တွန့်ရှုံ့ချုပ် ကပ်နေ၏။

မနေသာတော့သမီးဖြစ်သူမအေးတင်က အင်္ကျီတစ်ထည်ကို ယူလာ၍ ပေး၏။

'ရော့အဘ . . . ချွေးငုပ်သွားလိမ့်မယ် ဝတ်ထား၊အခု အဘချွတ်ပစ်လိုက်တဲ့ အင်္ကျီလည်း တစ်နေ့မှလျှော်ထားတာပါ၊အဘဝတ်ထားတာ နှစ်ရက်ပဲ ရှိပါသေးတယ်။ နွေခါဆိုတော့ချွေးထွက်လို့ နံတာပါ'

မအေးတင်က စိတ်တိုနေသော ဖခင်အား အင်္ကျီကို တယုတယ ဝတ်ပေး၏။ ကြယ်သီးများလည်းတပ်ပေး၏။ ဤတွင်မှ





ဘသာဖြိုးသည် စိတ်ဆိုးပြေပြီးမျက်နှာ ကြည်သာလာ၏။ ဘသာဖြိုးကား အလွန်အသန့်အရှင်း ကြိုက်သည်။ ဇီးတော တစ်ရွာလုံးတွင် လယ်ယာလုပ်ကိုင်သူသာများသော်လည်း ဘသာဖြိုးကား လယ်သမားမဟုတ်၊ လယ်ယာ မလုပ်ဖူးချေ။ ငယ်စဉ်ကမူ ဘသာဖြိုးသည် ဇီးတောရွာ၌ လက်သမားဆရာ အကျော်ဖြစ်၏။ ထို့ကြောင့်ရွံ့ထဲရေထဲတွင် နွားနှင့်ဖက်ပြီး မရုန်းခဲ့ဖူး၍လား မဆိုနိုင်၊ အသန့်ကြိုက်လှ၏။ အိမ်၏ကြမ်းပြင်ပေါ် တွင်ပင် ဖိနပ်စီးသည်။ အိမ်ပေါ်စီးသော ဖိနပ်ကတစ်ရန်၊ မြေကြီးပေါ်တွင်စီးသော ဖိနပ်က သတ်သတ်တစ်ရန်၊ ဖိနပ်နှစ်ရန် ထားပေးရ၏။ အသက်ခြောက်ဆယ် ပြည့်ပြီမို့ ဘသာဖြိုးသည် နားမထိုင်းသော်လည်း ခါးတော့ကိုင်းပြီ။ မျက်စိလည်း အနည်းငယ်မှုံတော့မှုန်သည်။ အိမ်ပြင်ထွက်လျှင် ထီးရိုးဝါးတောင်ဝှေးကို ဆောင်တတ်၏။ လက်ယာဘက် လက်ကောက်ဝတ်တွင် နက်ပြောင်နေသော ပုတီးစေ့များနှင့် သားရိုးဂုဏ်တော်ပုတီးတစ်ကုံးကို အမြဲစွပ်ထား၏။ ဘသာဖြိုးသည် ရွာရေးရပ်မှု၌ ဝါသနာပါ၏။အလှူမင်္ဂလာဆောင်ကိစ္စများတွင် ကိုယ်တိုင်ဝင်ရောက်မလုပ်ကိုင်နိုင်တော့သော်လည်း အဘယ်ပုံဆောင်ရွက်သင့်သည်တို့၌ ဝိသုကာမျက်စိဖြင့် နည်းလမ်းညွှန် ပြတတ်၏။ ကျွန်းရုံအနီးမှ ချက်ရာပြုတ်ရာတွင်လည်း ဝင်ရောက်စီမံတတ်၏။

'အဘရယ် အိုးကြီးအိုမကြမ့် မီးဖိုထဲ လဲနေပါဦးမယ်၊ လူငယ်တွေ သူတို့ဟာသူတို့ ချက်ပါလိမ့်မယ်'

'ဘာဖြစ်လို့ လဲရမှာတုံး ငါ့များအိုပြီမှတ်လို့လား၊ လူငယ်တွေချည်း ပစ်ထားလို့ဖြစ်မလားဟ၊ သင်းတို့ကချက်တတ်တာ မှတ်လို့၊ အိမ်မှာလည်း ငါ့မပြောချင်လို့နေတာ၊ ဟဲ့ . . . အေးတင်၊ နင်ချက်ပုံပြုတ်ပုံများ ငါကျေနပ်နေတယ်မှတ်သလား 'ဟု ဘသာဖြိုးသည်

ပြောသူဘက်သို့လှည့်၍ မဲလာတော့၏။ အမှန်လည်း ဘသာဖြိုး စိမ်သော ဟင်းသည် အရာသာနှင့် ပြည့်စုံတတ်၏။

'ဝက်သားကို အတုံးကြီးကြီးတုံး၊ ရှော်၊ နနွင်း၊ ကြက်သွန် သင့်အောင် ထည့်ပြီးနှပ်၊ ကျက်ပြီလားချခါနီးပလား ကြည့်။ အဲသည် မှာ ကရဝေးလေးများ အုပ်လိုက်ရရင် အ. . . အ အလွန်ကောင်းပဲ' ဟူ၍ ရုံဖန်ရံခါ သူငယ်ငယ်က ချက်စားခဲ့ပုံကို စမြိန့်ပြန်သည်။ ဘသာဖြိုးသည် ဩဇာသီးမှည့်ကိုပင် သည်အတိုင်းမစား။ နို့ဆီ သကြားတို့နှင့် ကြွေပန်းကန် တင်ချပ်ထဲတွင် ခေါက်ဖြီးမှ စား၏။ သူချစ်သော မြေးငယ်အောင်ညွန့်ကိုလည်း စားစေသည်။

'စားကွ ငါ့မြေး၊ ဒီအရသာကို ချီ ဆိမ့် အီလို့ခေါ်တယ် မှတ် ထား'

အရာရာတွင်စိမ်ခန့်ခွဲတတ်ခြင်း၊ ရပ်မှုရွာမှု၌မနေတတ်ခြင်း တို့ကြောင့် ဘသာဖြိုးသည် ရွာသားများအပေါ်တွင် ဩဇာရှိ၏။ သို့ရာတွင် ဘသာဖြိုး၌ ပျော့ကွက်နှစ်ခုရှိ၏။ ယင်းတို့ကား မိမိအား ညစ်ပတ်သည်ဟု ပြောလျှင် မကြိုက်ခြင်း နှင့် မိမိ စာမတတ်သည်ကို လူသိမှာ စိုးခြင်းတို့တည်း။

'အဘရေ . . . အဘအိပ်ရာမှာကြမ်းပိုးတွေအများ ကြီးပဲ' ဟု သမီးကပြောလျှင် . . .

'ဘယ်ကလာ ကြမ်းပိုးရှိရမှာလဲ၊ ငါ့အိပ်ရာမှာ ဘယ်တုန်းကမှ ကြမ်းပိုးမရှိဖူးဘူး၊ နင်တို့ဆီက ကူးတာနေမှာ' ဟု တွင်တွင် ငြင်းတတ် ၏။ ထို့ပြင် ဘသာဖြိုး ငယ်စဉ်က မိဘများစားနိုင် သောက်နိုင် ပစ္စည်းရှိသော်လည်း ကျောင်းထားချိန်တွင် ဘသာဖြိုးလေး၌ ကျောက်ကြီး ပေါက်သဖြင့် ကျောင်းမနေခဲ့ရ။ သို့ရာတွင် ဘသာဖြိုး သည် မိမိအား စာမတတ်ဟု ဘယ်တော့မှမပြော၊ ဘယ်သူ့ကိုမှ





လည်း မပြော၊ ယုတ်စွအဆုံး သမီးနှင့်သမက်ကိုပင် မိမိစာမတတ် ကြောင်း ဝန်မခံပေ။ စာတစ်စောင်ရောက်လာလျှင် သော်လည်း ကောင်း၊ စာအုပ်တစ်အုပ်ကိုတွေ့၍ အကြောင်းအရာကို သိလိုလျှင် လည်းကောင်း ဘသာဖြိုးသည် ရှေးဦးစွာ အကျီအိတ်ထဲမှ ကြေးဝါ ကိုင်းနှင့် စာကြည့်မျက်မှန်ကို ထုတ်ပြီးတပ်ဆင်၏။ စာအုပ်ကို ဖွင့်ကိုင်ပြီး တစ်ချက်ကြည့် သည်။ မျက်မှန်အမိုးသို့ကပ်၍ ကြည့်၏။ တစ်ဖန် စာအုပ်ကို နောက်သို့ အနည်းငယ်ဆုတ်ရွှေ့လိုက်ပြီး ကြည့်ပြန်၏။ ဤသို့ ကြည့်ပြီးမှ မျက်စိများကို တအားမိုတ်လိုက် သည်။ စိတ်မရှည်ဟန်ဖြင့် မျက်မှန်ကို ယာလက်တစ်ဖက်တည်းဖြင့် ဆွဲချွတ်လိုက်ရင်း . .

'ဘာမှစာလုံးကို မကွဲတော့ဘူး၊ အင်း . . . ဇရာရဲ့ ဒဏ်ကို ခံရပြီ ဟဲ့ . . . ဟဲ့ . . . ခင်မောင်၊ လာပြီးဖတ်ပြစမ်း'ဟု သမက်ကို ဖတ်ခိုင်းတတ်၏။ အမှန်က ဘသာဖြိုးသည် ရုံဖန်ရံခါ သမီးဖြစ်သူ ဆန်ရွေးနေရာ၌ပင် မျက်မှန်မတပ်ဘဲ စပါးလုံးကို ကောက်ပေးနိုင် သေး၏။ သူ့မြေးငယ် အောင်ညွန့်ကိုကား ဘသာဖြိုးသည် စာအလွန် တတ်စေချင်၏။ အောင်ညွန့်နှင့်တွေ့လျှင် အဘစာမတတ်ရှာသော အချက်သည် တစ်ခါတစ်ရံ၌ အထင်းသားပေါ်တတ်၏။ အောင်ညွန့် သည် ကျောင်းလိုက်ခါစ၊ စာသင်စဖြစ်၏။

'ကကြီးယပင့်ကျ၊ ကကြီးယပင့်ရေးချကျာ၊ ကကြီးယပင့် လုံးကြီးတင် ကျို' ဟု အောင်ညွန့်စာအံနေလျှင် အမှန်ကို ရွတ်အံ နေပါလျက် . . .

'ဟဲ့ကောင်လေး ဟုတ်ရဲ့လား၊ နင့်ဟာ မှားနေပြီ' ဟု အဘက ထောက်သည်။ ကလေးက . . .

'မှန်သားပဲ အဘိုးရဲ့၊ ကျုပ်အံတာ ဟုတ်ပါတယ်' ဟုပြန်ပြော

မှ . . .

'ဟုတ်ရင်အံ၊ ဟုတ်ရင်ဆက်အံ' ဟုပြောတတ်သည်။ ကိုခင်မောင်နှင့်မအေးတင်တို့လင်မယားကား အဘမမြင်မှအောင် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ပြုံးမိကြသည်။

တစ်ရက်တွင်ကား အေးငြိမ်းရွာမှ ရွှေကူနီဘုရားကြီး ပြုပြင်ရန် အလှူခံများ အိမ်ရှေ့သို့ရောက်လာ၏။ တစ်ရွာမှလာသော ထိုအလှူခံအဖွဲ့သည် ပိတ်ဖြူဝတ်စုံကိုဝတ်ဆင်ထားကြပြီး ငွေဖလားကြီးများကိုလည်း ပိုက်ထားကြ၏။ သူတို့နောက်မှ ဗုံရှည်ဆိုင်းအဖွဲ့ကလည်း ဆူညံစွာတီးမှုတ်လာကြသည်။

'အဘိုး . . . အလှူခံတွေ လာတယ်၊ ပိုက်ဆံထည့်မယ်၊ ပိုက်ဆံသွားထည့်မယ် '

မြေးငယ် အောင်ညွန့်သည် ဆိုင်းသံဗုံသံ ကြားသဖြင့် မြူးနေ၏။ ထိုအချိန်က သမီးနှင့်သမက်သည် ရွာမြောက်ပိုင်းသို့ သွားနေ၏။ ဘသာဖြိုးသည် အိတ်ထဲ၌ အသင့်တွေ့သော ငါးပြားစေ့ တစ်စေ့ကို မြေးငယ်အားပေး၍ အလှူငွေအဖြစ် သွားရောက်ထည့်စေ၏။ အောင်ညွန့်သည် ဝမ်းသာအားရ ပြေးထွက်သွားပြီး ငွေဖလားကြီးထဲသို့ ပိုက်ဆံငါးပြားစေ့ကို 'ချွင်' ခနဲမြည်အောင်ထည့်သည်။ အလှူခံပုဂ္ဂိုလ်က လက်ထဲမှ ငွေဖလားကိုအကြွေသံများ တဂျွမ်းဂျွမ်းမြည်အောင် ဆက်လှုပ်လိုက်ရင်း ဆုပေး၏။ ထို့နောက် 'ရွှေကူနီဘုရားသမိုင်း'ကို အကျဉ်းချုပ် ရိုက်နှိပ်ထားသည့် လက်ကမ်း ကြော်ငြာစာရွက်ငယ်တစ်ရွက် ပြန်ပေး၏။ ကလေးသည် စာရွက်ကို မြှောက်ကိုင်ရင်း အိမ်ထဲသို့ ခုန်ပေါက် ပြေးဝင်လာသည်။

'အဘိုး ဖတ်ပြစမ်းပါ၊ ဒီစာရွက်ထဲမှာ ဘာတွေရေးထား တာလဲဟင်'





ဘသာဖြိုးသည် အင်္ကျီအိတ်ထဲမှ ကြေးဝါကိုင်းမျက်မှန်ကိုထုတ်၍ တပ်ဆင်ရပြန်၏။ စာရွက်ကိုဖြန့်၍ ကိုင်သည်။

'ဖတ်ပြပါဘိုးရဲ့၊ မြန်မြန်ဖတ်ပြစမ်းပါ၊ နားထောင်ချင်လှပြီ'

ရော. . . ခက်ချေပြီ။ သည်တစ်ခါကား စစ်ကူတောင်းရမည့် သမက်ကလည်း အိမ်တွင်မရှိ၊ အိမ်ကြီးတခုလုံး၌ လူမမည်မြေးငယ်နှင့်မိမိသာရှိ၏။ မြေးကလည်း သူရလာသော စာရွက်ကို အလွန်ဖတ်ပြစေချင်နေသည်။ အလွန်သိချင်နေသည်။

ဘသာဖြိုးသည်ဘုရားသမိုင်းစာရွက်ကို မျက်မှန်အနီးသို့ သေချာ ကပ်၍ကြည့်၏။ ထို့နောက်မြေးငယ်ကြားအောင် စာလုံးတစ်လုံးချင်း ပီပီသသ ဖတ်ပြသည်။

ဘသာဖြိုး ဖတ်ပြလိုက်ပုံကား . . .

'ပိုက် . . . ဆံ . . . ငါး . . . ပြား . . . ရ . . . ပါ . . . သည်' ဟူသတည်း။

* * *

ကျေးရွာများ၌ အသုံးလုံး အခြေစိုက်စခန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးနောက် ရာသီဥတုသာယာသော နေ့တစ်နေ့တွင် . . .

အေးငြိမ်းရွာမှ အမေဆုံသည် သီတင်းကျွတ်ဆွမ်းကြီးလောင်းပွဲအတွက် ကုသိုလ်ရှင်များအမည်နှင့် လှူဖွယ်ပစ္စည်းစာရင်းများကို အက္ခရာဂဏန်းတို့ဖြင့် သေချာစွာရေးမှတ် တွက်ချက်လျက်ရှိ၏။ ထိုအချိန်မှာပင် နွေပင်ကုန်းရွာမှ ဦးလူဝသည် 'ခြင်းလုံးခတ်ခြင်းအကြောင်း' စာအုပ်တစ်အုပ်ကို စိတ်ပါ ဝင်စားစွာ ဖတ်ရှုနေပြီး ဇီးတောရွာမှဘသာဖြိုးသည် မိမိနှုတ်တိုက်ရထားဖူး

**မန်ကျည်းပင်အိုအို ရွက်နုညွန့်စိုစို**

သော ထောပတ်ထမင်း ချက်နည်းတစ်ခုကို မြေးငယ်အား ရေးသား ပေးလျက်ရှိပါသည်ဟုဆိုလျှင် တိုက်ဆိုင်လွန်းလှသည် ဟူ၍များ ဆိုကြလေမည်လား . . . ။

[ငွေတာရီ နိုဝင်ဘာလ၊ ၁၉၇၀]





# မြစ်ပြင်ကျယ်ထဲ ဝမ်းဘဲတစ်ကောင်

## (၁)

သက်တံရောင်စုံပေလော၊ သို့တည်းမဟုတ် ဖန်ပြာခွက်ငယ်တွင် ရတနာကျောက်မျက်အစုံတို့ကို စီချယ်ထည့် သွင်းထားခြင်းပေလော ။

ဘသာဖြိုးသည် ဖာလူဒါဖန်ခွက်ကို မသောက်ရက်သေးသဖြင့် တယုတယကိုင်ရင်း တအံ့တသြငေးမောကြည့်နေမိရှာသည်။ မည်းနက်တောက်ပြောင်သော ကျောက်ကျောတုံးငယ်များကမဟူရာ အရောင်၊ ယိုဘူးမှ ဖောက်ထည့်ထားသည့် နာနတ်သီးစိတ်ငယ်က သိဂီါရွှေစင်၏အရောင်။ ဝင်းဝင်းမှည့်မှည့်လုံးလုံးသွယ်သွယ် စပျစ်သီးခြောက်ငယ်ကလေးများက ဣန္ဒနီလာ

ပတ္တမြားညိုရောင်။ သာကူစေ့ကလေးများကား ချိန်မူစစ်သည့် ပြည်တန်ပုလဲလုံးကလေး များကို စုပြုံခြယ်မြှုပ်ထားဘိသို့ . . .။

ကောင်းပေစွ၊ ထူးခြားပေစွ၊ နှံမြတ်ပေစွ။

အင်း . . . ရွာမှာဆိုရင်ဖြင့် ဒီလိုဖာလူဒါဆိုသည့် အရာမျိုးကို များ သောက်ရဖို့နေနေသာသာ အိပ်မက်ထဲမှာပင် ထည့်မက်ဖို့ မလွယ်ပေ။ နေပူသည်ဆိုလျှင် အိမ်က မယ်ရီစိမ်ပေးသည့် မန်ကျည်း မှည့်နှင့်ထန်းလျက် ဖျော်ရည်ကိုပင် အကောင်းလုပ်နေရ၏။ စိမ်ရိုး စိမ်စဉ် ထန်းဖိုထန်းလျက်နှင့်မစိမ်ဘဲ ကန်တော်ထန်းလျက်ကလေးများနှင့်စိမ်ထား၍ မွှေးပျံ့ပျံ့ရှိနေလျှင်ပင် ကောင်းပေစွ၊ ထူးခြားပေစွဟုထင်ခဲ့ရသည်။ ဟော . . . ခုတော့ မြို့ကြီးသားတစ်ပိုင်း ဖြစ်နေပြီမို့ ဖာလူဒါဆိုတဲ့အရာကို သောက်ဖူး ရချေပြီ။ ငယ်ငယ်တုန်းက ကြားဖူးသည့် ခဲဘွယ်ဘောဇဉ်ဆိုတာ ဒါမျိုးကိုခေါ်သည် ထင်ပါရဲ့။

တကယ်တော့ ဒါတွေအားလုံးဟာကိုရာကျော် ကျေးဇူးတွေ။

'မြို့ကိုလာခဲ့စမ်းပါ ကိုသာဖြိုးရာ၊ စစ်အတွင်တုန်းက ခင်ဗျားတို့ ပြုစုခဲ့တဲ့ ကျေးဇူးတွေကို ပြန်ပြီးဆပ်ချင်လွန်းလို့ပါ၊ အစစ မပူပင်ရစေပါဘူး'

အတန်တန်ခေါ်ခဲ့လို့ ရောက်ရတာ၊ ခေါ်မည်ဆိုလည်း ခေါ်စရာပဲလေ။ စစ်အတွင်းမှာ ကိုရာကျော်တို့တစ်တွေ မြို့မှာမနေဝံ့၍ ပြေးလာစဉ်က ဘသာဖြိုးသည် လိုလေသေးမရှိ ဂရုစိုက်ခဲ့၏။ သည်တုန်းက ဘသာဖြိုး အနေနှင့် နှမ်းလေး၊ ပဲလေးကလည်း ရတုန်း၊ ဆန်လေး စပါးလေးကလည်း ပုတ်ထဲမှာရှိတုန်းမို့ ဦးရာကျော်တို့ တစ်မိသားလုံး ဘာမျှမပူပင်စေရ။ ဆီဆိုလျှင် ဆယ်ဝင်စဉ့်အိုး နှင့် တည်ပေးထား၏။ ချက်ရေးပြုတ်ရေး၌လည်း ဦးရာကျော်၏ဇနီး





ခေါ်သူဇာကား စားဖိုချောင်ထဲသို့ဝင်သည် ဆိုရုံလောက်သာပင်။ အစစကို မမယ်ရီက တာဝန်ယူချက် ပြုတ်ပေး၏။ ညရေးညတာ အတွက်လည်း ဦးရာကျော်တို့ တစ်တွေကို အိမ်ဦးခန်းမှာ ချမ်းသာစွာအိပ်စက်ကြစေ၏။ ဘသာဖြိုးက ငှက်ကြီးတောင် ခေါ်ရှည် တစ်လက်နှင့် အိပ်ဖန် စောင့်ပေး၏။ တစ်စိုး တစ်စိမျှ မပြိုဖြင်စေရ။

သူတို့ခမျာ ဆန်စက်ရော၊ တိုက်ရော ရှိသမျှစည်းစိမ်တွေ မြို့မှာ အကုန်ပစ်ထားပြီး ကစဉ့်ကလျား အခုလို တောသို့လာရောက်ခိုလှုံနေချိန်၌ ဝတ္တုရားက ရှိနေပေသကိုး။

စစ်ပြီး၍ အေးချမ်းသွားသောအခါတွင်ကား ဦးရာကျော်တို့သည် မြို့သို့ပြန်၏။ သူ၏ မူလလုပ်ငန်းဖြစ်သော ဆန်စက်လုပ်ငန်းကို ပြန်လည်လုပ်ကိုင်၏။

ဘသာဖြိုးသည်ကား အေးငြိမ်းရွာတွင် မိမိလယ်ကို မိမိလုပ်နေရသည်။ နွားအိုနောက်သားဟု ဆိုရမည်လားမသိ၊ သားသမီးတစ်ကျိပ်နီးပါးမွေးခဲ့ရာတွင် တစ်ယောက်မျှအဖတ်မတင်သော မယ်ရီသည် သွေးဆုံးခါနီးမှ သားလေးတစ်ယောက် မွေးဖွားပြီး အဖတ်တင် ရှင်သန်ခဲ့သည်။ ထိုသားကလေး ကိုးနှစ်သားအရွယ်ယမန်နှစ်က ဦးရာကျော် တစ်ယောက် အေးငြိမ်းသို့ ရောက်လာသည်။ လာရခြင်းအကြောင်းကတော့ ဘသာဖြိုးတို့မိသားစုကို မြို့သို့လာနေရန် ခေါ်ခြင်းပေတည်း။

စက်ပိုင်သူဌေးကိုယ်တိုင် တကူးတကန့် လာခေါ်ပြန်တော့လည်း ဘသာဖြိုးအနေနှင့် ငြင်းရန်ခက်လှ၏။ ဦးရာကျော်က မြို့၏ စည်ပင်ပုံ၊ ခမ်းနားပုံ၊ လိုလေသေးမရှိပုံ စသည့် စည်းစိမ်တို့ကို တော၏ နုံချာပုံ၊ ဆင်းရဲပုံ၊ မွဲတေပုံတို့နှင့် ယှဉ်၍တရားပြသည်။ ဘသာဖြိုး ဧေးဒိုင်လာသည်။

'လိုက်တော့ အလိုက်ချင်သား ကိုရင်ရဲ့ ဒါပေမဲ့ ဟောဒီ သားလေး မောင်အောင်ခက ရှိနေပြန်တယ်။ သားသမီးတစ်ကျိပ် နီးပါးမှာ သူတစ်ယောက် အဖတ်တင်တာမို့ ဒီတလေးက ကျုပ်တို့ လည်ဆွဲဗျ။ သူက ရွာမူလတန်းကျောင်းမှာ တတိယတန်းတောင် ရောက်နေပြီ၊ ဉာဏ်ကလည်း ကောင်းလိုက်တာ လွန်ပါရော၊ ခြသေ့်တံဆိပ်ဖတ်စာ တစ်အုပ်လုံး ဒေါင်းဒေါင်းပြေးနေအောင် ဖတ်နိုင်တာ၊ ကျုပ်တို့ မြို့ကိုပြောင်းရင် ဒီကလေး ပညာသင်ပျက်မှာ စိုးရိမ်တယ် ကိုရင်ရာ'

ဘသာဖြိုး၏စကားကို ကြားရသောအခါ ဦးရာကျော်က ဟက်ဟက် ပက်ပက် ရယ်၏။

'အောင်မယ်လေး . . . ရိုးမှရိုးရှာလေ့ ကိုရင်သာဖြိုးရာ၊ မြို့မှာ ဆိုရင် ခင်ဗျားသားကို ပိုပြီးနံမည်ကြီးတဲ့ကျောင်း၊ အသင်အပြ ကောင်းတဲ့ကျောင်းတွေမှာ ထားနိုင်တာပေါ့ဗျ။ တတ်နိုင်ရင် မနက် ရော ညရောကျူရှင်တောင် ယူနိုင်သေးတယ်'

ဦးရာကျော် စကားထဲမှ ကျူရှင်ဆိုတာကြီးကို နားမလည်ပေမဲ့ သားအတွက် ပိုကောင်းသည်။ ပိုပြီး ပညာတတ်မည်ဆိုလျှင် ဖင့်နွှဲ လေးကန်နေစရာမလို။ ဦးရာကျော် ခေါ်ရာသို့ ဘသာဖြိုးသည် မဆိုင်းမတွ ပင် လိုက်ရန်ပြင်ခဲ့၏။

အဆင်သင့်ချင်တော့ ဦးရာကျော်တို့ စက်မှာက ဒရဝမ် တစ်ယောက် လစ်လပ်နေပြန်သတဲ့။ လစ်လပ်သည်ဆို သဟာက လည်း သည်လိုပါ။ ဒရဝမ်ဟောင်းသည် လုံးဝ မယုံကြည်ရ။ စက်မှ ဖွဲ၊ ဆန်ကွဲတို့ကို ခိုးယူရောင်းစားသည်။ ထို့ကြောင့် ဦးရာကျော်က ဘသာဖြိုးအား လာမခေါ်မီတစ်ပတ်ခန့်ကပင် ဒရဝမ်ဟောင်းအား အလုပ်မှ ထုတ်ပစ်ခဲ့ခြင်းဖြစ်သည်။





အဆင်သင့်လေစွ။ ဘသာဖြိုးအတွက်အိမ်လည်းအဆင် သင့်ပင်။ မီးလည်းအဆင်သင့်၊ ကိုရာကျော်တို့ ကျေးဇူးသိတတ် လိုက်ပုံများတော့ ဘသာဖြိုးအတွက် ဘာမျှမပူပင်ရလေအောင် နေရာချ ပေးထားခဲ့၏။ နောက်ဖေးမှ အစေခံတန်းလျားသည် မျဉ် ထောင်ပျဉ်ခင်းမို့ သပ်ရပ်လှ၏။ မယ်ရီကလည်း အားအား ရှိလျှင် ပုဆိုးစုတ်တစ်ခုနှင့် ကြမ်းကိုသာတိုက်နေသည်ဖြစ်၍ ပြောင် လက်နေသည်။ အစေခံတန်းလျား ဆိုပေမယ့် ရွာက ထရံကာ သက် ကယ်မိုး အိမ်ထက်တော့ နှစ်ပြန်သုံးပြန် ကောင်းနေ၏။

ရွာမှာ ရေနံဆီမီးခွက်ကလေး မှိတ်တုတ်မှိတ်တုတ်နှင့် နေခဲ့ရပေမဲ့ ယခုတော့ ထိန်ထိန်ညီးညီး လျှပ်စစ်မီးနှင့်နေရ၏။ အိပ်ဖို့အတွက် ခုတင်တစ်လုံးလည်း ပေးထားသေးသည်။ ကျွန်းသား စားပွဲတစ်လုံးလည်း ဘသာဖြိုးတို့ မရောက်ခင်ကတည်းက ရှိနှင့် သည်။ ရွာမှာတုန်းက ကြက်သံကို ဗဟိုပြုနေရပေမဲ့ ယခုကား ဆန်စက်ကို စောင့်ရင်း နာရီသံချောင်းကို ကိုယ်တိုင်ခေါက်နေရ သည်မို့ တိုင်ကတ်နာရီကြီးမှ ရောမဂဏန်းများကိုတောင် ကြည့် တတ်နေပြီ။ မနေ့က သာညံတို့နှင့် ဈေးမှာတွေ့တုန်းကတောင် ပြောရသေး၏။

'ဟေ့ . . . ကောင်တွေ၊ နက်ဖြန်အိမ်ကိုလာပြီး ကော်ဖီ သောက်လှည့်ဦးကွ။ ဆယ်နာရီလေးဆယ့်ငါးမိနစ်လောက်လာခဲ့ရင် ငါအားပါတယ်'

'အောင်မယ်လေး . . . နာရီတွေ နာရက်တွေ လုပ်မနေစမ်းပါ နဲ့ ဘကြီးဖြိုးရာ၊ နေ့တွမ်းစားပြီးလောက်လာခဲ့ဆိုလည်း ပြီးတာပဲ'ဟု သာညံက ပြန်ပြောသွား၏။ အင်း . . . လူငယ်ဆိုပေမဲ့ သာညံတို့ လူသိုက်သည် ဘသာဖြိုးထက် အများကြီးခေတ်နောက်ကျ ကျန်ရစ်

ခဲ့ချေပြီ။

တကယ်တော့ ဒါတွေအားလုံးဟာ သူဌေးဦးရာကျော်၏ ကျေးဇူးတွေသာတည်း။ ထိုကြောင့် ညစဉ်ညစဉ် ဘုရားဝတ်ပြု အန္တရာယ်ကင်း ပရိတ်ရွတ်၊ ဟေတုပစ္စယောနှင့် စည်းချပြီး၍ မေတ္တာပို့တိုင်း ဦးရာကျော်အတွက် အထူးတလည် ဆုတောင်းမေတ္တာ ပို့သရသေး၏။

'အဟမ်း . . . အဟမ်း . . . ကျေးဇူးရှင်မောင်မင်းကြီးသား ဦးရာကျော်တစ်ယောက် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လန်းပြာပါစေ၊ ဝမ်းသာပါစေ၊ စိတ်အကြံမြောက်ပါစေ၊ အမိဌာန် ပေါက်ပါစေ၊ နိဗ္ဗာန်ရောက်ပါစေ'

(၂)

'ဟ. . . ဒီစာပေါ်မှာ အစင်းတွေထင်နေပြန်ပါပြီလား၊ ဒုက္ခပါပဲဟာ'

အရောင်တင်ဆေးကြောင့် ဝင်းဝင်းလက်နေသော ကျွန်းသား စားပွဲကြီးတွင် ခြစ်ရာအစင်းကြီးများက အကျည်းတန်စွာ ပေါ်လွင်နေ၏။ မယ်ရီ ငယ်ငယ်က လိမ်းပြီး သနပ်ခါးမခြောက်ခင် ပါးပြင်ကို အသားဘီးဖြင့် ခြစ်ထားဘိသို့ ရှိတော့၏။ မယ်ရီပါးမှ သနပ်ခါးဘီး ခြစ်ရာတောသူသဘာဝ၊ မိန်းမသားသဘာဝမို့ ကြည့်ကောင်းသော်လည်း သည်ကျွန်းသား စားပွဲပေါ်က ခြစ်ရာ အစင်းကြီးများကတော့ တစ်စက်ကလေးမျှ ကြည့်မကောင်း အရုပ်ဆိုးလှ၏။

သည်စားပွဲ သည်ဘသာဖြိုးတို့ မရောက်ခင်ကတည်းက အစေခံတန်းလျားမှာ ရှိနှင့်သော စားပွဲဖြစ်၏။ အရင်ကတော့ ဖုန်စုတ်စုတ်နှင့် စားပွဲဟောင်းတစ်လုံးသဖွယ်ရှိခဲ့၏။ ဘသာဖြိုးက





ရေဆေးပြီး ပွတ်လိုက်သပ်လိုက် အရောင်တင်လိုက် လုပ်နေ၍ ယခုကား ဖိတ်ဖိတ်လက်နေသည်။ ယင်းစားပါပွဲတွင် သားငယ်ထိုင်၍ ကျောင်းစာများကျက်နေသည်ကိုမြင်တိုင်း ဘသာဖြိုးရင်မှာ ပီတိဖြာခဲ့ရ၏။

'တော့်သားလေ . . . စာကျက်ရင်း ငမ့်နဲ့ ဆော့တာ၊ ငမ့်ကိုနားရွက်ဆွဲလိုက် ခါးညှစ်လိုက်နဲ့ . . . ငမ့်သူ့ဒဏ်မခံနိုင်လို့ ဆင်းအပြေး လက်သည်းနဲ့ ခြစ်မိတော့ အစင်းတွေထင်ကုန်တော့တာပေါ့ . . .'

ဘသာဖြိုးသည် စာပွဲပေါ်မှ ကြောင်လက်သည်းခြစ်ရာများကို ဖျက်အုံ့နိုးနိုးဖြင့်ပွတ်ဖျက်နေသည်။ သို့သော်အစင်းကြီးများကား လက်ဖြင့်ပွတ်လေ ပို၍ထင်လေ။ မဖြန်းရေးချမဖြန်၊ နည်းနည်းလေး မှမဖြန်။

အောင်ခသည် ဘာမျှပြန်မပြော။ အခန်းထောင့်တွင် တင်ပျဉ်ခွေထိုင်ရင်း နှုတ်ခမ်းကိုသာစူနေသည်။ ပေါင်အထက်တွင်လည်း သူ့ကြောင်ငမ့်က ဝပ်လျက်သားရှိ၏။ ဖခင်၏ မာန်မဲသံကို သဘောမကျတိုင်း ကြောင်၏ကျောမှ အမွေးများတွင် လက်ညှိုးဖြင့် ဝလုံးရေးသလို ဝိုက်ပွတ်နေ၏။

'စာပွဲတို့၊ ကုလားထိုင်တို့၊ အိမ်တို့၊ ဒီပစ္စည်းတွေဟာ သူဌေးပစ္စည်းတွေ၊ သူဌေးက သဘောကောင်းလွန်းလို့ တို့တစ်အိမ်သားလုံး အခုလို အခန့်သားနေရတာ၊ ဒါကိုတို့က ကျေးဇူးသိတတ်တဲ့အနေနဲ့ ရှိရှိသေသေကိုင်ပါဆိုတာ ပြောလို့ကို နားမထောင်ဘူး၊ တယ်ခက်တာဘဲ'

အောင်ခကမူ ထိုင်မြဲထိုင်လျက် ဘာမှပြန်မပြော၊ သည်တော့လည်းဖခင်အနေနှင့် ဆက်လက်မဆူရက်တော့။ သနားစိတ်ဝင်လာ

၏။ သို့ရာတွင် ခက်သည်မှာ သူ့ပစ္စည်းမှန်း ကိုယ့်ပစ္စည်း မှန်းမသိ၊ မရှိသေးတတ်ခြင်းပင်။

တခါတရံအိမ်နံရံပေါ်တွင် မီးသွေးခဲနှင့် နွားရုပ်ကျွဲရုပ်တွေလျှောက်ရေးတတ်၏။ ရှာရှာဖွေဖွေဆန်စက်ဘေးရှိ ရေကန်ရိုးမှ နွံ့များကို ယူလာပြီး နွားရုပ်၊ လှည်းယာဉ်၊ ထွန် စသည်တို့ လုပ်တတ်၏။ လေးခွနှင့် ပစ်ရန် လောက်စာလုံးများ လုံးတတ်၏။ ပြီးတော့ ထိုမခြောက်တခြောက် နွံ့ရုပ်တွေကို တိုက်ချွတ်ထားသည့် ပျဉ်းခင်းကြမ်းပေါ်သို့ တင်ပြန်၏။ နွံ့များကြမ်းခင်းကို ပေကျံကုန်၍ ဆိုပြန်တော့လည်း ဘာမျှပြန်မပြော။ မျက်ရည်အဝိုင်းသားနှင့်သာ ထိုင်နေသဖြင့် သနားရပြန်၏။

သူ့ကြောင်ကလည်း တစ်မျှော်ပင်။

တစ်ခါတစ်ရံ အိမ်ပေါ်တွင် ချေးပါတတ်၏။ ကြောင်ချေးနံ့နံ့နေမှ ရှာပြီးသန့်ရှင်းကြရသည်။ အိပ်ရာပေါ် အိမ်ပေါ်ချေးပါရကောင်းလားဟု ကြောင်ကိုရိုက်ပြန်လျှင်လည်း အောင်ခက မကြိုက်။ မျက်ရည်အဝိုင်းသားနှင့်။

'အစကတည်းက ဒီကြောင်ကို မယူခဲ့ချင်ပါနဲ့၊ မမွေးချင်ပါနဲ့ လို့အပြောသားနဲ့၊ အခုတော့ စားပွဲ တစ်ခုလုံးရစရာကိုမရှိဘူး'

ဘသာဖြိုးက ရေရွတ်သည်။ ဘသာဖြိုးတို့ မြို့ပြောင်းလာစဉ်က ငမိုးသည်ရွာတွင်ကျန်ရစ်ခဲ့၏။ ရွာကလူတွေ စက်သို့ ဆန်ကြိတ်လာ၍ လှည်းကြုံတိုင်း အောင်ခကကြောင်ကို ယူခဲ့ရန် တဖွဖွမှာသည်။ ဘသာဖြိုးကတော့ ကြောင်ကိုမယူစေချင်။

'မောင်စိုးတို့ တင်မေတို့အိမ်မှာ စားနေမှာပါကွာ၊ သူ့ဟာသူနေပါစေ' ဟုပြောသော်လည်းမရ။ တဖွဖွသာမှာယူခဲ့သည်။ သူများခြံဝင်းထဲနေစဉ် အိမ်မွေးတိရစ္ဆာန်မွေးရသည်မှာ မလွယ်ပေ။





အိမ်ရှင်ကကြိုက်မှန်းမသိ။ မကြိုက်မှန်းမသိ။ ထို့အပြင် သူဌေး မွေးထားသည့် လှူခါးစောင်းခန့်မြင့်သော ခွေးကြီးတွေ၏ အန္တရာယ်ကလည်း ရှိသေး၏။ တစ်နေ့ကပင်ငမိုးကိုမြင်သည်နှင့် ခွေးကြီး တစ်ကောင်က ထိုး၍လိုက်၏။ ငမိုးက ဖက်သန်းပင်ပေါ် ဝက်ပြေးသည်။

'အမယ်လေး . . . ကျုပ်သစ်ခွပင်ကလေးတွေတော့ ကုန်ပါပြီ'ဟူသော သူဌေးကတော် ဒေါ်သူဇာ၏ ရင်ဘတ်စည်တီး ညည်းသံကို ကြားရသေးသည်။

တစ်ခါတစ်ရံတော့လည်း လူရေးလူမှုကို မသိတတ်သေးသည့် အောင်ခတို့ အတွက် စိတ်မကောင်းဖြစ်ရ၏။

ဘသာဖြိုးကတော့ အစစအရာရာ ရှိသေးသည်။ လျှပ်စစ်မီးကိုပင် အောင်ခစာကြည့်ချိန်မှတစ်ပါး အလကား မထွန်းညှိရ။ ပြီးတော့အိမ်မှ ပျဉ်ထောင်များကိုလည်း မကြာခဏ ရေနံချေးသုတ်သည်။ အိမ်ထောင့်တိုင်းတွင်ပင့်ကူတစ်မျှင်မရှိစေရ။ မယ်ရီသည်လည်း အိမ်သန့်ရှင်းရေးတွင်ကား စိတ်ချရပါ၏။ သို့သော်သူက စိတ်တိုတတ်သည်။ သည်းမခံတတ်။ ဆိုးမိုး မခံတတ်။ သူ့သားကို ဆူလျှင်လည်း မကြိုက်တတ်။

တစ်နေ့ကမယ်ရီသည် တိုက်ကြီးပေါ်၌ ထမင်းကူချက်နေရာမှ ပန်းကန်ဆေးရင်း ပန်းရေး နူတ်ခမ်းတွန့် ကြွေပန်းကန် တစ်ချပ်ကျကွဲသည်ဆို၏။ သူဌေးကတော် ဒေါ်သူဇာကတော့ စုတ်သပ်ရုံသာ သပ်ရှာ၏။ သူဌေးသမီးအငယ်မက အကိုင်အတွယ် မရှိသေးရကောင်းလားဟု မယ်ရီကိုအပြစ်တင်သည်။ မြည်တွန်တောက်တီးသည်။ ဒါကိုမယ်ရီက သည်းခံရကောင်းမှန်း မသိ။ မကျေမနပ်ဖြစ်နေ၏။

'ဟဲ့ . . . ပြောမှသိ၊ ထိမှနာ . . . သာမှနေ . . . သေမှခင်၊

ဗျိုလေးအင် လတွင်မကျင့်ရာတဲ့၊ သူတို့ မပြောခင်က သိမှပေါ့၊ သူများပစ္စည်းကို ရိုရိုသေသေ ကိုင်မှပေါ့၊ မပြောခင်ကသိရတယ်၊ မထိခင်ကနာရတယ်’ ဟု ဘသာဖြိုးက ဆုံးမသော်လည်းမရ။

‘မတော်တဆ ဖြစ်တာပဲတော့။ သူတို့ကိုလဲသွားကူရသေး၊ ကိုယ့်သမီးအရွယ်လေးက လူကို ဆိုလိုက်ပြောလိုက်တာ တကတည်း ဖျတ်ဖျတ်လူးနဲ့၊ ရစရာမရှိဘူး’ဟု တဖျစ်တောက်တောက် လုပ်နေသည်။

‘အောင်မယ်လေးမယ်ရီရာ၊ သူတို့တစ်တွေ တို့ရွာကိုလာ တုန်းက ဒီကောင်မလေးက ရှစ်နှစ်အရွယ်ဂါဝန်ကလေးနဲ့ ပြေးတုန်းလွှား တုန်း ကစားတုန်း၊ နင့်ပဒုမ္မာ ပိတ်အင်္ကျီအသစ်ကြီးကို ယူသွားပြီး ကတ်ကြေးနဲ့ညှပ်ဖြုပစ်ခဲ့တာတောင် ချစ်လွန်းလို့ သည်းခံခဲ့သေးတာ၊ အခုလို ဆိုတာပြောတာလောက်ကလေးများ ဗွေယူနေ ရသေးသလားဟ၊ ကလေးမို့ ပြောရှာတာပါဟာ၊ သူ့မိဘကျေးဇူးလည်း ထောက်ဦးမှပေါ့’

မယားအကြောင်း သားအကြောင်းစဉ်းစားနေရင်းနှင့် ယနေ့ သာညဲတို့ကို အိမ်ကိုလာပြီး ကော်ဖီသောက်ရန်မှာခဲ့သည်ကို သတိမေ့နေမိသည်။ သာညဲတို့ကား ဘယ်တရုတ်ဆိုင်တွင် ဝင်ပြီး စတည်းချနေကြသည်မသိ၊ ယခုထိ မပေါ်လာကြသေးပေ။

‘သာညဲတို့လာမယ်ပြောထားတာ ခုထိတောင် မရောက်လာကြသေးဘူး၊ ဘယ်နှနာရီရှိပြီလဲဟဲ့ မယ်ရီ’

ဒေါ်မယ်ရီသည် ကြမ်းပြင်ပေါ်တွင် ဒူးတစ်ဖက်ထောင်၍ ထိုင်ရင်း ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို အားပါးတရ ဖွာသောက်နေရာမှ လှည့်မကြည့်ဘဲ ဖြေ၏။

‘သိတဲ့နိုင်ရိုးလား’





(၃)

ယနေ့ သူဌေးကတော်ကလွှတ်သဖြင့် ခြင်းတောင်းကို ဆွဲ၍ ဈေးဝယ်သွား၏။ ဈေးတောင်ဘက်တွင် ရွာမှ လှည်း နှစ်စီးသုံးစီးကို တွေ့သည်။ ဝါဆိုဆွမ်းကြီးလောင်းအတွက် ဈေး ဝယ်လာကြသည် ဆို၏။ ထုံးစံအတိုင်း မရောက်တာကြာပြီဖြစ်သောရွာအကြောင်း မေးရ၏။

‘ဒီနှစ် လယ်တွေကတော့ အနည်းနဲ့ အများနောက်ကျကြတာ ပဲ ဘကြီးဖြိုးရဲ ရွာမှာလည်း ကောက်စိုက် ပျိုးနုတ်တို့က ဒီနှစ် နည်း နည်းရှားတယ်’

လှည်းဘေးတွင် မိုးတိုးမတ်တတ်ရပ်ရင်း ကျော်ခင်က ပြော၏။

‘ဘယ်နှာကြောင့်လဲဟ၊ ခါတိုင်း ရွာမှာ ကောက်စိုက် ဘောက် သုံးဘောက်တောင်ရှိတာ သူ့ဈေးကိုက်ငှားပါ၊ ငါ့ဘောက် ငှားပါနဲ့ တောင် ဘောက်ချင်းပြိုင်နေကြသေးမဟုတ်လား’

‘ဒီနှစ် ကိုရင်ဘလွန်းတို့လည်း ဘောက်မထောင်နိုင်ဘူးဗျ။ အရီးအေးတို့ ကိုကြီးဦးတို့ဘောက်တွေလည်း အရင်လို ကောက်စိုက် သမ မများတော့ဘူး။ သည်လိုလေဗျာ၊ ကျုပ်တို့အနောက်ဘက် လုံးတော်ရွာက သူကြီးဦးမိုးက အုတ်ဖိုထောင်တယ်၊ အုတ်ဖိုအလုပ် က တစ်နေ့ သုံးလေးကျပ်ရတော့ လယ်ပိုင်မရှိတဲ့ လူတွေက အဲဒီမှာ ပဲ ဝိုင်းနေကြတော့တာပေါ့၊ ကိုဝင်းမောင်တို့ မိသားစုများ သကြံန် တွင်းတောင် ရွာကို ဥပုသ်စောင့် ပြန်မလာနိုင်ကြဘူး’

ဈေးခြင်းကိုဆွဲ၍ ပြန်လာရင်း ရွာမှ သတင်းများကို စဉ်းစား လာမိ၏။ သည်နေ့ကြားရသော သတင်းတွေက တယ်တော့ အားရ စရာ မရှိပေ၊ လယ်ယာ အလုပ်သမားရှား၍ လယ်နောက်ကျရ

သည့်အကြောင်း၊ သာဖြိုး ရွာမှာထားခဲ့သည့် နွားများအနက်မှ နွားမကြီးတကောင် ထမ်းပိုးကြီးနှင့် အပစ်ခံရသဖြင့် ရှေ့လက် သွင်သွင်ကျိုးသွားသည့်အကြောင်း ဘသာဖြိုး၏ လယ်ငါးကေသည် စိုက်ရက် နောက်ကျသဖြင့် အနည်းငယ်ညှံ့သည့်အပြင် စိုက်ပြီး ကောက်ပင်ညိုစ 'စိုက်သညို' တစ်ကွက်ကို နွားလွတ်ဝင်အစားခံရကြောင်း စသည့်ဖြင့် စိတ်မချမ်းမြေ့စရာများသာ ကြားရ၏။

'နွားရော. . . လယ်ရော အပ်ထားခဲ့တဲ့ မောင်စိုတို့ တင်မေတို့ကလည်း ဂရုတော့ စိုက်ကြရှာမှာပဲ၊ ဒါပေမဲ့ သူတို့ခများ သူတို့နွားကျွဲ၊ သူတို့နွားနဲ့ သူတို့ လယ်ကလေးကလည်း တစ်ဖက်မဟုတ်လား၊ အင်း . . . ကိုယ်တိုင်လုပ်သလောက်တော့ ဘယ်မှာ ဖိဖိစီးစီးရှိပ့ါမလဲလေ'

အတွေးလွန်နေသဖြင့် ရင်ဆိုင်တိုးမိမလို ဖြစ်သွားသော ဆိုက်ကားတစ်စင်းကို မနည်းရှောင်လိုက်ရသည်။ ယနေ့ အတိတ်မကောင်းဟု ဘသာဖြိုးက တွေးလိုက်၏။ ဒီနေ့ ကြားခဲ့ရတဲ့ ရွာသတင်းတွေကို မယ်ရီအား မပြောမိအောင်တော့ သတိထားရပေမည်။ သို့မဟုတ်က . . .

'တစ်ခါတစ်ရံတော့ ကျုပ်ဖြင့် ရွာမှာတုန်းက လယ်ကြားကန်သင်းရိုးပေါ် လျှောက်ပြီး ထမင်းပို့ သွားခဲ့ရတာလေးတွေ . . . ဘောင်တုတ်ငှက် မြည်သံလေးတွေကို လွမ်းပ့ါတော် . . .' ဟု တမ်းတမ်းတတ ညည်းတတ်သော မယ်ရီတစ်ယောက် ငိုပြီး စိတ်မကောင်းဖြစ်နေပေဦးမည်။

ဈေးမှဝယ်လာသည့် ပစ္စည်းများကို ခေါ်သူဇာအား အပ်လိုက်ပြီး မိမိတို့ နေထိုင်ရာ နောက်ဖေးတန်းလျားသို့ထွက်လာခဲ့၏။ အိမ်ကလေးမှ ပျဉ်ထောင်သည် သုတ်ပြီးစ ရေနံရောင်ကြောင့်





နံနက်နေခြည်ထဲတွင် လှပနေသေးတော့၏။ အိမ်ကြမ်းခင်းကို နင်းမိလိုက်လျှင်ကား ယနေ့ နိမိတ်မကောင်းဟူသည့် ဘသာဖြိုး၏ အတွေးမှာ မှန်ခြင်းမက မှန်နေတော့၏။

မြင်ရချက်က မသက်သာ။ အောင်ခသည် အိမ်ပေါ်တွင် ခြေဆင်းထိုင်ရင်း ဝမ်းပန်းတနည်း ရှိုက်ကြီးတငင်ငိုနေ၏။ မယ်ရီက ဘေးမှထိုင်ပြီး ချော့နေသည်။ ဘသာဖြိုးသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

'ဟဲ့ . . . ဘာဖြစ်တာလဲ၊ ကင်းများတုတ်လို့လား'

အောင်ခအတွက် ဝယ်လာသော ထောပတ်မုံ့ကိုပင် ပေးရန် သတိမရ။ အနားသို့ကပ်ပြီး စိုးရိမ်စိတ်ဖြင့် မေးမိသည်။

'သူ့ကြောင် ပျောက်လို့တဲ့တော်ရေ့၊ မနက်ကတည်းက ရှာမတွေ့လို့တဲ့၊ အဲဒါ သူ့ဒွေးတိုက်က ခွေးကြီးတွေ ကိုက်သတ်ပစ်လို့သေပြီဆိုပြီး ငိုကြီးချက်မ လုပ်နေတာ၊ ချော့လို့လည်းမရဘူး'

မယ်ရီ၏စကားကိုမှ ဘသာဖြိုးတွင် စိုးရိမ်စိတ်များ ပျောက်လွင့် ပေါ့ပါးသွားမိရ၏။

'လူလေးကလဲကွာ . . . အော်ကြီးဟစ်ကျယ် ငိုနေတော့ အဘဖြင့် ဘာများလဲလို့ မထိတ်သာမလန့်သာရှိလိုက်တာ၊ အောင်မယ်လေး ကြောင်ကလေးတစ်ကောင် ပျောက်တာများ ရေးကြီးခွင်ကျယ်လုပ်လို့ကွယ်၊ တိတ် . . . တိတ်'

ဘသာဖြိုးက ရယ်သွမ်းသွေး၍ သားကိုချော့သည်။ သည်တွင် တစ်ခါမျှပြန်မပြောဖူးသော အောင်ခသည် ငိုနေရာမှ ရှိုက်၍ရှိုက်၍ ပြန်ပြော၏။

'ကြောင် ပျောက်တာ အရေးမကြီးပဲ နေပ့ါမလားဗျ အဘရဲ့ ဟိုဟာကိုင်လည်း သူ့ဒွေးပစ္စည်း၊ ဒီဟာကိုင်ပြန်ရင်လည်း သူ့ဒွေး

ပစ္စည်း၊ အကုန်လုံး သူ့ငွေ ပစ္စည်းချည်းပဲ၊ ကျုပ်တို့ပိုင်တာဆိုလို့ ဒီကြောင်ကလေးတစ်ကောင်ပဲရှိတယ်၊ အခုတစ်ခါ ဒီကြောင်က ပျောက်သွားပြန်ပြီဆိုတော့ ဘယ့်နှယ်လုပ်ရပါ့မတုံးဗျ'

အောင်ခက ရှိုက်၍ရှိုက်၍သာ ဆက်ငိုနေသည်။

အောင်ခ၏စကားများက ရယ်သွမ်းသွေးနေသော ဘသာဖြိုး၏မျက်နှာကို တည်ငြိမ်ရင့်မာသွားစေသည်။ ဘသာဖြိုးကို ကျောက်ရုပ်သဖွယ် တွေငိုင်သွားစေသည်။

ဘသာဖြိုး၏ စိတ်တို့သည် အဝေးမှ ရွာဆီသို့ ပျံ့တက်လွင့်စဉ် သွား၏။ ရွာလယ်မှ သေးငယ်သော်လည်း လွတ်လပ်သည့် ထရံကာ သက်ငယ်မိုးနှင့် မိမိပိုင် သုံးခန်းအိမ်ကလေးအတွင်းသို့ ရောက်ရှိသွားရ၏။ အိမ်နောက် ဖေးစည်းရိုးဘေးမှ ပဲလင်းမြွေ စင်ကလေးနှင့် ချဉ်ပေါင်ခင်း၊ ရုံးပတီသီးများကိုလည်း သတိရစေ၏။ ထို့အပြင် ရွာ၏ရှုခင်း၊ ရွာ၏ အသံတို့ကလည်း ဘသာဖြိုး၏ စိတ်အတွေးတွင် အစဉ်တစိုက် မြင်ယောင် ကြားယောင်၍ လာစေပြန်သည်။

မိမိနှစ်စဉ်ထွန်ယက်လုပ်ကိုင်ခဲ့သည့် လယ်ကွင်းတို့မှ ကောက်ပင်စိမ်းစိမ်းများ၊ ကောက်ရိုးကို နုပ်နုပ်မွှင်မွှင် စဉ်းကျွေးမှ ကြိုက်တတ်သည့် နွားပြာတစ်ရှဉ်းနှင့် နွားမကြီး သားအမိ၊ လသာသာတွင် သားအဖတစ်တွေ ထွက်၍ နီးချောဖျာတစ်ချပ်ခင်းကာ တူယှဉ်အိပ်စက်ခဲ့ကြသည့် ဝါးခင်းကွပ်ပျစ်ငယ်၊ ရွာရိုးတစ် လျှောက်တိုက်ခတ်လာသော တောပန်းနံ့သင်းပျံ့သည့် လေပြည် လေညင်းကလေး၊ ထိုပြင် . . . ထိုပြင် . . .

နေကျချိန်တိုင်း သာသာယာယာ အဆက်မပြတ်ကြားရတတ်သည့် ရွာအနောက်ဘက် ကုန်းကျင်းများဆီမှ ဘုတ်အီသံ၊





U WIN KYI

ဘောင်တုတ်ငှက်မြည်သံ ချိုချိုကလေးများ။ ။

[မြဝတီမတ်လ၊၁၉၇၁


MAUNG NOE.

## မငွေ့ရင်ကို အပြစ်မတင်ကြပါနဲ့

(၁)

အစွန်အဖျားကျသော မြို့ငယ်ကလေးတစ်မြို့။

ထိုမြို့ကလေး၏ တစ်နေရာမှ အုတ်အဆောက်အအုံငယ်တစ်ခု၊ ယင်းအဆောက်အအုံထဲမှ အခန်းငယ် တစ်ခုအတွင်းသို့ ဝင်ကြည့်လိုက်လျှင် ပုလင်းများ စီတန်း၍ တင်ထားသော စားပွဲရှည်ကြီးတစ်လုံးကို တွေ့ရပေမည်။ စားပွဲရှည်ကြီး၏ နောက်တွင် လူဝဝ တစ်ယောက်သည် လေးလံစွာ ထိုင်လျက် ရှိ၏။ စားပွဲရှည်ကြီး၏ ရှေ့တွင်ကား အဝတ်ဦးထုပ်ပျော့တစ်လုံးကို နဖူးပေါ်သို့ အုပ်မိအောင် ခပ်ငိုက်ငိုက်ဆောင်းထားသော လူရွယ်တစ်ဦး ရပ်နေ၏။ လူရွယ်သည် ကောက်ရိုးရောင် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပြီး





ခါးတွင် သားရေခါးပတ်ပြားကြီး တစ်ခုကို ပတ်ထား၏။ ခြောက်လုံးပြူး သေနတ် တစ်လက်သည် ခါးပတ်ပြားကြီးတွင် မခို့တရို့တွဲလွဲ ခိုလျက်ရှိလေသည်။

လူရွယ်က လက်ထဲတွင် ကိုင်ထားသော ပုလင်းတစ်လုံးကို စားပွဲပေါ်သို့ အသံမြည်သွားအောင် ချလိုက်သည်။ စားပွဲရှည်ကြီး နောက်မှ လူဝဝက လူရွယ်အား ဆတ်ခနဲ မော့်ကြည့်၏။ ပြီးမှ . . .

'ဘယ့်နှယ်လဲ စခန်းမှူးကြီး၊ ဒီနေ့ ဖမ်းလာတဲ့ အရက်တွေက များလှချည့်လား'

'ဘီးလစ်ကြီးက ဒီစားပွဲပေါ်တင်ထားတဲ့ အရက် ရှစ်ပုလင်းတင် မြင်သေးတာကိုး၊ ရုံးရှေ့မှာလည်း အိုးတွေပေါင်းချောင်တွေ ချက်ကိရိယာတွေ အများကြီးရှိသေးတယ်။ တိုက်ကင်းလှည့်ရင်း တွေ့လို့ ဖမ်းလာခဲ့တာ'

စားပွဲရှည်ကြီးနောက်မှ ခပ်ဝဝ ဘီးလစ်စာရေးကြီးသည် သက်သေခံပစ္စည်းများ လက်ခံရရှိကြောင်းကို ရဲမှတ်ပုံတင်စာအုပ် အမှတ် ၃၂ တွင် လက်မှတ်ရေးထိုးနေ၏။

'ဒီနေ့ အမှုကြီးတွေပါးတဲ့ အချိန်မှာ ကြားညပ်တင်ပေးပါလိမ့်မယ်။ ဒါနဲ့ တရားခံက ဘယ်သူတုံ'

'ဪ . . . တရားခံလား၊ တရားခံကတော့ မငွေ့ရင်၊ အဲလေ အေးငြိမ်းရွာက ကိုဖိုးမောင်ပါ'

(၂)

မငွေ့ရင်၏ ခြေဖဝါးတို့သည် ငါးပြေမ ပါးဟက်ကဲ့သို့ အက်ကွဲလျက် ရှိကြ၏။

အပျိုစင်ဘဝက ဤခြေဖဝါးတို့သည် မုန့်ညက်ပမာ နူးညံ့ခဲ့ပါသည်ဟုဆိုလျှင် ယုံမှ ယုံကြည်ကြပါတော့ မည်လား။ အေးငြိမ်းရွာဇာတိ ကျေးတောသူ ဖြစ်သော်လည်း မငွေရင်၏ အပျိုစင်ဘဝသည် နေညဥ်း၊ လေပြင်းဒဏ် ကို မခံရဖူးသော စံပယ်ပန်းတစ်ပွင့်သဖွယ် အမွန်ပင် နုနယ်လှပခဲ့ပါသည်။ မငွေရင်၏ မိဘများသည် လယ်ကော သုံးဆယ်ကျော်ခန့် လုပ်ကိုင်ရသော ကြေးရတတ် လယ်သမားကြီး များဖြစ်၏။ ထို့ကြောင့် သမီးကြီး မရွှေရင်ကိုရော သမီးငယ် မငွေရင်ကိုပါ ရွှေပေါ်မြတင်ထားခဲ့ကြသည်။ ယင်းသို့ တယုတယထား သဖြင့်လည်း မငွေရင်တို့ညီအစ်မသည် ကောက်ပင်တစ်ပင်မျှ ထိုးမစမ်းဖူးချေ။ ရက်ကန်းလက်ခတ် တစ်ချက် မခတ်ဘူးကြချေ။ ထင်းတစ်ချောင်း မခွေဖူးကြချေ။ ယုတ်စွအဆုံး ရေအိုး တစ်လုံးကိုမျှလည်း မရွက်ဘူးကြချေ။

စင်စစ် အိမ်မှုကိစ္စများကို မငွေရင်တို့ လုပ်ကိုင်စရာ မလိုအောင်လည်း အခြေအနေကပေးခဲ့၏။ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး မပြတ်ငှားထားသည့် သူရင်းငှား သုံးဦးက အိမ်မှုကိစ္စမှန်သမျှကို အောက်ခြေသိမ်း အလုံးစုံ လုပ်ကိုင်ပေးလျက်ရှိကြ၏။

ခက်သည်မှာသူရင်းငှားသုံးယောက်ထဲတွင် ဖိုးမောင်ဆိုသူကာလသား ချောချောလေးတစ်ယောက်လည်း ပါဝင်နေခြင်းပေတည်း ။ ချဥ်သီးနှင့်ဆား အတူထားမိရကား လယ်ရှင်သမီးနှင့်သူရင်းငှားတို့တို့ ထိကြ၏။ ကြိုးသို့လည်းငြိကြသည်။ ညတစ်ည လသာသာတွင် မောင်ဖိုးမောင်နှင့်မငွေရင်တို့ နွားစာစဥ်း တဲနံဘေး၌ တိတ်တခိုးချိန်းတွေ့နေကြ၏။ ဤသည်ကို မငွေရင်၏ ဖခင် ဦးဘရင် မြင်သွားသည်။

မှို့ဖျာကို လေဝှေ့သည်နှယ် ဦးဘရင်၏ ဒေါသတို့သည် ပျံ့ပဲ





ခုန်ပေါက်ကုန်ကြ၏။ ဦးဘရင်သည် အိမ်ပေါ်မှ ငှက်ကြီးတောင်ဓားကို ဆွဲ၍ တစ်ဟုန်ထိုးဆင်းလာခဲ့၏။

'အမယ်လေး အဖေရဲ့၊ ကိုဖိုးမောင်ကို မလုပ်ပါနဲ့၊ သမီးကို ခုတ်လိုက်ပါ။ သမီးမိုက်သာ သတ်ပစ်လိုက်ပါ'

မငွေရင်က မောင်ဖိုးမောင်၏ ကိုယ်ပေါ်မှ မိမိကိုယ်ကို မိုး၍ ကာကွယ်ပေးခဲ့၏။ မောင်ဖိုးမောင်ကို အန္တရာယ်မပြုရန်လည်း တစာစာ တောင်းပန်သည်၊ မရွှေရင်နှင့် မိခင်ဖြစ်သူတို့ကလည်း ဦးဘရင်ကို အချိန်မီ ဆွဲထားလိုက်နိုင်ကြ၏။ ထို့နောက်တွင်ကား မောင်ဖိုးမောင်ကို သူရင်းငှား အဖြစ်မှထုတ်ပစ်လိုက်ပြီး မငွေရင်ကို တစ်အိမ်သားလုံး ဝိုင်းဝန်း၍ စောင့်ကြပ်နေကြ၏။

သို့သော် မငွေရင်က မောင်ဖိုးမောင်အပေါ်မှာ ထားရှိသော မေတ္တာကား ကုမ္ပဏီတစ်ထောင် စောင့်ကြပ်သည့်တိုင်အောင် လက်လျှော့မည့် မေတ္တာမျိုး မဟုတ်ပေ။ တစ်အိမ်သားလုံး စောင့်ကြပ်နေသည့် အထဲမှ မငွေရင်တစ်ယောက် မောင်ဖိုးမောင်နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပြေးသွားခဲ့၏။ ယင်းသို့ လိုက်ပြေးရာတွင်လည်း မငွေရင်က ယဥ်ကျေးသည်။ မောင်ဖိုးမောင် အပေါ်ပုဒ်ထီး၊ ပုဒ်မတွေနှင့် ရန်မရှာနိုင်အောင် ကိုယ်ပေါ်တွင် ရှိသမျှ လက်ဝတ်လက်စား ရွှေထည်တို့ကို ခေါင်းအုံးအောက်တွင် ထားခဲ့ပြီး ခါးဝတ်ခါးစားမျှဖြင့် လိုက်ပြေးခဲ့၏။

သည်ကတည်းက မငွေရင်အား မိဘဆွေမျိုးတို့က စွန့်ပယ်လိုက်ကြသည်။ သို့သော် မငွေရင်က အပြုံးမပျက်ပေ။ အိမ်ကိုပြန်ကပ်ရန်းနိုးလည်း မကြိုးစားပေ။ မကြိုးစားသည့်အပြင် အရွဲ့ပင်တိုက်လိုက်ချေသေး၏။ တစ်ရက်က မရွှေရင်သည် ညီမငွေရင်တို့တဲကုပ်ကလေးတည်ရှိရာ ကုန်းအနီးမှ ဖြတ်သွားခဲ့၏။ မရွှေရင်

ဖြတ်သွားမှန်းသိကာမှ မငွေရင်သည် ကိုဖိုးမောင်၏ ပါးမြိုင်း မွေးတို့ကို ပြာတစ်ဆုပ်ဖြင့် တယုတယ နုတ်ပေးနေလိုက်၏။

'ထွီ'

မရွှေရင်က တံတွေးတစ်ချက် ခပ်ပြင်းပြင်းလေး ထွေးသွားခဲ့၏။ မငွေရင်ကား မတုန်လှုပ်၊ မရွှေရင်တို့က စိမ်းကားလေ ကိုဖိုးမောင်အပေါ်တိုး၍ ကြင်နာလေပင်။ တစ်ကြိမ်တွင်လည်း ကုန်းအနီးမှ မရွှေရင်နှင့် ဆွေမျိုးအချို့ ဖြတ်သွားကြပြန်သည်။ သည်တစ်ကြိမ်တွင်ကား တဲရှေ့ ဆီးချိုပင်ရိပ်မှ ဝါးကွပ်ပျစ်ကလေးပေါ်တွင် ကိုဖိုးမောင်က အိပ်နေ၏။ ကိုဖိုးမောင်၏ သျှောက်မှ ဆံပင်တို့သည် ကွပ်ပျစ်၏ ခေါင်းရင်း အုံးတားကို ကျော်လျက် ဖားလျားဖြန့်ချထားလျက်သားရှိ၏။ မငွေရင်က ကွပ်ပျစ်ခေါင်းရင်း မြေပြင်ပေါ်တွင် ဆောင့်ကြောင့် ထိုင်ကာ ကိုဖိုးမောင့် ဆံပင်များကို ဘီးစိပ်ဖြင့် ဖြီးပေးလိုက်၊ သန်းရှာပေးလိုက် ပြုမူနေသည်။ ထိုအချိန်မှစ၍ မရွှေရင်နှင့် တကွ ဆွေမျိုးတစ်သိုက်သည် သူတို့ကုန်းဖက်သို့ ခြေဦးမလှည့်တော့။

ဆွေမျိုးများသာမက တစ်လောကလုံးကပင် ပစ်ပယ်ထားကြပါစေ။ ယင်းသို့ ပစ်ပယ်ထားကြခြင်းကို မငွေရင်အဖို့ ကိုဖိုးမောင် မျက်နှာတစ်ချက် ညိုမည်လောက်မျှပင် စိုးရိမ်ခြင်း မရှိပေ။ စင်စစ် ကား မငွေရင်အဖို့ ကိုဖိုးမောင်၏ မျက်နှာသည် တစ်ရွာမက တစ်ကမ္ဘာပင်တည်း။

ကိုဖိုးမောင်ကလည်း မိမိအပေါ် စွန့်စွန့်စားစား ချစ်ခဲ့ရှာသောမငွေရင်အား အလိုလိုက်ရှာပါသည်။ မျက်နှာမငယ်ရအောင် ကြိုးကြိုးစားစား လုပ်ကိုင် ကျွေးမွေးရှာပါသည်။ သူတို့ ဇနီးမောင်နှံ တဲထိုးနေထိုင်ရာ ကိုဖိုးမောင်တို့ ဘက်မှပါသော ကုန်းကလေးထဲ





တွင် ရုံးပတီ၊ ခဝဲ စသော ဟင်းသီးဟင်းရွက်များ မြေလွတ် မကျန်အောင်ပင် စိုက်ပျိုး၍ ဝင်ငွေရှာခဲ့၏။ နှင်းပန်း၊ မေမြို့ပန်း၊ ဒေါနစသည့် ပန်းအမျိုးမျိုးတို့ကိုလည်း ရာသီအလိုက် စိုက်ပျိုး၍ ရောင်းချပေးသေးသည်။ ဟင်းခင်း၊ ပန်းခင်းတို့ကို ကိုဖိုးမောင်သည် ဆယ်ဝင်ပုံး နှစ်ပုံးကိုထမ်း၍ နေ့စဉ် ရေဖျန်းပေးရှာ၏။ အိမ်မှာ နေစဉ်က ရေအိုးတစ်လုံး မရွက်ဖူးသော မငွေရင်သည် ကိုဖိုးမောင် မအားလပ်သည့်အခါ၌ လေးလံသော ရေပုံးနှစ်လုံးကို ကိုယ်တိုင်ထမ်း၍ ရေဝင် ဖျန်းပေးလေ့ ရှိ၏။ ပင်ပန်းသည်ဟု တစ်ခွန်း မညည်းခဲ့ပေ။ ကလေးတစ်ယောက်ရသည်အထိမူ ဟင်းခင်း၊ ပန်းခင်းတို့မှရသော ဝင်ငွေသည် သူတို့လင်မယားအဖို့ လောက်ငှခဲ့၏။ ကလေး နှစ်ယောက် ရင်ခွင်ထဲသို့ ရောက်လာသောအခါတွင် ကား မစားလောက်တော့။ ငတ်တစ်ခါ ပြတ်တစ်လှည့် ဖြစ်လာသည်။

ထိုသို့ ဝမ်းရေးမသာယာသော အချိန်တွင်လည်း မငွေရင်တို့ အိမ်ထောင်ရေးကား မသာမယာ မဖြစ်ခဲ့ပေ။ မငွေရင်သည် တစ်ချက်ကလေးမျှ မညည်းညူခဲ့။ ကိုဖိုးမောင်အား ဆင်းရဲသည်ကို အကြောင်းပြု၍ မာကျောသော စကားတစ်ခွန်းကိုမျှ မဆိုဖူးခဲ့ပေ။

'ကိုဖိုးမောင်ရယ် . . . ဘာမှ မပူပါနဲ့၊ ကျုပ်မြစ်နိုးကိုလိုက်ပြီး မြေပဲနုတ်မယ်၊ ရွာကအဖော်တွေလည်း အများကြီးပါသားပဲ'

မြေပဲဆွတ်မလိုက်မီ မငွေရင်သည် ကိုဖိုးမောင်တစ်ယောက် အဆင်သင့် ချက်ပြုတ်စားရစ်ရန် တစ်လစာခန့် ဆန် ရွေးပေးထားခဲ့၏။ ငရုတ်သီးကြော် ပေးထားခဲ့၏။ ငါးခူငါးပိတစ်အိုး သိပ်ပေးထားခဲ့၏။ ထို့ပြင် ပြောင်းဖူးဖက်ဆေးလိပ်များကို ဒန်အိုးနှင့် တစ်လုံး ပြည့်အောင် မနေမနား လိပ်ပေးထားခဲ့သေးသည်။ အားလုံးပြည့်စုံမှ မြစ်နိုးသို့ မြေပဲဆွတ်ရန် စိတ်ချလက်ချ ထွက်ခွာသွားခဲ့၏။

သို့နှင့် ရင်သွေးသုံးဦး ဖြစ်လာခဲ့ပြန်သည်။ စားမည့် ပါးစပ်တစ်ပေါက် တိုးလာခဲ့ပြန်၏။ ထိုအခါတွင်ကား ကိုဖိုးမောင်က သာခင်းစိုက်ရုံ၊ မငွေရင်က မြေပဲတောလိုက်ရုံနှင့် မစားလောက်ပြန်တော့။ ဝတ်တစ်ခါ ပြတ်တစ်လှည့် ဖြစ်လာပြန်သည်။ သည်တော့ လည်း မငွေရင် စိတ်မပျက်ပေ။ ဈေးတောင်းကို ခေါင်းမှာရွက်လိုက်၏။ မြို့မှ ကုန်ခြောက်များကို ဝယ်ခြမ်းကာ နေ့စဉ်ပင် ရွာတစ်ကာသို့ လှည့်လည်၍ ရောင်းချခဲ့၏။ တစ်နေ့တစ်နေ့တွင် မငွေရင် လျှောက်ရသော ခရီးမိုင်ပေါင်း မနည်းလှ။ တစ်နေ့တစ်နေ့တွင် မငွေရင် ရွက်ရသောတောင်းသည် အလေးချိန်မနည်းလှ။ သို့သော်လည်း မငွေရင်သည် တစ်ချက်ကလေးမျှ မညည်းညူခဲ့။ ကိုဖိုးမောင်အပေါ် ငြူစူသော စကားတခွန်းမျှ မဆိုခဲ့။ မငြူစူ သည့်ပြင် အိမ်အပြန်၌ ကိုဖိုးမောင်ဖို့ရော ကလေးတွေဖို့ပါ မုန့်ကလေးအစ၊ ထန်းလျက်ကလေးအစ ဝယ်ခြမ်းလာလိုက်သေးသည်။ ထိုမုန့်ပဲ သရေစာကလေးများကို ကိုဖိုးမောင်တို့ သားအဖ တစ်တွေ မြိန်ရေရှက်ရေစားနေကြပုံမြင်ကာမျှဖြင့် မငွေရင် ချွေးတိတ်၏။ မငွေရင် အမောပြေ၏။

ကလေးလေးယောက် ဖြစ်လာပြန်သည်။ ဈေးတောင်း ခေါင်းရွက်ကာ ရွာတကာ လျှောက်ရုံမျှဖြင့် ဝမ်းမီးတောက်ကို မငြိမ်းနိုင်ပြန်တော့။ သို့သော်လည်း မငွေရင်မညည်းညူခဲ့။ ယုတ်စွအဆုံး 'အမေ့အိမ်တုန်းက ချမ်းချမ်းသာသာ နေခဲ့ရတာပဲ. . . ရှင်နဲ့ကျမှ ဆင်းရဲရတာ' ဟူသော စကားမျိုးတစ်ခွန်းတလေမျှပင် ကိုဖိုးမောင်အား မပြောရက်ခဲ့။ မငြူစူရက်ခဲ့ပေ။ ငြူစူနေမည့်အစား ဝမ်းရေးပြေလည်အောင် မည်သို့မည်ပုံ ဖြေရှင်းရမည်ကိုသာ ကြံဆသည်။ ခါဖန်ဖန် ကြံတွေးသော်လည်း ရေးရေးမျှ အဖြေမပေါ်နိုင်အောင် ရှိချေပြီ။





ထိုအခါတွင်ကား မငွေရင်တစ်ယောက်ထန်းလျက်ကိုကာဇော်ဖောက်တော့၏။ပြီးတော့ပေါင်းအိုးတည်သည်။ ယင်းအချိန်တွင် တိုက်ကင်းလှည့်လာသော ရဲစခန်းမှူးအဖွဲ့နှင့်တိုးမိကာ ရုံးသို့ ရောက်ခဲ့ခြင်းပေတည်း။

(၃)

ကိုဖိုးမောင်၏ လက်ချောင်းတို့သည်လည်း ပုလဲလက်စွပ်တွေ အကွင်းကွင်းဆင်၍ ဝတ်ထားသည့်နှယ် ယားနာဖုတွေ အစီအရီ ပေါက်လျက် ရှိ၏။

'ယားလိုက်တာကွာ'

ကိုဖိုးမောင်သည် သူ၏ ညာဘက်လက်မှ ယားနာဖုများကို ဘယ်ဘက်လက်ဖြင့်ကုတ်၏။ တစ်ဖန်ဘယ်ဘက်လက်က ယားလာပြန်ရကား ညာဘက်လက်ဖြင့် တဗျစ်ဗျစ်မြည်အောင်ကုတ်ပြန်သည်။ အမှုဆိုင်ရန် အလှည့်မကျသေးသဖြင့် သူတို့ လင်မယားနှစ်ယောက်သည် သာလာယံဇရပ်နှင့်တူသော 'အက်သေရုံ'ကလေးပေါ်တွင်ကျုံ့ကျုံ့ထိုင်နေကြ၏။ ကိုဖိုးမောင်တစ်ယောက်တည်း အမှုဆိုင်မည်ကို စိတ်မချသဖြင့် မငွေရင်ပါ လိုက်လာခဲ့ခြင်းဖြစ်၏။ မငွေရင်၏ ပေါင်ပေါ်တွင် အခါလည်သားခန့် ကလေးငယ်တစ်ဦး ရှိနေသည်။

အချိန်ကား မွန်းတိမ်းခါနီးချေပြီ။

'တော့်ယားနာတွေက ပြည်မှည့်နေတော့ ယားတာပေါ့ ကိုဖိုးမောင်ရဲ့'

မငွေရင်က ခင်ပွန်းသည်အား ကရုဏာမျက်လုံးဖြင့် ကြည့်ရင်း ပြော၏။

'ပြည်ဝတ်တွေကို ကျုပ်ဖောက်ပေးမယ်လေ'

မငွေရင်သည် သူ့ချွေးခံအင်္ကျီမှ တွယ်ချိတ်တစ်ချောင်းကို ဖြုတ်လိုက်၏။ ထို့နောက် ကိုဖိုးမောင်၏ လက်မှ ယားနာဖုတို့ကို တစ်လုံးချင်းဖောက်ကာ ပြည်ညှစ်ပေး၏။

ထိုအခိုက်တွင် ပေါင်ပေါ်မှ ကလေးက ကျည်ကျည်ကျာကျာ ငိုကြွေးပြန်သည်။ မငွေရင်က ကလေးကို နို့တိုက်ရန် ပြင်လိုက်၏။ မငွေ၏ရင်သားမှာ နို့နာပေါက်ထားရကား နို့သီးခေါင်း နှစ်ခုပါ နေသယောင်ထင်ရ၏။ ကလေးသည် နို့ဝိန်ကလေးမှ နို့သီးခေါင်း အစစ်အမှန်ကို ခဲယဉ်းစွာ ရှာဖွေ၍ဟပ်ရင်း အငိုတိတ်သွား၏။ မငွေရင်သည် ကိုဖိုးမောင်၏ ယားနာဖုများကို ဆက်လက် ပြည်ဖောက်ပေးနေ၏။

မငွေရင်တို့ရှေ့တွင် မည်းညစ်ညစ်ပုဆိုးဖြင့် ထုပ်ထားသော အထုပ်ကြီး တစ်ထုပ်ရှိ၏။ မငွေရင်က ပုဆိုးထုပ်ကြီးကို ဖြေလိုက်သည်။ ငှက်ပျောဖက်များခံ၍ ထည့်လာသော ထမင်းခဲ ဖြိုဖြိုကြီး များသည် တိမ်မဲညိုတို့အကြားမှ ငွေစန္ဒာလဝန်းကြီး ပေါ်ထွက်လာ သည့်အလား ပုဆိုးညစ်ထဲမှ ဘွားခနဲ ပေါ်ထွက်လာကြ၏။ မငွေရင် သည် ကပျာကရာ ထမင်းခဲများကို ယက်ဖြင့် ယက်လိုက်ပြီး အထဲ၌ တစ်စုံတစ်ခုကို ရှာဖွေ၏။ ဘဲဥပြုတ်တစ်လုံးကို စမ်းမိမှ ထုတ်ယူ လိုက်ပြီး ကြမ်းပြင်တွင် တဝ္ပပ်ဝွပ်မည်အောင် လှည့်ထု၍ ခွံနွှာသင် နေသည်။

'ထမင်းစားကြစို့လား ကိုဖိုးမောင်'

'မဆာပါဘူးကွာ . . . မင်းဆာရင်သာ စားပါ'

'မဆာပေမဲ့ စားလိုက်ဦးတော့ . . . ရင်ခံနေလိမ့်မယ်'

မငွေရင်သည် အနီးမှ ဒန်ချိုင့်ငယ်ကို ဖွင့်လိုက်၏။ အထဲတွင်





ငရုတ်သီးနိုင်းချင်းနှင့် ငါးပိရည်များပါသည်။ ဒန်ချိုင့်ကို စောင်း၍ ထမင်းခဲများပေါ်သို့ ငါးပိရည်တွေ လောင်းချလိုက်၏။

'စားစမ်းကိုဖိုးမောင်ရယ် . . . မဆာပေမဲ့ စားလိုက်ဦး . . . အမှုက ဘယ်တော့မှ စစ်မယ်မှန်း သိနိုင်တာ မဟုတ်ဖူး . . . အခုပဲ မွန်းတည့်နေပြီ'

ကိုဖိုးမောင်သည် ဇနီးသည် စိတ်မကောင်းမည်ကို စိုးရိမ်သဖြင့် ထမင်းနှင့် ငါးပိရည်နှင့် နယ်ပြီး တစ်ဆုပ်လွေးလိုက်၏။

'ရော့ . . . ဘဲဥလေး တစ်ကိုက် ကိုက်လိုက်ဦး'

ကိုဖိုးမောင်သည် မငွေရင်ပေးသော ဘဲဥကိုပင် မယူ နိုင်သေး ဘဲ ရှုံ့မဲ့သွား၏။

'စပ်လိုက်တာကွာ . . .'

'ရေအိုးစင်ကလည်း ဘယ်နားမှာ ရှိမှန်းမသိဘူးတော့'

'ပါးစပ်က စပ်တာမဟုတ်ဘူးကွ၊ လက်က စပ်တာ။ အနာထဲ ကို ငရုတ်ရည်တွေဝင်တော့ တအားစပ်တာဘဲ'

ကိုဖိုးမောင်သည် ငါးပိရည်များ လူးပေနေသော ညာဘက် လက်ကို တဆတ်ဆတ် ယမ်းခါနေ၏။

'ဟုတ်ပ့ါတော် ဖြစ်မှဖြစ်ရလေ၊ ကျုပ်ကလေ ဇွန်းထည့် မလာ ခဲ့မိဘူး ကိုဖိုးမောင်ရဲ့၊ ကျုပ်အပြစ် ကျုပ်အပြစ်'

မငွေရင်က ခင်ပွန်းသည်နှင့် ထပ်တူ ခံစားရသည့်ပမာ ညည်း သည်။ ထို့နောက် ကြည်လင်ချိုအေးသော ကရုဏာသံကလေးဖြင့် တိုးတိုး မေးလိုက်၏။

'ကျုပ်ခွံ့ပေးရမလားဟင် ကိုဖိုးမောင်'

ကိုဖိုးမောင်က ခေါင်းကို ချာခနဲ ငဲ့စောင်းလိုက်ပြီး ပြုံးဖြီးဖြီးကြီး ပြန်သောသည်။

'ကြံကြီးစည်ရာကွာ၊ မင်းကလည်း ရှက်စရာကြီး'

'နို့ . . . ဘယ့်နှယ်လုပ်မှာတုံးလို့'

'ငါမဆာပါဘူးဆိုနေမှ မင်းပဲစားပါ'

ကိုဖိုးမောင်သည် ထမင်းထုပ်လာသော ပုဆိုးထောင့်စွန်းဖြင့် လက်သုတ်၍ အပြီးသတ်လိုက်၏။ မငွေရင်သည် စိတ်မပါဟန်ဖြင့် တို့ကဆိတ် တို့ကနန်းစားနေသည်။

'ဒါနဲ့ ကိုဖိုးမောင်ရယ်၊ အမှုပြီးရင် ကျုပ်တို့ ပုလင်းတွေ အိုးတွေ ပြန်တောင်းကြည့်ချင်တယ်၊ ရပ့်မလား'

'မရဘူးတဲ့ကွ၊ ငါမေးကြည့်ပြီးပြီ။ ဖျက်သိမ်းပစ်ရမယ်တဲ့'

'ဟုတ်ချင်မှ ဟုတ်မှာပါတော်၊ ဖျက်ဆီးပစ်တယ်ဆိုပြီး သူတို့ သုံးမလို့ နေချင်နေမှာပါ'

'တစ်မှုပေါ် နှစ်မှုပတ်နေပါဦးမယ် ငွေရင်ရယ်၊ စကားတွေ အရမ်းရမ်း မပြောပါနဲ့'

ကိုဖိုးမောင်က စိုးရိမ်တကြီး မငွေရင်ကို ဟန့်တားသည်။ မငွေရင်က ထမင်းဆက်စားနေသည်။

'တရားခံ ကိုဖိုးမောင် . . . တရားခံ ကိုဖိုးမောင်၊ ခင်ဗျာ့ အမှုစစ်မယ်'

ရှေ့ဖတ်စာရေးက အမှုတွဲကို ကိုင်၍ ရုံးရှေ့သို့ ထွက်လာပြီး အော်ခေါ်လိုက်၏။

'လာပါပြီတော် . . . လာပါပြီ၊ ထမင်းစားနေတုန်းမို့ပါ'

မငွေရင်က အလျင်စလို အော်ဖြေလိုက်၏။ ထမင်းများကို ပုဆိုးများဖြင့် သုတ်သီးသုတ်ပျာ ပြန်ထုပ်နေသည်။

ကိုဖိုးမောင်သည် ရုံးထဲသို့ ဝင်သွား၏။

တရားခွင်ရှေ့မှ တရားခံထိုင်သော ကုလားထိုင်၌ ကိုဖိုးမောင်





U WIN KYI

ထိုင်မိသောအခါတွင် ဒူးအနည်းငယ် တုန်လျက်ရှိ၏။

မငွေရင်သည် ကလေးကိုပွေ့လျက် ရုံးခန်းရှေ့သို့ ရောက်လာသည်။ ထို့နောက် အနီးတွင် ရပ်နေသော ဆင့်စာပို့ လုလင် တစ်ဦးအား . . .

'စာရေးကြီးရယ် . . . ကျွန်မယောက်ျားကို ဒီပြောင်းဖူးဖက် ဆေးလိပ်လေး မီးညှိပြီး သွားပေးချင်တယ် ဖြစ်ပ့် . . သား' ဟု မရဲတရဲ မေး၏။

'အမှုစစ်နေတုန်းမှာ ဆေးလိပ်မသောက်ရဘူးဗျ။ အပြင်ထွက်လာမှ ပေးပါ'

မငွေရင်သည် ဘာမျှထပ်မပြောတော့ဘဲ အမှုစစ်သည်ကို နားထောင်နေ၏။

'ကိုဖိုးမောင်၊ ခင်ဗျာ့အိမ်မှာ လိုင်စင်မဲ့ ချက်အရက် ရှစ်ပုလင်းကို တွေ့တဲ့အပြင် ကဇော်နံ့ရတဲ့ စဉ့်အိုးတစ်လုံး၊ အရက်ချက် ပေါင်းချောင်တစ်လုံး၊ အရက်ချက်အောက်ခံ မြေအိုးတစ်လုံးနဲ့ အရက်ခံ ကရွတ်ခွေတစ်ခုတို့ကိုပါ ရှာဖွေတွေ့ရှိခဲ့တဲ့အတွက် ယစ်မျိုးဥပဒေ ပုဒ်မ ၃၀(က) နဲ့ (ဃ) တို့အရ ဘာ့ကြောင့် အပြစ်မပေးထိုက်ကြောင်းကို ထုချေပါ'

ကိုဖိုးမောင်က ငြိမ်နေသည်။

'အပြစ်ရှိကြောင်းဝန်ခံမလား . . . အပြစ်မရှိဘူးလို့ ငြင်းမလား'

တရားသူကြီးက ထပ်မေးသည်။ သည်တော့မှ သဘောပေါက်ဟန်ဖြင့် ကိုဖိုးမောင်အသက်ဝင် လှုပ်ရှားလာ၏။

'ဝန်ခံပါတယ်ဗျာ . . . ဝန်ခံပါတယ်၊ အရက်ချက်မိပါတယ် ဆရာကြီးရယ်၊ အပြစ်လည်းရှိပါတယ်၊ သက်သက်ညှာညှာ အပြစ်

ပေးတော်မူပါ'

'ဝန်ခံရင် ပြစ်ဒဏ်ချမှတ်မယ် နားထောင် . . . ယစ်မျိုး ဥပဒေ ပုဒ်မသုံးဆယ်(က)အရ ဒဏ်ငွေ နှစ်ဆယ့်ငါး ကျပ်တိတိ ပေးဆောင် စေ။ မဆောင်က အလုပ်နှင့် ထောင်ဒဏ် ဆယ်ရက် ကျခံစေ။ ယစ်မျိုးပုဒ်မ သုံးဆယ်(ဃ)အရ ဒဏ်ငွေ ငါးဆယ် ပေးဆောင်စေ၊ အလုပ်နှင့် ထောင်ဒဏ်အရက်နှစ်ဆယ် ကျခံစေ။ဒဏ်ငွေဆောင်မ လား၊ ထောင်ဒဏ်ကျခံမလား'

'ဒဏ်ငွေဆောင်ပါ့မယ်ခင်ဗျာ . . . အပြေမပါလို့ ရက်ခွင့်လေးတော့ ပေးသနားတော်မူပါ'

'ကောင်းပြီ . . . ဒါဖြင့် ပါတဲ့ငွေကို ဘီးလစ်ဆီမှာ ဆောင်သွား၊ ကျန်တဲ့ငွေကို ခံဝန်ချုပ်နဲ့ အရစ်ကျ ဆောင်သွားရမယ်'

'ဟုတ်ကဲ့ . . . ဟုတ်ကဲ့'

ကိုဖိုးမောင်က ရိုသေစွာပြောသည်။ ထို့နောက် ဆင့်စာပို့ လုလင်တစ်ဦးက ကိုဖိုးမောင်အား ဘီးလစ်ခန်းထဲသို့ ခေါ်သွား၏။ မငွေရင်သည်လည်း ကိုဖိုးမောင်နောက်မှ ထက်ကြပ်လိုက်သွား၏။ စားပွဲရှည်ကြီး ရှေ့သို့ရောက်ကြသည်။

'ကဲ . . . ကဲ ဆောင်မယ့် ဒဏ်ငွေပေး'

စားပွဲရှည်ကြီးနောက်မှ လူခပ်ဝဝက ဘီးလစ် ငွေစာရင်း ဖြတ်ပိုင်း စာအုပ်ကို ကိုင်၍ ပြော၏။

'ငွေရင် . . . ထုတ်ဟာ ဒဏ်ငွေဆောင်ရအောင်'

မငွေရင်၏ မျက်နှာသည် ညှိုးငယ်လျက်ရှိ၏။

'ဟောဒီမှာ ငွေခုနစ်ကျပ်'

ကလေးကို လက်တစ်ဖက်မှပွေ့လျက် မငွေရင်သည် ငါးကျပ် တန် တစ်ရွက်နှင့် ကျပ်တန် နှစ်ရွက်တို့ကို စားပွဲရှည်ကြီးပေါ်တွင်





ပုံလိုက်၏။

'ဒါပဲလားဗျ၊ ဆောင်ရမယ့် ဒဏ်ငွေက ခုနှစ်ဆယ့် ငါးကျပ် တောင်ပဲဟာ'

ဘီးလစ် စာရေးကြီးက မေးသည်။

'အဲဒါ အကုန်ပဲ၊ ကျုပ်ဆီမှာတော့ ဟောဒါပဲရှိတော့တယ်၊ သုံးမတ်'

မငွေရင်က ငါးမူးစေ့တစ်စေ့နှင့် မတ်စေ့တစ်စေ့တို့ကို လက် ဝါးပေါ်တွင် ဖြန့်ပြလိုက်၏။ မယုံကြည်မည်စိုးသဖြင့် ချွေးခံအကျီ အိတ်ကို လှံချည်အပြင်သို့ ထုတ်ပြီး အထပ်ထပ်ခါပြနေသည်။

ထို့နောက် မငွေရင်သည် မိမိရင်ထဲ၌ ခံစားနေရသော ဝေဒနာကို ဆက်လက်မျိုသိပ်ခြင်းငှာ မစွမ်းနိုင်တော့သည့်အလား ကိုဖိုးမောင်၏ အကျီရင်ဘတ်ကို ကြမ်းတမ်းစွာ ဆောင့်ဆွဲလိုက်၏။ ကိုဖိုးမောင်၏ မျက်နှာကို အံ့ကြိတ်၍ စေ့စေ့ကြည့်သည်။ ပြီး မာ ကျောခက်ထန်သော အသံဖြင့် မချိတင်ကဲ ပြောလိုက်၏။

'နေစမ်းပါဦး ကိုဖိုးမောင်ရဲ့၊ ရှင်က ဒီတစ်လလောက်ကလေး မှ ထောင်ထဲမှာ သွားမနေနိုင်ဘူးတဲ့လား၊ အရက်သုံးဆယ်လောက် ကလေးမှ ထောင်ကျမခံနိုင်ဘူးတဲ့လားဟင်၊ အခုတော့ ဒီငွေ ခုနှစ် ဆယ့်ငါးကျပ်ကို ဆပ်နိုင်အောင် မိသားစုအားလုံး ဘယ်လောက် ကြာကြာ ဒုက္ခရောက်ကြဦးမယ်ဆိုတာ ရှင်သိရဲ့လား၊ ရှင်သိရဲ့လား။


မိဘဆွေမျိုးအားလုံး အပစ်ပယ်ခံရစဉ်ကပင် ငိုကြွေးခြင်း ဘာသာရပ်ကို မတက်ကျွမ်းခဲ့သော မငွေရင်၏မျက်လုံးတို့သည် မျက်ရည်များဖြင့် စွတ်စိုလျက်ရှိ၏။ ရိုက်ခတ်ပြီးပါလျက် အဖန်ဖန် မြည်ဟည်းလေ့ရှိသော ကြေးစည်သံသဖွယ် မငွေရင်၏ စူးရှသော ဒေါသသံသည်လည်း ရုံးတော်အတွင်း၌ ပဲ့တင်မြည်ဟည်းလျက် ရှိ

မငွေရင်ကို အပြစ်မတင်ကြပါနဲ့

နေလေသည်။

[ ငွေတာရီ ဇူလိုင်၊ ၁၉၇၃ ]





# ရွှေရုပ်လွှာ

## (၁)

'ဒါကတော့ တို့လူသားတွေ နေထိုင်ကြတဲ့ မြေကမ္ဘာဆိုတာပေါ့၊ မင်းက တခြားစကြဝဠာတစ်ခုက လာခဲ့တာဆိုတော့၊ ခုရောက်နေတဲ့ ကမ္ဘာဂြိုဟ် အကြောင်းကို သိချင်မှသိမယ်၊ အေးလေ. . . တကယ်ဆိုတော့ အခု ငါသုံးစွဲပြောဆိုနေတဲ့ ဒီကမ္ဘာက ဘာသာစကားကိုတောင် မင်းတတ်ကျွမ်းနားလည်မယ် မဟုတ်သေးပါဘူး'

နားထောင်သူသည် ပြောသူ၏ မျက်လုံးများ အတွင်းသို့ နက်ရှိုင်းစွာ စူးစိုက်ကြည့်နေ၏။ နားထောင်သူ၏ ခေါင်း၌ ဦးထုပ်တစ်လုံးကို စွပ်ထား၏။ ထိုဦးထုပ်မှာလည်း ဆန်းကြယ်ရှုပ်ထွေးလှ

သည်။ ကြောင်နားရွက်ကဲ့သို့ ချွန်ချွန်ထောင်ထောင်အရာနှစ်ခုလည်းပါ၏။ ဦးထုပ်၏ အလယ်၌ မျက်လုံးသဏ္ဍာန် အနက်ဝန်း နှစ်ခု တပ်ဆင်ထားသည်။ ဦးထုပ်အောက်ပိုင်း၌ကား လိပ်ပြာဦးမှင်ယောင်ယောင်၊ နှုတ်ခမ်းမွေးယောင်ယောင် အမျှင်ရှည်ရှည်များ ဖွာရရာထွက်လျက် ရှိကြ၏။ 'မစ်လ်ကီးဝေးလို့ ခေါ်တဲ့ နဂါးငွေ့တန်းကြီးထဲမှာ ကြယ်တွေ ပြွတ်သိပ်နေအောင် များပြားလှတယ်။ နေမင်းကြီးဟာ အဲဒီကြယ်တွေထဲက အညတြကြယ်လေးတစ်ပွင့်ပေါ့။ နေမင်းကြီးကို ဗဟိုပြုပြီး လှည့်ပတ်နေကြတဲ့ ဂြိုဟ်တွေလည်း ရှိကြတယ်။ ဒို့ရဲ့ မြေကမ္ဘာဆိုတာလည်း အဲသလို နေမင်းကြီးကို လှည့်ပတ်နေတဲ့ ဂြိုဟ်တွေထဲမှာ အပါအဝင်ဖြစ်တဲ့ ဂြိုဟ်တစ်လုံးပဲပေါ့။ သူ့မှာ အရန် ဂြိုဟ်ဖြစ်တဲ့ ကိုယ်ပိုင်လ တစ်စင်းလည်း ရှိတယ်'

ဤနေရာသို့ ရောက်သောအခါ၌ နားထောင်သူသည် ပြောသူအား စူးစိုက်ကြည့်နေရာမှ သည်းမခံနိုင်တော့သည့်အလား ကျယ်လောင်စွာ အော်ဟစ် ငိုကြွေးလိုက်၏။ ငိုသံကို လွှမ်းအုပ်လျက် အခြားသော နေရာမှ ရယ်သံကြီးတစ်ခုကလည်း ရုတ်ခြည်းထွက်ပေါ်လာခဲ့သည်။

'ဟား ဟား ဟား ဟား ဟား ဟား၊ ဟောဒီမှာဟေ့ မမနွဲ့ကြီးရယ်၊ သူ့တူတော်မောင်ကို ဘာတွေမိန့်ခွန်း ခြွေနေတယ် မသိဘူး၊ မြေကမ္ဘာတွေရော၊ စကြဝဠာတွေရော၊ မစ်လ်ကီးဝေးတွေရော ရှုပ်ရှက်ခတ်သွားတာတဲ့၊ ရှင်ပွေ့ထားတဲ့ ခြောက်လသား ပုတူတူးလေးက ဒီစကြဝဠာ သဘောတရားတွေကို နားလည်မတဲ့လား မမနွဲ့ ရဲ့၊ ဒီတော့ ငိုတာပေါ့လို့၊ နောကွယ် နော် . . . သားသားလေးရယ်၊ ပေး ပေး လဲ့ကိုပေး'





လဲ့လဲ့သည် ရယ်မောရင်း ဒေါ်နွဲ့နွဲ့၏ ရင်ခွင်ထဲမှကလေးငယ် ကိုယူ၍ ပွေ့ချီလိုက်၏။ ကလေး၏ခေါင်းမှကြောင်ခေါင်း ဦးထုပ်လေးသည် လက်ချင်းအကူးတွင် မြေပြင်ပေါ်သို့ ပြုတ်ကျသွား၏။ ဒေါ်နွဲ့နွဲ့၏ အခြားသော စကြဝဠာမှ ဂြိုဟ်သားငယ်သည် လဲ့လဲ့ ရင်ခွင်ထဲ၌လည်း ဆက်လက်ငိုကြွေးမြဲပင် ငိုကြွေးလျက်ရှိလေသည်။

'မိသွဲ့ရေ . . . နင့်သားကို ငါမချော့တတ်တော့ဘူး၊ လာခေါ်လှည့်ဦး'

အိမ်ထဲမှ သွဲ့သွဲ့ထွက်လာပြီး ကလေးကိုယူ၍ နို့ချိုတိုက်ကျွေးမှပင် အငိုတိတ်သွားတော့၏။ ရေချိုးခန်းထဲ၌ အကလေ့ကျင့်နေစဉ် လူမိခံလိုက်ရသူပမာ ဒေါ်နွဲ့နွဲ့သည် မိမိက တူတော်မောင်အား ကျီ စယ်ပြောဆိုနေသော စကားများကို ညီမ လဲ့လဲ့ ကြားသွားခြင်း အတွက် ရှက်အားပိုကာ မျက်နှာမထားတတ်အောင် ရှိနေရှာ၏။

'ဒီမှာ မိသွဲ့ရဲ့၊ နင့်သားဘာလို့ ငိုတာလဲ သိလား၊ မမနွဲ့ကြီးက စကြဝဠာတွေ၊ ဂြိုဟ်တွေနဲ့ ခြောက်နေလို့တဲ့၊ ဟား ဟား ဟား မမနွဲ့ကတော့ကွယ် သဲကိုသဲတယ်'

'တော်စမ်းပါဟယ်၊ နင်လဲ သဲတာပါပဲ'

ဒေါ်နွဲ့နွဲ့က မျက်နှာမထားတတ် ဖြစ်နေရာမှ လဲ့လဲ့ကို ပြောလိုက်သည်။

'အံမယ် . . . ကျွန်မတို့ မသဲရပေါင်တော်'

'ဘာမသည်းရမှာလဲ၊ သားသားလေး မွေးခါစတုန်းကလေ လူဟောင်းထဲက ဝင်စားတာနဲ့ တူပါတယ်ကွယ်၊ သေသေချာချာ စောင့်ရှောက်ကြပါဟဲ့လို့ မိသွဲ့တို့ လင်မယားကို ပြောခဲ့တာလေ၊ ဘာမှ မပြောတတ်သေးတဲ့ ကလေးကို လူဝင်စားထင်တာဟာ သည်းတာမဟုတ်လို့ ဘယ်လို ခေါ်ရမတုံး'

'ဩော် . . . ဒါတော့ သားသားလေးရဲ့ ရုပ်ရည်နဲ့ အမူအရာကို ကြည့်ရင်း ကျွန်မစိတ်ထဲက စွဲလမ်းမိလို့ ပြောတာပါ မမနွဲ့ရဲ့ . . . အဟက်'

ဒေါ်နွဲ့နွဲ့ကို ချေပပြောဆိုရင်း လဲ့လဲ့က စိတ်မလုံသလို တစ်ချက် ရယ်လိုက်သည်။

'ဟုတ်ပါတယ်၊ အမှန်တော့ မမနွဲ့ရော မမလဲ့ရော ဟောဒီ သားသားလေးအပေါ်မှာ သည်းကြတာချည်းပဲ၊ ကျွန်မတစ်ယောက်တည်း မိခင်အရင်း ဖြစ်ရဲ့နဲ့ ဣန္ဒြေရတယ်'

'အလို့ . . . ဘုရားရေ'

ကလေးနို့တိုက်နေရာမှ ပြောလိုက်သော သွဲ့သွဲ့၏စကားကြောင့် ဒေါ်နွဲ့နွဲ့ရော လဲ့လဲ့ပါ တစ်ဦးကို တစ်ဦးမျက်လုံးပြူးကြည့်မိလျက်သား ဖြစ်သွားကြ၏။ နှစ်ဦးစလုံး၏ နှုတ်ဖျားမှ အာမေဋိတ်စကားများလည်း တစ်ပြိုင်နက် ထွက်ပေါ်လာကြသည်။

'ဘိန်းစားချင်း အတူတူ တစ်လုံးပိုမရှုချင် စမ်းပါနဲ့ မိသွဲ့ရယ်၊ တို့ သားသားလေးကို မြင်ရပြီးမှ သည်းကြတာ၊ နင်ကတော့ သားသားလေး မမွေးခင်ကတည်းက သည်းတယ်'

ကျွန်မသားလေးဟာ ကြီးလာရင် နိုင်ငံခေါင်းဆောင်ကြီးဖြစ်မယ်၊ တခြားခေါင်းဆောင်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိတွေမှာ ကြည့်ရင် သူတို့ငယ်စဉ်ဘဝကဓာတ်ပုံတွေပဲရှိတယ်။ ကျွန်မသားခေါင်းဆောင်ကြီးရဲ့ အတ္ထုပ္ပတ္တိရေးရင်တော့ ခေါင်းဆောင်ကြီး ပဋိသန္ဓေနေစဉ်ကပုံဆိုတာပါ ထည့်နိုင်အောင် ဆိုပြီး မလှမပ ကိုယ်ဝန်ဆောင်ကြီးနဲ့ ဓာတ်ပုံသွားရိုက်ခဲ့တာလေ'

'အို . . . ဒါတော့ သည်းတာမှ မဟုတ်ပဲ၊ ကျွန်မရွှေကူမေနှင်းရေးတဲ့ ဝတ္ထုတစ်ပုဒ်ထဲမှာ ဖတ်ဖူးထားလို့ တကယ့်ရည်ရွယ်ချက်နဲ့





သွားရိုက်တာ၊ ပဋိသန္ဓေနေရခြင်း ဆင်းရဲကို သားကြီးလာရင် မျက်ဝါး ထင်ထင်သဘောပေါက်စေချင်တဲ့ ရည်ရွယ်ချက်လည်း ပါတယ်လေ၊ သည်းတာမဟုတ်ပါဘူး မမနွဲ့ရဲ့၊ တကယ့် ရည်ရွယ်ချက်နဲ့ အဓိပ္ပာယ် ရှိရှိ လုပ်တာပါ'

သွဲ့သွဲ့က တကယ့် အဘိဓမ္မာရှင်မကြီး ဟန်ပန်ဖြင့် ပြောသည်။ 'ဟုတ်တယ် မမနွဲ့ရယ်၊ မိသွဲ့ အဲသလိုလုပ်တာကို သည်းတာလို့မခေါ်ဘူး၊ အရူးထတာလို့ ခေါ်တယ်၊ သိလား . . . အရူးထတာ'

လဲ့လဲ့၏ စကားအဆုံး၌ ညီမသုံးဦးစလုံး ရယ်မောလိုက်ကြပြန်သည်။

'ဩော် . . . မိသွဲ့၊ ဓာတ်ပုံရိုက်တာပြောမှ သတိရတယ်။ လာမယ့် ဇွန်လ (၂၁)ရက်နေ့ဆိုရင် သားသားလေး ခြောက်လပြည့်မယ့်နေ့ပဲ၊ သားသားကို ဓာတ်ပုံသွားရိုက်ရအောင်လေ'

'ကောင်းသားပဲ မမနွဲ့ရဲ့'

'အင်း . . . ကောင်းတယ် ကောင်းတယ်။ သားသားရေ . . . ဒီမှာ မေမေလဲ့ကို ကြည့်စမ်း၊ ဓာတ်ပုံ ရိုက်ပေးမယ်။ ရယ်ဒီ . . . ပြုံးပြုံးလေးနေနော်၊ ရိုက်မယ် ချောက်'

'ဟော . . . မမလဲ့ သည်းပြန်ပြီ'

လက်သီးဆုပ်ကို ကင်မရာသဖွယ် ချိန်ရွယ်လျက်သားသားအား ဓာတ်ပုံရိုက်ဟန်ပြနေသော လဲ့လဲ့အား သွဲ့သွဲ့က ပြောင်လိုက်၏။

အိမ်ဘေး မန်ကျည်းပင်ရိပ်၌ ပက်လက်ကုလားထိုင် တစ်လုံးနှင့်စာဖတ်နေသော ကိုဘသင်းကမူ ဆေးတံကို မီးညှိလိုက်ရင်း မရီးဖြစ်သူ အပျိုကြီးနှစ်ဦးနှင့် ဇနီးသည် သွဲ့သွဲ့တို့ လူသိုက်အား တစ်ချက်လှမ်းကြည့်လိုက်ကာ ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေလေသည်။

(၂)

'သားသားလေးဟာလေ. . . ဟောဒီဗိုက်ကြီးကိုက မွေးလိုက်တာ'

အနီးပေါ်တွင် ပက်လက်ကလေးနှင့် ယက်ကန်ယက်ကန် လုပ်နေသော သားသား၏ ဝမ်းဗိုက်ကို နမ်းရှုပ်လိုက်ရင်း ဒေါ်နွဲ့နွဲ့၏ ဥဒါန်းကျူးရင့်လိုက်သံ ဖြစ်၏။ လှဲ့လှဲ့က သား၏ လက်ကလေး တစ်ဖက်ကို ဆုပ်ကိုင်နေသည်။ သွဲ့သွဲ့ကမူ သား၏ ခြေဖဝါးလေး များကို မိမိနဖူးဖြင့် ပွတ်ခွေ့နေလေသည်။

သည်သုံးဦးတို့၏ သားသားအပေါ် အချစ်သည်းကြပုံတို့မှာ ကိုဘသင်းအဖို့ အဆန်းမဟုတ်တော့ပေ။

သားသားမွေးပြီးစကပင် သည်သုံးဦး၏ ရောဂါသည် စိုးရိမ် မှတ်သို့ ရောက်လုနီးပါး ပြင်းထန်လျက်ရှိကြောင်း သတိထားခဲ့မိပြီ ဖြစ်။

'သားသားကို ပေးဖို့နာမည် ငါရွေးပြီးပြီဟေ့'

သားသားမွေးပြီး ၇-ရက်မပြည့်မီကပင် မြို့နယ်စာတိုက်မှူးဖြစ် သော ဒေါ်နွဲ့နွဲ့က ကြွေးကြော်သည်။ သည်တွင် အလယ်တန်းပြ ဆရာမတစ်ဦးဖြစ်သော လှဲ့လှဲ့ကလည်း အားကျမခံ ပြန်ပြော၏။

'ကျွန်မလည်း ရွေးထားပြီးပြီ မမနွဲ့ရဲ့။ ကဲလေ. . . မမနွဲ့ ရွေးထားတဲ့ နာမည်ကို အရင်ပြောဦး'

'သားသားက ကြာသပတေးသား မဟုတ်လားကွဲ့၊ ဒီတော့ နေ့သင့် နံသင့်လည်း ဖြစ်ရမယ်၊ ပြီးတော့ ခေါင်းဆောင်ကြီးတွေဖြစ် တဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့၊ ကိုဗဟိန်းတို့၊ ဗိုလ်ချုပ် အောင်ဆန်းတို့ နာမည်တွေလည်း ပါရမယ်။ အဲသလို နာမည်မျိုး





ဖြစ်အောင်ကို ခက်ခက်ခဲခဲ ရွေးထားတာ'

'ဆိုစမ်းပါဦး . . . မမနွဲ့ရဲ့'

'မှိုင်း . . . ဟိန်း . . . အောင်'

'ဟင်. . . နာမည်ကြီးကလည်း ထောင့်ထောင့်ကြီး၊ မှိုင်းဟိန်း အောင် ရယ်လို့ပဲ ဟင်း . . . ဟင်း'

ဒေါ်နွဲ့နွဲ့ ရွေးချယ်ထားသော အမည်ကို လှဲ့လှဲ့ရော သွဲ့သွဲ့က ပါ ရယ်မောရင်း ပယ်ဖျက်လိုက်ကြသည်။

'ကျွန်မရွေးထားတဲ့ နာမည်ကမှ ယဉ်တာမမနွဲ့ရဲ့။ ကျွန်မလေး စားတဲ့ ဆရာဇော်ဂျီတို့ ဆရာမင်းသုဝဏ်တို့ရဲ့ နာမည် တွေလည်း ပါရမယ်။ ကလေးအဖေ မောင်ဘသင်း နာမည်လည်း ပါရမယ်။ မင်းဇော်သင်းလို့ မှည့်ချင်တယ်၊ မကောင်းဘူလား'

စာပေဝါသနာပါသော လှဲ့လှဲ့က သူရွေးထားသော အမည်ကို တင်ပြ ပြန်သည်။

ဤသို့လျှင် ညီအမသုံးဖော်တို့သည် နေ့ရှိသမျှ သားသားအ တွက်သာ တစ်မျိုးမျိုးပြီး တစ်မျိုး စိတ်ကူးဉာဏ်ထုတ်လျက် နေကြ လေသည်။ ဖွံ့ဖြိုးဆဲ အရွယ်ဖြစ်သဖြင့် အဝတ်အစား အဖိုးတန်များ ကို ချုပ်မပေးရန် ကိုဘသင်းက တားမြစ်သော်လည်း နားမထောင် ကြ။ တက်ထရွန်၊ ဖော့၊ လှိုင်းကြီးစသော အစများဖြင့် သားအတွက် အင်္ကျီတွေ တစ်မျိုးပြီးတစ်မျိုး ချုပ်ပေးကြ၏။ တက်ထရက် ဘောင်း ဘီတွေလည်း အများအပြား ချုပ်ပေးလိုက်သေး၏။ သားအတွက် ဗေဒင်မေးကြ၊ ယတြာချေကြနှင့် အဆာကျယ်ချင်တိုင်း ကျယ်နေကြ သည်။

ယင်းသို့ သည်ညီအစ်မတစ်တွေ အဆာကျယ်တတ်ကြောင်း ကိုတော့ သွဲ့နှင့်လက်မထပ်မီကပင် မြို့ခံမိတ်ဆွေများ ပြောပြထား

ချက်အရ ကိုဘသင်း သိနေခဲ့ပါသည်။

သမဝါယမ အလုပ်သင်အရာရှိကလေး ဘဝနှင့် ကိုဘသင်း ဤမြို့သို့ ရောက်လာခဲ့ပြီးနောက် သမဝါယမဌာနမှ အထက်တန်းစာရေးမကလေးသွဲ့နှင့် ချစ်ကြိုးသွယ်နှောင်မိကြ၍ လက်ထပ်မည်ပြုစဉ်တွင်ပင် အချို့မိတ်ဆွေများက ဟန့်တားခဲ့ကြ၏။

'ဟယ် . . . မောင်ဘသင်း စဉ်းစားဦးလော့။ ဤမိသားစုအတွင်းသို့ အသင်သားတစ်ဦးအဖြစ် သင်ဝင်ရောက်သွားပါက အဘိုးကြီးမမနှစ်ဦး၏ နှုတ်လျှာထမ်းပိုးအောက်ဝယ် သင်ပခုံးပေါက်အောင် ရုန်းကချိမ့်မည်။ ခေါင်း မထောင်နိုင်အောင်ရှိလတ္တံ့' ဟူ၍ သတိပေးခဲ့ကြ၏။

သို့ရာတွင် ကိုဘသင်းကမူ သွဲ့၏ မေတ္တာကို အားကိုးလျက် ဤမိသားစုအတွင်းသို့ ရဲရင့်စွာပင် တိုးဝင်ခဲ့၏။ တကယ်ဆိုတော့လည်း ဒေါ်နွဲ့နွဲ့တို့ လှဲ့လှဲ့တို့သည် မြို့ခံမိတ်ဆွေများ စိုးရိမ်သလောက် မဆိုးရှာကြပါ။ တစ်ခုတော့ ပြောစရာရှိပါ၏။ ကိုယ်ကလည်း သူတို့အထာကို သိဖို့တော့လိုသည်။ တစ်ကြိမ်က ဒေါ်နွဲ့နွဲ့သည် ကိုဘသင်းထံသို့ လာရောက်လေ့ရှိသော ကျေးရွာမှ ဧည့်သည်များကို ညစ်ညစ်ပတ်ပတ်နဲ့ တောက ဧည့်သည်တွေ အိမ်ကို လာလာနေတာ မမနွဲ့ဖြင့် မကြိုက်ပေါင်ကွယ်' ဟူ၍ ဝေဖန်စွက်ဖက်ဖူး၏။

ထိုအခါမျိုးတွင် ကိုဘသင်းက 'ကျုပ်ဧည့်သည်ပဲဗျ။ ကျုပ်ဆီလာမှာပေါ့။ သူတို့ ညစ်ပတ်လာလည်း ခင်ဗျားနဲ့ အနေသာကြီးပါ၊ တကတည်း ကျုပ်တို့အိမ်မလာခင် ရေချိုးချေးတွန်းပြီးမှ လာကြပါဗျို့ လို့ မောင်းခတ်ထားရမလို ဖြစ်နေပြီ' ဟု မြန်ပြီး ဘုမတောမိအောင် ချုပ်တည်းရ၏။





'ကျွန်တော် ကျေးရွာတွေ ဆင်းတဲ့အခါကျတော့လည်း သူတို့ကပဲ စောင့်ရှောက်ကြတာ မမနွဲ့ရဲ့၊ အပြင်ပန်းကမြင်သာ ညစ်ပတ်တာ၊ အတွင်းသဘောကတော့ အင်မတန် ဖြူစင်သန့်ရှင်းတဲ့လူတွေအေးလေ. . . ဆုံးသွားပြီဖြစ်တဲ့ မမနွဲ့တို့ ဖေဖေကလည်း မြေတာရင်း အင်စပက်တော် လုပ်ခဲ့တာဆိုတော့ တောနေလူထုရဲ့ သဘောဖြူပုံ တွေကို မမနွဲ့က ကျွန်တော့်ထက်တောင် နားလည်ပြီးသားဖြစ်မှာပါ' ဟူ၍ စည်းရုံးပြောဆိုတတ်ဖို့ ကြိုးစားရ၏။ သည်တော့လည်း ကိုဘသင်း၏ ကျေးလက်မိတ်ဆွေများကို မမနွဲ့က ထမင်းပွဲယပ်ခတ် ကျွေးနေရင်း -

'ကျွန်မတို့မောင်လေး . . . ရွာကို လာတဲ့အခါ အန္တရာယ်မတွေ့အောင် စောင့်ရှောက်ကြပါရှင်၊ ဦးကြီးတို့ကို အပ်ပါတယ်' ဟု ပြောဆိုသည်အထိ ဖော်ရွေချိုသာလာခဲ့ပေသည်။ စာဖတ်ဝါသနာပါသော၊ ဆရာမ ဉာဉ်လည်းရှိသော လှဲ့လှဲ့၏ အထာကို သိရ၏။

' မင်းဆံပင်ကြီးက ရှည်လိုက်တာ မောင်ဘသင်းရယ် . . . ကတုံးဆံတောက် ညှပ်ပါလားကွဲ့၊ နိုင်ငံရေး နိုင်ငံရေး လောကထဲကို ဝင်မယ်လို့ ဆုံးဖြတ်ပြီးတာနဲ့ တစ်ပြိုင်နက် ထမင်းကိုလည်း ဆားနဲ့တင်စားနိုင်အောင် ကျင့်သတဲ့၊ ဆံပင်ကိုလည်း ကတုံးဆံတောက်ပဲညှပ်တော့သတဲ့၊ မင်းဆံပင်ကြီးကိုလည်း ဖြတ်ပစ်လိုက်ပါကွယ်' ဟူ၍ ဩဝါဒစကား မြွက်ကြားလာခြင်းမျိုးကို သည်းခံရ၏။ ထိုအခါ မျိုးတွင် . . .

'ဆရာကြီး သခင်ကိုယ်တော်မှိုင်းလဲ နိုင်ငံရေးခေါင်းဆောင်ကြီးပဲဗျ၊ ကျုပ်ထက်တောင် ဆံပင်ရှည်ပါသေးတယ်၊ သျှောင်ထုံးကြီးနဲ့ပါ' ဟူ၍ မြန်မပက်မိအောင်လည်း ချုပ်တည်းရ၏။ ပြီးမှ . . .

သူ့ရဲ့သန္နိဋ္ဌာန်စိတ်ကို ပြောခဲ့တာနဲ့ တူပါတယ် မမလှဲ့ရဲ့၊ ဆံပင်အတိုအရှည်ကို အဓိကထားပြီးပြောတာ ဟုတ်ဟန်မတူပါဘူး၊ အေးဗျာ . . . ကရိကထ ဒုက္ခများ လာတဲ့နေ့ကျရင်တော့ မမလှဲ့ပြောသလို ကျွန်တော်လည်း ကတုံးဆံတောက်ပဲ ညှပ်ပစ်လိုက်တာအေးပါတယ်။ ဖြည်းဖြည်းပေါ့ မမလှဲ့ရာ' ဟု ဖျောင်းဖျပြောဆိုတတ်ရသည်။

သည်တော့လည်း မြို့ခံမိတ်ဆွေများ စိုးရိမ်ခဲ့သော၊ ကိုဘသင်းတိုယ်တိုင် ကြောင့်ကြခဲ့သော အပျိုကြီးမမ နှစ်ဦး၏ ပြဿနာသည် အလိုလိုပင် ပြေလည်သွားခဲ့၏။ ယခုကား သည်အိမ်ဂေဟာ၊ သည်နေရာမှ သည်မရီး သည်မယားနှင့် သည်သားတို့အပေါ်တွင် ကိုဘသင်း ချစ်ခင်တွယ်တာ လျက်ရှိနေချေပြီ။

'ကဲဗျာ . . . ဖအေလုပ်တဲ့ လူလည်း တစ်လှည့်လောက် ချီစမ်းပါရစေဦး၊ လာစမ်းပါဦးကွဲ့ သားသားကြီးရဲ့ . . . ဖေဖေ့ဆီကို၊ သားသားနာမည်က ဘယ်သူတဲ့၊ အဲ . . . အဲ . . . မှိုင်း . . . ဟိန်း . . . အောင်'

သားသားနာမည်အား ကိုဘသင်းက အာလုပ်သံကြီးဖြင့် တမင်လုပ်၍ ခေါ်လိုက်သည်ကို လှဲ့လှဲ့နှင့် သွဲ့သွဲ့တို့ သဘောကျပြီး ရယ်မောကြ၏။

ခေါ်နွဲ့နွဲ့ကမူ နှုတ်ခမ်းစူလျက် ရှိလေသည်။

(၃)

'အလို . . . ဒါကဘယ်လို မဟာဗျူဟာ . . . နည်းဗျူဟာတွေနဲ့ ဘယ်လို စီမံကိန်းကြီးများ အကောင်အထည်ဖော်နေကြပြန်တာလဲဗျို့' ရုံးမှအပြန် အိမ်ထဲသို့ လှမ်းဝင်သည်ဆိုလျှင်ပင် ကိုဘသင်း





က ဤသို့ မေးမြန်း မိတော့သည်။

မေးမည်ဆိုကလည်း မေးစရာပင်။

ကြမ်းပြင်တစ်ခုလုံး၌ သားသား အဝတ်အစားများသည် ဗရုန်းဗြန့်ကျဲစိုးမိုးလျက်ရှိ၏။ ထို့ပြင် စားပွဲပေါ်၌ တစ်ထွာခန့်အရွယ် သေတ္တာငယ်တစ်လုံးက ဖွင့်လျက်သား ရှိ၏။ သူတို့ မိသားစု၏ ရှိစုမဲ့စု ရွှေထည် လက်ဝတ်ရတနာများသည်လည်း စားပွဲပေါ်တွင် တချို့ ဖရိုဖရဲ တုံးလုံးပက်လက်ဖြစ်နေ၏။

'သားသားကို ဓာတ်ပုံသွားရိုက်ကြမလို့ ကိုရေ'

ကိုဘသင်း၏ မေးခွန်းက ရှည်လျားသလောက် သွဲ့သွဲ့က တိုတိုသာ ဖြေလိုက်ပြီး ညီအစ်မသုံးယောက်စလုံး ပျားပန်းခတ်မျှ အလုပ်များ နေကြပြန်သည်။

'မိသွဲ့ကလည်းကွယ် . . . သားသည် မအေသာဖြစ်တယ်၊ ကလေးကို သနပ်ခါးလိမ်းပေးတာများ အချိုးမကျဘူး'

ကြီးလေးနက်နဲသော လုပ်ငန်းကြီးတစ်ရပ်ကို လက်မလည်အောင် ဆောင်ရွက်နေကြသော ညီအစ်မသုံးဦးတို့အား ကိုဘသင်းသည် တစ်စုံတစ်ရာ ထပ်မံပြောဆိုခြင်း မပြုတော့ပဲ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်၍ ဘေးမှသာ ကြည့်နေလိုက်တော့၏။ ခေါ်နွဲ့နွဲ့က သားသား၏ မျက်နှာပေါ်တွင် ပါးကွက်များကွက်ပေးနေသည်။

'ဒီလိုတော့လည်း သားသားက ဖိုးဝရုပ်နဲ့ တူသလိုလို'ဟု ကိုဘသင်းက စိတ်ထဲမှ မှတ်ချက်ချမိ၏။

'နှာယောင်လေးလည်း တားပေးအုံးမှ မမနွဲ့ရဲ့၊ ဒါမှ နှာတံပေါ်မယ်'

လှဲ့လှဲ့က ပြောပြောဆိုဆို သနပ်ခါး အနည်းငယ်ကို ကော်ယူ

လိုက်ပြီး ကလေးကို နှာယောင်တားပေး၏။

'အင်း . . . ဒီလိုဆိုတော့လည်း သားက ပုဏ္ဏားလေးနဲ့ တူပြန်တယ်'

ကိုဘသင်းက စိတ်ထဲတွင် တွေးမိပြန်၏။

'ညည်း ဒီအင်္ကျီကြီးသာ ကလေးကို ဝတ်ပေးရင်တော့ ငါ မလိုက်ဘူး မိရွှေလှ၊ ညည်းတို့ချည်းသာ ကြွတော်မူကြပေတော့၊ သွားရမယ့် လမ်းမှာက ဝန်ထောက်ကတော် အဝင်းတို့အိမ်ရှေ့က လည်း ဖြတ်ရဦးမယ်၊ အဝင်းက သူ့ ကလေးဆိုရင် ကြော့နေအောင် ဆင်ထားတာ၊ ကိုယ့်ကလေး အဝတ်အစားက ညံ့နေရင် ရှက်စရာ ကြီး၊ ပြီးတော့ တို့ရုံးက စာရေးမကာင်တင်တို့က လှမ်းခေါ်ရင်လည်း သူတို့အိမ်ဝင်ထိုင်ရဦးမှာ၊ ကိုယ့်လက်အောက်က အမှုထမ်းရဲ့ သား သမီးလောက်မှ ကိုယ့်ကလေးက အကြေးမပြောင်ရင် တို့တော့ မျက်နှာကို မထားတတ်ဘူး'

လှဲ့လှဲ့ရွေးချယ်ထားသော သား၏ အင်္ကျီကို မကျေနပ်သဖြင့် ဒေါ်နွဲ့နွဲ့က တတွတ်တွတ် ပြောဆိုနေ၏။

'ကောင်းမလားလို့ ရွေးထားတာပါ မမနွဲ့ရဲ့၊ ဒီလိုဆိုရင်လည်း မမနွဲ့ကြိုက်တဲ့ အင်္ကျီပဲ ရွေးဝတ်ပေးပါ'

ထို့နောက် ကြမ်းပြင်ပေါ်မှ အဝတ်များကို တစ်ထည်ပြီးတစ် ထည် ကောက်ယူ၍ သားကိုယ်တွင် ကပ်ကြည့်နေကြ၏။ ဟိုအင်္ကျီ ကောင်းနိုး၊ သည်အင်္ကျီကောင်းနိုး၊ ချီတုံချတုံဖြစ်နေကြ၏။ နောက် ဆုံးတွင်မှ ခရစ်လှိုင်းကြီး အဖြူနှင့်ဖော့ခရစ်နံ့သာရောင်တို့ကို စပ်ကြားချုပ်ထားသော အင်္ကျီကို ဝတ်ဆင်ပေးရန် သုံးဦး ကော်မတီ က အတည်ပြုလိုက်ကြ၏။ ဘောင်းဘီကိုမူကား တက်ထရက် ဘောင်းဘီ အပြာရောင်ကလေးကို ဝတ်ဆင်ပေးရန် ကန့်ကွက် သူမ





ရှိဘဲ တစ်ကြိမ်တည်းနှင့် အောင်မြင်စွာ ရွေးချယ်ပေးနိုင်ခဲ့ကြ၏။ နိုင်လွန်ခြေအိတ်အနီကလေးကိုလည်း သား၏ ခြေအစုံတွင် စွပ်ပေး ကြသည်။ ဦးထုပ်ရွေးချယ်ရာတွင်လည်း ပြဿနာပေါ်သည်။ ဒေါ်နွဲ့နွဲ့က ကြောင်ခေါင်း ဦးထုပ်ချွန်ကလေးကို ကြိုက်၏။ လှဲ့လှဲ့ က အပြာရောင် ဦးထုပ်ချွန်ကလေးကို သဘောကျ၏။ ဤဦးထုပ်ကို ဆောင်းပေးမှ ဘောင်းဘီအပြာရောင်နှင့်လည်း ဟပ်မိမည်ဟုလည်း ဆို၏။ အတန်ကြာ အငြင်းအခုံဖြစ်နေကြပြီးမှ သွဲ့သွဲ့၏ ဆန္ဒမဲကို ပါ ရရှိသွားသဖြင့် လှဲ့လှဲ့က နိုင်သွားသည်။

ထို့နောက် သားအတွက် သူတို့ စိတ်တိုင်းကျ အထူး ပြုလုပ်ထားသည့်ပတ္တမြားလက်စွပ်ကလေးတစ်ကွင်းနှင့်ရွှေသား လက်ပတ်နာရီကလေးတို့ကို သား၏လက်တွင် ဝတ်ဆင်ပေးကြ၏။ သွဲ့သွဲ့က စားပွဲပေါ်ရှိ ဘတ်ကြိုးတစ်ကုံးကို သား၏ လည်ပင်းတွင် ဝတ်ဆင်ပေး၏။ လှဲ့လှဲ့ကလည်း ရွှေဒင်္ဂါးတစ်ပြား တပ်ဆင်ထား သည့် ရွှေသံကြိုးတစ်ကုံးကိုယူပြီး သားအား ဝတ်ဆင်ပေးပြန်သည်။ သည်တွင် ဒေါ်နွဲ့နွဲ့ကလည်း သားအတွက် အဆောင်ပစ္စည်း ထည့် ထားသော ရွှေကြုတ်ငယ်တစ်ခု၊ တွဲရရွဲချိတ်ထားသည့် ဇုန်းဆံ လိပ်ရွှေကြိုးတစ်ကုံးကို ထပ်ဆင့် ဝတ်ဆင်ပေးလိုက်ပြန်သည်။

'ဓာတ်ပုံရိုက်ကြတာက ကိစ္စမရှိပါဘူး၊ သားသားလည်ပင်းများ နာနေပါဦးမယ်'

ကလေးအား ရွှေထည်တွေ ဤမျှဝတ်ဆင်ပေးကြသည်ကို မနှစ်မြို့သဖြင့် ကိုဘသင်းက စကားတစ်ခွန်းဝင်ပြောလိုက်၏။ သို့ သော် ကိုဘသင်း၏ တစ်ခွန်းတည်းသော စကားသည် နားခြောက် ဖက်ရှိသည့်အနက် မည်သည့်နားအတွင်းသို့မျှ ဝင်ခွင့်ရ ဟန်မတူ

ချေ။ အရှိန်မပျက် ဆက်လက်မောင်းနှင်မြဲသာ မောင်းနှင်နေကြ၏။

သားအတွက် ပြီးပြန်သောအခါတွင်ကား သူတို့ ညီအစ်မ သုံးဦးအတွက် ဆင်ကြပြင်ကြပြန်၏။ သို့နှင့် လမ်းမီးများထွန်းညှိချိန် ညနေခြောက်နာရီခွဲ တိတိတွင်မှ ဓာတ်ပုံဆိုင်သို့ ထွက်ခွာရန် အသင့် ဖြစ်ကြသည်။

'မိုးချုပ်ရီမှာပဲ ရိုက်မယ်နော်၊ မမနွဲ့ပြောတဲ့ လှဆန်းယဉ်ကို မကြိုက်ဘူး၊ မီးညှိတယ်'

ထွက်ခွာခါနီးတွင် သွဲ့သွဲ့က ဝမ်နင်ပေးလိုက်၏။

'ကြည့်စမ်းပါဦး ကိုရဲ့၊ ကို့သားကို၊ မလှဘူးလားလို့'

သွဲ့သွဲ့က သားကိုမြှောက်ချီ၍ ပြရင်း ကိုဘသင်းအားပြော၏။ ကိုဘသင်းက ရွှေကြိုးသုံးကုံးနှင့် ကသိကအောက်ဖြစ်နေရှာသော သားအား မချိပြုံးပြုံး၍ ကြည့်လျက် သွဲ့သွဲ့ကို ပြန်ပြောလိုက်သည်။

'လှပါသဗျာ. . . လှရုံတင်မကဘူး၊ ဒီလောက်တောင် ဘယက် ဒွါဒရာ များလွန်းတော့ ပွဲထဲကနတ် မာတလိလို အလွန်တရာ ခံ့ညားထယ်ဝါ လှပါသတဲ့ဗျာ. . . ကဲ လမ်းမီးများလည်း ထွန်းညှိစ ပြုပြီမို့ အချိန်နာရီစေ့ ရောက်ပါပေ့၊ မိုးချုပ်ရီ ဓာတ်ပုံနန်းဆီသို့ ကြွမြန်းတော်မူကြပါတော့ဗျား . . .'

သွဲ့သွဲ့တို့အားလုံး ထွက်ခွာသွားကြ၍ မိမိတစ်ယောက်တည်း အိမ်တွင် ကျန်ရစ်သောအခါ ကိုဘသင်းသည် 'ဟင်း'ကနဲ သက်ပြင်း ရှည်ကြီးတစ်ချက် ချမိရှာလေသည်။

(၄)

'သားသားက ဓာတ်ပုံထဲမှာကျတော့ အမြင်ထက်တောင် ဝနေ သလိုပဲ ကိုရေ့၊ ရော့. . . ရော့ . . . ကြည့်စမ်းပါဦး'





ဆိုင်မှဓာတ်ပုံ ရွေးလာလျှင်လာချင်း သွဲ့သွဲ့က ကိုဘသင်းအား ပြ၏။ ဒေါ်နွဲ့နွဲ့ရော လှဲ့လှဲ့ပါ ဓာတ်ပုံအနီးသို့ ဝိုင်းလာကြသည်။ ဝမ်းသာအားရပင် ကိုဘသင်းက သား၏ဓါတ်ပုံကို ယူ၍ ကြည့်လိုက် ၏။

'ဟော'

'အံ့ဩမှုကို မမျိုသိပ်နိုင်တော့သော ကိုဘသင်း၏ နှုတ်ဖျားမှ အာမေဋိတ်တစ်လုံး လွှတ်ကျလာသည်။

'သားသားရဲ့ သနပ်ခါးပါးကွက်တွေ နှာယောင်တွေက ဘယ်ရောက်ကုန်တာလဲ သွဲ့ရဲ့'

'ဩော်. . .. ကိုကလည်း ဓာတ်ပုံဆိုင်ရောက်တော့ တမင် မျက်နှာသစ်ပြီး ဖျက်ပေးလိုက်တာ'

ကိုဘသင်း၏ မျက်နှာသည် ပြုံးယောင်ပြုံးတုံ့ ဖြစ်လာ၏။

'ဓာတ်ပုံက ဒီလိုရိုက်တာပဲလား သွဲ့ရာ'

'အိုး ခြောက်လသားလေးကို ဓာတ်ပုံရိုက်တာပဲ၊ ဒီလိုမရိုက်လို့ ဘယ်လိုရိုက်ရဦးမှာလဲ ကိုရဲ့'

ကိုဘသင်းသည် သား၏ဓာတ်ပုံကို သေချာစွာ ကြည့်လိုက်၏။

ဓာတ်ပုံထဲ၌ သားသားသည် ဝိတ်နီးအခင်းတစ်ခုပေါ်တွင် ဝမ်းလျား မှောက်လျက်ရှိ၏။ အပြစ်ကင်းစင်သောမျက်နှာဖြင့် မော့၍ပြုံးနေသည်။

သား၏မျက်နှာက အပြစ်ကင်းစင်သလို သား၏ တစ်ကိုယ်လုံး တွင်လည်း ပကာသနမြူ ကင်းစင်နေသည်။ သား၏ငယ်ထိပ် မှသည် ခြေဖျားအထိ ကိုယ်ပေါ်တွင် ရွှေဟူ၍လည်းတစ်ရွေး သားမျှမရှိ၊ အဝတ်ဆို၍လည်း ချည်မျှင်တစ်မျှင်မှ ကပ်ငြိခြင်း မရှိပေ။ ပကတိ အမိဝမ်းမှ ကျွတ်စသဖွယ် သန့်ရှင်းလွတ်လပ်သော ကိုယ်လုံးကလေး နှင့်မှောက်နေသည်။ သား၏ ဖြူဝင်းသော ဝဝစိုစို

ရွှေရုပ်လွှာ
ကိုယ်လုံးလေးသည် ချစ်ချင့်စဖွယ်ကောင်းလှ၏။

ကိုဘသင်းသည် ဓာတ်ပုံရိုက်ရန်သွားမည့်နေ့ ညီအစ်မ သုံးဦးတို့ တရုန်းရုန်း အလုပ်များနေကြပုံကို ပြန်လည်မြင်ယောင် မိပြန်၏။

'ဟား ဟား ဟား ဟား'


ကိုဘသင်းက သားဓါတ်ပုံကို ကိုင်လျက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိသည်။ ဒေါ်နွဲ့နွဲ့တို့ကမူ ကိုဘသင်း ရယ်မောရခြင်း၏ အကြောင်းရင်းကို နားလည်ကြဟန်မတူပေ။

'အောင်မလေးဟဲ့ ဖြစ်နေလိုက်တာ၊ ကိုယ့်သားဓာတ်ပုံများ ဒီလောက်တောင်သဘောကျနေရတယ်လို့၊ လူစိမ်းတွေများ မြင်သွားမှဖြင့် ရှက်စရာကြီး ၊ မောင်ဘသင်းတို့ကတော့လေ တကတည်း သည်းကို သည်းတယ်'

ဒေါ်နွဲ့နွဲ့က ရှုံ့မဲ့၍ ပြောသည်။ ထို့နောက်ကိုဘသင်းအား ညီအစ်မ သုံးယောက်စလုံးက ပြိုင်တူ မျက်စောင်းထိုးလိုက်ကြလေသည်။

[ ငွေတာရီ ဒီဇင်ဘာ ၁၉၇၄ ]





## မီးပုံးပျံစီးသူများ

(၁)

'ဘီကိုးဆယ့်ကိုး. . .'လက်ရှိ အမြင့်ပေ ငါးရာ၊ တဖြည်းဖြည်း နိမ့်ဆင်းနေပါတယ် ကက်ပတိန်'

ရောမ သခ်ောာသီးကြီးကို ထောင်ထားသည်နှင့် တူလှသော မီးပုံးပျံ ကြီးတစ်လုံး။

မြစိမ်းရောင် ပိုးသားပေါ်တွင် ရွှေဝါရောင်ဖြင့် ဘီကိုးဆယ့်ကိုး ဟူသော စာလုံးများ ဖော်ထားသည်။ မီးပုံးပျံအောက်တွင် ချိတ်ဆွဲထားသော ပုခက်ထဲ၌ သင်းအောင်၊ နှင်းရီနှင့်မျောက်သုံးကောင်တို့ လိုက်ပါလာကြသည်။ ငါးဦးလုံး အဖြူရောင် ယူနီဖောင်းများ ဝတ်ဆင်ထားကြ၏။

'နံပါတ်တူး. . . တည်နေရာပြောပါ'

'ဝီခူရတောင် အနောက်ဘက် တစ်သုံးငါး ဒီဂရီ. . . ကူရနူတီ နဂါးပွက်အိုင်ပေါ်မှာပါ ကက်ပတိန်'

သင်းအောင် အောက်သို့ ငုံ့ကြည့်လိုက်၏။ မျက်စိ တစ်ဆုံး အပြောကျယ်လှသော ရွှံ့နွံအိုင်ကြီးသည် အပေါ်သို့ကုန်းထ မြင့်တက်လာနေသည်။ ဟက်ခနဲပွက်ထလာသော ချော်ရည်မြှုပ်ကြီး တစ်ခုက မိုးပုံးပျံကို စုပ်မျိုလိုက်တော့မယောင် ထင်ရ၏။

'နံပါတ်တူး မျှော်စင်ကို ဆက်သွယ်ပါ'

'ဆက်လို့မရဘူး ကက်ပတိန်'

နှင်းရီသည် နားကြပ်ကို ဖြုတ်လိုက်၏။

'နံပါတ့်သရီး. . . ဓာတ်ငွေ့ပိုက် အမြန်ဖွင့်ပါ'

မျောက်ကြီးက ဟီလီယမ် ဓာတ်ငွေ့ပိုက်ကို ဖွင့်သည်။ မျောက်ကြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။

'အရန်ဓာတ်ငွေ့ လုံးဝမရှိတော့ပါဘူး ကက်ပတိန်'

မိုးပုံးပျံကြီးသည်နိမ့်သည်ထက် နိမ့်ဆင်းလာ နေတော့၏။

ထိုစဉ် နှင်းရီသည် ဘီယာစည်တစ်လုံးကို မနိုင်မနင်း ပွေ့ယူ၍ အောက်သို့ ပစ်ချလိုက်၏။ နိမ့်ဆင်းနေသော မိုးပုံးပျံ၏ အရှိန် အနည်းငယ် တန့်သွားသည်။

နှင်းရီသည် ပုခက်ထဲမှ ပစ္စည်းများကို တစ်ခုပြီး တစ်ခု အဆက် မပြတ် ပစ်ချလျက်ရှိ၏။ နို့ဆီသေတ္တာ၊ ဘီစကွတ်ပုံး၊ သောက်ရေစည်၊ ဝီစကီပုလင်းများ၊ အသံဖမ်းစက်. . .

ဘီကိုးဆယ့်ကိုးသည် အထက်သို့ ရုတ်ခြည်း မြင့်တက်သွားကာ လေဟုန်စီးလျက် ရှိနေပြန်လေသည်။





(၂)

သင်းအောင်က စားပွဲထိပ်တွင် ထိုင်သည်။

နှင်းရီနှင့် မျောက်ကြီးက စားပွဲဘေးတစ်ဖက်တွင် ထိုင်ကြ၏။ မျောက်လတ်နှင့် မျောက်ငယ်က အခြားတစ်ဖက်တွင် ထိုင်ကြ၏။ ထို့နောက် ကျင်းပမြဲ စနေဆွေးနွေးပွဲ စတင်ဖွင့်လှစ်သည်။ နှင်းရီ က. . .

'ဒီတစ်ပတ်တော့. . . ပညာရေးပိုင်းကစပြီး ဆွေးနွေးရ အောင်'

'ကောင်းတယ်. . ငါလည်းမျောက်သုံးကောင် စာကြည့်နည်း တယ်လို့ ထင်နေတာနဲ့. . . အတော်ပဲ'

သင်းအောင်က ထောက်ခံ၏။

'မဟုတ်ဘူး. . . ကလေးတွေရဲ့ ပညာရေးကိုပြောတာ မဟုတ်ဘူး၊ အဖေကြီးရဲ့ ပညာရေးကိစ္စကို ဆွေးနွေးချင်တာ'

'ဟေ. . . ငါ့ပညာရေး'

သင်းအောင် ဖျားသွားသည်။ မျောက်သုံးကောင်စပ်ဖြဲဖြဲ ဖြစ် သွား၏။

"ဟုတ်တယ်. . . အဖေကြီးရဲ့ပညာရေး. . . အာရုံအယ်လ် လည်း တက်ပြီးပြီ။ ဒီအမ်အေလည်း တက်ပြီးပြီ။ ဒါထဲက အခုတစ်ခါ ဖရင့်ချ်ဒီပလိုမာ တက်ချင်ပြန်တယ်ဆိုတာက မလွန် လွန်းဘူးလား'

'ဒါတော့ကွာ. . . ဒါတော့'

'ဒါတော့တွေ ဘာတွေလုပ်မနေနဲ့၊ ပထမအရွယ်မှာ ပညာ၊ ဒုတိယအရွယ်မှာ ဥစ္စာ၊ တတိယအရွယ်မှာ ဘာဝနာတဲ့။ အဖေကြီး အခု ဒုတိယအရွယ် ရောက်နေပြီ၊ ပညာရှာရမယ့် အရွယ် မဟုတ်

တော့ဘူး'

'ဒါမှ . . . တို့မေမေကွ၊ ကဗျာတွေနဲ့ပြောချတာ'

မျောက်လတ်က လက်ခုပ်တီးလျက် သူ့အမေ၏ အဆိုကို ထောက်ခံသည်။

'မျောက်လတ် ငြိမ်ငြိမ်နေစမ်း'

သင်းအောင်က နှင်းရီကို မနိုင်တိုင်း မျောက်လတ်ကို မဲပြီး ဟောက်လိုက်၏။ မျောက်လတ် လျှာတစ်လစ်ဖြစ်သွားသည်။

'ဒီတော့ . . . ဘယ်လိုလဲ အယင်အပတ် အစည်းအဝေးမှာ တင်ခဲ့တဲ့အဆိုကို ကိုယ့်ဟာကိုယ်ပဲ သိက္ခာရှိရှိ ရုပ်သိမ်းမလား၊ ဒါမှမဟုတ် မဲခွဲပြီး ဆုံးဖြတ်ရမလား'

'ငါ့ဟာ ငါပဲ ရုပ်သိမ်းပါတယ်ကွာ . . . မဲခွဲလည်းမျောက်သုံးကောင်က အမေဘက်ကပါမှာ သေချာနေတော့ငါရှုံးမှာပါပဲ'

'အရှုံးပေးပြီတဲ့ပေ့. . မေမေနိုင်တယ်ကွ'

မျောက်သုံးကောင် ပျော်မြူးသွားကြ၏။

'ကဲ. . . စီးပွားရေးကဏ္ဍကိုဆက်ကြရအောင်။ ဒီလဘတ်ဂျက် အခြေအနေမဟန်ဘူး၊ အချိန်မရွေး၊ စိုးရိမ်ရေမှတ်ကို ရောက်လာနိုင်တယ်။ ဒီတော့ ဒီနေ့ကစပြီး. . . ဟင်းကြေး မများကြပါနဲ့'

'ကြေးမများဘူး. . . ကြေးမများဘူး၊ မေမေချက်ချင်တာချက် သားတို့စားနိုင်တယ်'

'ဟုတ်တယ်. . . သားတို့ ကြေးမများဘူးဆိုတာ မေမေ ယုံတယ်။ အခုကကတော့ အဖေကြီးဟင်းကြေးမများဖို့ လိုအပ်ကြောင်း သတိပေးချင်ပါတယ်'

'လိုက်လည်းလိုက်တဲ့ သားအမိတွေကွာ. . . ငါ့ပဲပစ် မှတ်ထားပြီး ဆော်နေကြတယ်'





သင်းအောင်က ညည်း၏။ မျောက်သုံးကောင်တို့ ရယ်ကြသည်။

'မျောက်သုံးကောင်ကိုလည်း သတိပေးရဦးမယ်။ တစ်အချက်. . . ဒီနေ့ကစပြီး ရုပ်ပြစာအုပ်ကို တစ်ပတ်မှာ တစ်ရက်ပဲ ငှားခွင့်ပြုမယ်။ နှစ်အချက်. . . တိတ်ခွေလဲ အလားတူပဲ။ သုံးအချက်. . .'

မျောက်သုံးကောင် ရှုံ့မဲ့သွားကြသည်။

(၃)

'ဖေဖေ. . . အိမ်ရှေ့ ဆိုင်းဘုတ်ပေါ်မှာ ကွင်းစကွင်းပိတ်နဲ့ ရေးထားတဲ့ အကြီးတန်းဆိုတာ ဘာလဲ'

'မျောက်ငယ်. . . ဖေဖေ ပုတီးစိပ်နေတယ်၊ သွားမနှောင့်ယှက်နဲ့'

'တို့ဖေဖေ ဆိုပြီ၊ တစီစာကုံးရေးရမှာမို့ပါ မေမေရဲ့'

သင်းအောင် ဘုရားစင် ရှေ့မှ ထလာသည်။

'အကြီးတန်းဆိုတာ စီနီယာပေါ့ကွာ'

သင်းအောင်က လွယ်လွယ်ပင် ဖြေလိုက်သည်။ မျောက်ငယ်က မကျေနပ်သေးဟန်ဖြင့် မျက်လုံးလှန်ကြည့်သည်ကို မမြင်ယောင်ဆောင်နေလိုက်၏။ နှင်းရီသည် ထမင်းဘူးနှင့် စာတွဲများကို လက်ဆွဲ အိတ်ထဲထည့်၏။ နံရံတွင် ချိတ်ထားသော တိုက်ပုံအင်္ကျီအနက်ကို ဖြုတ်၍ သင်းအောင်အားပေးသည်။

'ဘတ်ဂျက်လက်ကျန်ကတော့ ၊ ဆယ့်ငါးကျပ်ပဲကျန်တော့တယ် အဖေကြီးရေ'

'ဒီနေ့မှ လဆန်းဆယ်ရက်ပဲ ရှိသေးတာကွာ၊ မလွန် လွန်းဘူး

လား၊ ပြီးတော့လည်း'

ဆက်ပြောမည့်စကားကို မပြောဖြစ်တော့။ 'အောက်ထစ်အစိတ်တော့ စီပါတယ်ဆရာ၊ တချို့နေ့တွေကျတော့လည်း ငါးဆယ်လောက်ရပါတယ်' ဟူသော မိတ်ဆွေ ဆိုက္ကားဆရာ၏ အသံက နားထဲတွင် မြည်ဟိန်းလာသည်။ သုံးဆယ့်တစ်လိုင်းမှ ယာဉ်မောင်းတစ်ဦး၏ တစ်နေ့ဝင်ငွေသည် ကျပ်ခုနှစ်ဆယ်ဖြစ်ကြောင်းကို လည်း ကောင်း၊ ကြက်တန်းမှ သံဖြတ်အလုပ်သမားတစ်ဦး၏ နေ့တွက်သည် ကျပ်လေးဆယ်ဖြစ်ကြောင်းကို လည်းကောင်း သိနေသောအသိစိတ်က 'ငါ့လခတစ်ပြား မကျန်အပ်ခဲ့တာပဲ' ဟူသောစကားကို မောက်မာစွာ ဆက်လက်ပြောရန်အတွက် မလုံမလဲဖြစ်စေသည်။

'အိမ်လခ တစ်ရာ့ငါးဆယ် ပေးလိုက်တယ်လေ၊ ကလေးတွေကျူရှင်လခက ခြောက်ဆယ်၊ ဒီလအပိုကုန်တာတွေကလည်း များပါတယ်။ လေးပေမီးချောင်းကျွမ်းလို့ အသစ်ဝယ်ရတာ ကိုးဆယ့်ရှစ်ကျပ် ၊ နှင်းရီ သွားစိုက်လို့ကုန်တာက တစ်ရာ့ တစ်ဆယ်. . .'

'တော်ပါတော့ကွာ. . . တော်ပါတော့'

ဆက်လက်၍ နားထောင်နိုင်စွမ်း မရှိတော့သည်အလား သင်းအောင်က တားသည်။

'သိပ်လည်းစိတ်မပူမနေပါနဲ့ အဖေကြီးရယ်၊ ဆန်နဲ့ဆီက တစ်လစာ ဖူလုံပြီးသားပါ၊ လိုရင်ဟင်းဖိုးလောက် ပါပဲ'

နှင်းရီက သင်းအောင်ကို နှစ်သိမ့်၏၊ ခုနေများ တစ်ယောက်လောက် နာမကျန်းဖြစ်လျှင် ဘယ်လိုလုပ်မလဲဟူသော အတွေးက သင်းအောင်၏ ရင်တွင်းဝယ် ကွန်းကော့ဒ် တစ်စင်းပမာ မွှေ့ယမ်းပျံဝဲ လျက်ရှိသည်။





နှင်းရီကို အပြစ်တင်ရန်လည်း မသင့်ပါ။ လခကို သုံးပုံပုံပြီး ဆယ်ရက်စီလီ၍ သုံးသောနည်း၊ ပရိုတိန်းကိုရှောင်၍ ဗီတာမင်ကို ဆောင်သောနည်း၊ (မြစိမ်းရောင်ထမင်းပွဲပြင်နည်း ဟုလည်းခေါ်သည်) လဆန်းရက်များတွင် ဖိပြီး ချွေတာလိုက်သောနည်း၊ (အိတ်ထဲမှာ ပိုက်ဆံအပြည့် ရှိနေတုန်း ချွေတာရတာက လိပ်ပြာလုံတယ်၊ အဖေကြီးရဲ့ ဟုပြောသည်) စသော ချွေတာရေး နည်းမျိုးစုံတို့ဖြင့် သိမ်းထုပ် စီမံလျက်ရှိသူဖြစ်ကြောင်း သင်းအောင်အသိဆုံး ဖြစ်ပေသည်။

သို့ဆိုလျှင် သင်းအောင်ကို အပြစ်တင်ရမည်လား၊ သင်းအောင်ကို အပြစ်တင်ရန်လည်း မသင့်ပါ။

အယ်လ်ကိုဟော၊ နစ်ကိုတင်း၊ ကဖိန်း၊ ယင်းဝတ္ထုပစ္စည်းအားလုံး တို့ကို သင်းအောင်သည် မိမိ၏ ခန္ဓာဝယ်ငြိ တွယ်စွန်းထင်းခြင်း မရှိလေအောင် ရှောင်ကြဉ်သူ ဖြစ်ပါ၏။ ထမင်းဘူး မပါသော မနေ့များတွင်ပင် ငှက်ပျောသီးနှစ်လုံးဖြင့် အာဟာရကိစ္စပြီးစေနိုင်စွမ်းသူ တင်ဦးဟုလည်း သူ့ဌာနခွဲတွင် ကျော်ဇောသည်။ သို့သော် သင်းအောင်၌ ဝေဖန်စရာ တစ်ခုတော့ရှိသည်။ မိုးခါးရေကို သင်းအောင်စက်ဆုပ်၏။ ထို့ကြောင့် သင်းအောင်သည် 'လခသား' ချည်းသာ နှင်းရီအားပေးအပ်နိုင်၏။ သည်အတွက် သိမ်ငယ်ခြင်းမဖြစ်မိပါ။ မိမိသည် ဝန်ထမ်းသိက္ခာနှင့် ပြည်စုံသူ ဖြစ်ကြောင်း၊ ဟိရိ ဩတ္တပ တရားရှိသူဖြစ်ကြောင်း အမြဲဂုဏ်ယူ ဝင့်ကြွားလျက်ပင်ရှိ၏။ ထိုသို့ ဝင့်ကြွားတိုင်း နှင်းရီကတော့ ဝေဖန်တတ်သည်။

•

'တော်စမ်းပါ. . . ကိုသင်းအောင် တစ်ယောက်ကတော့၊ မီးသွေးတွင်းထဲက တက်လာရင်တောင် သူ့အင်္ကျီက ဆွတ်ဆွတ်

ဖြူနေမှာ ပါပဲဆိုတဲ့ ကိုမြင့်ဆွေအေးရဲ့ အဆိုအမိန့်တွေကို ကိုးကားဦး မလို့ မဟုတ်လား၊ အဲဒီကျမ်းကိုးတွေက ကျူရှင်လခ ပေးလို့ရတာ မဟုတ်ဘူးရှင်ရဲ့'

တကယ်တော့လည်း သင်းအောင်သည် မစန္ဒာ၏ ငါးပုတ်သင် တစ်ကောင်ပါပဲလား။

(၄)

စားပွဲမှန်ပြင်နှင့် နဖူးထိလုမတတ်ငုံ့ညွတ်နေမိသည်။ မှန်ပေါ် နဖူးတင် စဉ်းစားသည့်တိုင် အဖြေကထွက်ပေါ်လာဖွယ် မရှိပေ။ မှန်ချပ်အောက်မှ တယ်လီဖုန်း နံပါတ်များကို ဝေဝေဝါးဝါးမြင်သည်။ အညာကို ဖုန်းဆက်ပြီး ငွေမှာရလျှင် ကောင်းမလား။ ဟုတ်သေးပါဘူးလေ။ မိဘဆိုတာ ကိုယ်ကထောက်ပံ့ မှသာမင်္ဂလာတရားတော်နဲ့ညီတော့မပေါ့။ ကိုယ့်အိမ်ထောင်နဲ့ ကိုယ်ဖြစ်နေမှ မိဘဆီမှာ လက်ဖြန့်ခံနေလို့တော်ရိုးလား။

သူ့နည်းသူ့ဟန်နှင့် ပြေလည်နေသော ဝန်ထမ်းငယ် တစ်ဦးကို လှမ်းကြည့်မိသည်။ သူ့ဆီက ငွေချေးရလျှင် ကောင်းမလား။ ဟုတ်သေးပါဘူးလေ။တပည့်ဆီမှာ ဆရာက ငွေချေးရမယ်လို့ ရှက်စရာကြီး။

ပြဿနာ ခြေချင်းတို့ကို ဝတ်ဆင်ထားသော ခြေထောက်တို့ဖြင့် ကျောက်သားလှေကားထစ်များကို နင်းလျက် လေးတွဲ့စွာ ဆင်းသက်လာခဲ့၏။

အိမ်သို့ရောက်သော် အုံ့ညြဖွယ်မြင်ကွင်းကို မြင်ရ၏။ စားပွဲပေါ်တွင် သုံးထပ်သား ဆီပြန်ဟင်းက တစ်ခွက်။ ဝက်သား တုံးကြီးတွေ အက်နေသည်။ သီးစုံချဉ်ရည်ပန်းကန်ကြီးကလည်း ခဲ့ညားပါ





ဘိသနှင့်။ တို့စရာတွေကလည်း စုံလိုက်သည့် ပုံနှန်း၊ ရွှေဘဆိုင် ရှုံးလောက်ပေ၏။ ပရိုတိန်း ပြတ်နေသည်မှာ ကြာပြီဖြစ်သော မျောက်သုံးကောင်ကား ခေါင်းမဖော်တမ်း လွေးနေကြတော့၏။

သင်းအောင်က 'ဘယ်လိုလဲ' ဟူ သော အဓိပ္ပာယ်ဖြင့် နှင်းရီကို ကြည့်လိုက်သည်။

'ဗိုလ်ရီ ဖန်ဆင်းထားတာလေ အဖေကြီးရဲ့'

နှင်းရီက စန္ဒရားခင်နုနု လေသံဖြင့် ပြော၏။ နားမလည်နိုင်သေးသည့်အလျောက် သင်းအောင်မျက်ခုံးပင့် လိုက်မိပြန်သည်။

'အဖေကြီး အိပ်မက်ထဲက မီးပုံးပျံ စီးတဲ့နည်းကို ကျင့်သုံးလိုက်တာလေ။ ပစ္စည်းတချို့ကို ပစ်ချပြီး ၊ အလေးချိန် လျှော့တဲ့နည်းပေါ့။ သတင်းစာနဲ့ ပုလင်းခွံတွေ ရောင်းပစ်လိုက်တယ်။ သတင်းစာဟောင်းတွေက တစ်ပိဿာ ဆယ့်ငါးကျပ်ဈေးနဲ့ နှစ်ပိဿာဆိုတော့ သုံးဆယ်ရတယ်၊ ပုလင်းခွံဆယ်လုံးက တစ်လုံး တစ်ကျပ်နှုန်းနဲ့ ရောင်းလိုက်တာ ကိုးကျပ် ပြားရှစ်ဆယ် ရတယ်'

'တစ်ဆယ် မဟုတ်ဘူးလား'

'ဘီယာ ပုလင်းခွံ တစ်လုံးပါတယ်လေ၊ ပုလင်းအညိုကို ပုလင်း အဖြူတွေလို ဈေးမရဘူး၊ ပြားရှစ်ဆယ်ပဲရတယ်၊ ကုလားက သိပ်လည်တာပဲ'

'အို့ဟိုး . . . ဒါကြောင့်ကိုး'

'ဘားပလက်နဲ့ စီဗစ် ပုလင်းခွံလေးတွေကလည်း တစ်လုံး ဆယ်ပြားနှုန်းနဲ့ ဆယ့်တစ်လုံးအတွက် တစ်ကျပ်ဆယ်ပြား၊ ဒီတော့ ပေါင်းလိုက်ယင် ငွေလေးဆယ့်တစ်ကျပ်တိတိနဲ့ ပြားကိုးဆယ်ကြီး များတောင်ရလိုက်တယ်လေ၊ မီးပုံးပျံတော့ပြန်လည် မြင့်တက်သွားပြန်ပြီ အဖေကြီးရေ'

နှင်းရီသည် လှိုက်လှဲ ရွှင်မြူးလျက်ရှိ၏။ သင်းအောင်လည်း ပြုံးတုံ့တုံ့ ဖြစ်လာသည်။ ပြဿနာ တစ်ရပ်ကားပြေလည် သွားလေပြီ။

သို့နှင့် နောက်သုံးရက်ခန့်အကြာတွင် မီးပုံးပျံကြီးသည် တဖြည်းဖြည်း နိမ့်ဆင်းလာပြန်လေသည်။ အညာမျှော်စင်သို့ ဆက်သွယ်ရန် သင်းအောင်*စဉ်းစားနေဆဲ နှင်းရီသည် ပစ္စည်း အတော်များများကို ပစ်ချလိုက်ပြန်သည်။ နက်စပရေး နို့မှုန့်ဘူးခွံ သုံးလုံးကို ပစ်ချလိုက်ရာ၊ တစ်လုံးလျှင် ခုနှစ်ကျပ်နှုန်းရသဖြင့် နှစ်ဆယ့်တစ်ပေမြင့်တက်သွား၏။

'ဂုန်နီအိတ်ခွံ လေးလုံးက ဆယ့်ခြောက်ကျပ်၊ ဆန်ကွဲသုံးပြည်က လေးကျပ်ခွဲ။ မဆိုးဘူး၊ အဖေကြီးရေ၊ လေးဆယ့်တစ်ကျပ်ခွဲတောင် ရလိုက်တယ်၊ ဒီတစ်ခါ ပစ်ချလိုက်တဲ့ ပစ္စည်းတွေက အချိန်စီးသား'

ဘီးကိုးဆယ့်ကိုးသည် ရုတ်ချည်း မြင့်တက်သွားကာ လေဟုန်စီးလျက် ရှိနေပြန်လေသည်။

(၇)

သင်းအောင် သင်တန်းတက်ရမည်။

သင်တန်းသုံးရန်အတွက် မဝယ်လျှင်မဖြစ်သော ပစ္စည်းအချို့ကို ဝယ်ရလိမ့်မည်။

'ဒီတစ်ခါတော့ မလွယ်ဘူးဟေ့၊ တော်တော်ကြီးတဲ့ ပစ္စည်းပစ်ချမှ ဖြစ်မယ်'

'နှင်းရီတော့ လက်အန်သေနေပြီအဖေကြီးရေ့၊ တိုလီမိုလီ





ရှိသမျှလည်း ချောပြီ'

သင်းအောင်အကြံထုတ်သည်။အိမ်နံရံ စာအုပ်စင်ပေါ်မှ ကျားကုတ်ကျားခဲ ဝယ်ယူစုဆောင်းထားခဲ့သောစာအုပ်ထူကြီးများကို မျက်စိကျသွား၏။

'ရုံးလက်စွဲ က အသစ်ပြုစုနေပြီ ကြားတယ်။ ဒီတော့ သူ့ကို ရောင်းယင်ဖြစ်တယ်။ ဝေလ့ထုံးတမ်းကလည်း နှစ်အုပ်ရှိနေတာဆိုတော့ ပုံနှိပ်စောတဲ့ တစ်အုပ်ကို ရောင်းလိုက်လို့ ဘာမှ မထိခိုက်နိုင်ဘူး။ မှုလာရဲ့ စီပီစီ၊ ဒါကတော့တစ်အုပ်ပဲရှိတယ်။ အို. . . ပင်စင်ယူပြီးမှ လက်တွေ့လုပ်မှာပဲ။ အချိန်တွေအများ ကြီးလိုပါသေးတယ်။ ရောင်းသာရောင်း၊ အဂ္ဂါရဲ့သက်သေခံ၊ ဒါလေးတော့ အနှမြောသား၊ အို. . . ဝိုက်ဆံပေါလာတဲ့ တစ်နေ့ကျရင် ပြန်ဝယ်လို့ရမှာပါ။ တွန့်ဆုတ်တွန့်ဆုတ် လုပ်မနေပါနဲ့။ ဘီဘီမစ်ထရာရဲ့ စီအာပီစီ၊ အို. . . လက်တွေက ဘာဖြစ်လို့ တုန်နေရတာလဲ'

မိမိကိုယ်မိမိ အားပေးရှင်း စာအုပ်များကို စင်ပေါ်မှ ဆွဲထုတ်နေသည်။

ဒန်ကလေ၊ နန္ဒလာ၊ ဆာကာ၊ လာဟီရိ. . .။

စုစုပေါင်း စာအုပ် နှစ်ဆယ်တိတိ ထွက်လာ၏။ ယင်းတို့ကို ထုခွဲလိုက်လျှင် ငွေငါးရာခန့်ရပေလိမ့်မည်။ သို့ဆိုလျှင် ရင်ဆိုင်နေရသော ပြဿနာသည် ပြေလည်သွားနိုင်၏။ စာအုပ်များကို တစ်အုပ်ချင်း စိစစ်ကြည့်သည်။ စာအုပ်တိုင်း၏ အဖုံးနှင့် ရေခံတွင် မိမိ၏အမည်နှင့်ရာထူးတို့ ပါရှိနေကြောင်းတွေ့ရ၏။ အချို့လက်ရေးဖြင့်၊ အချို့တံဆိပ်ဖြင့်၊ အဖုံးနှင့်ရေခံတို့ကို စုတ်ပစ်လျှင် ကောင်းမည်လား။ သို့မဟုတ် ယင်းအမှတ်အသားများကို ကတ်ကြေးဖြင့် ညှပ်ထုတ်ပစ်လျှင် ကောင်းမည်လား။

အကြင် စာအုပ်သည် အင်္ဂါချို့တဲ့လျက်ရှိ၏။ ထိုစာအုပ်ကားဈေးအနှိမ်ခံရမည်သာတည်း။ သင်းအောင် စဉ်းစားနေသည်။

'ကဲ. . . မျောက်သုံးကောင် လာကြစမ်းဟေ့။ မင်းတို့ ကဏ္ဍရောက်ပြီ။ ခဲဖျက်တစ်တုံးစီပါ ယူခဲ့ကြ'

မျောက်သုံးကောင် ရောက်လာသည်။

'ကဲ. . . ထိုင်ကြ ဖေဖေပြမယ်၊ ဒီစာအုပ်တွေမှာရှိတဲ့ ဟောဒီစာလုံးတွေကို ဖျက်ကြစမ်း'

မျောက်ကြီးအတွက် ကိုးအုပ်၊ မျောက်လတ်အတွက် ခြောက်အုပ်၊ မျောက်ငယ်အတွက် ငါးအုပ် ၊ ကိုယ်စီ တာဝန်ခွဲဝေသတ်မှတ်ပေးလိုက်သည်။ တက်ကြွစွာ လုပ်ငန်းခွင် ဝင်ကြ၏။ အလုပ်ခွဲတမ်း အနည်းဆုံးရသူဖြစ်ပါလျက် မျောက်ငယ်ထံမှ အသံတစ်ချက်ထွက်လာသည်။

'ကိုကိုကြီးရေ. . . မလွယ်ဘူးကွ'


'တံဆိပ်မင် ဆိုတာ ဒီလိုပဲကွ၊ ခဲဖျက်ကို တံတွေး ဆွတ်လိုက်'

မျောက်ကြီးက ဩဝါဒပေး၏။ စာအုပ်ပုံများအကြားတွင် ညီနောင်သုံးဦးသာ ရှာန်ဝင်လျက်ရှိနေကြပြန်သည်။ အတန်ကြာသွား၏။ မျောက်ငယ် ခေါင်းဒထောင်လာသည်။ လက်ထဲရှိ စာအုပ်ကိုပိတ်လိုက်၏။ ခဲဖျက်တုံးကို စာအုပ်ပေါ်တင်သည်။ ခါးဆန့်သည်၊ ထို့နောက် ညာလက်ကို နှစ်ချက်မျှခါရမ်းလိုက်ရင်း သင်းအောင် ကိုပြော၏။

'ဖေဖေ. . . ဖေဖေ့ဘွဲ့တွေ၊ ရာထူးတွေသာ အခုထက်တိုယင် သိပ်ကောင်းမှာပဲနော်၊ ဒါမှ သားတို့တွေ လက်ညောင်း သက်သာမှာ'



U WIN KYI



## ကျိုးဖြူနှင့်ဗျိုင်းမည်းတစ်ကိုင်းတည်း နားကြခြင်းအကြောင်း

နှစ်ကျပ်ခွဲထမင်းဆိုင်ကလေးကားကျပ်ခိုးစွဲနံ့ရံများအတွင်း၌ အလင်းရောင်ကင်းမဲ့စွာ လူသူကျဲပါးစွာ ခါတိုင်းလိုပင် ညှိုးရော်လျက်ရှိလေသည်။

ဆိုင်ရှင်မိန်းမဝဝကြီးသည် ယမန်နေ့က လက်ကျန်တို့စရာများထဲမှ ရှောက်သီးစိတ်များကိုယူပြီး ပန်းကန်တစ်လုံးထဲသို့ အရည်ညှစ်ထည့်လျက်ရှိ၏။ စားပွဲထိုးကောင်မလေးသည် အရောင်တင်ဆီများကို ဖွန်းကြီးတစ်ချောင်း ဖြင့်ခပ်ယူလျက် ဟင်းအိုးများထဲသို့ လောင်းထည့်နေသည်။

ထမင်းဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာသည်။ ထိုသူသည်

အရောင်လွင့်ပြယ်စပြုနေပြီဖြစ်သော တိုက်ပုံအင်္ကျီအနက်တစ်ထည်ကို ဝတ်ဆင်ထား၏။ ဆိုင်၏ အတွင်းဘက်ကျကျ စားပွဲတစ်လုံးတွင် ထိုသူဝင်ထိုင်သည်။

ထမင်းဆိုင်ရှေ့သို့ နောက်ထပ်လူတစ်ယောက်ရောက်လာသည်။ ဒုတိယလူသည် အတက်ချိုကျေ့စ်တစ်လုံးကို ကိုင်ထား၏။ ထိုသူသည် ဆိုင်တွင်းသို့ မဝင်သေးဘဲ ဟိုဟိုသည်သည် ကျိုးကန်းတောင်းမှောက် ကြည့်လျက်ရှိ၏။ ထိုသူ့လက်ထဲမှ အတက်ချိုကျေ့စ်သည် သက်တမ်းကြာမြင့်လွန်း၍လောမဆိုနိုင်။ သော့မပြိတော့ရကား အိတ်အဖုံးသည်မကြာခဏ ပွင့်ထွက်လာတတ်၏။ ယင်းသို့ ပွင့်ထွက်လာတိုင်း ထိုသူကအတက်ချိုကျေ့စ်ကို တင်ပါးနှင့် ဖြန်းခနဲ ဖြန်းခနဲမြည်အောင်ရိုက်လျက် ပြန်ပိတ်သွားအောင် လုပ်လေ့ရှိသည်မှာ သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်၏ လှုပ်ရှားမှုနှင့်ပင် တူသေးတော့၏။

ဒုတိယလူသည် ဆိုင်ထဲသို့ကုပ်ချောင်းချောင်းနှင့် ဝင်လာပြီး စားပွဲတစ်လုံးတွင် ထိုင်မည်ပြု၏။ ပထမလူက ဒုတိယ လူကိုမြင်သွားသည်။

'ဟော့ကောင်. . . ဝင်းဖေကြီး'

ဒုတိယလူသည် ခါးပိုက်နှိုက်နေစဉ် မိမိ၏လက်ကို ဆုပ်ကိုင်ခြင်းခံ လိုက်ရသူပမာ လန့်ဖျပ်သွား၏။ မှောင်ရိပ်ထဲတွင် ထိုင်နေသောပထမလူကို လှမ်းကြည့်လိုက်သည်။

'ဖိုးသင်းအောင်ကိုးကွ. . . ငါ့ဘယ်သူများလဲလို့'

'လာပါကွ. . . ဒီစားပွဲမှာ လာထိုင်ပါ'

ဒုတိယလူသည် သူ့အတက်ချိုကျေ့စ်ကို ပထမလူထိုင်နေသော စား ပွဲပေါ်တွင် တင်လိုက်၏။ ပထမလူက ဒုတိယလူကို ပြုံးစိစိ





ဖြင့်စိုက်ကြည့်နေသည်။ ဒုတိယလူက အနေရကျပ်လာဟန်ဖြင့်. . .

'ဘာလဲ. . . မင်းက ငါလိုဆရာဝန် တစ်ယောက်က ဒီဆိုင်မျိုးကို လာစားတဲ့အတွက် အံ့သြနေသလား၊အိတ်ကပ်က ပြဋ္ဌာန်းတဲ့အတိုင်း လိုက်နာရတာပဲ သူငယ်ချင်း၊သိပ်ကြီးကျယ်နေလို့မရဘူး၊ အေး. . . မင်းသာ လူစိမ်း တစ်ယောက်ဆိုရင်တော့ အထူးသဖြင့် ငါ့လူနာတစ်ယောက်ဆိုရင်ပေါ့လေ၊ ဒီဆိုင်က ဘဲဥပဲကုလားဟင်းကောင်းလွန်းလို့ လာစားတာပါလို့ငါညာပြောမှာပဲ ၊ မင်းကရောဗဟိုတရားရုံး ရှေ့နေကြီးတစ်ယောက်လုံး လုပ်နေပြီး ဒီဆိုင်မျိုးမှာ. . .'

'မင်းသာ လူစိမ်းတစ်ယောက်ဆိုရင်တော့ အထူးသဖြင့် ငါ့အမှုသည်တစ်ယောက်ဆိုရင်ပေါ့လေ. . . ဒီဆိုင်က ဆိတ်ကလီဇာဟင်းကောင်းလွန်းလို့ လာစားတာပါလို့ ငါညာပြောမှာပဲ။'

စားပွဲထိုးကောင်မလေးက ပေါ်ရည်နှင့်တို့စရာများ လာချသည်။

'ကဲ. . . ကဲ၊ မင်းဘာဟင်းနဲ့စားမလဲ၊ ငါကတော့ ဆိတ်ကလီဇာဟင်းပဲစားမယ်'

'ငါကတော့ ဘဲဥပဲကုလားဟင်းပဲပေါ့ကွာ'

စားပွဲထိုးကောင်မလေးက ဟင်းပန်းကန်များ လာချပေး၏။

'မင်းအခြေအနေကတော့ ဘယ်လိုလဲ တခြားဆရာဝန်တွေတော့ ထောနေတာပဲ'

'ငါ့ဆေးခန်းကတော့ အေးချမ်းလျက်ပါပဲကွာ. . . အေးချမ်းလွန်းလို့ ပင့်ကူတွေ၊ ပိုလာဘယ်ယာတွေတောင် ဝင်လာမှာစိုးရတယ်။'

သင်းအောင်က ကောင်မလေးလာချသော ထမင်းပန်းကန်ဘေးတွင်ကပ်နေသည့် ပေါက်ပန်းဖြူရွက်တစ်ရွက်ကို ဖယ်ပစ်လိုက်၏။

'မင့်အခြေအနေရော ဘယ်လိုလဲ. . . တခြားရှေ့နေတွေတော့ ကောင်းစားနေကြတာပဲ'

'ငါ့ရုံးခန်းကလဲ မစည်ကားအပ်သောအရပ်ဆိုတဲ့ စကားနဲ့ ညီညွတ်လျက်ပါပဲကွာ'

'မင်းအညာ ပြန်ရောက်သေးလား'

'ပြီးခဲ့တဲ့ ဆရာကန်တော့ပွဲတုန်းက တစ်ခေါက်ရောက်တယ်၊ မင်းအဆက်လှကြွေကြီးတောင် တွေ့ခဲ့သေးတယ်၊ လှလို့ဝလို့ပါပဲ'

ဝင်းဖေ၏မျက်လုံးများ မှုန်ရီကျဉ်းမြောင်းသွား၏။

'သူ့အိမ်ထောင်နဲ့သူ ဖြစ်နေပြီပဲ သူငယ်ချင်းရာ. . . သူနဲ့ ကိုယ်နဲ့ ဇာတ်လမ်းက ပြီးဆုံးသွားပါပြီ'

'မပြီးဆုံးသေးဘူးကွ . . . လှကြွေအခုလွတ်လပ်နေပြီ'

'ဘယ်လို . . . ဘယ်လို . . .'

'သူ့ယောကျ်ား ကိုဘသောင်းကြီးဆုံးသွားတယ်ကွ'

'ဘယ်တုန်းကလဲဟ . . . ဘယ်လိုဖြစ်တာလဲ'

'ကဲကြည့် . . . မင်းစိတ်ဝင်စားလာပြီ မဟုတ်လား'

'စိတ်မကောင်းလို့ မေးတာပါကွာ၊ ငါ့မလဲ ငါ့အိမ်တောင်နဲ့ငါပဲဟာ . . . မဆိုင်တော့ပါဘူး၊ ပြောစမ်းပါဦး . . .' ကိုဘသောင်းကြီး ဘယ်လိုဖြစ်တယ်ဆိုတာ'

'လွန်ခဲ့တဲ့လထဲကပဲ ဆုံးသွားတာ၊ ဖြစ်ပုံပြောရရင်တော့ ကိုဘသောင်းမိဘတွေ၊ ကြွယ်ဝရဲ့အကြောင်းက စပြောရမှာပဲ၊ အေးလေ. . . ငယ်ချစ်ဦးဖြစ်တဲ့အပြင် ဆေးကျောင်းသား တစ်





ယောက်လဲဖြစ်တဲ့မင်းကိုတောင် ရင်ဆိုင်ယှဉ်ပြိုင်ပြီး အနိုင်ယူသွားတယ်ဆိုကတည်းက ကိုဘသောင်းတို့ရဲ့ ဘောဂဗလ မဏ္ဍိုင် ဟာ အလွန်ပဲကြံ့ခိုင်တယ်ဆိုတဲ့ အချက်ကတော့ အငြင်းမထွက်တဲ့အပြင် သက်သေပြစရာမလိုတဲ့ အကြောင်းခြင်းရာတစ်ရပ်လဲ ဖြစ်နတယ် ဆိုတာ . . .'

'ဟော့ကောင် . . . ဒါ တရားရုံးမှာ လျှောက်လဲနေသာ မဟုတ်ဘူး၊ လိုရင်းလုပ်စမ်း . . .'

ဆောရီးကွာ. . . . . ဆောရီး. . . . . အကျင့်ပါနေလို့ပါ၊ ကိုဘသောင်းက နဂိုကလဲခပ်ဝဝလူမဟုတ်လားကွ. . . ကိုယ်လက်လှုပ်ရှားမှု ကလဲနည်းတယ်။ နည်းဆိုပါလ်ဆာတလဲ စပရင်တာကလဲ တင်ပါး နဲ့ပဲ သွားနေတဲ့လူမျိုးကိုးကွ. . . ပြီးတော့ချမ်းသာသူတွေရဲ့ သဘာဝအတိုင်း ဆီဦးထောပတ်ကိုလဲ အမြဲမှီဝဲနေရတယ်လေ ကွာ. . . ဒီတော့ ကိုယ်အလေးချိန်တွေ အရမ်းတိုးတက်လာပြီး ခဏခဏ ခေါင်းမူးတတ်သတဲ့ကွ'

'ဆရာဝန် ပြမကြည့်ဘူးတဲ့လားကွာ'

'ဒါတော့ မင်းကိုယ်တိုင် လှကြွေနဲ့တွေ့မှပဲ မေးတော့'

'ကဲပါကွာ . . . ဆက်စမ်းပါဦး'

'ပိုက်ဆံချမ်းသာတဲ့ လူတွေဆိုတာကလဲ အခက်သားကွ၊ စီးပွားရေးကလွဲရင် တစ်လောကလုံးကို မေ့ထားကြတာ၊ ငွေရဖို့ အမြတ်ရဖို့ပဲအာရုံစိုက်နေတော ကိုယ့်ကျန်းမာရေးကိုယ်လဲ ဂရုမစိုက်နိုင်ဘူးပေါ့ကွာ. . . ခေါင်းမူးရုံလောက်ဆိုတော့လဲ ဆရာဝန်တွေ ဘာတွေ ပြမကြည့်ဘဲ ခပ်ပေါ့ပေါ့နေလိုက်မိထင်ပါ ရဲ့၊ တစ်မနက်မှာတော့ ကိုဘသောင်းမှာ ရုတ်တရက် မေ့လဲသွားသတဲ့၊ ဆေးရုံပို့ပေမယ့် သတိပြန်လည်မလာတော့ဘဲ ဆုံးသွားတယ်၊ ဦးနှောက်သွေးကြော

ပြတ်သွားတယ်လို့ ပြောတာပဲ'

'နှလုံးတစ်ရှူးတွေထဲမှာ ကိုလက်စထရောသိပ်များတဲ့ ရောဂါပေါ့'

'တစ်နည်းအားဖြင့်တော့ ချမ်းသာတဲ့ ဒဏ်တွေပေါ့ ကွာ'

သင်းအောင်က သခွားသီးတစ်စိတ်ကို ငါးပိရည်ပန်း ကန်ထဲ နှစ်ပြီး တကျွတ်ကျွတ်ဝါးစားလိုက်၏၊ ဝင်းဖေက သင်းအောင်၏ ပန်းကန်ထဲသို့ ဘဲဥပဲကုလားဟင်း တစ်ဇွန်းထည့်ပေးသည်။

'မင်း ကိုခင်မောင်မြကြီးနဲ့ တွေ့သေးလား'

'မတွေ့တာ အတော်ကြာသွားပြီ'

'ရန်ကုန်ရောက်နေတဲ့ တို့မြို့သားတွေထဲမှာတော့ သူ အကြီးပွားဆုံးထင်တယ်"

'သူ့တော့မပြောနဲ့လေ၊ သူ့ထက်ချမ်းသာတဲ့လူတောင် သူ့လောက်ချမ်းသာမှာ မဟုတ်ဘူး'

'ဟိုတစ်လောကတင် ပိုနေတဲ့ သူ့ခြံတစ်ကွက်ရောင်းလိုက်တာ သုံးဆယ့်ငါး ရသတဲ့ကွ'

'အပါးပါး. . . တို့တော့ ဆယ်ဘဝလိုက်လို့တောင် မီမှာမဟုတ်ဘူးဟေ့ . . .'

'သိပ်တော့လဲ အားမကျနဲ့ကွ. . . သူ့မှာလဲ သူ့ဒုက္ခနဲ့သူပဲ'

'ဟာကွာ. . . သူလိုလူမျိုးမှာ ဒုက္ခဆိုတာ ရှိနိုင်သေးလို့လား'

'သူတို့လင်မယားကွဲနေတယ် ကြားတယ်'

'ဟောဗျာ. . .'

'ကိုခင်မောင်မြက ခင်မေလွင်ဆိုတဲ့ ကောင်မချောချော ငယ်ငယ်တစ်ယောင်နဲ့ လက်ထပ်လိုက်တယ်လေ၊ အဲဒါကသူ့ရဲ့ နံပါတ်ခြောက်လို့ ပြောတာပဲ'





'ဟိုက် . . . ရှားလဘတ်'

'ဒီလောက်တောင် သောင်းကျန်းလွန်းတော့လည်း မနဲ့က သည်းမခံနိုင်တော့ဘူးပေါ့၊ ခုတော့ တရားဝင်ကွာရှင်းပြတ်စဲလိုက်ကြပြီတဲ့'

'သားသမီးတွေအတွက် စိတ်မကောင်းစရာပဲနော် '

'ချမ်းသာတဲ့ဒဏ်တွေပေါ့ကွာ'

ဝင်းဖေက ပေါက်ပန်းဖြူတစ်ခက်ကို ယူလိုက်၏။ အရွက်များကို လက်ဖြင့်သပ်ခြွေလိုက်ပြီး ထမင်းထဲတွင် မြှုပ်သည်။ ထမင်းလက်ရာပေါ်သို့ ငပိရည်တစ်ဇွန်းဆမ်းလိုက်၏။

'တို့စရာတစ်ပန်းကန် ထပ်ပေးဦးဟေ့ . . .'

သင်းအောင်က မှာသည်။

'ကိုပေါ်လာကြီး အကြောင်းရောကြားပြီးပြီလား သင်းအောင်'

'တစ်နေ့ကတောင် သူ့မိန်းက မမြသင်း ငါ့ရုံးခန်းမှာလာပြီး ငိုသွားသေးတယ်'

'ဒီကောင်ကြီး ငယ်ငယ်တုန်းကတော့ တော်တော်ကို ရိုးပါတယ်ကွာ၊ တို့တစ်တွေ ထန်းတောသွားလျှင်တောင် လိုက်တာ မဟုတ်ဘူး '

'သူ့လုပ်ငန်းက သူများအားကိုးနဲ့ လုပ်ရတဲ့ လုပ်ငန်းကွ၊ ဒီတော့ လုပ်ငန်းတစ်ခါအောင်မြင်လိုက်တိုင်း ဒီလိုအောင်မြင်အောင် ကူညီစောင့်ရှောက်တဲ့သူတွေကို ဝမ်းတေဘာယ် ပေးရတယ်၊ ပေါ့သေးသေးတော့ မထင်နဲ့နော်၊ ဒင်ပယ်တို့ ချီဗတ်စ်တို့လောက်ကို အနိမ့်ဆုံးထားပြီးသုံးတဲ့ ဝမ်းတေဘာယ်မျိုး၊ တကယ့် ပွဲကြီးတွေ ပေးရတာ။ ပထမတော့ တစ်လမှ တစ်ပွဲလောက်ပေါ့ကွာ၊ နောက်တော့ အလုပ်ဖြစ်တာနဲ့အမျှ ပွဲကလဲ စိတ်လာတယ်၊ နောက်ဆုံးတော့ နေ့တိုင်း

လောက်ဖြစ်လာတယ် ထင်ပါရဲ့၊ တို့ကောင်ကြီးလဲ ဒီပွဲတွေမှာ အလုပ်သဘောနဲ့ ရောနှော သောက်ရင်းက တကယ်စွဲသွားတယ်။ မသောက်ရမနေနိုင်တဲ့ ဘဝမျိုးကို ရောက်သွားတယ်၊ အင်း စီးပွားက တော့ မယုံနိုင်လောက်အောင် တက်လာပါရဲ့၊ ဒါပေမယ့် လူကတော့ အရက်နဲ့မျက်နှာသစ်တဲ့ ဘဝမျိုးရောက်နေပြီ၊ လူလဲ လူရုပ် မပီတော့ဘူး၊ တကယ့်ကို ယစ်ထုပ်ကြီးဖြစ်နေပါပြီကွာ'

'ပိုက်ဆံ ဘယ်လောက်ပေါပေါ ဒီလိုဖြစ်နေမှတော့ ဘယ်မှာ စိတ်ချမ်းသာနိုင်ပါဦးမလဲ'

'ချမ်းသာတဲ့ဒဏ်တွေပေါ့ကွာ'

'ငါတော့ မင်းပြောတာတွေ နားထောင်ရင်း ချမ်းသာရမှာ တောင် ကြောက်လာပြီ'

'အေးကွ၊ ခုပုံဆိုတော့လဲ တို့ဆင်းဆင်းရဲရဲ နေရတာကပဲ ကောင်းသလိုလို'

'ကောင်းသလိုလို မဟုတ်ဘူးကွ၊ တကယ့်ကို ကောင်းတာ၊ ငါလက်တွေ့ တစ်ခုပြောမယ်၊ တို့ကဆင်းရဲတော့ သူများလို မြိုးမြ ချွေတာတတ်တဲ့ အလေ့အကျင့်ကောင်းကို ရစေတယ်ကွ'

'ဆင်းရဲတော့ အဆီအအိမ့်မစားနိုင်ဘူး၊ ဒီတော့ အသီးအရွက် ကို အစားများတယ်၊ ဆင်းရဲတော့ ကိုယ်ပိုင်ကား မရှိဘူး၊ ဒီတော့ ပြေးလိုက်လွှားလိုက် တိုးလိုက်ဝှေ့လိုက် လှုပ်ရှားမှုများတယ်၊ ဒါကြောင့်လဲ အရောဂါနဲ့ ညီညွတ်သကွ၊ ငါတော့ ခေါင်းတောင် မကိုက်ဘူး'

'ဒါတင် ဘယ်ကမလဲ၊ ဆင်းရဲတဲ့အတွက် မိသားစု စည်းလုံး ညီညွတ်လာတဲ့ အကြောင်းပြောရဦးမယ်'

'ကြားပါရစေကွာ'





'ဆင်းရဲခြင်း ပန်းချီဆရာဟာ ညီညွတ်ရေးပန်းချီကားကို ဆေးရောင်နှစ်မျိုးနဲ့ ခြယ်မှုန်းဖန်တီးလိုက်တယ်ကွ'

'နက်နဲလှချည်လား သူငယ်ချင်းရာ၊ အဓိပ္ပာယ်လင်း စမ်းပါဦး'

ဝင်းဖေသည် ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်၏။ သင်းအောင်က ဝင်းဖေဆက်ပြောမည့် စကားကို နားစွင့်နေသည်။

'ဆင်းရဲခြင်းဆိုတာ လောကဓံတိုက်ပွဲ မဟုတ်လား၊ တစ်နည်း အားဖြင့် စိန်ခေါ်ခြင်းပဲ၊ ဒါကိုကြံ့ကြံ့ခံနိုင်ရင်ဆိုင်ဖို့အတွက် မိသားစု ဝင်တိုင်းဟာ ကျောချင်းကပ်၊ ရင်ချင်းအပ်ကြရတယ်၊ အရေးကြီး တော့ သွေးစည်းပေါ့ကွာ၊ ဒါဟာဆင်းရဲခြင်း ပန်းချီဆရာက စုတ်ချက်ကြမ်းကြမ်းနဲ့ ခြယ်မှုန်းလိုက်တဲ့ပထမဆေးရောင်ပဲကွ'

'လှလိုက်လေ သူငယ်ချင်းရာ'

'ပြီးတော့ ဆင်းရဲသားမဟုတ်လားကွ ချမ်းသာတဲ့လူတွေကို ဘယ်မှာတုပနိုင်ပါ့မလဲ၊ လင်ကလည်း မယားကို ရက်ဖလွန်တို့၊ မက်စ် ဖက်ဘာတို့၊ ယုန်မွေးတို့၊ ဆေးရည်ပါတိတ်တို့ ဝယ်မ ပေးနိုင်ဘူးကွ၊ ဒီတော့ ပိုက်ဆံမပေးရတဲ့ မေတ္တာတို့၊ 'သစ္စာတို့၊ ကရုဏာတို့ပဲ အတိုးချပြီးပေးရတယ်၊ မယားကလည်းလင်ကို နိုးနေးလ်တို့ ရှေဘင်း တို့ ရိုးလက်တို့ စုစာကပ်တို့ ဝယ်မပေးနိုင်ဘူး မဟုတ်လား၊ ဒီတော့ အလကားရတဲ့ ကြင်နာခြင်းတို့ ယုယခြင်းတို့၊ ချိုသာခြင်းတို့ကိုပဲ အောတိုက်ပြီး ပေးရတယ်၊ ဒါကြောင့် မိသားစု ပိုပြီးစည်းလုံးညီညွတ်လာကြသကွ၊ ဒါဟာဆင်းရဲခြင်း၊ ပန်း ချီဆရာက စုတ်ချက် နုနုလေးတွေနဲ့ ခြယ်မှုန်းလိုက်တဲ့ ဒုတိယ ဆေးရောင်ပဲကွ'

'တန်ဖိုးရှိလိုက်လေ သူငယ်ချင်းရာ၊ ငါတော့ အားတွေတက် လာလိုက်တာ တစ်ကိုယ်လုံးကို ဖျဉ်းဖျဉ်းဖျဉ်းဖျဉ်းနဲ့နေတာပဲ'

'ဒီလိုမှပေါ့ကွ၊ ဆင်းရဲတာဟာ အားငယ်စရာမဟုတ်ဘူး၊ အားတက်စရာဆိုတာ အခုမင်းသိသွားပြီး မဟုတ်လား'

'ဟော့. . . ဆင်းရဲခြင်းကြောင့် လက်ငင်းခံစားနေရတဲ့ အကျိုးတစ်ခု ငါပြောရဦးမယ်'

'ဆိုစမ်းပါဦး'

'ဆင်းရဲလေလေ သံဝေဂရဆို မဟုတ်လားကွ၊ ငါတော့ ဆင်းရဲတာနဲ့အမျှ တရားသဘောကို ပိုပြီးဆင်ခြင်နိုင်လာတယ်။ အတွေးအခေါ်တွေလည်း ပိုပြီး လေးနက်လာတယ်။ မင်းယုံမလား မသိဘူး၊ ငါလေအခု အဓိဋ္ဌာန်ပုတီးတောင် အမြဲစိပ်နေတယ်ကွ'

'ယုံတာပေါ့သူငယ်ချင်း၊ ငါလည်းမွေးနေ့တိုင်း သက်သတ်လွတ် အမြဲ စားသကွ၊ သားကြီး ငါးကြီး မစားတာကတော့ တစ်နှစ်ပြည့်တော့မယ်၊ အခု ဘဲဥဟင်းနဲ့ပဲ စားတာကိုကြည့်လေ'

'သာဓုကွာ. . . သာဓု သာဓု'

နှစ်ဦးလုံး ထမင်းလက်စ သတ်လိုက်ကြ၏။ ဆိုင်ရှေ့ရှိ စဉ့်အိုးတွင် လက်ဆေးကြသည်။ ထို့နောက် ရေနွေးကရားအိုး အဖုံးပေါ်တွင် ခေါက်လျက်တင်ထားသော လက်သုတ်ပဝါကိုယူ၍ လက်သုတ်ကြ၏။ ထင်းမင်းဖိုးကို ရှေ့နေလေးကပေးမည်ပြုရာ ဆရာဝန်လေးက တား၏။

'ငါရှင်းပါရစေသူငယ်ချင်းရာ၊ ဒီနေ့မင်းနဲ့တွေ့ရတာ မင်္ဂလာရှိလွန်းလို့ပါ'

'ငါရှင်းပါ့မယ်ကွာ၊ ဘိုင်သမားချင်း အတူတူပဲဟာ'

'ဒီထမင်းဖိုးလေးရှင်းတာနဲ့ ငါပိုပြီးမွဲမသွားပါဘူးကွာ၊ ရော့ . . . ရော့ ဒီကယူဟော့'

ဆရာဝန်လေးကသူ့အတက်ချိုကျေစ်ကို ကောက်ကိုင်လိုက်၏။





ကံအားလျော်စွာ သည်တစ်ခါ အတက်ချိုကျေစ်၏ အဖုံးသည် ပွင့်ထွက်လာခြင်း မရှိပေ။ သို့သော် အကျင့်ပါနေရကား ဆရာဝန်လေးသည် အတက်ချိုကျေစ်ကို တင်ပါးနှင့် ဖြန်းခနဲ ရိုက်လိုက်သည်။ ရှေ့နေကသူ၏ ဖြူရော်စပြုနေသော တိုက်ပုံအင်္ကျီအနက်ကို ဝတ်လိုက်၏။

'ဟော့. . . မင်းကို နောက်ဆုံးတစ်ခု ပြောရဦးမယ်'

'ပြောလေကွာ'

'အခု မင်းကို စေတနာဆရာဝန်လို့မခေါ်နိုင်တောင်မှ အသပြာ ဆရာဝန်လို့တော့ ဘယ်သူကမှ မခေါ်နိုင်ဘူးကွ'

'ဒါပေါ့ကွ၊ မင်းလည်း ပြည်သူ့ရှေ့နေလို့မခေါ်နိုင်တောင်မှ အသပြာရှေ့နေလို့တော့ ဘယ်သူကမှ မခေါ်နိုင်ဘူး'

'ဒါဟာ ဆင်းရဲခြင်းရဲ့ ဆုလာဘ်ပဲကွ'

'ဂုဏ်ယူပါတယ် သူငယ်ချင်းရာ'

'ကွန်ဂရက်ကျူလေးရှင်း သူငယ်ချင်း'

'ကမ်းမွန် ရှိတ်ကင်း'

တစ်ဦးကိုတစ်ဦး ဟန်ပါပါ လက်ဆွဲနှုတ်ဆက်နေကြသည်။

ပန်းကန် သိမ်းနေသော စားပွဲထိုးကောင်မလေး၏ ပါးစပ်သည် ဝလုံးပမာ ဝိုင်းစက်သွား၏ သူတို့နှစ်ဦး၏ ထူးဆန်းသောဟန်ပန်အမူအရာကိုပင် အံ့ဩသွားခြင်းလော။ သို့တည်းမဟုတ် စားပွဲပေါ်မှ တို့စရာပန်းကန်နှစ်ချပ်လုံး တက်တက်ပြောင်နေသည်ကိုပင် အံ့ဩသွားခြင်းလောဆိုသည်ကိုကား မပြောတတ်နိုင်ပေ။

* * *

သင်းအောင် တော်တော် စိတ်အိုက်သွားသည်။

ယနေ့ ထူးထူးခြားခြား သင်းဒေါင်အမှုတစ်မှုရ၏။

အမှုမလိုက်ရသည်မှာ ကြာပြီဖြစ်၍လားမဆိုနိုင်။ ယခုအမှုကို အထက်ရုံးသို့ အယူခံဝင်ရမည်လား၊ ပြင်ဆင်မှု တင်သွင်းရမည်လား ဆိုသည်ကိုပင် သင်းဒေါင် မဝေခွဲတတ်တော့ချေ။ ထုံးစံအတိုင်း ဆရာ့ထံ ပြေးရ၏။

'ကျွန်တော် မရှင်းတာလေး တစ်ခုမေးပါရစေဆရာ'

'ဆို. . . ငါ့တပည့်'

'မူလရုံးက ချမှတ်တဲ့ ဒီဂရီအတိုင်းကို အယူခံဝင်ရမယ်ဆိုတာ အမှန်ပဲလားဆရာ'

'အမှန်ပေါ့ကွ၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ကိုးဆယ့်ခြောက်မှာ သေချာဆိုထားတာပဲ။ ငါ့တပည့်က ကကြီးခကွေးတွေ လာမေးနေပြန်ပြီ'

'ဒီလိုပါဆရာ၊ ကျွန်တော်အမှုတစ်မှုရထားပါတယ်၊ အမှုက မတရား လက်လွှတ်ခံရတဲ့ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းကို လက်ရောက်ရလိုမှုပါ၊ ဒီအမှုမှာ မူလရုံးကချမှတ်ထားတဲ့ ဒီဂရီကို အယူခံဝင်ရမလား၊ ပြင်ဆင်မှုတက်ရမလား ဆရာ'

'ပြင်ဆင်မှုတက်ရမယ်လေ၊ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ကိုးမှာ အတည့်အလင်း ပြဋ္ဌာန်းထားတာပဲ၊ ငါ့တပည့် စာမဖတ်ဖူးထင်တယ်'

'ဒီလိုဆို စောစောက အဆိုဟာအခု အမှုနဲ့ကျတော့ လွဲမနေဘူးလား ဆရာ'

'ဟာ ဒါကခြွင်းချက်ပဲကွ၊ ငါ့တပည့်ကို ဆရာကြည့်နေတာ ကြာပြီ၊ ငါ့တပည့်မှာ အကျင့်ဆိုးတစ်ခု ရှိတယ်။ အဲဒါ ဘာလဲဆို



U WIN KYI



တော့ ခြွင်းချက်တွေကို ဥပဒေသ လုပ်လုပ်ပြီး ပြောတတ်တဲ့ အကျင့်ပဲ၊ အဲဒီအကျင့်ကို ဖျောက်ပါ'

'ဟုတ်. . . ဟုတ်ကဲ့ဆရာ'

[မိုးဝေ၊ ဖေဖော်ဝါရီလ ၁၉၈၇]



# သန်လျင်းပေါ်မှ ဘော်ကြယ်များ

(၁)

သင်းအောင်သည် ရင်စို့ခန့်မြင့်သော စပါးပင်များအကြားရှိ ညိုဝါဝါ ကန်သင်းရိုး တလျှောက် ဖြည်းညင်းစွာလျှောက်လှမ်းလာခဲ့၏။ ထိကရုံးပင်များသည် သင်းအောင်၏ ခြေထောက်ဖြင့် ခတ်လိုက်မိတိုင်း ဝိညဉ်နုတ်ယူခြင်း ခံရသော နတ်ဝင်သည်များသဖွယ် ယိမ်းယိုင် ခွေလဲသွားကြ၏။ ပုစွန်ကျစ်စာခဲများကို မကြာခဏ တက်နင်းမိသည်၊ ဖားတလက်ကလေး တစ်ကောင်သည် သင်းအောင်ကို မြင်သည်နှင့် လယ်ကွက်ထဲသို့ ထိတ်လန့်စွာ ခုန်ချလိုက်ပြီး စပါးပင် များ အကြားတွင် ပုန်းကွယ်လျက် ရှိလေသည်။

မြောင်းသွယ်လေးနှင့် နီးလာသောကြောင့် ကန်သင်းရိုးပေါ်





တွင် ဖန်းတော်ညို မြက်ပင်များ ထူထပ်လာ၏။ မြက်ပင်များသည် နှင်းတို့ဖြင့် စွတ်စိုလျက်ရှိသည်။ သင်းအောင်သည် ကလေးဘဝက အတွေ့အကြုံများကို လွမ်းဆွတ်လာမိသဖြင့် ဖိနပ်များကို ချွတ်ကိုင်လိုက်၏။ နှင်းဆမ်းထားသော မြက်ပင်စုများပေါ်၌ ဗလာ ခြေထောက် များဖြင့် နင်းလျှောက်သွားရသည်မှာ အရသာရှိလှ၏။ သင်းအောင်၏ ပုဆိုးအောက်နားပိုင်းသည် နှင်းရည်တို့ဖြင့် စွတ်စိုအေးမြလျက် ရှိ၏။ ကန်သင်းဘေးရှိ မြက်ပင်ထိပ်ဖျားများတွင် ပင့်ကူအိမ်များ ဖြန့်ကျက်လျက် ရှိသည်။ ယင်းပင့်ကူအိမ်များ ပေါ်တွင် ဆီးနှင်းပေါက်များ တင်ကျန်လျက်ရှိရာ ဘော်ငွေရောင် ကြိုးတံတားငယ်များနှင့်ပင် တူသေးတော့၏။

ကောက်သစ်ရနံ့များကို နံနက် လေပြည်ထဲတွင် တစ်ဝကြီး ရှူရှိုက်ရ၏။ အနောက်မိုးကုတ်စက်ဝိုင်း၌ ယပ်တောင်ပုံ တိမ်တိုက် အချို့ကို တွေ့မြင်ရ၏။ တိမ်တိုက်တို့သည် ကျောက်ချထားသော ရွက်သင်္ဘောကြီးများသဖွယ် ငြိမ်သက်လျက် ရှိကြ၏။

လယ်ကွက်များ အဆုံးတွင်ကား မြောင်းသွယ်လေး တစ်ခုသည် နေးကွေးစွာ စီးဆင်းလျက် ရှိလေသည်။ အောက်ရေလွှတ်ချိန် ဖြစ်သဖြင့် မြောင်းရေသည် ပြာလဲ့ကြည်လင်လျက် ရှိ၏။ မြောင်းရိုး ပေါ်၌ ကြွက်သားအဖုံအထစ်များစွာတို့ဖြင့် ခွန်အားကြီးမားလှသော လက်ပံပင်ကြီးသည် ထီးထီးရပ်လျက်ရှိ၏။ ဤလက်ပံပင်ကြီး အောက်သို့ သင်းအောင်မရောက်သည်မှာ နှစ်ကာလများစွာ ကြာခဲ့ချေပြီ၊ သင်းအောင်သည် လက်ပံပင်ကြီး၏ ပင်စည်မှ အမြောင်း မြောင်းထနေသော အမြွှေးကြီးများကို မြတ်နိုး ယုယစွာ ပွတ်သပ်နေမိ၏။

'ဟဲ့. . . သင်းအောင်'

ခေါ်သံကြားသဖြင့် သင်းအောင်နောက်သို့ လှည့်ကြည့် လိုက်သည်။ ဈေးတောင်း ပက်ပက်ကြီးကို ရွက်ထားသော မကြည်မွေးကို တွေ့ရ၏။

'နှင်. . . ကိုအေးလှကြီးသတင်း ကြားလို့ ပြန်လာတာ မဟုတ်လား'

သင်းအောင်က ခေါင်းညိတ်ပြလိုက်၏။

'နှင်းရီတို့ရော မပါဘူးလား'

'မပါဘူး မကြည်မွေးရဲ့. . .၊ ခင်ဗျား ဈေးရောင်း ထွက်တာက လဲ စောလှချည်လား '

'နေမပူခင် ထွက်တော့ လူသက်သာတာပေါ့ဟယ်၊ ငါ့ ဈေးတောင်းကို ခဏချပေးစမ်းပါဦး'

သင်းအောင်သည် မကြည်မွေး၏ ခေါင်းထက်မှ ဈေးတောင်းကို ကူချပေးလိုက်၏။ မကြည်မွေးက တလင်းပြောင်ပြောင်တွင် ထိုင် ချလိုက်ပြီး ခေါင်းခုဖြင့် မျက်နှာမှ ချွေးများကို သုတ်နေသည်။

'ကိုအေးလှ ကတော့ ဒီတောင်ကို ကျော်နိုင်မှာ မဟုတ်တော့ပါဘူး'

'ဘယ်လို ဖြစ်တာလဲဗျာ'

'အသည်းကင်ဆာလို့ ပြောတာပဲ၊ ဆရာဝန်ကတော့ သူ့ ရောဂါကို သူမသိရင် တစ်နှစ်လောက် နေရဦးမယ်တဲ့၊ သူ့ရောဂါကို သူ သိသွားရင်တော့ နှစ်လလောက်ပဲခံမယ် ပြောတယ်'

'အခု ဘယ်မှာလဲ၊ အိမ်မှာလား. . . ဆေးရုံမှာလား'

'အိမ်မှာထားလဲ ဒီအတိုင်း ထိုင်ကြည့်နေရုံပဲမို့ ဆေးရုံတင်ထားကြတယ်၊ ဆေးရုံမှာဆိုတော့ ဆေးသွင်း ဆေးထိုး လုပ်နိုင်သေးတာပေါ့'





'ကျွန်တော့် အစ်ကိုဝမ်းကွဲတွေထဲမှာ ကိုအေးလှက သဘောအကောင်းဆုံးပဲ၊ သူ့ကို အစ်ကိုအရင်းလို ချစ်တာ၊ စိတ်မကောင်းဘူး မကြည်မွေးရယ်'

'မြောင်း ဟိုဖက်က လယ်တွေဟာ သူ့လယ်တွေပဲ. . . လှမ်းကြည့်လိုက်ပါလား၊ စပါးတွေများ ကောင်းလိုက်တာ၊ အိုးပစ်မကွဲဘဲ၊ လူသေမယ့်နှစ်မို့ ထင်ပါရဲ့ သင်းအောင်ရယ်'

'မဆိုင်ပါဘူးဗျာ၊ အယူ မသီးစမ်းပါနဲ့'

ကုက္ကိုရွက်ခြောက်များ မြောင်းထဲတွင် ဖောင်ဖွဲ့မျောပါလာကြသည်။ ပေါင်တုတ်ငှက်တစ်ကောင်၏ စည်းချက်ကျကျ မြည်ကြွေးနေသော အသံမှအပ လယ်တောတစ်ခိုတွင် တိတ်ဆိတ်လျက်ရှိ၏။

'တစ်နေ့က ငါဆေးရုံကို ရောင်သွားတယ်၊ ကိုအေးလှက ခုတင်ပေါ်မှာ ပက်လက်လဲနေတယ်၊ မမြမေနဲ့ ကလေးတွေက ခုတင်ဘေးမှာ ရပ်လို့၊ ကိုအေးလှက သူ့သား အငယ်ဆုံးလေးကို မေးတယ်၊ သား ဖေဖေကြီးကို ချစ်လားတဲ့၊ ကလေးက ခေါင်းညိတ်ပြတော့•ကိုအေးလှကလေ တစ်ဆို့ဆို့ အသံကြီးနဲ့ မချစ်နဲ့နော်လို့ ပြောရင်း မျက်ရည်တွေ စီးကျလာလိုက်တာဟယ်. . .၊ မမြမေတော့ တရှုတ်ရှုတ် ငိုတော့တာပဲ၊ တို့လည်း မကြည့်ရက်တာနဲ့ မျက်နှာလွှဲပြီး နေကြရတယ်'

မကြည်မွေး၏ မျက်လုံးအစုံတို့တွင် မျက်ရည်များ ရစ်ဝဲလျက်ရှိ၏။

'ဒါဆို ကိုအေးလှ သူ့ရောဂါကို သူသိနေပါပြီ မကြည်မွေးရာ'

နီညိုရောင် ပုစဉ်းလေး တစ်ကောင်သည် ကိုင်းပင်ဖျားတွင် နားနေရာမှ ရုတ်ခြည်း ပျံထွက်သွား၏။

သင်းအောင်ရော မကြည်မွေးပါ ခရီးထွက်ရန်အတွက် ပြင်

ဆင်ကြသည်။

(၂)

ဝင်လုဆဲ နေရောင်သည် ဆေးရုံရှေ့ မြေနီလမ်းလေးပေါ်သို့ ရှည်လျားသော အရိပ်များကို ကြဲဖြန့်ပေးလျက် ရှိလေသည်။

ကိုအေးလူကား သေ့ရာညောင်စောင်း၌ လဲလျောင်းလျက်ရှိလေပြီ၊ ကိုအေးလူသည် အရာအားလုံးကို ဥပက္ခာပြုထားသည့် အလား မျက်ခွံမို့မို့များကို ပင့်တင်ခြင်း မပြုတော့ချေ။

တင်းတိတ်မည်းမည်းတို့ ဖုံးလွှမ်းရာ ဖောင်းအစ်သော ပါးပြင်နှစ်ဖက်မှ အပ ကိုအေးလူ၏ မျက်နှာ တစ်ပြင်လုံးသည် သက်နီးရောင်ကဲ့သို့ ဝင်းဝါလျက်ရှိ၏။ ကိုယ်ပေါ်တွင် လွှမ်းခြုံထားသော ဖျင်စောင်၏ အလယ်ပိုင်းသည် ဖောင်းနေသော ဝမ်းဗိုက်ကြောင့် စုန့်စုန့်မို့လျက် ရှိလေသည်။

ပလပ်စတစပိုက်ငယ် တစ်ခုသည် ကိုအေးလူ၏ ဝဲဖက်ပါးပြင်ကို ကျော်ဖြတ်တက်လာပြီးနောက် နှာခေါင်းပေါက်အတွင်းသို့ တွားဝင် သွားလျက်ရှိ၏။ စောက်ထိုး ချိတ်ဆွဲထားသော ပုလင်းတစ်လုံးမှ လူးလွန့် လျှောဆင်းလာသော ပိုက်တစ်ခုသည် ကိုအေးလူ၏ လက်ကောက်ဝတ်မှ သွေးပြန်ကြောကို အစွယ်ချွန်ဖြင့် ပေါက်ကာ ဒီးလွတ်တမ်း ခဲထားလျက်ရှိလေသည်။

သင်းအောင်သည် ကိုအေးလူ၏ လက်ချောင်းလေးများကို ဆုပ်ကိုင်ပြီး အသာအယာ ဖျစ်ညှစ်လိုက်၏။

'ကျွန်တော် ရောက်လာပြီ ကိုအေးလူ'

သင်းအောင်၏ အသံသည် တိုးညင်ပါးလျားလျက် ရှိ၏။

'မောင်သင်းအောင် ရောက်လာပြီလေ. . . ကိုအေးလူရဲ့ ရှင်တွေ့ချင်ချည်ရဲ့ဆိုတဲ့ ရှင့်အချစ်ဆုံး ညီရောက်လာပြီလေ'





မမြမေက မငိုမိအောင် ထိန်းဆည်ထားလျက် ဆို့နင့်သော အသံဖြင့် ပြော၏။ ကိုအေးလူ၏ နှုတ်ခမ်းများ အနည်းငယ် လှုပ်ရှားလာ၏။ သင်းအောင်၏ လက်ထဲမှ ကိုအေးလူ၏ လက်ချောင်းလေးများ တစ်ဆတ်ဆတ်တုံလာကြသည်။ ညည်းညူခြင်းလော၊ သက်ပြင်း ချခြင်းလော၊ မသဲကွဲသော အသံရှည် တစ်ချက်ကို ကြားရ၏။

'ကိုအေးလူ နေကောင်းအောင် နေနော်၊ ကလေးတွေအတွက် ဘာမှ အစိုးရိမ်နဲ့၊ ကျွန်တော်တို့အားလုံး တာဝန်ယူ စောင့်ရှောက်သွားမယ်၊ ဘာမှ မညှိုးငယ်စေရဘူး'

သင်းအောင်က ကိုအေးလူနှင့် မျက်နှာချင်းထိလုမတတ် ကိုယ်ကို ညွှတ်ကိုင်းရင်း ပြော၏။ ကိုအေးလူကား တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မပြုတော့၊ အငြိမ်သက်ကြီး ငြိမ်သက်လျက် ရှိလေသည်။

မိမိပြောသောစကားတို့ကို ကိုအေးလူ ကြားသိပါလေစ၊ ကြားသိနိုင်စွမ်း မရှိတော့သော ကိုအေးလူကို ဤစကားစုများ ပြောဆိုနေမိခြင်းသည် သူ စိတ်သက်သာရာ ရစေရန်အတွက် ပြောဆိုခြင်းမှ ဟုတ်ရဲ့လား၊ သေအံ့မူးမူး လူတစ်ယောက်ကို တွေ့နေပါလျက် မည်သို့မျှ ပြန်လည်ရှင်သန်အောင် ကူညီနိုင်စွမ်း မရှိခြင်းကြောင့် ဝမ်းနည်းပြိုကွဲလျက်ရှိသော မိမိ၏စိတ်ကို ဆည်တန့်နိုင်ရန်အတွက် မိမိကိုယ် မိမိ ပြောဆိုနေခြင်းများ ဖြစ်လေသလား၊ သင်းအောင် သံသယ ဝင်နေမိသည်။

ဆေးရုံပေါ်သို့ အေးစက်သော အမှောင်ထုကြီး လွှမ်းခြုံသွားသော အချိန်၌ သင်းအောင် အိမ်သို့ ပြန်လာခဲ့၏။

ညဉ့်သည် အုံ့မှိုင်း ငြိမ်သက်လျက်ရှိ၏။ ကောင်းကင်တွင်ကား

ကြယ်တာရာများသည် ရှစ်ရှစ်နှင့် လှုပ်ရှားလျက် ရှိကြ၏။

ပြတင်းမှ ဝင်ရောက်လာသော လေသည် နွားကျင်ငယ်နံ့များဖြင့် ညစ်ထေးလျက်ရှိ၏။ မှန်အိမ် မီးတောက်ကလေးကား ကြယ်တာရာ တစ်ခုဆီသို့ လွင့်စဉ် ထွက်ပြေးတော့မည့်အလား ယိမ်းယိုင်လှုပ်ရှားလျက်ရှိလေသည်။

'ရွှေနှစ်ကျရင် စိုက်ဖို့ဆိုပြီး သူစုထားတဲ့ သစ်စေ့တွေလေ'

မမြမေသည် နံရံမှ ပလိုင်းတစ်လုံးကို ဖြုတ်ယူလာခဲ့၏။ ပလိုင်းထဲမှ သစ်စေ့များ သိုမှီထားသော ပုလင်းငယ်တို့ကို ထုတ်ယူပြီး သင်းအောင်ကို ပြသည်။

ပုလင်း ညိုလေးများ ထဲတွင် ရှိသော သခင်မဲ့သွားရှာပြီ ဖြစ်သည့် သစ်စေ့မျိုးစုံတို့သည် ညှိုးသွေ့လျက် ရှိကြ၏။ သင်းအောင်သည် ပုလင်းတစ်လုံးကို ကောက်ယူကြည့်လိုက်၏။ ပြက္ခဒိန်စာရွက်ဟောင်းတစ်ခုကို လက်ညှိုးပြားခန့်အရွယ် ညှပ်ပြီး ပုလင်းတွင် ကပ်ထားသည်။ ဝါကျင့်ကျင့် စက္ကူပေါ်တွင် ခဲတံဖြင့် ရေးထားသည့် 'ဟင်းစားပဲ'ဟူသော စာလုံး ဝိုင်းဝိုင်းလေးများသည် လွင့်ပြယ်ကြတော့မည့်နှယ် မှုန်ဝါးလျက်ရှိ။ ဤသစ်စေ့များကို စုဆောင်းခဲ့သော ကိုအေးလူကား လက်ဖွေ့လို ဝိုက်ကွေးသော ထွန်ရေးကြောင်းဂယ်များ ရစ်ခွေလျက်ရှိရာ ယာပြင်မှ နုညက်သော မြေမှုန့်များ အတွင်းသို့ မျိုးစေ့များ ထိုးမြုပ်ရသည့် ပျော်စရာ ကာလကို မျှော်မှန်းခဲ့ပေလိမ့်မည်။ ကိုအေးလူ၏ မျက်စိထဲ၌ မြရောင် ဖိတ်လက်သော ဟင်းရွက်ခင်းတို့သည် စိမ်းစိုလျက် ရှိပေလိမ့်မည်။

နှင်းရည်သောက်ထားသော အညွန့်အငေါက်တို့၏ လေပြည်ဝယ် နွဲ့ယိမ်းလှုပ်မြူး နေကြဟန်ကို မြင်ယောင်ခဲ့ပေလိမ့်မည်။ လေညှို့သဖွယ် ညွတ်ကွေးသော ဝါးတစ်လက်ကိုင်းများပေါ်မှ ပန်း



U WIN KYI



ကုံး ပန်းနွယ်များ ပမာ ဆိုးရရိုင်း တွဲရရွဲ ဖြာဆင်းနေသည့် ပဲနွယ်စိမ်းစိမ်းများကိုလည်း မြင်ယောင်ခဲ့ပေလိမ့်မည်။

ယခုကား ကိုအေးလူ၏ စိတ်ကူးတို့သည် နွေကန္တာရထဲမှ တံလှပ်များသဖွယ် ပျောက်ကွယ် သွားခဲ့လေပြီ။

ရည်မှန်းချက်တစ်ခုကို ဦးတည်ဆောင်ရွက်ရင်း သေသွားရတဲ့ ဘဝဟာ ဘာရည်မှန်းချက်မှ ထားခွင့်မရတော့ဘဲ အသက်ရှင်နေရတဲ့ ဘဝထက်တော့ အများကြီး မွန်မြတ်ပါတယ် ကိုအေးလူရယ်။

သင်းအောင်သည် ပုလင်းညိုလေးကို ပလိုင်းထဲသို့ ယုယစွာ ပြန်ထည့်ထားလိုက်၏။

(၃)

ညက သင်းအောင် တော်တော်နှင့် အိပ်မပျော်။ ပြိုကွဲပုံ့လွင့်နေသော စိတ်တို့ကြောင့် ခေါင်းထဲတွင် နောက်ကျုလျက်ရှိ၏။ မှေးခနဲ ဖြစ်သွားခိုက် မြင့်မားမက်စောက်သော တောင်ကမ်းပါးယံကြီးများ ဝန်းရံနေသည့် ရေကန်ပြာကြီး၏ ကမ်းခြေသို့ သင်းအောင် ရောက်သွားသည်။ ဟိုမှာဖက်ကမ်းစပ်၌ လူရိပ်လိုလို မြင်ရ၏။ လူရိပ် သည် ပီပြင်လာတော့မလိုရှိရာမှ မှုန်ဝါး ဖျော့တော့သွားကာ တောင် ခိုးများနှင့် ရောယှက်ပျောက်ကွယ် သွားသည်။ ထိုစဉ်တွင် ဟိုအဝေး ဆီမှ မောဟိုက်နွမ်းလျစွာ ပျံ့ဝဲရောက်ရှိလာသော အသံတစ်သံကို ထပ်တလဲလဲ ကြားနေရ၏။ တောင်ကမ်းပါးကြီးများ ကို ရိုက်ခတ်လျက် နစ်မြုပ်တိမ်ကောသွားသော ပဲ့တင်သံ သဲ့သဲ့ကိုလား၊ ကမ်းခြေ ရင်ခွင်ကို တိုးဝှေ့ နမ်းရှုံ့ပြီးမှ နွမ်းနယ်စွာ ရေပြင်ထဲသို့ ပြန်လည်ခေါင်းချသွားရှာကြသော လှိုင်းသူငယ်လေးများ၏ ငိုကြွေးသံလား၊ အသံတစ်သံကိုကား ထပ်တလဲလဲ ကြားနေရလေသည်။

'သင်းအောင် . . . သင်းအောင်'

'သင်းအောင်. . . သင်းအောင်'

သင်းအောင်သည် လေးလံနေသော မျက်ခွံများကို ပင့်တင်လိုက်၏။ ရေနံဆီမီးခွက်ရောင်တွင် ကိုမိုးသီး၏ အဆီပြန်နေသော မျက်နှာကို မြင်ရ၏။ ကိုမိုးသီးသည် ကိုအေးလူ ညီအရင်းဖြစ်၏။

'ထ, တော့လေ၊ ဆေးရုံကလာခေါ်နေတယ်'

ချော်. . . နောက်ဆုံးအချိန်ကို ရောက်ခဲ့မှကိုး. . .

သင်းအောင်၊ ကိုမိုးသီးနှင့် ဆွေမျိုးတစ်သိုက်တို့ ဆေးရုံသို့ တိတ်ဆိတ်စွာ ထွက်လာခဲ့ကြသည်။

ယိမ်းထိုး ယိမ်းထိုးနှင့် ရှေ့က သွားနေသော ကိုမိုးသီး၏ အကျီဖြူဖြူကို ကြယ်ရောင် ပျပျတွင် မြင်နေရသည်။ မြေနီလမ်းထဲမှ ခုံးထ နေသော ဂဝံကျောက်တုံးများကို ခြေဦးဖြင့် ထိုးမိ၏။ သင်ေးအာင် လည်း ယိမ်းထိုး၊ ယိမ်းထိုး ဖြစ်သွားသည်။

ဥရင်ကောက် ထနောင်းပင်ကြီးအနီးသို့ ရောက်သောအခါတွင် အနောက်ဘက်တဲစုများမှ ပျံသန်းလာသော ညဥ့်ငှက် တစ်ကောင်၏ အမည်းရိပ်ကို မြင်ရ၏။ ညဥ့်ငှက်သည် သင်းအောင်တို့ လူစု၏ ခေါင်းပေါ်တည့်တည့် အရောက်တွင် အသံစူးစူး တစ်ချက်ကို ညှစ်ထုတ်လိုက်၏။

လင်ကောင်ပိုးငှက် တစ်ကောင် ပါလား။

လင်ကောင် ပိုးငှက်၏ စူးရှသော အသံသည် သင်းအောင်တို့၏ ညှိုးငယ်သော နှလုံးသားများကို နက်ရှိုင်းစွာ ကုတ်ခြစ်သွား၏။ နာကျည်းထိတ်လန့်သော မျက်လုံးများဖြင့် မော့ကြည့်ဆဲတွင် လင်ကောင်ပိုးငှက်သည် အရှေ့ဘက် မန်ကျည်းပင်အုပ် အကြားသို့ ပျံဝဲပျောက်ကွယ် သွားလေသည်။

မမွာရုံအနီးသို့ ရောက်သောအခါ၌ လင်ကောင်ပိုးငှက်သည်





အရှေ့ဘက် မှောင်ရိပ်ထဲမှ ထွက်ပေါ် လာပြန်သည်။

'ဂစ်. . . ဂစ်. . . ဂစ်. . . ဂီး'

ညဥ့်ငှက်သည် သူ၏ချွန်မြသော အသံကို ဆင့်၍ ဆင့်၍ ညှစ် ထုတ် လိုက်ပြန်၏။ လူအုပ်ထဲမှ နာကျည်းမှုကို မထိန်းချုပ်နိုင်တော့ သောသူတစ်ဦး၏ ညည်းတွားသံ သဲ့သဲ့ပေါ် ထွက်လာ၏။

ထို့နောက်တွင်ကား ညဥ့်ငှက်သည် ပို၍ အတင့်ရဲလာ၏။ သင်းအောင်တို့ လူစုရှေ့မှ ဝဲလုံးထိုး ပျံသန်းရင်း သူ၏ အသံစူးစူးကို တရစပ်သွန်ကြပစ်ခတ်သွားတော့၏။

ဆေးရုံအတွင်းသို့ လှမ်းဝင်ခဲ့ကြ၏။ ကိုအေးလူ၏ ရှည်မျော မျော အလောင်းသည် ဆေးရုံခုတင်ထက်တွင် မထသော လျောင်းခြင်းဖြင့် လဲလျောင်းလျက် ရှိလေပြီ။ သူ့မျက်လုံးများသည် မှိတ်လျက်ရှိ၏။ နဖူးပေါ်၌ ဆံပင်ခွေများ ဝဲကျနေသော သူ့မျက်နှာကား တည်ငြိမ်သော ဣန္ဒြေကိုဆောင်လျက် ရှိလေသည်။

မမြမေ၏ ကျိတ်၍ ရှိုက်သံ၊ ကလေးများ၏ ငိုသံ၊ ကလေးများကို ဖျောင်းဖျချော့မော့နေသော ဆွေမျိုးများ၏ အသံတို့သည် အလောင်းအနီး၌ တိုးဝှေ့ရောယှက်နေကြ၏

ကိုအေးလူ၏ အလောင်းကို ယူပြီး ရွာသို့ ပြန်လာကြ၏။ မမွာရုံ အနီးသို့အရောက်တွင် လင်ကောင်ပိုးငှက်သည် မှောင်ရိပ်ထဲမှ ပျံထွက်လာခဲ့ပြန်၏။ သင်းအောင်တို့လူစု၏ ခေါင်းပေါ်မှ ဖြတ် ကျော် ပျံသန်းရင်း ထိတ်လန့်ကြောက်ခွဲဖွယ် အသံစူးစူးကို အော်မြည်သွားခဲ့ ပြန်သည်။

ဥရင်ကောက် ထနောင်းပင်ကြီး အနီးသို့ ရောက်သောအခါတွင် လင်ကောင်ပိုးငှက်သည် သင်းအောင်တို့၏ ဆံပင်များကို ထိုးဆိတ်တော့မည့်နှယ် နိမ့်စွာ ပျံသန်းလျက် ဆူညံသော အသံကို

မြမြန်၏။

ကိုအေးလူ၏ ကလေးများနှင့် သည်းခံနိုင်စွမ်း မရှိတော့သော လူကြီး အချို့တို့သည် လင်ကောင်ပိုးငှက်ကို ဆဲရေးကြ၏။

'ဟဲ့. . . လင်ကောင်ပိုးရဲ့ နင်သာ သေမှာဟဲ့'

'မိုက်ရိုင်းလှချည်လားဟဲ့ ငှက်ဆိုးရဲ့'

လင်ကောင်ပိုးငှက်သည် အိမ်သို့ရောက်သည်အထိ လမ်းတစ်လျှောက်လုံး သင်းအောင်တို့ လူစုကို နှောင့်ယှက်နေခဲ့လေသည်။

(၄)

ကိုမိုးသီးသည် လက်ဆွဲ ခါတ်မီးကို လေထိုးပြီး ဝါးလုံးတန်းတွင် ပြန်ချိတ်ထားလိုက်၏။

ကနားဖျင်းရှေ့မှ အေးခုတင်တစ်ချပ်ပေါ်တွင် တလားကို တင်ထား။ တလားထက်တွင်ကား ပန်းစက္ကူကြိုးများသည် ခန်းဆီးစများသဖွယ် လွင့်ဝဲလျက် ရှိကြ၏။ ကနားဖျင်းထဲရှိ သုံးပွဲဝိုင်းတစ်ဝိုင်းမှ ဖဲမွှေသံ တချောက်ချောက်ကို မှန်မှန် ကြားနေရ၏။

သင်းအောင်သည် အသုဘရှုလာသူများကို ဧည့်ခံစကားပြောလျက်ရှိ၏။ ဧည့်သည် အများစုမှာ သင်းအောင်၏ ဒယ်သူငယ်ချင်းများကြသည်။ စကားဝိုင်းသည် သေသူ၏ အကြောင်းကိုသာ လွမ်းဆွတ်ဖွယ် ဦးတည်ပြောဆိုလျက် ရှိရာမှ တဖြည်းဖြည်း အကြောင်းအရာများ ပြန့်ကြဲ ဖွာထွက် လာခဲ့၏။

'မနေ့က လင်ကောင်ပိုး ကတော့ တော်တော်ကို ဆိုးတယ်ဆို'

သူငယ်ချင်း တစ်ယောက်က မေး၏။

'အေးကွာ. . . တော်တော်ဆိုးတဲ့ ငှက်ပဲ၊ အသွားရော အပြန်ရောကို လိုက်ထိုးနေတာ၊ တော်တော် ခံပြင်းဖို့ ကောင်းတယ်'





သင်းအောင်က ပြန်ဖြေသည်။

'လင်ကောင်ပိုးငှက် အော်ရင် လူသေတတ်တယ်တို့၊ နိမိတ်မကောင်းဘူးတို့ ဆိုတာတွေကိုတော့ မင်း မယုံပါဘူးနော် သင်းအောင်'

ပန်းပဲဆရာက မေး၏။

'ဘယ်ယုံပါ့မလဲဟ၊ သင်းအောင်လို မြို့ကျောင်းနေဖူးတဲ့လူ မပြောနဲ့၊ ငါတောင် မယုံဘူး'

ဆံပင်ဖြူဖြူနှင့် ထန်းတက်သမားက ဝင်ပြောသည်။

'ခုခေတ်က သိပ္ပံခေတ်ကွယ့်'

ကုဘိုတာ ရေစုပ်စက် ပိုင်ရှင်က ပြော၏။

'ဘယ်ကလာ. . . စတားဝါး ခေတ်ပါဗျ'

ဆိုင်စာရေးလေးက ထောက်သည်။

ထို့နောက် ခွန်းတုံ့ လှယ်သံများ ဆက်လက်ဆူညံလျက် ရှိ၏။ သင်းအောင် ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်သည်။ အားလုံး ငြိမ်သွားမှ သင်းအောင်က ပြော၏။

'ကျွန်တော် အယူမသည်း တတ်ပါဘူး၊ ကျွန်တော်တို့ကို ကိုမိုးသီးက အိမ်မှာလာပြီးနိုးတော့ ကိုအေးလူက ဆေးရုံမှာ ဆုံးပြီးနေပါပြီ။ လင်ကောင်ပိုးက ကျွန်တော်တို့ ဆေးရုံကို အသွားလမ်းရောက်မှ လိုက်ထိုးတာပါ။ ဒီတော့ လင်ကောင်ပိုးမြည်တာနဲ့ ကိုအေး လူ ဆုံးတာနဲ့ ဘာမှ မပတ်သက်ပါဘူး။ ပြီးတော့ ကိုအေးလူရဲ့ ရောဂါကလဲ' နိမိတ်ကောက်နေရတဲ့ ရောဂါမျိုးမှ မဟုတ်တာဗျာ၊ ဧဖြစ်ကတည်းက သေမင်းတံဆိပ် ခတ်ထားတဲ့ ရောဂါမျိုးပါ'

ရွာလယ် လမ်းကြားထဲတွင် ဖြတ်မောင်းသွားသော နွားလှည်း

တစ်စီးမှ ဝင်ရိုးအိသံကို ကြားရ၏။

'ဒါပေမယ့်ဗျာ. . . အားလုံးစိတ်ဒုက္ခရောက်နေကြတဲ့ အချိန်မျိုးမှာ သူက ဒီလောက် သဲကြီးမဲကြီး လိုက်ထိုးနေတော့ ဒေါသဖြစ်တာပေါ့၊ ကိုအေးလူရဲ့ကလေးတွေ စိတ်ဆင်းရဲမှာလဲ စိုးတယ်လေ'

'ဟုတ်တယ်ကွာ၊ အဲဒီညက ကလေးတွေကို သိပ်သနားဖို့ကောင်းတယ်'

ကိုမိုးသီးက နီမြန်းသော မျက်နှာဖြင့် ဝင်ပြော၏။

'နေနှင့်ဦးပေါ့ကွာ၊ ဒီငှက်ဆိုးတော့ အစာသာ ဝဝစားထားပေတော့၊ နက်ဖြန် အသုဘ ကိစ္စပြီးမှ လိုက်ရှာပြီးကို သတ်ပစ်မယ်'

ကိုမိုးသီး၏ အသံသည် ကျယ်လောင်စွာ ဟိန်းထွက် လာခဲ့၏။ ကိုမိုးသီး၏ စကားကို ကြားလိုက်သဖြင့် မကြည်မွေး တစ်ယောက် မိန်းမဝိုင်းမှ သင်းအောင်တို့ ဝိုင်းသို့ ကူးလာသည်။

'လင်ကောင်ပိုးလေးအကြောင်း ပြောနေကြတာလား'

မကြည်မွေးက မေး၏။ မည်သူမျှ မဖြေမပေးကြ။

'အဲဒီ လင်ကောင်ပိုင်းလေးက အနောက် မူးရိုး ဖျောက်ဆိတ်ပင်ကြီးမှာ နေတာ'

ကိုမိုးသီး၏ မျက်လုံးများ ဝင်းဝင်းတောက်လာကြ၏။

'မကြည်မွေး ကျုပ်ကို အဲဒီ အပင်လိုက်ပြ စမ်းဗျာ၊ ကျုပ်ပစ်သတ်မယ်။ တောက် အတော် မိုက်ရိုင်းတဲ့ ငှက်'

'မလုပ်ပါနဲ့ ကိုမိုးသီးရယ်. . .၊ လင်ကောင်ပိုးလေးက သနားစရာပါ'

မကြည်မွေးသည် ပြောင်းဖူးဖတ်ဆေးလိပ်တိုမှ ပြာများကို မှုတ်ခြွေပစ်လိုက်၏။

'လကွယ်နေ့ ညတုန်းကပေါ့။ ကင်းသမားတွေက လင်ကောင်






ပိုးလေးရဲ့ အသိုက်ကို ဖျက်ပြီး ငှက်မကြီး ကိုရော၊ ငှက်ကလေးတွေကိုပါ သတ်တော့ပစ်လိုက်ကြတယ်။ ဒါကြောင့် သူ့ခမျာ ဆောက်တည်ရာမရ ဖြစ်ပြီး လူရိပ်မြင်တိုင်း လိုက်ထိုးနေရှာတာပါ၊ သူ့အဖြစ်က သနားစရာပါဟယ်'

အားလုံး ငြိမ်သက်သွားကြ၏။

လေတစ်ချက် သုတ်လိုက်သဖြင့် တလားထက်မှ ပန်းစက္ကူစများ တဖျပ်ဖျပ် လှုပ်ရှားသွားကြသည်။ အိမ်ခေါင်းရင်း ထန်းပင်ကြီးမှ ရွက်ခြောက် ယမ်းသံကို ဆူညံစွာ ကြားရ၏။ လမ်းကြောင်းမဲ့စွာ ဝိုင်းအုံပျံသန်းလျက်ရှိသော ပိုးစပ်ကောင်များကြောင့် လက်ဆွဲ မီးတိမ်းသည် ဝိုင်းဝင်နေသော ချားတစ်ခုကဲ့သို့ ချာချာလည်နေသယောင်တင်ရ၏။

အဝေး လယ်တော တစ်နေရာတွင်ကား ပိန်းပိတ်အောင် မှောင်လျက် ရှိလေသည်။

[ မိုးဝေ၊ မတ်လ၊ ၁၉၈၇ ]



# သမြေနုရောင်အကျီနှင့်လူ

## (၁)

ဖယောင်းသားလိုဖြူလွသော ကျောက်သားလှေကားထစ်များကို နင်း၍ တက်လာခဲ့၏။ ကနုတ်နွယ်ဝန်းယှက်ရာ တံခါးဝတွင် ခေတ္တတန့် ရပ် သည်။ အတွင်း ဘက်သို့ လှမ်းမျှော် ကြည့်လိုက်၏။ ပန်းပုရုပ်လုံးတွေ စိုက်ထားသလို မလှုပ်မယှက် ရပ်နေကြသော လူစုကို မြင်ရ၏။ ဖိတ်လက် ပြိုးပြက်သော ပိုးဖဲရောင်စုံတွေ ဝတ်ဆင်ထားကြသည့် ထိုလူစုကို သူငေးစိုက် ကြည့်နေမိသည်။

အတွင်းဘက်မှ လူစုကလည်း သူ့ကို ပြန်လည်ငေးစိုက် ကြည့်နေကြ၏။ မြေနီမှုန့်များ ပျစ်ခဲနေသော သူ့ဆံပင်သည် သံချေးရောင်လွှမ်းလျက် ရှိ၏။ ချွေးစေးနှင့် မြေနီမှုန့်များ ပေကျံနေသော



U WIN KYI



သူ့မျက်နှာသည် နွမ်းနယ်လျက်ရှိ၏။ သူသည် ပင်နီရှပ်လက်ရှည် ဖားဖားကြီးကို ဝတ်ထားပြီး နှစ်နံစပ်ချည်ကြမ်းပုဆိုးကို ဒူးဆစ်ဖုံးရုံ ဆီးထား၏။ ခြေထောက်တွင်မူ တာယာ ဖိနပ်တစ်ရန်ကို စီးထားလေသည်။ လက်တစ်ဖက်တွင် အက်ကြောင်း များပေါ်နေသည့် တယောသေတ္တာကို ဆွဲထားပြီး၊ ကျန်တစ်ဘက်တွင် အကြေးလန်နေသော သားရေသေတ္တာကိုဆွဲထားသည့် သူ့အသွင်မှာ ထိုလူစုအဖို့ ငေးစိုက်ကြည့်နေမိလောက်အောင် အမြင်ဆန်းလျက်ရှိလေသည်။

အတန်ကြာငြိမ်သက်နေကြပြီးနောက် လူစုထဲမှ အရပ်မြင့်မြင့်လူသည် ဦးစွာလျှပ်ရှားလာခဲ့၏။ အရပ်မြင့်မြင့်လူသည် ခေတ်ဟောင်း ရုပ်ရှင်မင်းသားကြီးတစ်ဦးကဲ့သို့ ဆံပင်ကို နောက်လှန်ဖြီးထား၏။ အသားမှာ ဖြူလွန်းရကား မျက်နှာ၏ အချို့နေရာများတွင် ပန်းနုရောင်သန်းလျက် ရှိ၏။ ထူထဲသော မျက်ခုံးနှစ်ခုအကြားမှ နီညိုရောင် မှဲ့ကြီးတစ်လုံးသည် သူ၏ ခန့်ညားသော ဥပဓိရုပ်ကို ပိုမိုထည်ဝါသွားအောင် ဖြည့်စွက်ပေးလျက်ရှိ၏။ သူသည် နု့သာရောင် တိုက်ပုံအကျီနှင့် ပုစွန်ဆီရောင် အကွက်များပါသော ပိုးပုဆိုးတို့ကို သေသပ်စွာ ဝတ်ဆင်ထားလေသည်။

'လေဆိပ်ကိုရော. . . ဘူတာကိုပါ ကျွန်တော်တို့ ကားကြို တွေလွှတ်ထားပါတယ်ခင်ဗျာ. . လူကြီးမင်းနဲ့ဘယ်လိုများ လွဲသွားပါလိမ့်'

အရပ်မြင့်မြင့်လူက ပြောသည်။

'ကျုပ်က ကုန်ကားကြီးတစ်စင်းနဲ့လိုက်လာတာဗျ'

လှေကားထိပ်တွင် ရပ်နေသူက ပြန်ပြောသည်။

'ကျွန်တော်တို့ ချွတ်ယွင်းမှုပါပဲ ခင်ဗျာ'

အရပ်မြင့်မြင့်လူက တောင်းပန်လိုက်၏။ ထို့နောက်တစ်

ဆက်တည်း . . .

'မောင်စုရေ. . . လူကြီးမင်းလက်ထဲက ပစ္စည်းတွေကို ယူပါဦးကွာ' ဟုပြော၏။ လူစုထဲမှ အရပ်ပုပုလူတစ်ယောက်သည် ခြေတစ်ဖက် ထော့နင်းထော့နင်းနှင့် လျှောက်လာပြီး လှေကားထိပ်တွင် ရပ်နေသူ၏ လက်ထဲမှ ပစ္စည်းများကို ယူသည်။

'လူကြီးမင်း အဆာပြေသုံးဆောင်ဖို့အတွက် အဆင်သင့် ပြင်ဆင်ထားပါတယ် ခင်ဗျာ'

အရပ်မြင့်မြင့်လူက ပြော၏။

'လောလောဆယ်တော့ ကျုပ်ရေပဲချိုးချင်တယ်ဗျာ'

လှေကားထိပ်တွင် ရပ်နေသူက ပြန်ပြော၏

'ကောင်းပါပြီခင်ဗျာ. . . ရေချိုးခန်းကိုကြွပါ'

ရေချိုးခန်းထဲသို့ သူရောက်သွားသည်။ နံရံမှ ခလုတ်ကို လက်ဝဲဘက်သို့ လှည့်လိုက်၏။ ပူနွေးသော ရေများ စီးဆင်း လာသည်။ ခလုတ်ကို လက်ယာဘက်သို့ လှည့်လိုက်၏။ အေးမြသော ရေများ စီးဆင်းလာခဲ့၏ သူသည်ရေပန်းအောက်သို့ ဝင်၍ရေကို တစ်ဝကြီးချိုးပစ်လိုက်၏ အေးမြသော ရေစက်ရေပေါက်များသည် သူ၏ နွမ်းနယ်သော ကိုယ်ခန္ဓာကို ပြန်လည် လန်းဆန်းလာအောင် နှိပ်နယ် ပေးနေသကဲ့သို့ရှိ၏။

ကြိုးတန်းပေါ်မှ မျက်နှာသုတ်ပဝါကို သူဆွဲယူလိုက်၏။ မျက်နှာသုတ် ပဝါသည် ရေမွှေးနံ့ သင်းပျံ့လျက် ရှိသည်။မျက်နှာသုတ်ပုဝါတွင် သူ၏အမည် စာလုံးများ ရက်ဖော်ထားသည်ကို တွေ့ရ၏။

'တော်တော် စေ့စပ်တဲ့လူတွေပဲ' ဟုတွေးရင်း သူပြုံးလိုက်သည်။





မှန်တင်ခုံရှေ့တွင် သူရပ်လိုက်၏။

ဆီမွှေးအနည်းငယ်ထည့်၍ ဆံပင်ကို ကြော့နေအောင် ဖြီးသည်။

'ဗီရိုထဲမှာ လူကြီးမင်းအတွက် ဝတ်စုံတွေ အဆင်သင့် ရှိပါတယ် ခင်ဗျာ'

ခြေထော့နင်းနှင့်လူကပြော၏။ ဗီရိုတံခါးကို သူဖွင့်လိုက်သည်။ ဗီရိုအကန့်တိုင်းတွင် တောက်ပသော ရောင်စုံအဝတ်အထည်များနှင့် ပြည့်လျက်ရှိ၏။ ကော်လာပြတ်၊ ရှန်သား ရှပ်ဖြူတစ်ထည်ကို သူရွေးချယ်ဝတ်ဆင်သည်။ မီးခိုးရောင် တက်ထရက် တိုက်ပုံအင်္ကျီကို အပေါ်မှ ထပ်လိုက်၏။ အဝါရောင်လွင်သော ရခိုင်လုံချည် တစ်ထည်ကို ဆီးသည်။ ဖိနပ်စင်ပေါ်ရှိ ကတ္တီပါခင်း ဖိနပ်များထဲမှ ရွှေအိုရောင် ဖိနပ်တစ်ရန်ကို စီးလိုက်၏။

ထို့နောက် ဧည့်ခန်းထဲသို့ သူလှမ်းဝင်သည်။

သူဝင်လာသည်နှင့် ဧည့်ခန်းထဲတွင် ထိုင်နေသူအားလုံးသည် တစ်ပြိုင်နက်တည်း မတ်တတ်ရပ်လိုက်ကြ၏။

'ထိုင်ကြပါ. . . ထိုင်ကြပါ'

ခံ့ထည်စွာ ပေါ်ထွက်လာသော သူ့အသံကို သူကိုယ်တိုင် အံ့ဩသွားမိ၏။ ဤသို့ စရွေးကိုက် ပြောဆိုလိုက်နိုင်ခြင်းအတွက်လည်း သူ့ကိုယ်သူ ကျေနပ်သွားသည်။

အားလုံး ရပ်မြဲ ရပ်နေကြ၏။ ရောက်လာစတုန်းက အသွင်နှင့်နှိုင်းယှဉ်ကြည့်ပါက လုံးဝပြောင်းလဲသွားပြီး မယုံကြည်နိုင်လောက်အောင် ခံ့ညားသားနားလျက်ရှိသော သူ့တစ်ကိုယ်လုံးကို အံ့ဩ ငေးမောနေကြသည်။

သူသည် စားပွဲထိပ်ရှိ ဆိုဖာလွတ်ဆီသို့ တစ်လှမ်းချင်း

လျှောက်လှမ်းသွားပြီး ညင်သာစွာ ထိုင်လိုက်၏။ သည်တော့မှ အားလုံး ကိုယ့်နေရာတွင် ကိုယ်ပြန်ထိုင်ကြသည်။ သူသည် စားပွဲပေါ်ရှိ ယွန်းလင်ပန်းထဲမှ ဖန်ခွက်ရှည်ကြီး လှမ်းယူလိုက်ပြီး နှုတ်ခမ်းဖြင့် တေ့လျက် နို့တစ်ကျိုက်ကို စုပ်ယူသည်။ ထို့နောက် ဖန်ခွက်ကို အသာအယာ ပြန်ထား၏။ ရွှေနားရေး ပန်းကန်ထဲမှ လက်သုတ် ပဝါကို အခေါက်မပျက်ယူလိုက်ပြီး နှုတ်ခမ်းပေါ်တွင် ခပ်ရွရွ ဖိလိုက် ၏။ ပြီးမှ. . .

'မနက်တုန်းကတော့ ခရီးပန်းလွန်းလို့ ခေါင်းထဲမှာ ဒီလိုဒီလို ဖြစ်နေတယ်'

သူက လက်ညှိုးကိုဟန်ပါပါထောင်လျက် ဝှေ့ယမ်း ပြလိုက်ရင်း ပြော၏။ ရယ်သံများ သဲသဲလှုပ်မှ ပေါ်ထွက်လာသည်။ စကားစပြတ်သွားပြန်၏။ စကားဆက်ပြောရန်အတွက် သူအကြောင်းအရာ ရွေးချယ်နေ၏။ ညှဲခန်းထောင့်မှ ပန်းအိုး တစ်လုံးကို သူမြင်သည်။ ဖြာထွက်နေသော ပန်းခက်ပန်းနွယ်များက ညှဲခန်းထောင့်မှ ကျယ်ပြန့်သော ဟင်းလင်းပြင်ကို လစ်ဟာမနေအောင် ပန်းချီ ဆန်ဆန် ဖြေပေးထားပုံကို သူသဘောကျမိ၏။ ဒီပန်းအိုးလေးသာ မရှိရင် အတော်အကျည်းတန်မှာပဲဟု သူတွေးမိသည်။

'ဟိုပန်းအိုးလေးသာ မရှိရင်'

အသက် ပြင်းပြင်း တစ်ချက်ရှုလိုက်ရင်း စကားကို ခေတ္တ ရပ်ထားလိုက်၏။

'ဟုတ်ကဲ့. . . ကျွန်တော်တို့ ဖယ်ရှားပေးပါ့မယ် ခင်ဗျာ'

အရပ်မြင့်မြင့်လူက ပြောသည်။ နောင်တွင်တော့ သူသည် စကားပြောရာ၌ ဝါကျဆုံးသည့်တိုင် တစ်ဆက်တည်းပြောရမည့် အပြင် လျင်မြန်စွာပြောရန်လည်း လိုအပ်လိမ့်မည်ဟု တွေးမိ၏။





'ကျွန်တော့်နာမည် မောင်ခန့်ပါ၊ လူကြီးမင်းကို အနီးကပ်ဆုံး ကူညီ ဆောင်ရွက်ပေးမယ့်သူဖြစ်ပါတယ်'

အရပ်မြင့်မြင့် လူကပြော၏။

'ဒီနေ့တော့ လူကြီးမင်းလည်း ခရီးပန်းလာတဲ့အတွက် အေးအေးဆေးဆေး အနားယူချင်ပါလိမ့်မယ်။ လုပ်ငန်းကိုတော့ မနက်ဖြန်မှပဲ ကျွန်တော်လာပြီးတင်ပြပါ့မယ်'

သူက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မျက်လုံး တစ်ချက် ဝေ့လိုက်၏။ ညှဲခန်းအဝင်ပေါက်အနီးတွင်ချထားသော သူ့ ပစ္စည်းလေးများ ကိုလှမ်းမြင်ရသည်။

အက်ကြောင်းပေါ်နေသော တယောသေတ္တာလေးနှင့် အကြေလန်နေသော သားရေသေတ္တာလေးတို့သည် ကြက်သွေးရောင် ကြမ်းခင်း ကော်ဇောကြီးပေါ်၌ မှေးမှိန်ညှိုးငယ်လျက် ရှိလေသည်

(၂)

မဟော်ဂနီရောင် စားပွဲနောက်မှ ဆုံလည်ကုလားထိုင်တွင် သူထိုင်လျက်ရှိသည်။ အက်စ်တာ ဘရွတ်မင်ခွံမှ မင်တံတစ်ချောင်းကို သူယူ လိုက်၏။ တေးချင်းတစ်ပုဒ်ကို သူရေးဖွဲ့နေသည်။ နိဂုံးပိုဒ်မှ စာသားအချို့ကို သူစိတ်တိုင်းမကျဖြစ်နေသည်။ ဂန္တဝင် ဆန်လွန်း နေသလားပဲ။ ခေတ်ပြိုင် ရည်စူးချက်များကို အစားထိုး ကြည့်ပြန်တော့လည်း အသံက မာနေသည်။ ခေတ္တ ရပ်နားလိုက်၏။

အရပ်မြင့်မြင့်လူဝင်လာပြီး စားပွဲရှေ့တွင် ရပ်၏။ အဝါရောင် ဖဲကြိုး ပတ်ထားသော စာအုပ်တစ်အုပ်ကို သူ့အားပေးသည်။

'ဒီနေ့ လူကြီးမင်းနဲ့ တွေ့ဖို့စောင့်နေကြတဲ့ လူစာရင်းပါ ခင်ဗျာ'

သူစာအုပ်ကို ဖွင့်လိုက်၏။

'များလှချည်လား'

သူက ရေရွတ်လိုက်သည်။

'ဒါက အခြေခံစာရင်းပါ ခင်ဗျာ၊ ဒီထဲက တချို့ကိုရက်ချိန်း ပေးပြီး တချို့ကို မတွေ့နိုင်ကြောင်း ငြင်းပယ်လို့ ရပါတယ်'

လူအမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့အမည် တစ်ခုကို ကြည့်ရင်း သူအံ့အားသင့်သွားမိသည်။ အို. . . အဝေးကြီးက တောင်လာရရှာတာပါလား၊ ဒီကိုရောက်တဲ့အထိ အနည်းဆုံး တစ်ပတ်လောက် ကြာအောင် လာရမယ်နော်'

'အို. . . ကျုပ်အားလုံးကို တွေ့မှာပါ။ သူတို့မှာ ခိုင်လုံတဲ့ အကြောင်း ကိုယ်စီရှိကြမှာပေါ့'

သူက အရပ်မြင့်မြင့် လူကို ပြန်ပြောလိုက်သည်။ ခြေသံ တဒေါက်ဒေါက် ကြားရ၏။ ခြေထောနင်းနှင့်လူ အခန်းထဲသို့ ဝင်လာသည်။ စားပွဲရှေ့တွင် ခြေစုံရပ်လျက် ရှိသေစွာ ပြော၏။

'သူမလာနိုင်ဘူးလို့ ပြောပါတယ်ခင်ဗျာ'

သူအံ့အားသင့်သွား၏။

'သေချာတွေ့ခဲ့ရဲ့လား၊ ကျုပ်အခေါ်ခိုင်းတဲ့သူကော ဟုတ်ရဲ့ လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ လူကြီးမင်းပြောတဲ့. . . သူအမြဲ ဝတ်ဆင် တတ်တယ်ဆိုတဲ့ အင်္ကျီကိုပဲ ဝတ်ထားပါတယ်. . .'

သပြေနုရောင်အင်္ကျီကို ဆိုလိုကြောင်း သူသိလိုက်၏။ သူ အနည်းငယ် တွေငိုင်သွား၏။

'ကောင်းပြီလေ. . . နောက်ရက်မှ ထပ်ကြိုးစားကြည့်သေး တာပေါ့'





အရပ်မြင့်မြင့်လူသည် သူတို့နှစ်ဦးလုံးကို နားမလည်နိုင်စွာ ငေးစိုက် ကြည့်လျက်ရှိလေသည်။

(၄)

လေးအေးစက်မှ မြည်သံသဲ့သဲ့သည် သူ၏နားစည်များ သို့ညင်သာစွာ ရိုက်ခတ်လျက်ရှိ၏။ အဝါရောင်ဖဲကြိုးပတ်စာအုပ် ကို သူဖွင့်ကြည့်သည်။ ယနေ့ တွေ့လိုသူများ၏ အမည်စာရင်း သည် စာမျက်နှာများစွာတို့ကို ဖြတ်သန်းစီးဆင်းလျက် ရှိလေ သည်။

အရပ်မြင့်မြင့်လူက စာရွက်တစ်ထပ်ကို စားပွဲပေါ်သို့ တင်ပေး၏။ စာရွက်များကိုသူတစ်ရွက်ချင်း ဖတ်ရှုကြည့်နေသည်။

ခြေသံ တဒေါက်ဒေါက်ကြားရ၏။ ခြေထောနင်းနှင့်လူ အခန်း ထဲသို့ဝင်လာသည်။ လက်ထဲတွင် အထုပ်အချို့ကို ပိုက်ထား၏။ စားပွဲရှေ့တွင် ခြေစုံ ရပ်လျက် ရှိသေစွာ ပြောသည်။

'သူမလားနိုင်ဘူးလို့ ပြောပါတယ် ခင်ဗျာ'

သူမျက်နှာ ညှိုးနွမ်းသွား၏။

'ဟုတ်ရဲ့လားဗျာ. . . သူကိုယ်တိုင်ပြောလိုက်တာမှ ဟုတ်ရဲ့ လား'

သူက မယုံကြည်နိုင်စွာ မေးသည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ လူကြီးမင်းပြောတဲ့. . . သူအမြဲ ဝတ်ဆင်တတ်တယ်ဆိုတဲ့ အင်္ကျီကိုပဲ သူဝတ်ထားပါတယ်'

သပြေနုရောင်အင်္ကျီကိုဆိုလိုကြောင်း သူသိလိုက်၏။

'ဒီလက်ဆောင်ပစ္စည်းတွေကိုလည်း သူလက်မခံနိုင်ဘူးတဲ့ ခင်ဗျ'

'အို. . .'

သူ့ပါးစပ်မှ ညည်းသံတစ်ချက် ထွက်ပေါ်လာ၏။ အရပ်မြင့်မြင့်လူသည် သူတို့ နှစ်ဦးလုံးကို နားမလည်နိုင်စွာ ငေးစိုက်ကြည့်နေသည်။

'သူမလာနိုင်ရင် ကျုပ်လာတွေ့လည့်မယ်ဆိုတာကော ပြောမပြဘူးလား'

'ဟုတ်ကဲ့. . . ပြောပြပါတယ်၊ လူကြီးမင်းလာတွေ့တာကိုလည်း သူလက်မခံနိုင်ဘူးလို့ ပြောပါတယ် ခင်ဗျာ'

သူ သက်ပြင်း ရှိုက်လိုက်မိသည်။ အရပ်မြင့်မြင့်လူ၏ မျက်နှာတစ်ချက် တင်းမာသွားသည်။ ရုတ်ခြည်းမျက်နှာကို ပြန်ပြင်လိုက်၏။ ပြန်လည် ပျော့ပြောင်း ချိုသာသွားသည်။သို့သော် မျက်လုံးများကားအေးစက်တင်းမာဆဲပင်၊ အရပ်မြင့် မြင့်လူက မေး၏။

'ကျွန်တော်ခေါ်ပေးဖို့များ လိုပါသလားခင်ဗျာ'

အတင်းအကျပ်ပြု၍ ခေါ်မည်မှန်းသူ ရိပ်မိလိုက်သည်။

'မလုပ်နဲ့. . . မလုပ်နဲ့. . . ဒီလူက တစ်မျိုး'

သူက လျင်မြန်စွာ ဟန့်တားလိုက်သည်။ အရပ်မြင့်မြင့် လူက ဆက်လက်မေး၏။

'သူ ဘယ်သူလဲဆိုတာတော့ သိပါရစေခင်ဗျာ'

ကွယ်ဝှက်ခြင်းအားဖြင့် အကျိုးထူးဖွယ်မရှိကြောင်း သူစဉ်းစားမိသည်။ သူက လေးတွဲ့စွာ ဖြေဆိုလိုက်၏။

"အညတရ စောင်းသမားတစ်ယောက်ပါ'

(၄)

စားပွဲပေါ်တွင် ဖွင့်ဖောက်ထားသော စာအိတ်များ ပြန့်ကျဲ





လျက်ရှိ၏။

ချိုလွင်သော သံစဉ်ပင် ဖြစ်လင့်ကစား သံစဉ်တစ်ခုတည်းကိုသာ တစ်သမတ်တည်း ကြားနေရသောအခါ၌ ငြီးစီစီ ဖြစ်လာသည်။ ကျန်စာအိတ်များကို မဖွင့်သေးဘဲထားလိုက်၏။

ကုလားထိုင် နောက်မှီတွင် ခေါင်းတင်၍ ခေတ္တနားနေသည်။ ထို့နောက် အဝါရောင်ဖဲကြိုးပတ်စာအုပ်ကို သူဖွင့်ကြည့်သည်။

'ဒီနေ့ ညနေမှာတော့ ဉယျာဉ်ပွဲတစ်ခုကို လူကြီးမင်း သွားဖို့ ရှိပါတယ် ခင်ဗျာ'

အရပ်မြင့်မြင့်လူကပြော၏။ သူခေါင်းညိတ်ပြလိုက်သည်။

'ဉယျာဉ်ပွဲမှာဝတ်ဖို့အတွက် နဝရတ်လက်စွပ်ပါခင်ဗျာ'

အရပ်မြင့်မြင့်လူ ကမ်းလင့်သော လက်စွပ်ကို သူယူပြီးဝတ်လိုက်၏။ ညာလက်သူကြွယ်၌ တင်းကျပ်နာကျင်သော ဝေဒနာကို ပြင်းပြစွာ ခံစားရသည်။ သို့သော် ဝေဒနာကို ဖြိုးပြက်တောက်ပခြင်းက ဖုံးလွှမ်းသွား၏။

'ဒါက ဉယျာဉ်ပွဲမှာ ထည့်ဖို့အတွက် အလှူငွေပါ'

အရပ်မြင့်မြင့်လူက ကတ္တီပါအိတ်ငယ် တစ်ခုကို ပေး၏။ သူယူပြီး စားပွဲပေါ်တွင်တင်ထားလိုက်သည်။

'ဉယျာဉ်ပွဲမှာ ဖတ်ဖို့အတွက် ဩဘာရတုပိုဒ်စုံပါ ခင်ဗျာ'

အရပ်မြင့်မြင့်လူက ရွှေရောင်ဖိတ်လက်နေသော စက္ကူကတ်ပြား တစ်ချပ်ကို ရိုသေစွာ ပေး၏။ ရွှေစာလုံးများကို သူဖတ်ကြည့်လိုက်၏။

ခုနစ်ခွေလျှောင်၊ ရေနှင့်တောင်ထပ်
ချပ်၍ပတ်သား၊ ရန်ဖြတ်ငါးတန့်
မြင်းမိုရ်ညွန့်ဝယ်၊ ပတ်ဖြန့်ရောင်ရွှန်း

ဝေယံထွန်းသို့၊ ရွှေနန်း ရွှေဘုံ. . .။

(၅)

သန်းခေါင်ယံကျော်စ အချိန်တွင် သူလန့်နိုးလာခဲ့၏။

ရင်တွေ တလှပ်လှပ် ခုန်နေသည်။

လေသည် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိ၏။

လေတိုက်ခတ်သံသည် ညဉ့်၏ ညည်းညူသံသဖွယ် တုန်ယင်လှိုက်လှဲ့လျက် ရှိ၏။ ကျိုးပြိုသံ၊ သစ်ကိုင်းကျိုးကျသံများကို ခြောက်ချားဖွယ် ကြားနေရသည်။ သူအိပ်ရာမှ ထထိုင်လိုက်၏။

တံခါးရိုက်သံတစ်ခုကို အဆက်မပြတ်ကြားနေရသည်။ တံခါးတစ်ချပ်ကို ဘယ်သူပိတ်ရန် မေ့လျော့သွားပါလိမ့်။ ပွင့်နေသော တံခါးရွက်ကို ရှာဖွေပိတ်ရန် အတွက် သူခုတင်ပေါ်မှ ဆင်းလာသည်။သစ်ရွက်ကြွေများ အခန်းထဲသို့ လွင့်မျောဝင် ရောက်လာကြ၏။

ကြမ်းခင်း ကော်ဇောသည် သဲနှင့်ရှပ်ရှပ်ဖြစ်နေသည်။

အလုပ်ခန်းထဲသို့ သူရောက်သွား၏။ ဪ. . . ဒီအခန်းထဲက ပြတင်းတံခါးကိုမှ ပိတ်ဖို့ မေ့ထားခဲ့ကြပါလား။ ပြတင်းတံခါးကို သူသွားပိတ်သည်။ စားပွဲအနီး၌ တစ်စုံတစ်ခုကို ခလုတ်တိုက်မိသည်။ သူငုံ့ကြည့်လိုက်၏။ ကြမ်းခင်းကော်ဇောပေါ်သို့ လွင့်စဉ်ကျရောက်နေသော အဝါရောင် ဖဲကြိုးပတ်စာအုပ်ကို တွေ့ရသည်။ စာအုပ်သည် ဖုန်မှုန့်များဖြင့် ပေကျံညစ်ထေးလျက်ရှိ၏။ အဝါရောင် ဖဲကြိုး ပတ်စာအုပ်ကို သူယုယစွာကောက်ယူပြီး စားပွဲပေါ်တွင် ပြန်တင်ထားလိုက်၏။

ခြောက်ချားဖွယ် ညဉ့်ကန္တာရကို ကျော်လွှားလွန်မြောက်ရန် အတွက် သူ ပြင်းထန်စွာ အားထုတ်နေရ၏။





လွင့်ပါး ပြိုကွဲနေသော စိတ်အစဉ်ကို ခက်ခဲစွာ စုစည်းဆောက်တည်နေရသည်။ လေအေးစက်၏ ဩဇာကို ဆန့်ကျင်လျက် သူ့နဖူး ပြင်ဝယ် ချွေးဥတွေ သီးနေသည်။

နေ့သစ်၏ ရွှေတော်ပြေး နေခြည်နုများ အိပ်ခန်းထဲသို့ ချင်းနင်းဝင်ရောက်လာသည်ကို မျက်ဝါးထင်ထင်မြင်ရမှ သူစိတ်ချစွာပြန်လည် အိပ်ပျော်သွားသည်။

ခြေသံတခေါက်ခေါက် ကြားရသဖြင့် သူမျက်လုံးများကို ဖွင့်ကြည့်လိုက်၏။ ခြေထော့နင်းနှင့်လှ အခန်းထဲသို့ ဝင်လာသည်။

'ညနေငါးနာရီကို နောက်ဆုံးထားပြီး ထွက်ခွာပေးဖို့ ပြောပါတယ် ခင်ဗျာ'

'ဪ. . . ညနေငါးနာရီတဲ့လား။ ဦးခန့်ကော မလာနိုင်တော့ ဘူးလား'

သူကမေးလိုက်သည်။

'ကြိုဆိုရေး ကိစ္စတွေနဲ့ အလုပ်များနေတဲ့အတွက် မလာနိုင်တော့ဘူးလို့ ပြောပါတယ်ခင်ဗျာ'

ခြေထော့နင်းနှင့် လှပြန်ထွက်သွား၏။ တစ်ခဲနက် ဆိတ်ငြိမ်ခြင်းသည်သာ သူ၏ အဖေါ်အဖြစ် ကျန်ရစ်သည်။ နှေးကွေးစွာ စီးဆင်းနေသော အချိန်မြစ်ကို သူသည် ခက်ခဲပင်ပန်းစွာ ကူးခပ်နေရ၏။ လက်ပန်းကျလုဆဲဆဲ၊ တင်းထားသော စိတ်အစဉ် ကျိုးပေါက်လုဆဲဆဲတွင် နာရီမောင်းခေါက်သံ ငါးချက်ကို သူကြားလိုက်ရ၏။

အဆင်သင့်ပါပဲ။ အားလုံးအဆင်သင့်ပါပဲလေ။ သူသည် ပင်နီ ရှပ်လက်ရှည်ဖားဖားကြီးကို ဝတ်ဆင်လိုက်၏။ နှစ်နံစပ်ချည် ကြမ်းပုဆိုးကို ဒူးဆစ်ဖုံးရုံ ဆီးလိုက်၏။ တာယာဖိနပ်ကို စီးလိုက်သောအခါ၌ကား ဆောင်ရွက်ဖွယ် လုပ်ငန်းအားလုံး ပြီးပြည့်စုံ

သွားလေသည်။

လက်တစ်ဘက်တွင် အက်ကြောင်းများပေါ်နေသော တယော သေတ္တာကို ဆွဲပြီး ကျန်တစ်ဖက်တွင် အကြေးလန်နေသော သားရေသေတ္တာကိုဆွဲလျက် အခန်းမှ ထွက်လာခဲ့၏။ ဝဲယာကို စောင်းငဲ့ကြည့်သည်။ ဘယ်သူမှ မရှိကြပါလား။ နောက်ဆုံးတော့ သူတစ်ယောက်တည်းပါပဲလား။

တစ်လှမ်းချင်း လှမ်းထွက်လာခဲ့၏။ ကျောက်သား လှေကားထိပ်တွင် သူခြေတွ တန့်ရပ်သည်။ ခဏလေး နေပါဦး။ နှစ်လများစွာ နေထိုင်ခဲ့ရာ အဆောက်အအုံကို တခါလေးလောက်တော့ ကြည့်ပါရစေဦးကွယ်။ သည် တခါလေးကိုတော့ ခွင့်လွှတ်ကြမှာပါ။ သူနောက်သို့ ပြန်လှည့်လိုက်၏။

ကနုတ်နွယ် ဝန်းယှက်ရာ တံခါးဝကို ဝင်လုဆဲ နေခြည်တွေက လှပစွာ ရိုက်ခတ်လျက်ရှိကြ၏။ ကနုတ်နွယ်ခက်များသည် ပန်းနုရောင် နေခြည်ထဲတွင် လူးလွန့်ပျံတက်နေကြသယောင် ထင်ရ၏။ လှလိုက်တာကွယ်။ သူသည် လက်ထဲမှ ပစ္စည်းများကို ကျောက်သားရင်ပြင်ပေါ်တွင် ခေတ္တချထားလိုက်ပြီး ရှေ့မြင်ကွင်းကို လွမ်းမောတသစွာ ငေးစိုက်ကြည့်နေ မိ၏။ ကနုတ်နွယ်များ၊ ဗိန္ဒုပြောက်များ၊ မှန်ကူကွက်များ၊ ဆင်စွယ် ဝန်းယှက်များ၊ ပုလဲတန်းများ၊ မန်ကျည်းရွက်တန်းများ၊ . . . အပြောက်အ မွှမ်း အားလုံးတို့သည် ဆည်းဆာနေခြည် ဆွတ်ဖျန်းထားသဖြင့် ရိုးရဲ တောက်ပနေကြ၏။

သူ့တစ်ကိုယ်လုံးသည် ကျောက်ရုပ်တစ်ခုသဖွယ် တောင့်တောင့်ကြီး ဖြစ်နေရာမှ ဆတ်ခနဲ တွန့်လှုပ်သွား၏။ သွားတော့မယ်ကွယ်။

သူသည် ကိုယ်ကို ကိုင်းညွှတ်လျက် ဘယ်လက်ဖြင့် တယော





သေတ္တာကို ဆုပ်ကိုင်လိုက်၏။ သားရေသေတ္တာဆီသို့ သူလက်လှမ်းလိုက်သည်။ သူ့လက်ချောင်းများထက် ဦးစွာ ဆုပ်ကိုင်လိုက်သော လက်တစ်ဖက်ကို သားရေသေတ္တာကိုင်းပေါ်တွင် မြင်တွေ့ရ၏။ သွယ်ပျောင်း ရှည်လျားသော ဤလက်ချောင်းများကို သူ့ရင်ထဲက မှတ်မိနေသည်။

'မင်းရောက်လာပြီ ပေါ့နော်'

သူက တိုးညင်းစွာ ရေရွတ်လိုက်၏။


'အေးလေ. . . ဂါလာဖို့အတွက် အချိန်ကျရောက်ခဲ့ ပြီကိုး'

အသံသည် သူ့ကျောဘက်မှ ပေါ်ထွက်လာခဲ့၏။ သူနောက်သို့ လှည့်ကြည့်လိုက်၏။

သပြေနုရောင်ကို မြင်ရသည်။

[မိုးဝေ၊ မေလ၊ ၁၉၉၈ ]

U WIN KYI





# မြတ်သင်းနှစ်ယောက်

## ဝတ္ထုထဲကမြတ်သင်း
## (ပထမမြတ်သင်း)

ပန်းဆိုးတန်း နက်ပ်ကျူးန်ဟိုတယ်ရှေ့သို့ ဂျပန်လုပ် ဆူဘာရူးကားလေးတစ်စင်း ထိုးဆိုက်သည်။ ကားပေါ်မှ မြတ်သင်းနှင့် ဒေါက်တာနှင်းရည်လှိုင်တို့ဆင်းလာကြ၏။

မြတ်သင်းက သောက်လက်စ မာလ်ဘိုရို စီးကရက်ကို နောက်ဆုံးတစ်ချက်ဖွာ ရှိုက်လိုက်ပြီး ပလက်ဖောင်းပေါ်သို့ပစ်ချ၏။ ထို့နောက် ဆာကိုနီဂျက်ဇ် အမျိုးအစား ဂျော့ဂင်းရှူးဖြင့် နင်းချေပစ်လိုက်၏။ သူဖုန်းစားအဘိုးအိုတစ်ဦး မြတ်သင်းအနီးတွင် လာရပ်သည်။ အယ်လီဂေတာ ရှပ်အင်္ကျီအိတ်ထဲတွင် ထောင်လျက်





ထည့်ထားသော ငွေစက္ကူ အသစ်အုပ်ကို ဆွဲထုတ်လိုက်၏။ တစ်ရွက်ကို ပိန်ချိုင့်နေသော ဒန်ခွက်ထဲသို့ ပစ်ထည့်သည်။

ဟိုတယ် လှေကားထစ်များကို ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် နင်းတက်သွားကြ၏။ သီးသန့်ခန်းတွင် ထိုင်မိကြသည်။

သိသာစွာ ညှိုးရော်လွန်းသော မျက်နှာကို နှင်းရည်လှိုင် စူးစိုက်ကြည့်သည်။ မောင်ဒီနေ့ ဘာဖြစ်နေတာလဲဟု မေးမည်ပြင်ခိုက် သက်ပြင်းတစ်ချက် ချသံကို ကြားရ၏။ နှုတ်ခမ်းရွက်ညွှန့်ကို ညှိုးလျှ စေသည်အထိ ပူလောင်သော သက်ပြင်းဟု သိလိုက်သည်။

'နှင်းနဲ့မောင် ရှေ့လထဲမှာ လက်ထပ်ဖို့ စီစဉ်ထားကြတယ်နော်'၊ဘာ့ကြောင့်များ ဒီစကားကို ထပ်ပြောနေတာပါလိမ့် ဟူသော အတွေးဖြင့် နှင်းရည်လှိုင် မျက်ခုံးကို ပင့်ချီသည်။ ဗျူဂယ်လ်ဘိုင်ဂျင်းဘောင်းဘီ အိတ်ထဲမှ စာအိတ်တစ်အိတ် ဆွဲထုတ်သည်ကို မြင်ရ၏။

'နှင်းကို မောင်ဘာမှ လျှို့ဝှက်မထားချင်ဘူးနှင်း. . . ဒီစာကို နှင်း သေချာဖတ်ကြည့်ပါ။ ဖတ်ပြီးတော့မှ နှင်းမောင့်ကို လက်ထပ်နိုင်ဦးမလားဆိုတာကို နှင်းလွတ်လွတ်လပ်လပ် ဆုံးဖြတ်ပါ'

ဆူဝေလာသော စိတ်ကို ထိန်းချုပ်လျက် စာအိတ်ကို လှမ်းယူသည်။ အဝါရောင်စာရွက်ခေါက်ကို စာအိတ်ထဲမှထုတ်ပြီး ဖြန့်လိုက်၏။ မေပယ်လ်ရွက်ခြောက်ကလေးတစ်ခု စားပွဲပေါ်သို့ ကြွေလွင့်ကျသွား၏။ တဆတ်ဆတ် တုန်ခါနေသော စာရွက်ပေါ်သို့ အကြည့် ရွေ့၏။ သိုးဆောင်းအက္ခရာဖြင့် ရေးထားသော စာလုံးလေးများသည် စိုစွတ်သော မျက်လုံးများရှေ့၌ မှုန်တရီ ဝိုးတဝါး . . .။

လူဝစ္စဘတ်ဂ်

၁၉၈၇ ခုနှစ်၊ မတ်လ ၉ ရက်

ချစ်တဲ့ သင်းရေ

ကိုယ်ဒီနေ့ပဲ သင်းနဲ့အတူ ကြည့်ခဲ့တဲ့တော့ပ်ဂန်း ရုပ်ရှင်ကား ကို ထပ်ပြီး ကြည့်မိပြန်တယ်။ ဒီတော့လည်း ရုပ်ရှင်ထဲက မင်းသား တွမ်ခရုစ်လို ဆံပင်တိုတို ညှပ်ထားတတ်တဲ့ သင်းကို သတိရ ပြန်တာ ပေါ့။

နံနက်ခင်းနဲ့ ညနေခင်းတွေမှာ ရွှေရောင်မြူလွှာတွေ မွှေးဖွား လာတတ်တဲ့ ဩတမ်ရာသီရဲ့ နေ့တစ်နေ့ကို ကိုယ် အမှတ်ရနေ မိ တယ်။ ငွေသောင်ယံလမ်းလေး တစ်လျှောက်မှာ သစ်ရွက်အသေ တွေ ပြန့်ကျဲလို့ပေါ့ သင်းရယ်။ ကိုယ့်ဝါသနာအတိုင်း မေပယ်လ် ရွက်ကြွေလေးတွေကို လိုက်ကောက်ပြီး စာအိတ် တစ်လုံးထဲမှာ စုထည့်နေမိတယ်လေ။ ဒီတုန်းမှာ ကိုယ့်လိုပဲ ရွက်ကြွေလေးတွေကို လိုက်ကောက်နေတဲ့ အာရှက ကောင်လေး တစ်ယောက်နဲ့ ကိုယ်ဆုံ မိခဲ့တာပေါ့။ မေပယ်လ်ရွက် လှလှလေးတွေ အပြန်အလှန် လဲလှယ် ကြရင်း သင်းဟာ ဘတ်ကနဲ တက္ကသိုလ်မှာ ပညာသင်နေတဲ့ မြန်မာ ကျောင်းသားတစ်ဦးဆိုတာ ကိုယ်သိခဲ့ရတယ်။ ကိုယ့်အဖို့တော့ ပထမဆုံး ရင်ခုန်ခဲ့ရတဲ့ နေ့တစ်နေ့ပေါ့ သင်းရယ်။

ဘတ်ကနဲ တက္ကသိုလ်နဲ့ သိပ်မဝေးတဲ့ ဘူးလ်စ်ရန်း စား သောက်ဆိုင်ကို နှစ်ယောက်အတူ သွားခဲ့ကြတာကို သင်းမှတ်မိသေး ရဲ့လားကွယ်။

ဒီတုန်းက ပန်းလျှံဖျော့တော့ နေရှာတဲ့ ခရမ်းရောင် ညနေ ဟာ အနောက်တစ်ခိုမှာ အရည်ပျော်ဆင်းနေလေရဲ့။ ဘူးလ်စ်ရန်းမှာ ဆိုင်ရဲ့နာမည်ကြီးဟင်းလျာဖြစ်တဲ့ ချစ်ကင်းဝင့်ဘတ်ဖဲလိုးစ်တိုင်ကို





စားကြတယ်လေ။ ကြက်တောင်ပံလေးတွေကို ကြော်ချက် ချက်ထား တာက တင်းတင်းစပ်စပ်နဲ့မို့ ခံတွင်း တွေ့တယ်လို့ သင်းကပြော တော့ ဒီဟင်းကို မှာကျွေးမိတဲ့အတွက် ကိုယ်ဂုဏ်ယူမိသေးတယ်။

သင်းရေ. . . အွန်တေရီယိုမှာ ရှိတဲ့ နိုင်ယာဂါရာ ရေတံခွန် ကို သွားလည်ကြတဲ့နေ့ကတော့ သင်းနဲ့ကိုယ်တို့အတွက် အထူးခြား ဆုံး နေ့တစ်နေ့ပဲနော်၊ မိန်းမချောလေး တစ်ယောက် ရဲ့ဆံနွယ်တွေ လိုဖြာဆင်းနေတဲ့ ရေမွှာတွေကို ရောင်စုံပဲကြိုး တစ်ခုလို ရစ်ပတ် ထားတဲ့ သက်တံ့ကလည်း အလှကြီးလှလို့ပေါ့။

သင်းက ပြောတယ်လေ။ စင်ဒီဆိုတဲ့ရေမှုန်ပုတီးစေ့လေး တွေက သင်းဆိုတဲ့ နေခြည်မျှင်တွေကို တိုးဝှေ့ဖန်များတော့ ချစ် မေတ္တာသက်တံ့ဟာ ပွင့်လက်လာခဲ့တယ်တဲ့။ ချစ်မေတ္တာ သက်တံ့ တဲ့လား သင်းရယ်။ ဟုတ်ပါတယ်လေ၊ နေရောင်ခြည်တွေဟာ သူတို့ရဲ့ ဇာတိဖြစ်တဲ့ အရှေ့ဒေသကို ပြန်သွားခဲ့ရင် သက်တံ့ဟာ လည်း. . .။ အဲဒီတုန်းက ကိုယ်တို့နှစ်ယောက် ကန်တုံနီ အစား အစာ မှာစားကြတယ်နော်။ အချစ်မူးရီတဲ့မျက်လုံးတွေနဲ့ တစ် ယောက်ကိုတစ်ယောက်ကြည့်လို့။ ခုတော့ ဒီအပြန်အလှန် မျက်လုံး တွေဟာ ပြန်ဆုံဦးမယ်လို့ ဘယ်သူ ခန့်မှန်းနိုင်တော့မလဲကွယ်။

ဝါရှင်တန်မှာတုန်းက အိန္ဒိယဆိုင်တစ်ဆိုင်မှာ သင်း ကြိုက် တယ်ဆိုတဲ့ ပူစပ်ပူလောင် ထမင်းစားခဲ့ကြတာကိုလည်း သတိရ နေမိတယ်။ ဒီဆိုင်က လုံ့ထုရိုပ်သာအဖြစ် ပြောင်းလဲ အသုံးပြု ထားတဲ့ စာတိုက်အိုကြီးထဲမှာရှိတဲ့ ဆိုင်တစ်ဆိုင်လေ။ ဓမ္မတေးတွေ ကို ခေတ်ပေါ်နည်းနဲ့ပြန်ဆိုနေတဲ့ တီးဝိုင်းတစ်ဝိုင်းကလည်း အဲဒီ ခန်းမကြီးထဲမှာ ဖျော်ဖြေနေတယ်။ စင်ရဲ့နောက်ဖေး နေရာဟောင်း များကို အသုံးသစ်ဖြင့် ဆိုတဲ့ စာတန်းရေးထားတယ်။ ဒီစာတန်းကို

သင်းက နှစ်သက်တယ်လို့ပြောတော့ ကိုယ်ပျော်လိုက်တာလေ။ အတွေးအမြင် လေးနက်တဲ့သင်းဟာ မေတ္တာတရားအပေါ်မှာလည်း လေးနက်တဲ့ သဘောထား ရှိလိမ့်မယ်ဆိုတဲ့ မျှော်လင့်ခြင်းနဲ့ရယ် ပေါ့ကွယ်။

ဘာလ်တီမိုးမြို့ကလေးက အင်နားဟာဘာကိုရော သတိရ သေးရဲ့လား သင်းရယ်။ ငါးပြတိုက်နားက ဆိုင်တစ်ဆိုင်ရဲ့ အပေါ်ထပ်မှာပေါ့။ တက်ကဆပ် အစားအစာမှာပြီး စားခဲ့ကြတာလေ။ ပြောင်းဖူးပြုတ်ကို ထောပတ်လေး သုတ်လိုက်၊ ပူနွေးနေတဲ့ အမဲန်ကင်ကို ဆော်စ်သုတ်လိုက်နဲ့ ကျေးလက်ဆန်ဆန် စားကြတဲ့ နေရာလေ။ နွားထိန်းတွေရဲ့ ဓလေ့အတိုင်း ဟင်းလျာတွေကို လက်နဲ့ကိုင်ပြီး အားပါးတရ စားကြတယ်။

ဟင်းစပေကျံနေတဲ့ လက်ချောင်းတွေကိုပါ ပါးစပ်နဲ့ တပြွတ်ပြွတ်စုပ် တဲ့သူစုပ်နဲ့ ပျော်စရာကြီးပေါ့။ သင်းဟာ သင်းတို့ နိုင်ငံရဲ့ ခေတ်သစ်တော်ဝင်မိသားစုက မွေးဖွားလာသူဆိုတာ သိနေတဲ့ ကိုယ်အဖို့တော့ သင်းတစ်ယောက် ကျေးလက်ဆန်တဲ့ ဒီဝန်းကျင်မှာ အနေရကျပ်များနေမလားလို့ စိုးရိမ်မိသေးတယ်။ ဒါပေမဲ့ သင်းက ကိုယ်တို့လိုပဲ အလိုက်သင့် ခပ်ကြမ်းကြမ်း စားပြနေတာ တွေ့တော့မှ ကိုယ်စိတ်အေးသွားတယ်။ ဒီတော့လည်း နောက်စိုးရိမ်မှုလှိုင်းတစ်လုံးက ကိုယ့်နှလုံးသားကို လာဆောင့်ပြန်တယ် သင်းရေ။ ဟန်ဆောင်တတ်တဲ့သင်းဟာ ကိုယ့်ကိုလည်း ဒီလိုပဲ အလိုက်သင့် ဟန်ဆောင် ချစ်နေတာများလားရယ်လို့ပေါ့။

ငယ်ရွယ်မှုနဲ့ ပျော်ရွှင်မှုပေါင်းယှက်ပြီးတော့ ပန်းနုရောင် အချိန်တွေကို ပျံကြွနေတဲ့ ခြေလှမ်းတွေနဲ့ လိုက်ဖမ်းနေရတဲ့ ကာလတွေဟာ ကုန်ဆုံးလွယ်လိုက်တာသင်းရယ်။





ကြည်လင်တဲ့ မိုးကြေးမုံကိုကြည့်ရင်း ကမ္ဘာမြေ ကိုယ်တိုင် အလှပြင်နေတဲ့ စပရင်းရာသီတစ်ခုမှာပေါ့ သင်းရယ်။ ကိုယ်တို့ နှစ်ယောက် ပါရီကို ရောက်နေကြတယ်လေ။ ကွန်ကော့ဒ်လာဖေးယက် ဟိုတယ်က အခန်းကျယ်ကြီးထဲမှာ အတူနေခဲ့ရတဲ့ အပျော်နေ့တွေ၊ အချစ်ညတွေကို တမ်းတခြင်းများစွာနဲ့ ကိုယ်ပြန်လည် ရေတွက် နေမိတယ်သင်းရယ်။

တစ်နေ့မှာပေါ့။ ဟိုတယ်ရဲ့ အထူးဟင်းလျာဖြစ်တဲ့ သခွားချိုသီးစိတ်ကလေးတွေပေါ်မှာ ဘေကွန်သုံးလွှာလောက်အုပ် ထားတဲ့ ဟင်းလျာကို မှာစားကြတော့လေ။ သင်းပြောခဲ့တဲ့စကားကို သင်း မှတ်မိသေးရဲ့လား။ သခွားသီးတွေက ချိုပေမဲ့ မြန်မာပြည်က သခွားသီးတွေလောက် ရင်ကိုမအေးစေဘူးတဲ့။ ကိုယ်နားလည်ပါပြီ သင်း ရယ်။

ကိုယ့်ရဲ့ကြင်နာမှုက မင်းရဲ့ရိုင်းပျတဲ့တောင်ပံတွေကို ညှပ်ထား နိုင်လိမ့်လို့ ကိုယ်တွေးထင်ထားခဲ့တာတွေဟာ စိတ်ကူးယဉ်မှု သက်သက်ပါပဲလားကွယ်။

ကိုယ်တို့နှစ်ယောက်ရဲ့အချစ်ဟာ လုဗ်အနုပညာ ပြတိုက်နားက ဆိန်းမြစ်ဘေးမှာ အတူသောက်ခဲ့ရတဲ့ကော်ဖီလို ချိုမြစ်ဆိမ့်အိမ့်လှပေမဲ့ အဲဒီရသရဲ့အောက်မှာ ခါးသက်ခြင်းဟာ ပုန်းလျှိုးနေတယ်ဆိုတာ ကိုယ်အမြဲ ထိတ်လန့်စွာသိနေခဲ့ပါတယ်သင်း ရယ်။

ပျိုရွယ်သူတွေရဲ့ နှစ်လုံးသားတွေထဲက ဘဝကိုဖျက်ထုတ်တတ်တဲ့ ခွဲခွာရခြင်းဟာ ခါးသက်လွန်းလှတဲ့ နောက်ဆုံး ရသပါပဲ သင်းရယ်။

ခုတော့ မွန်းတည့်ချိန် ပျားပိတုန်းလိုညည်းတွားတတ်တဲ့ သင်းရဲ့ စကားသံဝဲဝဲလေးတွေဟာ ဘယ်တော့မှ ပြန်ကျော့လာနိုင်

မှာ မဟုတ်တော့ပါဘူးကွယ်။

တောင်တန်းတွေ၊ လွင်ပြင်တွေပေါ်မှာကျလာတဲ့ နှင်းပွင့်မျက်နှာဖုံး နုနုသစ်သစ်တွေဟာလည်း မေတ္တာဝန်ပိနေတဲ့ကိုယ့်ဝိညာဉ်ကို အေးမြအောင် နှစ်သိမ့်ခြင်းငှာ မစွမ်းနိုင်ကြတော့ပါဘူး သင်း ရယ်။

မင်းရဲ့နောက်ဆုံးအနမ်းတွေနဲ့ ပဲ့တင်ထပ်နေတဲ့. . .

စင်ဒီ

စာရွက်ဝါကလေးများကို နှင်းရည်လှိုင် သေသပ်စွာ ခေါက်သည်။ မေပယ်လ်ရွက်ခြောက်လေးကို စာခေါက်ကြားတွင် ထည့်၏။ ထို့နောက် စာခေါက်လေးကို အိတ်ထဲသို့ယုယစွာ ပြန်ထည့်နေ၏။

မြတ်သင်းက နှင်းရည်လှိုင်၏ လက်ချောင်းအရွေ့ကို တစူးတစိုက် ကြည့်နေသည်။ ရင်ထဲမှသွေးတိုးနှုန်းမြန်နေသည်ကို နှာသီးများမှ လေဖြင့် ထိန်းချုပ်ကြည့်သော်လည်း မအောင်မြင်။ နှင်းဆီသွေးနှုတ်ခမ်းများမှ ပွင့်လွင့်လာမည့် စကားရနံ့ကို ဆုပ်ကိုင်နိုင်ရန် နှင့်ရသောခရီးသည် နှစ်များစွာ ကြာလွန်းစွပ ထင်မိ၏။

'ဘယ်လိုလဲနှင်းရယ်. . . မောင့်ကို ခွင့်လွှတ်နိုင်သေးရဲ့လား။ အရင်တုန်းကလိုရော သဘောထားနိုင်သေးရဲ့လား။ မောင်သိစမ်းပါရစေ'

တောင်းပန်ခြင်း တစ်ဝက် ရောစွက်ထားသော အမေးစကားကိုသူ ဆိုမိ၏။

နှင်းရည်လှိုင်က အသံထွက်အောင်ရယ်လိုက်၏။ အနီရောင်မျဉ်းကွေး နှစ်ခုကြားတွင် ပုလဲတန်း ရွှန်းပြတ်သွား၏။ ဆည်းလည်းသံ လွင့်လွင့်လေးများကို ကြားရသည်။

'ခွင့်လွှတ်ပါတယ် မောင်ရယ်။ ပင်လယ်ပျော် စင်ရော်ငှက်ကို ကုန်းမြေက ခွင့်လွှတ်သလိုပဲ ခွင့်လွှတ်ပါတယ်။ စင်ရော်ငှက်ဟာ အတောင်ညောင်းခိုက်မှာ ကျောက်ဆောင်မှာလည်း နားချင်နားခဲ့မှာပဲ။ စည်းတိမ်မှာလည်း နားချင် နားခဲ့မှာပဲ။ ဒါကို ကုန်းမြေက နားလည်ခွင့်လွှတ်စမြဲပါကွယ်။ မောင်အခုလို ပွင့်လင်းတာကိုပဲ ကျေးဇူးတင်မိပါသေးတယ်'





ကြည်ရွှင်သွားသော မျက်နှာကို နှင်းရည်လှိုင် မြင်ရသည်။

မြတ်သင်းက ခေတ်ပေါ်တီးဝိုင်းတစ်ခုမှ ဝါရင့်ဒရမ်သမားတစ်ဦးဟန်မျိုးဖြင့် ဆင်စွယ်တူလေးနှစ်ချောင်းကို ကောက်ကိုင်လိုက်၏။ ပန်းကန်နှုတ်ခမ်းကို တူဖြင့် တဆတ်ဆတ်တီးခေါက်သည်။ တုန်ခါသံမစဲမီ စားပွဲထိုးတစ်ဦးဝင်လာ၏။

'ဘီယာတစ်လုံးနဲ့ စပတ်ကလင် တစ်လုံးပေးကွာ။ ပြီးတော့ အစုံကြော်တစ်ပွဲ။ ဘဲအကြွပ်ကြော် တစ်ပွဲ။ ပုစွန်ကိုက်လန် တစ်ပွဲ ငှက်သီးစိမ်း အတောင့်လိုက်ထည့်ကြော်နော်။ ငါးရှဉ့် ခြောက်စပ် တစ်ပွဲ။ ကြက်သားသုပ်တစ်ပွဲ။ နို့မလိုင်ကြာဆံကြော်တစ်ပွဲ။ ငါးခေါင်းဟင်းချိုတစ်အိုး. . .'

သူ့အသံတွင် အပျော်လှိုင်းများမြူးခတ်နေသည်။ နှင်းရည်လှိုင် ပြုံးလိုက်၏။ အရက်နုရောင်ပါးပြင်တွင် ပါးချိုင့်လေးများ ဝဲလှည့် သွား၏။

'ကြော်. . . နှင်းမှာလိုက်တဲ့ရေမွှေးလေ။ ဒီယာအမျိုးအစားခပ်ဆန်းဆန်းရနံ့ကို ရွေးဝယ်လာခဲ့တယ်'

သွယ်ပျောင်းသော လက်ချောင်းများထဲသို့ ရေမွှေးပုလင်း ရောက်ရှိသွား၏။

'ရေမွှေးဝယ်ခဲ့ဖို့ နှင်းစာထဲမှာပါလာတော့ မောင်အံ့ဩနေမိတယ်။ နှင်းရေမွှေးဆွတ်လေ့မရှိတာကို မောင်သိထားတာကိုး'

ဆည်းလည်းသံလွင်လွင်လေးများကို ကြားရပြန်သည်။

'နှင်းက ခေါင်းအုံးမှာဆွတ်တာ။ အိပ်မပျော်တဲ့ ညတွေမှာလေ ရေမွှေးဆွတ်ထားတဲ့ခေါင်းအုံးလေးကို မျက်နှာနဲ့အပ်ပြီး အကြာကြီး နေတတ်တဲ့ အကျင့်ရှိတယ်'

မြတ်သင်းက ခပ်ရွှင်ရွှင်ပြောသည်။

'ခေါင်းအုံးလေး ဖြစ်ချင်လိုက်တာကွယ်'

* * *

## ဝတ္ထုရေးတဲ့မြတ်သင်း
## (ဒုတိယမြတ်သင်း)

အခန်းကျဉ်းလေး၏ တစ်ခုတည်းသောပြတင်းပေါက်မှ မျှော်ကြည့်လိုက်လျှင် နံ့နှစ်များဖြင့် နောက်ကျနေသော ငမိုးရိပ်ချောင်းရေပြင်ကို မြင်ရ၏။ ချောင်းစပ်လတာပေါ်တွင်ကား အဝတ်စုတ်များ၊ ရော်ဘာဖြတ်စများ၊ ခနိပျစ်များ၊ ပုပ်ပွနေသော တိရစ္ဆာန်အသေကောင်များ ပြန့်ကျဲလျက်ရှိလေသည်။

ဝမ်းထဲက ကြွတ်ကြွတ်မြည်သံကြားတိုင်း လုပ်လေ့ရှိသော သူ့ဝသီအတိုင်း ဆံပင်များကို ထိုးဖွနေမိ၏။

မြင့်တက်လာသော ဆံသခဲ့ရေးနှုန်းနှင့်အတူ ရှည်လျားလာသော သူ့ဆံပင်များသည် လည်ကုပ်ကိုထောက်လျက်ရှိ၏။ ဆံခြည်ရိုင်းများအုပ်ဆိုင်းရာ သူ့မျက်နှာသည် ညှဉ်းသိုးသိုး နိုင်လှ၏။

အခန်းထဲတွင် အနှောင့်စုတ်နေသော စာအုပ်များ၊ ရေးလက်စ စာရွက်များနှင့် ဆေးပေါ့လိပ်တိုများ ရှုပ်ယှက်ခတ်နေသည်။ ဤအခန်းကျဉ်းလေးထဲတွင် သူတစ်နေ့လုံးကျောက်ချထိုင်နေမိသည်။ မြို့ထဲသို့ သူ မရောက်သည်မှာ ရက်အတန် ကြာခဲ့ချေပြီ။

နံရံတွင်ချိတ်ထားသော စမ်းသပ်တက်ထရွှန် အင်္ကျီလေးသည်





ချိုင်းနေရာ၌ စုတ်ပြဲလျက်ရှိ၏။ ချုပ်ရိုးပြေခြင်းမဟုတ်ဘဲ ပိတ်သားတွင် ချည်မျှင်များ ဖွာထွက်စုတ်ပြဲနေခြင်းဖြစ်ရကား ပြန်ချုပ်၍လည်း မကောင်းနိုင်တော့ပေ။

နောက်မြီးပါးနေသော ဖိနပ်ကလေးမှ ပြတ်လုဆဲဆဲ သဲကြိုး၏ နောက်ဆုံး ထွက်သက်ကာလကို သူရင်ဖိုစွာ စောင့်ကြည့်နေမိသည်။

တစ်စုံတစ်ယောက်က လမ်းစရိတ်ချီးမြှင့်သည့်တိုင် ဤအင်္ကျီနှင့် ဤဖိနပ်တို့၏ ပစ္စက္ခအခြေအနေအရ သူ မြို့ထဲသို့ သွားရန်မဖြစ်နိုင်တော့ပေ။

မြို့ထဲသို့ သူနောက်ဆုံးရောက်စဉ်က စာအုပ်တိုက်တစ်တိုက်တွင် သူပြောခဲ့သောစကားများကို အမှတ်ရနေမိ၏။

'ဒီတစ်ခါရေးလာတဲ့ ဝတ္ထုကတော့ ဆင်းရဲကြောင်း၊ ငတ်ကြောင်းတွေ မပါပါဘူးဗျာ. . . နိုင်ငံခြားပြန် ကောင်လေးတစ်ယောက်၊ အပျံစားကောင်မလေးတစ်ယောက်နဲ့ နိုင်ငံခြားသူလေးတစ်ယောက်တို့ရဲ့ သုံးပွင့်ဆိုင် မေတ္တာ အကြောင်းရေးထားတဲ့ ပျော်စရာအချစ်ဝတ္ထုပါ။ ချစ်စကားလေးတွေပြောလိုက်ကြ၊ စားလိုက်သောက်လိုက်ကြနဲ့ ပျော်စရာတွေချည်းရေးထားတာပါ။ အဲ . . . ဇာတ်သိမ်းပိုင်းမှာတောင် ဖတ်တဲ့လူစိတ်ညစ်သွားမှာစိုးလို့ အားပြိုင်မှုကို သိပ်မြှင့်မထားဘူး၊ ငှက်မွေးလေးလို ပေါ့ပါးတဲ့ ပြဿနာ အသေးစားလေးပဲ ချပေးထားတယ်။ စိတ်ညစ်နေရင်းတောင် ပျော်စေရမယ်ပေါ့ဗျာ။ လုပ်ပါဗျာ. . . ဖတ်ကြည့်စမ်းပါဦး'

မွဲသွေ့သွေ့မျက်နှာဖြင့် လျှာတိုအောင် ရိတ်ချင်သော စကားများကို သူအရှက်မဲ့စွာ ပြောနေမိခဲ့၏။ စာအုပ်တိုက်ပိုင်ရှင်က သူ့ကို အားနာသော မျက်လုံးများဖြင့် ကြည့်နေခဲ့သည်။

'ကျွန်တော်တို့တိုက်က အစ်စ်တားဘလစ်ရှ်ရိုက်တာတွေပဲ သုံးတယ်ဗျာ. . . ထုတ်ဝေစရိတ်က သိပ်ကြီးနေတော့ နာမည်မရသေးတဲ့ ကလောင်အတွက် မစွန့်စားရဲတာကို ခွင့်လွှတ်ပါ'

နောက်ဆုံးဆုပ်ကိုင်ထားသော မြက်ပင်စုလေး မြေစိုင်ခဲနှင့်အတူ ပဲ့ကျလာသည်ကို ရေစီးတွင် မျောပါသွားရင်း အားငယ်စွာ မြင်တွေ့လိုက်ရ၏။ စာရေးခြင်းသက်သက်ဖြင့် ဘဝရပ်တည်နေကြသော ဆရာများကို လှိုင်းဆယ်ကပ်များအကြားမှ မြင်ယောင်မိရင်း သူရှိသေစွာ ဦးညွှတ်မိ၏။

'ကိုမြတ်သင်းရယ် . . . ဒီလိုထိုင်ပြီး ငိုင်နေမယ့်အစား နှင်းရီတို့ ခန်အိုးစက်ထဲမှာဝင်ပြီး အလုပ်လုပ်ပါလား။ စက်ရုံပိုင်ရှင်ကို နှင်းရီ ပြောပေးပါ့မယ်'

ခေါင်းရင်းအိမ်မှ ကောင်မလေးက လက်ဝါးကြမ်းကြီးဖြင့် သူ့ကျောပြင်ကို ပုတ်ခတ်ရင်း အားမလိုအားမရ ပြောသွားသော စကားသံသည် သူ့ခေါင်းထဲတွင် ပဲ့တင်ထပ်လျက်ရှိ၏။

ဘဝကိုထင်ဟပ်သော၊ အနုပညာကိန်းဝပ်စေသော စာများကို ဖန်တီးနိုင်လျှင် တစ်နေ့နေ့မှာတော့ စေ့ထားသော တံခါးများကို ဖွင့်နိုင်လိမ့်မည်ဟု သူယုံကြည်မျှော်လင့်နေမိ၏။

စက်ရုံအလုပ်သမားတစ်ဦး၏ ဘဝကိုခံယူရင်း ထိုတစ်နေ့နေ့ကို စိတ်ရှည်စွာစောင့်ဆိုင်းနေမည်လား။

သို့တည်းမဟုတ် လက်မြှောက်အရှုံးပေးလျက် အညာမှ အေးမြစိမ်းညို့သာ သူ့ဇာတိရွာကလေးသို့ ပြန်မည်လား။

သားအတွက် စိတ်ပူပင်နေရှာမည့် အညာမှအမေ့ မျက်နှာကို သူမြင်ယောင်မိသည်။

လွန်ခဲ့သောအပတ်ကပင် အမေသည် ပစ္စည်းအချို့ကို



U WIN KYI



လူကြုံဖြင့် သားထံပို့ပေးခဲ့သေး၏။ ဆီးဆုပ်တစ်အိတ်၊ ပဲခြမ်းကြော်တစ်အိတ်နှင့် ခေါင်းအုံးလေး တစ်ခုတို့ကို အမေပို့ပေးခဲ့ သည်။ အမြဲဝမ်းဟာနေတတ်သော၊ စာအုပ်များကို ခေါင်းအုံးအိပ်နေရသော သူ့အတွက်အမေ့လက်ဆောင်ပစ္စည်းလေးများသည် လွန်စွာအသုံးဝင်လှ၏။

ဆီးထုပ်အိတ်ကလေးနှင့် ပဲခြမ်းကြော်အိတ်ကလေးတို့ကား ပိန်ချပ်လျက်ရှိချေပြီ။ အေးလေ။ သူတို့ကိုမှီဝဲပြီးရပ်တည်နေတဲ့ ငါ့ဝမ်းဗိုက်တောင် ပိန်ချပ်နေပြီပဲ၊ သူတို့လည်း ပိန်ချပ်နေကြရှာပြီပေါ့။

ခေါင်းအုံးလေးတစ်ခုသာ ပြည့်ပြည့်ဖြိုးဖြိုး ကျန်ရှိတော့၏။

သူသည် ခေါင်းအုံးလေးကို ယုယစွာပွတ်သပ်နေမိ၏။

ခေါင်းအုံးလေးရယ်၊ မင်းကတော့ တစ်ခါစားထားရုံနဲ့ တစ်သက်လုံး ဝနေတော့တာပဲနော်။

ခေါင်းအုံးလေး ဖြစ်ချင်လိုက်တာကွယ်။

[ မိုးဝေ၊ ဇွန်လ ၊ ၁၉၈၇ ]



## ဖားဆိုမှဖား

(၁)

ကဆုန်မိုးတစ်မ ကျလိုက်၏။

တစ်ညနေခင်းလုံး သဲသဲမဲမဲ ရွာသည်။

သူငယ် အိပ် ဆိတ် ကြက်တွန်ချိန်ခန့်တွင်မှ မိုးစဲသွား၏။ မိုးစဲသည် ဆိုသည့်တိုင် တစ်ကိုယ်စွတ် ဖွားဖွားတော့ ကျဆဲပင်။ ကွင်းထဲမှ ထအော်လိုက်သော ဖားသံများကို ကြားရ၏။ ကိုအေးသောင်သည် တဖြည်းဖြည်းဆူညံလာသော ဖားသံများကို နားစိုက်နေမိ၏။ ကိုအေးသောင်၏ နားထဲတွင် ဖားအော်သံများကို 'ဖုံးအင်. . . ဖုံးအင်'ဟူ၍မကြား။ 'ပိုက်ဆံ. . . ပိုက်ဆံ' ဟူ၍သာ ကြားယောင်နေမိသည်။





တစ်ကိုယ်လုံး အနာကျွေပေါက်နေသော သားအငယ်ကောင်ကို ဆေးခန်းသို့သွားပြီးပြရန်အတွက် လိုနေသောပိုက်ဆံ။ 'မိုးကျတော့မယ် ကိုအေးသောင်ရေ. . . အိမ်ပြန်မြန်မြင်မိုးမှ ဖြစ်တော့မယ်၊ ခနိဝယ်ဖို့ငွေ အစိပ်လောက် ချေးပါဦးဗျာ'

ကိုပေါလူက မိမိထံလာပြီးချေးနေသော ပိုက်ဆံ။

ဖားအော်သံများကား ရှစ်ရပ်ခွင်လုံးတွင် ထစ်ချုန်းမင်းမူလျက်ရှိနေလေသည်။

(၂)

'ချဉ်ပေါင်ခြံ အရှေ့ကွင်းဘက် သွားမလားဟေ့ . . . ပေါလူ'

ကိုအေးသောင်က တဲခြေရင်းတိုင်တွင် ချိတ်ထားသော ပလိုင်းကို ဖြုတ်ရင်း မေးသည်။

'ဆားမြေကျင်းအနောက်ကွင်းဘက် သွားရအောင်ဗျာ ဒဲ့ဒီဘက်က ဖားပိုကျတယ်'

'ခြေခင်း လက်ခင်း ဒီ့သာဘူးကွ'

'ဒါဖြင့်လည်း ပေါက်ကုန်းကွင်းဘက်သွားဗျာ၊ ချဉ်ပေါင်ခြံအရှေ့ကွင်းတော့ မသွားနဲ့ အဝိုပဲ'

'မင်းသဘောကွာ . . . မင်းသဘော'

ကိုပေါလူသည် ခက်ရင်းခွကို ကိုင်၍ ရှေ့က ထွက်၏။

'ဟေ့ကောင် . . . ကြိမ်မယူတော့ဘူးလား'

'ခင်ဗျား ယူချင်ယူလေ၊ ကျုပ်ကတော့ ဘယ်တော့မှ ကြိမ်မဆောင်ဘူး၊ ရိုက်ဖားက ဈေးကောင်းမှ မရတဲ'

'ဒါဖြင့်ငါလည်း ကြိမ်မယူခဲ့တော့ဘူး'

'ဓားတစ်လက်တော့ယူခဲ့ဗျာ၊ ကန်ကတက်လာတဲ့ ငါးလေးဘာလေးတွေ့ရင် ခုတ်ရအောင်'

လမိုက်ညဖြစ်၍မည်းမည်းမှောင်နေသည်။ သစ်ပင်အုပ်များဖြင့် အမည်းရိပ်သိပ်သည်းသော ပေါက်ကုန်းရွာကို ကြယ်ရောင်မှိန်မှိန်အောက်တွင် လွမ်းစဖွယ် မြင်တွေ့ရ၏။ အချို့ အိမ်များ၌ ရေနံဆီမီးခွက်ရောင် လက်သည်။ပေါက်ကုန်းရွာ၏ အနောက်တောင်ဘက် ကွင်းထဲသို့ ရောက်ခဲ့ကြ၏။

'အသင့်ပြင်ပေဟ့ . . . ဖားအော်သံကြားရပြီ'

'ဖားကျောက်စိမ်း အော်သံဗျ . . . ဖားကြီးသံမဟုတ်ဘူး'

'လုပ်မှလည်း ဟုတ်ပါပေါ့လူရာ'

ရှေ့လယ်ကွက်များထဲသို့ ဆက်လျှောက်လာကြ၏။ ဖားအော်သံ ကြားရပြန်သည်။

'အဲဒါမှ ဖားကြီးသံဗျို့ . . . သွားတော့'

လူချင်းခွဲလိုက်ကြ၏။ ကိုပေါလူက ဟိုဘက်ကန်သင်းသို့ ထွက်သွားသည်။ ကိုအေးသောင်က ဤမှာဘက် ကန်သင်းတွင် ရပ်လျက်နေခဲ့၏။ ထို့နောက် ဖားအော်သံကို ဇဟိုပြု၍ မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။လက်နှိပ်ဓာတ်မီးရောင်ဖြင့် ရေပြင်ဝယ် ဖားရှာကြ၏။ ရေပြင်ထဲမှ မျက်လုံးကြောင်ကြောင်ကလေး တစ်စုံကို ဓာတ်မီးရောင် ဟပ်မိသွားသည်။ ရွှေ့လျားနေသော မီးရောင်သည် ဖား၏ မျက်လုံးအစုံပေါ်တွင် တန့်ရပ်သွား၏။ ညို့ချက်မိသွားသော ဖားသည် မီးရောင်ကို စိုက်ကြည့်ရင်း ငြိမ်သက်နေသည်။ ရေထဲသို့ ငုပ်လျှိုးထွက်ပြေးခြင်း မပြုနို [illegible] ဖားရှိရာသို့ နှစ်ဦးစလုံး လျှောက်သွားကြသည်။ ကိုအေးသောင်က ဖားကို လက်ဖြင့် စိခနဲ ဆုပ်ကိုင်လိုက်၏။

'မင်းဘယ်ပြေးမလဲ ပျံ့ရှုမည်း'

'ဖားရွှေဝါပါဗျ. . . မွေးဆဲက ထွက်ခါစမို့ ဝါနေတာ မတွေ့





ဘူးလား'

ကိုပေါလူက အတွန့်တက်လိုက်၏။ မိုးဦးကျ တွင်းမှထွက်စ ဖားများသည် ခပ်ဝါဝါ နေတတ်၏။ ဝလည်းဝသည်။ မိုးရေ ထိတော့မှ မည်းလာပြီး ပိန်သွားလေ့ရှိ၏။

'တော်တော်ကြီးသားပဲကွ. . . တစ်ဆယ်သားလောက် ရှိမယ်'

'ကျုပ်ဗျာ. . . တစ်နှစ်က လေးဆယ်သားလောက် အကောင်ကြီး ရဖူးတယ်'

ကိုအေးသောင်က ဖားကို ပလိုင်းထဲထည့်လိုက်၏

(၃)

အဝေးလယ်ကွက်များထဲ၌ မီးအုပ်များ ရွေ့လျားနေသည်ကို မြင်ရ၏။ ဘဝတူ ဖားကောက် သမားများဖြစ်ပေမည်။

'မီးအုပ်နဲ့ ရှာရတာလည်း မလွယ်ပါဘူးပေါလူရာ၊ ရေနံဆီက တစ်ပုလင်း ဆယ့်နှစ်ကျပ်တောင် ပေးရတာ. . . တစ်ညကို တစ်ပုလင်းတော့ ကုန်မှာပဲ'

'ထူးပါဘူးဗျာ. . . ဓာတ်ခဲကလည်း တစ်ခဲငါးကျပ်တော့ ပေးရတာပါပဲ'

'အကောင်းဆုံးကတော့ ဘက်ထရီမီးပဲကွ. . . တစ်ညသုံးကျပ် ပေးငှားရင်ရတယ်'

'လုပ်မနေပါနဲ့ဗျာ. . . ငါးညလောက်ပဲ ရှာချိန်ရှိတဲ့ဥစ္စာ . . . ဒါတောင် တကယ်ဖားကျတာက မိုးစကျပြီး ပထမနှစ်ညလောက်ပါပဲ၊ ကျန်တဲ့ညတွေကတော့ ဘယ်လောက်ရှာရှာ ဟင်းစားသာသာပါပဲ'

ဓာတ်မီးကိုယ်စီ ထိုးလျက် ဖားဆက်ရှာကြပြန်၏။ အချို့

လယ်ကွက်များတွင် ဖားအတော်များများ တွေ့ရသော်လည်း ဖားကျောက်စိမ်း၊ ဖားခုံညင်းနှင့် ဖားပြုပ်များဖြစ်နေသဖြင့် မကောက်ကြရပေ။ ဤဖားငယ်များသည်လည်း သဘာဝ အော်သံပေးတတ်ကြ၏။ သို့ရာတွင် ဖားကြီးအော်သံနှင့်မတူပေ။ ကိုပေါလူတို့လို သမ္မာရင့်သူများသည် ဖားကြီးအော်သံနှင့် ဖားငယ်များအော်သံကို ခွဲခြားနိုင်စွမ်းရှိကြ၏။ ဖားငယ်များသည် ဖားကြီးများနှင့် ရောနှောနေထိုင်လေ့ မရှိကြသည်မှာ ထူးဆန်းသော သဘာဝတစ်ခုဖြစ်၏။ လယ်တစ်ကွက်တည်းပင် ဖြစ်စေကာမူ အနည်းဆုံးတစ်လံလောက်ခွာ၍ သီးခြား အုပ်စုခွဲပြီး အော်နေတတ်၏။

'ပိုးကောင်မွှားကောင်လည်း သတိထားဦးနော်'

ကိုအေးသောင်က သတိပေးသည်။ ပလိုင်းထဲ၌ ဖားဆယ်ကောင်တိတိ ထည့်မိသောအခါ၌ သန်းခေါင်ကြက်တွန်သံကြားရ၏။

'ခံတွင်းချဉ်လိုက်တာဗျာ'

ကိုပေါလူက စက္ကူပတ်ဆေးပေါ့လိပ် တစ်လိပ်ကိုထုတ်ပြီး မီးညှိသည်။ ထို့နောက်အားပါးတရဖွာလိုက်၏။ မှောင်ထဲတွင် မီးရဲခနဲရဲခနဲ နေသည်။

'ငါ့လည်းတစ်ဖွာလောက် ပေးပါဦးကွ'

(၄)

ဖားထီးတွေ အော်သံ တိတ်သွားပြန်ပြီ'

ကုန်းပေါ်မှ ဖားနှစ်ကောင်ခန့် ထပ်ရပြီးနောက် ဖား မတွေ့ရတော့သည်နှင့် ကိုအေးသောင်က ရေရွတ်၏။ ဖားအော်သံများ





မကြားရတော့သည်မှာလည်း အမှန်ပင်ဖြစ်၏။ ဖားတို့၏ သဘာဝမှာ ဖထီး(ဖားထီး)များကသာ အော်တတ်၏။ ဖားမများကမူ အော်လေ့မရှိချေ။ ကိုပေါလူသည် ယမန်နှစ်က အတွေ့အကြုံတစ်ခုကို သတိရမိ၏။

ထိုနှစ်က ဖားကောက်ရာတွင် မီးအုပ်ကို အသုံးပြုခဲ့၏။ ဖားမီးခွက်တစ်ခုကို ကိုးကျပ်ပေး၍ ဝယ်ရသည်။ မှတ်မှတ်ရရ ထိုညက ကိုပေါလူ၏ ပလိုင်းထဲတွင် ဖားကြီးများ အတော်စုမိနေသည်။ ပလိုင်းထဲမှ ဖားထီးအချို့သည် ပျော်မြူးလာကြရောထင့်။ ဗိုသံပေးလာကြသည်။ ပလိုင်းထဲမှ ဖားထီးများ အော်သံကြားရသောအခါ ကိုယ်ပေါလူ အကြံတစ်ခု ရလာ၏။ မီးအုပ်ကို ကန်သင်းပေါ်တွင် တည်ထားလိုက်၏။ မီးအုပ်နောက်တွင် ပလိုင်းကို ချထားလိုက်သည်။ ကိုပေါလူက ပလိုင်းနှင့်ခပ်ဝေးဝေး ကန်သင်းထောင့်တွင် သွားထိုင်နေသည်။

ပလိုင်းထဲမှ ဖားထီးများသည် သံစုံ တီးဝိုင်းကြီးဖွဲ့ကြပြန်၏။ အသံဆူညံစွာ ပေါ်ထွက်လာသည်။ ရှေးဦးပေါက်ဖားမ တစ်ကောင်သည် ရေထဲတွင်ဖြတ်ကူးလာပြီး မီးအုပ်ရှေ့၌ ခေါင်းဖော်၍ ဝပ်နေသည်။ နောက်ထပ် ဖားမများ ကူးလာကြပြန်သည်။ ဟော တစ်ကောင်၊ ဟောတစ်ကောင်။ ဖားထီးများကလည်း မီးအုပ်ရှိရာသို့ ကူးမလာစေကာမူ ရောက်ရာနေရာမှ တုံ့ပြန်၍ ဗိုသံပေးနေကြ၏။ သုံးနာရီခန့်ကြာသည့်တိုင်အောင်စောင့်ပြီးမှ ပလိုင်းဘေးတွင် လှည့်ရှာသောအခါ ဖားအကောင် နှစ်ဆယ်ခန့် ရသည်။ ဖားမအများအပြားကို ပလိုင်းဘေးတွင် ဝပ်လျက်တွေ့ရ၏။ အချို့ မိန္ဒေကဲများ ပလိုင်းပေါ်သို့ပင် တွယ်ကပ်တက်နေကြသည်။

သံယောဇဉ်တွေ. . . သံယောဇဉ်တွေ. . .

(၅)

'ဟေ့. . . ဖားထီးသံတွေ မကြားရတော့ဘူးကွ. . . မင့်ပညာလေးနဲ့ လုပ်စမ်းပါဦး'

ကိုအေးသောင်က မောင်းကပ်သွားဟန်တူသော ခတ်မီးကို တဖတ်ဖတ် မြည်အောင်ပုတ်လိုက်၊ ခတ်မီး နောက်ပိတ်ကို တဂျစ်ဂျစ်မြည်အောင် လှည့်လိုက်နှင့်ပြုပြင်နေရင်း ပြော၏။ ခတ်မီးပြန်လင်းလာသည်။

'ဟေ့ကောင်. . . ပေါလူ၊ လုပ်စမ်းပါဦးဟ၊ အကောင် ရ. . . အချိန်ရှိတုန်းလေး. . . တစ်ကြော့လောက် ကောက်လိုက်ရအောင်'

'စမ်းကြည့်မယ်လေ'

ကိုပေါလူသည် ညာလက်၏လက်ညှိုးနှင့် လက်မကို ထိ၍ လက်ကွင်း ပြုလုပ်၏။ လက်ကွင်းဘေး၌ ဘယ်လက်ဖဝါးကို ထောင်ပြီး ကပ်လိုက်သည်။ ထို့နောက်ပါးစပ်ဖြင့်တေ့ပြီး အသံပြုလိုက်၏။

'အက်အက်. . . အက်အက်'

တကယ့် ဖားထီးအော်သံကဲ့သို့သော အသံမျိုး ထွက်ပေါ်လာ၏။

'ချန်ပလုံ တင်ညွန့်ကွ. . . တကယ့် ဖထီးသံအတိုင်းပဲ'

ကိုအေးသောင်က တီးတိုးသံဖြင့် ချီးကျူး၏။

လယ်ကွင်းထဲမှ ဖားထီးများ၏ တုံ့ပြန်သံကိုမကြားရ။ ကိုပေါလူ ဆက်ပြီး ဖားအော်သံပေးပြန်၏။ ဖားတကာတို့၏ အော်သံကား ထွက်ပေါ်မလာသေးပေ။ ကိုပေါလူ ချွေးပြန်လာသည်။

'အက်အက်. . . အက်အက်'

'အက်အက်. . . အက်အက်'





ကိုပေါလူ အသံတု ထုတ်လုပ်ပြန်၏။ အချိန်အတန်ငယ် ကြာညောင်းခဲ့ပြီ။ ဟန်မှဟန်ပါ့မလား။ ကိုပေါလူမောလာသည်။ လက်လျှော့ချင်စိတ် ပေါက်လာသည်။ ထိုအခိုက်တွင် လယ်ကွင်းထဲ၌ ဖားအော်သံများဟိုမှသည်မှ တစ်စစီ ပေါ်ထွက်လာခဲ့၏။ တဖြည်းဖြည်း ဖားအော်သံများ များလာသည်။ အရှိန်ရသွားသော အခါတွင်ကား ကွင်းတစ်ခုလုံးကို ဖားအော်သံများ ဖုံးလွှမ်းသွားတော့၏။

'အက် အက်. . . အက်အက်'

'အက် အက်. . . အက်အက်'

ကိုပေါလူ ယခုမှ ချွေးသုတ်နိုင်သည်။ ဖွီးခနဲ လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

တော်ပါသေးရဲ့၊ ချန်ပလုံ တင်ညွန့်နာမည် ဖျက်တော့မလို့. . .။

အော်နေသော ဖားများကို ခတ်မီးဖြင့် ထိုးလျက် လိုက်ကောက်ကြပြန်၏။ သည်ည ဖားအကျများသဖြင့် ပင်ပန်းသော်လည်း ပျော်နေကြသည်။

'အက်အက်. . . အက် အက်'

'အက်အက်. . . အက်အက်'

(၆)

ကြက်ဦးတွန်သံ ကြားရ၏။ ကိုပေါလူဝါးခနဲ သမ်းလိုက်သည်။ ကိုအေးသောင်က သူ့ပလိုင်းကို လက်ဖြင့် ဆကြည့်၏။ ကိုပေါလူ လွယ်ထားသော ပလိုင်းကိုလည်း လှမ်းကိုင်၍ ဆကြည့်ပြန်သည်။

'အတော်ရတာပဲကွ. . . နှစ်ပိဿာလောက်ရှိမယ်. . .

ဆယ့်ရှစ်ကျပ်ဈေးနဲ့တွက်ဦး၊ သုံးဆယ့်ခြောက်ကျပ်'

'ဘယ်ကလာ. . . ဆယ့်ရှစ်ကျပ်က အသေဈေးဗျ၊ အရှင်က အစိတ်ဈေးရှိတယ်. . . ဒါကြောင့် ကျုပ်က ကြိမ်နဲ့ မရိုက်တာ'

'ထားပြီဟေ့. . . ဘယ်သွားရောင်းကြမလဲ'

'မိတ်ဆက် ထမင်းဆိုင်ပဲ သွင်းလိုက်ကြတာပေါ့ဗျာ'

'ကောင်းတယ်'

ပေါက်တုန်းရွာကို ကျော်လာကြ၏။ ပလိုင်း ကိုယ်စီ လွယ်လျက် ဆက်လက်ချီတက်လာကြသည်။ မြို့တွင်းသို့ ဝင်လာခဲ့၏။ ဗိုလ်တဲရှေ့ ခတ်မီးရောင်တွင် မိတ်ဆက်ထမင်းဆိုင်၏ ဆိုင်းဘုတ်ကို လှမ်းမြင်နေရလေပြီ။

ကိုပေါလူ ဝါးခနဲ သမ်းလိုက်ပြန်သည်။

(၇)

'ကျုပ်တော့ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလိုပဲဗျို့၊ လှုပ်ကို မလှုပ်ချင်တော့ဘူး'

'ငါလည်း ဒီလိုပါပဲကွာ၊ အိပ်လည်း အိပ်ချင်လှပြီ'

ကိုပေါလူသည် ကတ္တရာလမ်းကို ခက်ရင်းခွဖြင့်ရပ်၏။ ထို့နောက် မေးစင်းလာသောမျက်ခွံကို အားယူ၍ ပင့်မရင်းပြော၏။

'မိတ်ဆက်မှာ ပလိုင်းတွေ အပ်ပြီးရင်. . . . . ကျုပ်တော့ တစ်နေ့လုံး အိပ်ပစ်လိုက်တော့မယ်ဗျာ'

ကိုအေးသောင်က ကိုပေါလူ၏ မျက်နှာကို စိုးရိမ်တကြီး လှမ်းကြည့်သည်။

'ဟေ့ကောင်. . . မင်း. . . အဲ့လိုတော့ မလုပ်နဲ့'

'ဘာလို့တုံး'





U WIN KYI

ကိုပေါလူက မေး၏။

ကိုအေးသောင်က ဝေါက်ဆတ်ဆတ်ဖြင့် ပြန်ပြောသည်။

'ရုံးတက်ဦးမှ ဖြစ်မှာပေါ့ကွ၊ မင့်ကို သမ္မန်စာတွေ အများကြီး အပ်စရာရှိနေတဲ့ ဥစ္စာ၊ ရက်ချိန်းက ကပ်လှပြီ'

'တက်ဆိုလည်း တက်ပါ့မယ်ဗျာ. . . ခင်ဗျားကလည်း တရားကြီးဆိုပြီး ပါဝါတွေ ပြမနေစမ်းပါနဲ့'

| မဟေသီ ၊ ဇူလိုင် ၁၉၈၇ |

TYX MIW U.



# ငါ့လက်ကထွက်လိုက်ပါ့ချိုချို

'ငါ့သမီး မှန်တယ်ဆိုရင်
လက်တို့ဂျင် ဂလက်ဂို
ငါ့လက်က ထွက်လိုက်ပါ့ချိုချို'

မြို့မငြိမ်း

သူမှ သူအစစ်။

ဘယ်ကလာ လူမှားရမှာလဲ။

ငါ ကောင်းကောင်း မှတ်မိတယ်။ တစ်ခါတွေ့ဖူးပေမဲ့ တွေ့ပုံက အမှတ်ထင်ထင်ကြီး ဥစ္စာ။

မင်းသိတယ် မဟုတ်လား။ ငါ့အစ်ကို ကိုတိုးမြိုင်နဲ့ မမလွှမ်း





တို့ စုံတွဲကို။ အေးပါ၊ ဟုတ်ပါတယ်။ မင့်အသည်းကျော် ကဗျာဆရာ ကိုတိုးမြိုင်ကို ပြောတာပါ။ ဒါပေါ့၊ ထုံးစံအတိုင်းပေါ့။ ကဗျာဆရာရဲ့ ဝင်ငွေကိုတော့ ဘယ်မှာအားကိုးလို့ ရပါ့မလဲ။ ကဗျာဆရာကို ချစ်မိတဲ့သူပဲ၊ ပါရမီ ဖြည့်ရတော့တာပေါ့။ မမလွှမ်းက ရင်ခွင်ပိုက် နေ့ကလေးထိန်းကျောင်း ဖွင့်တယ်လေ။ ကျောင်းနာမည်လေးက 'အမေ့ရင်ခွင်'တဲ့၊ ဘယ်လောက်လှလဲ။ လှမှာပေါ့။အစ်ကို့ ကဗျာ တစ်ပုဒ်ရဲ့နာမည်ကိုး။

အေး. . . အဲဒီကျောင်းမှာ ငါသူ့ကိုစပြီး တွေ့ဖူးတာ။ အချိန်က နံနက်ရှစ်နာရီလောက်ရှိပြီ။ သူကခြောက်လအရွယ် လောက် ကလေးလေး တစ်ယောက်ကို ပွေ့လို့၊ 'အမေ့ရင်ခွင်' ထဲကိုဝင်လာ တယ်။ ကလေးအမေ အမျိုးသမီးတွေကပဲ ကလေးကို လာပို့လေ့ရှိတဲ့နေရာမျိုးမှာ ယောက်ျားကြီးတစ်ယောက်က နို့ဘူး ကလေးကို ပွေ့ပြီး ဝင်လာတာတွေ့လိုက်ရတော့ ဒီမြင်ကွင်းက ငါ့အဖို့ ထူးဆန်းနေ တယ်။

ငါ့မရီးက သူ့လက်ထဲက ကလေးကို ဆီးပြီးယူမယ် လုပ်တော့ သူက တားတယ်။

'နေပါစေ ဆရာမ . . . ကျွန်တော်ပုခက်ထဲမှာ တစ်ခါတည်း သိပ်လိုက်မယ်'

သူက အသင့်ရှိနေတဲ့ ပုခက်တစ်လုံးထဲမှာ ကလေးကို တယုတယ သိပ်တယ်။ အသင့်ပါလာတဲ့ နို့ဘူးကလေးကို ကလေးပါးစပ် မှာ တပ်ပေးပြီး နို့တိုက်နေတယ်။

လူပုံကတော့ ထူးထူးခြားခြား မရှိပါဘူး။ အသားညိုညို၊ ဝင်တိုတို ပါပဲ။ ထူးခြားတာက သူ့မျက်ခုံး။ မျက်ခုံးနှစ်ခုက နှာရင်း ဘက်မှာ နီမ့်ပြီး နဖူးထောင့်တွေဆီကို တအားထောင်တက်သွား

ကြတယ်။ သူ့မျက်ခုံးတွေကို မြင်တာနဲ့ ဆယ်နာရီဆယ်မိနစ် အချိန်ကို ညွှန်ပြနေတဲ့ နာရီလက်တံနှစ်ချောင်းကို ငါမြေးပြီး သတိရတာပဲ။

'အလုပ်သွားတော့မလို့လား၊ ဒီနေ့ အလုပ်သွားတာ စောတယ်နော်'

မမလွှမ်းက သူ့ကို ပြောတယ်။

'ဟုတ်တယ် ဆရာမရေ၊ သမီးလေးနို့ဖိုးအတွက်ကြိုး စားနေရတာပဲ။ နို့မှုန့်ဈေးတွေကလည်း ခေါင်ခိုက်နေတယ် မဟုတ်လား'

သူက ကွမ်းညိတက်နေတဲ့ သွားတွေပေါ်လာအောင် ရယ်ကျဲကျဲလုပ် ရင်း ပြန်ပြောတယ်။

သူ့သမီးလေးမျက်နှာကို သူတစ်ဝကြီးကြည့်နေတာမြင်ရတယ်။ ခြင်ထောင်ချပေးပြီး ပုခက်ကိုအသာအယာလွှဲတာမြင်ရတယ်။

နောက်တော့ မမလွှမ်းကို နှုတ်ဆက်ပြီး သူထွက်သွားတယ်။ မမလွှမ်းပြောပြလို့သိရတာကဒီလူ့မိန်းမဟာလွန်ခဲ့တဲ့ခြောက်လလောက်ကပဲ မီးဖွားရင်း ဆုံးသွားသတဲ့။ဆွေမျိုးသားချင်းကလည်း မရှိတော့ ကျန်ရစ်ခဲ့တဲ့ သမီးလေးကို သူကိုယ်တိုင်ပဲ ကရိကထခံပြီး ပြုစုထိန်းကျောင်းနေရတယ်တဲ့။ တစ်ပူပေါ် နှစ်ပူ ဆင့်ပေါ့လေ။

အဲဒါ ငါသူ့ကို စပြီး တွေ့ဖူးတာပဲ။

* * *

ဒီနေ့ ငါ ပန်းဆိုးတန်းကို ရောက်တယ်။

ဘာလဲ။ ပန်းဆိုးတန်းလမ်းမှာ လျှောက်တာပဲ ရည်ရွယ်ချက်ရှိမှ လျှောက်ရမှာလား။ သွားစမ်းပါ။ ငါ့မှာရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေ မရှိတာကြာလှပြီ။





ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ ပန်းဆိုးတန်းလမ်းမှာ လျှောက်ရတာ ငါ ပျော်တယ်။ ခရေပန်းနံ့ သင်းသင်းလေးတွေ ရှူရှိုက်ရတာ၊ သက်သာဆိုင်တွေ တစ်ဆိုင်ပြီး တစ်ဆိုင် ပြောင်းပြီး လက်ဖက်ရည်သောက်ရတာ၊ ရုံးအမှုထမ်းတွေရဲ့သုတ်သီးသုတ်ပျာ အမူအရာတွေကို ငေးကြည့်နေရတာ၊ စာအုပ်အဟောင်းဆိုင်တွေမှာ စာအုပ်ရွေးရတာ ဒါတွေအားလုံးကို ငါ တပ်မက်တယ်။ ဒါ့ကြောင့်လည်း ပန်းဆိုး တန်းကို ငါမကြာမကြာ ရောက်တာပဲ။

အထူးသဖြင့်တော့စာအုပ်အဟောင်းဆိုင်တွေရှေ့မှာ ရပ်ပြီး စာအုပ်နွမ်းနွမ်းလေးတွေကို ကြည့်နေရတဲ့ အရသာကို ငါသဘောအကျဆုံးပဲ။ လွမ်းသလိုလို၊ ကြည်နူးသလိုလို ပြောမပြတတ်တဲ့ အရသာတစ်မျိုးကို ခံစားရတယ်။

ဒီစာအုပ်အဟောင်းဆိုင်တွေကလည်း တော်တော်စိတ်ဝင်စားဖို့ ကောင်းတယ်။ ခင်းထားတဲ့စာအုပ်က အမြဲအပြောင်းအလဲ ရှိနေတယ်လေ။ စာအုပ်ရောင်းတဲ့ လူတွေကလည်း စာအုပ်အကြောင်းကို ကျွမ်းမှ ကျွမ်း။ တစ်လောတုန်းက ဆိုင်တစ်ဆိုင်မှာ ဗာဂျီနီယာဝုရဲ့ 'မီးပြတိုက်သို့'ဆိုတဲ့ စာအုပ်ကလေးတွေ့လို့ ကောက်ကိုင်မိပါတယ်။ စာအုပ်ရောင်းတဲ့လူက ဒီစာရေးဆရာမရဲ့ တခြားစာအုပ်တွေ အကြောင်းပြောပြနေလိုက်တာ စုံနေတာပဲ။'လှိုင်းများ' တဲ့၊ 'အော်လန်ဒို' တဲ့၊ 'ပိုးဖလံသေဆုံးခြင်းနှင့် အခြားအက်ဆေးများ'တဲ့။ ငါတော့ ခေါင်းပဲညိတ်နေရတယ်။

ဒီနေ့တော့ ငါ စာနယ်ဇင်းသက်သာမှာ လက်ဖက်ရည်ကျဲကျဲတစ်ခွက်သောက်တယ်။ ပြီးတော့ အဟူဂျာရှေ့ကစာအုပ်အဟောင်းဆိုင်တစ်ဆိုင်မှာရပ်ပြီး ငေးတယ်။ အရှုးအမူး လှုပ်ရှားမှုနဲ့ ပတ်ချာလည်နေတဲ့ ဝန်းကျင်လောကကြီးရဲ့အလယ်မှာ ငါကမရွှေ့ဘဲ

ရပ်နေရတာဟာ အရသာတစ်မျိုးပဲ။

ဂိုဂေါ့ရဲ့ 'ကုတ်အင်္ကျီ' ဆိုတဲ့ စာအုပ်ပါးပါးလေး တစ်အုပ်တွေ့တယ်။ ရုရှားအင်္ဂလိပ် နှစ်ဘာသာနဲ့ ရိုက်ထားတယ်။ 'ကျုပ်တို့ အားလုံးဟာ ဂိုဂေါ့ ရဲ့ ကုတ်အင်္ကျီကဆင်းသက်လာကြတာချည်းပဲ' လို့ ဂေါကီက ပြောဖူးတယ်ဆိုတဲ့အတွက် ဒီစာအုပ်ကလေးကို ငါလိုချင်တယ်။ ငါးကျပ်တဲ့။ ငါဝယ်လိုက်တယ်။ 'ဘဝစာမျက်နှာများ'ကို တွေ့တယ်။ မဂ္ဂဇင်းထဲမှာ ထုံ့ပိုင်းထုံ့ပိုင်း ဖတ်နေရကတည်းက စွဲမက်ခဲ့ရတဲ့ စာစုပဲ။ ဆယ့်ငါးကျပ်တဲ့။ ငါဝယ်လိုက်တယ်။

အနောက်ဘက် ပလက်ဖောင်းကိုကူးပြီး ငါ ကမ်းနားဘက်ကို ဆက်လျှောက်လာခဲ့တယ်။ ဘဏ်ရုံးချုပ်ထောင့်ကဆိုင်မှာ ထမင်းချိုးကြော်ဝယ် စားမယ်လို့ စိတ်ကူးတယ်။

ထမင်းချိုးကြော်ဆိုတာကလည်း စားရခဲဘိခြင်း။ ငါ သိသလောက်တော့ ရွှေတိဂုံဘုရား အရှေ့မုခ်က ဓာတ်လှေကားနားမှာ တစ်ဆိုင်၊ ခုနက ပြောခဲ့တဲ့ နေရာမှာ တစ်ဆိုင်၊ ဒီနှစ်ဆိုင်ပဲရှိတယ်။ အခွန်ရုံးချုပ် ပေါ်တီကိုအောက်က ငါဖြတ် လျှောက်လာခဲ့တယ်။

ဘဏ်ရုံးချုပ်ရှေ့ရောက်တော့ လူတွေဝိုင်းအုံနေတာတွေ့တယ်။ ထိခိုက်မှု တစ်ခုခုများ ဖြစ်သလားဆိုပြီး ငါစိုးရိမ်သွားတယ်။

လူအုပ်ကြားမှာ တိုးဝှေ့ကြည့်တယ်။ လူတစ်ယောက် ထိုင်ပြီး ဆေးရောင်းနေတာပါ။ ပလတ်စတစ် အခင်းလေးခင်းလို့။ အခင်းပေါ်မှာ အပေါ်စား ဖန်ပန်းအိုးကလေးတစ်လုံး တည်ထားတယ်။ ပန်းအိုးထဲမှာကျောက်စိမ်းပန်းခက်လေးတွေ စိုက်ထားတယ်။ ဓာတ်ပုံကြီးတစ်ပုံကို ပန်းအိုးလေးမှာ မှီပြီးထောင်ထားတယ်။ ဓာတ်ပုံကတော့ ရသေ့ကြီးတစ်ပါးရဲ့ပုံပဲ။





မီးခြစ်ဘူးအရွယ် သစ်တုံးလေးတွေကို အခင်းပေါ်မှာ ဖြန့်ပြီးစီထားတာကိုလည်း တွေ့တယ်။ အခင်းနောက်မှာတော့ ဆေးရောင်းတဲ့လူက တင်ပျဉ်ခွေပြီး ထိုင်နေတယ်။ ကြေးနောင် လောက်ရှိတဲ့ ကျောက်ပျဉ်သေးသေးလေးပေါ်မှာသစ်တုံးလေး တစ်ခုကို သွေးနေတယ်။ မည်းပျစ်ပျစ် အရည်တွေအတော်လေးရမှ သူ ခေါင်းမော့လာတယ်။ ပရိသတ်ကို သူစကားပြောတော့မယ်ပေါ့လေ။

အဲဒီမှာ ငါအံ့အားသင့်သွားတာပဲ။ ဒီလူ့မျက်နှာကို ငါသေသေချာချာ မြင်ဖူးနေတာကိုး။ ဟုတ်တယ်။ မမလွှမ်းတို့ ရင်ခွင်ပိုက်နေ့ကလေးထိန်းကျောင်းမှာ နို့စို့ အရွယ်သမီးလေးကို လာပြီးအပ်သွားတဲ့ လူပဲ။ သူ့ရဲ့ဆယ်နာရီ ဆယ်မိနစ်မျက်ခုံး နှစ်ဖက်ကို ငါ သေသေချာချာ မှတ်မိတာပေါ့။

'ဪ. . . အစ်ကိုလည်း လာကြည့်သလား။ မတွေ့တာကြာဆို ခြောက်လလောက်ရှိပြီ အစ်ကိုရေ။ ကျွန်တော် ရသေ့နောက်လိုက်သွားတာ' သူက ပရိသတ်ထဲက ခေါင်းတုံးနဲ့ လူတစ်ယောက် မျက်နှာကို စိုက်ကြည့်ပြီးပြောတယ်။ တကယ်တော့ အဲဒီလူကို သူသိချင်မှ သိမယ်။ မသိလို့လည်း ဘာပြဿနာမှတော့ တက်စရာ မရှိဘူးလေ။ ဒါလည်း သူတို့ရဲ့ ဟောပြောမှု နည်းပညာ တစ်မျိုးပဲ ထင်ပါရဲ့လို့ ငါတွေးမိတယ်။

'ဇင်းကျိုက်တောင်၊ ရက်ကန်းစင်တောင်၊ ပုပ္ပားတောင်၊ ရန်ကင်းတောင်၊ မင်းဝံတောင်၊ ခမောက်တောင်၊ မိုင်းသုံးတောင် အနှံ့ပဲ အစ်ကိုရေ့။ ရသေ့နောက်မှာ လိုက်ပြီး ပါရမီဖြည့်ရတယ်။ လိုက်ရကျိုးနပ်တယ် အစ်ကိုရ။ ဆေးကောင်းရလာတယ်။ မိုင်းသုံးတောင်ပေါ်ရောက်တော့ ရသေ့ကဆေးပင်တစ်ပင်ပေးလိုက်တယ်။ ဟောဒါ အဲဒီဆေးပင်က ထွက်တဲ့ ဆေးသားပဲ' သူက သစ်တုံးလေး

တစ်ခုကို ယူပြီး မြှောက်ပြတယ်။

'ဒီဆေးလား။ စွမ်းတာတော့ မပြောနဲ့ အစ်ကိုရေ့ တကယ်ကို စွမ်းတဲ့ဆေး၊ လက်တွေ့ပဲ။ ဒါဖြင့် အစ်ကိုက မေးမယ်။ မင့်ဆေးက ကိုးဆယ့်ခြောက်ပါး ရောဂါပျောက် သလားလို့။ ကျွန်တော်ရှင်းရှင်း ကြီးဝန်ခံလိုက်မယ်။ ကျွန်တော့်ဆေးဟာ ကိုးဆယ့်ခြောက်ပါး မပျောက်ပါ။ အဲ. . . ရောဂါလေးမျိုးကိုတော့ သေသေချာချာ ပျောက်သဗျ။ ဒါဖြင့် မောင်ရင်ရယ်၊ အဲဒီရောဂါ လေးမျိုးက ဘာ ရောဂါတွေလဲတဲ့။ နံပါတ်တစ်မျက်စိနဲ့ ပတ်သက်တဲ့ ရောဂါမှန်သမျှ အားလုံးပျောက်ပါတယ်။ အစ်ကိုစာကြည့်များလို့ မျက်လုံးတွေ အောင့်သလား၊ မျက်ရိုးတွေ ကိုက်သလား၊ မျက်စိနာသလား၊ ဒီလို လေ အစ်ကိုရ၊ ဒီလို၊ ဒီဆေးကိုသွေးပြီး မျက်လုံးမှာ ဟောသလို ကွင်းလိုက်'

သူကကျောက်ပျဉ်ပေါ်က ဆေးအနှစ်တွေကို လက်နဲ့ကော်ပြီး မျက်လုံးမှာ ကွင်းပြတယ်။

'အောင့်တာ၊ နာတာတွေ ချက်ချင်းပျောက်သွားမယ်။ အဲ. . . ဆယ်ရက်လောက် ညအိပ်ရာဝင်မှာ ကွင်းပြီး အိပ်တယ်နော်။ မျက်မှန်တပ်နေရတဲ့ ကျွန်တော့် အစ်ကိုဖျား မျက်မှန်မပါဘဲ စာကြည့် နိုင်ပါတယ်။ ဝါသနာပါရင် အိမ်ရှင်မကို တောင်ကူပြီး အပ်နဖား ထိုးပေးနိုင်ပါတယ်ခင်ဗျာ'

ကြည့်နေတဲ့ လူတစ်ချို့ ပြုံးတာကိုမြင်ရတယ်။

'နံပါတ်နှစ်၊ အညောင်းအကိုက်ရောဂါပျောက်ပါတယ် ခင်ဗျာ။ ကျွန်တော့်အစ်ကို ရုံးစာရေးကြီး၊ အိုဗာတိုင်တွေများလို့ အကြောတွေ တက်မယ်၊ ညောင်းမယ် ညာမယ်၊ဟောသလိုလိမ်းလိုက်၊ နာနာလေး ပွတ်ပေး'





သူက ခြေသလုံးကို လှန်ပြီး လိမ်းပြတယ်။

'ချက်ချင်းပျောက်ပါတယ် အစ်ကို၊ လက်တွေ့စမ်းချင်တဲ့ လူများ ရှိရင်လာပါ။ ကျွန်တော် အခမဲ့ ကုပေးပါ့မယ်။ ပိုက်ဆံ တစ်ပြားမှ မပေးနဲ့၊ အဲ. . . သဘောကျလို့အိမ်မှာဆောင်ထား ချင်သပ ဆိုရင်တော့ ဆေးတစ်တုံး ကိုငွေတစ်ကျပ်နှုန်းနဲ့အားပေး နိုင်ပါတယ်။ ငွေတစ်ကျပ်ဆိုတာ လက်ဖက်ရည် တစ်ခွက်ဖိုး တောင်မရှိပါ ဘူးအစ်ကို၊ အသက်ဉာဏ်စောင့် . . . တဲ့။ ကျန်းမာ ရေးက အဓိက ကျပါတယ်'

ဆေးတစ်တုံးကို ကိုင်ရင်းသူ ဆောင့်ကြောင့်ထိုင်လိုက်တယ်၊ အားရပါးရ ပြောတော့မယ် ပုံမျိုးပဲ။

'နံပါတ်သုံး၊ သန်ရောဂါများပျောက်ကင်းစေပါတယ်။ အစ်ကို့ ကလေး ကျွေးလိုက်ရတာ ခဏခဏ၊ ဝလည်းမလာဘူး၊ ဗိုက်ပူနံကား လေးနဲ့ အီသီယိုပီးယားပုံ ပေါက်နေမယ်၊ ညညမှာ ထထ ငြီးအော် မယ်၊ အဲဒါသန်ထတာပဲ၊ ဟောဒီဆေးကိုဆန်ဆေးရေနဲ့သွေးပြီး ကလေးရဲ့ဗိုက်မှာ လူးပေးပါ၊ အပေါ်ကနေအောက်ကို သပ်ချပြီး လူးပေးပါ။ နောက်တစ်နေ့မနက် ကလေး ဝမ်းသွားတဲ့ အခါမှာ ကြည့်ပါ။ သန်တွေ အထွေးလိုက် ပြုတ်ကျလာတာတွေ့ရလိမ့်မယ်'

သူက လက်ကိုင်ပဝါနဲ့ မျက်နှာက ချွေးစေးတွေကို သုတ်ရင်း ပရိသတ်ကို အကဲခတ်နေတယ်။

'ခင်ဗျာ၊ ဟိုဘက်က အစ်ကိုကြီးကနှစ်ကျပ်ဖိုးဟုတ်လား၊ ခဏ လေး၊ ခဏလေး၊ ပြီးတော့ ရောင်းပေးပါ့မယ် ခင်ဗျာ၊ ကျွန်တော့် ဆေးညွှန်းကို ပြီးအောင်ဆက်ပြောပါရစေဦး'

ဆေးရောင်းပေးဖို့ပြောတဲ့ အသံကို ငါတော့မကြားမိတာ အမှန်ပဲ။ ဒါပေမဲ့ သူကတော့ ခပ်တည်တည်နဲ့ ကြားသယောင်

ပြောနေတယ်။ အေးလေ၊ ဒါလည်း နည်းပညာတစ်မျိုးပဲ နေမှာပေါ့။

'နံပါတ်လေး၊ ထိခိုက်ရှနာအတွက်ကောင်းပါတယ်ခင်ဗျာ၊ ကျွန်တော့် အစ်ကို၊ ညကြီးအချိန်မတော်မှာ သံစူးမယ်၊ ဓားရှမယ်၊ ဆေးရုံဆေးခန်းသွားဖို့ မလွယ်ဘူး၊ အသေးအဖွဲပေမဲ့ မပေါ့နဲ့၊ ညှော်မိမယ်၊ မေးခိုင်ပိုးဝင်မယ်၊ အသက်ကိုတောင်ထိခိုက်နိုင်ပါတယ် အစ်ကို၊ အဲသလိုထိ ခိုက်မိရင် ဟောဒီဆေးကိုအနာပေါ်မှာ လိမ်းလိုက်၊ လိမ်းပြီးရင် ခဏစောင့်ကြည့်ပါ။ မင့်ဟာက ဘယ်လောက်ကြာအောင် စောင့်ကြည့်ရမှာလဲ၊ နာရီဝက်လား၊ တစ်နာရီ လားတဲ့၊ ကျွန်တော့်ကို သုံးမိနစ်အချိန်ပေးပါ အစ်ကို၊ သုံးမိနစ်ကြာရင် အနာကျက်သွားပါစေ့မယ်၊အပြောကြီးလှချည့်လား၊ မယုံပါဘူးကွာတဲ့၊ ကျွန်တော်လက်တွေ့ပြမယ် အစ်ကို'

သူကပြောပြောဆိုဆို အခင်းပေါ်ကပစ္စည်းတစ်ခုကို ကောက်ကိုင် လိုက်တယ်။

အဲဒါကတော့ နို့ဆီဘူးပိတ် သံပြားလေးတစ်ခုပဲ၊ အမှိုက်ပုံကကောက်လာတဲ့နို့ဆီဘူးပိတ်ထင်ပါရဲ့၊အရောင်မလက်တော့ဘူး။ မည်းမည်းကြုတ်ကြုတ် သံချေးကတက်နေသေးတယ်။ ပြီးတော့ နို့ဆီဘူးပိတ်တို့ရဲ့ သဘာဝအတိုင်း နှုတ်ခမ်းသားတွေကလည်း မညီမညာနဲ့၊ အစွယ်တွေ ထလို့။

အဲဒီ သံပြားကိုမှ အလယ်ကချိုးပြီး ခေါက်ထားတယ်။ ဒီတော့ စက်ဝိုင်းခြမ်းပုံ ဖြစ်နေတာပေါ့။

'ဟောဒီပစ္စည်းလေးကို ကြည့်ရင် အသွားနှစ်ထပ်ရှိတဲ့ လွှကလေး သဏ္ဍာန်ဖြစ်နေပါတယ်။ သူနဲ့ဘယ်လို လုပ်ပြမလဲတဲ့၊ ကြည့်၊ အစ်ကိုကြည့်၊ သေချာကြည့်'

သူက သံပြားအစွန်းကို ညာလက်နဲ့ကိုင်တယ်။ ပြီးတော့





မှောက်ပြီး ဆန့်ထားတဲ့ဘယ်လက်ညှိုးကိုသံပြားစောင်းနဲ့ နှစ်ချက်လောက် ဆက်ပြီး ခုတ်လိုက်တယ်။ ဟက်ခနဲ အရေခွံပြဲသွားပြီး သွေးစို့လာတယ်။

ကြည့်နေတဲ့ လူတချို့ရဲ့ အာမေဋိတ်သံကိုကြားလိုက်ရတယ်။

နေ့လယ်ခင်း မဟုတ်လား။ နေကလည်းပူတော့ သွေးကရှင်နေတာပေါ့။ မင်းစဉ်းစားကြည့်စမ်း။ တုံးနေတဲ့ သံပြားစောင်းနဲ့၊ နှုတ်ခမ်းသား မညီညာတဲ့သံပြားရဲ့ အစွယ်တွေနဲ့ ဘယ်လောက် အခံရခက် လိုက်မလဲဆိုတာ။

ငါသူ့လက်ညှိုးကို ကြည့်လိုက်တယ်။ သွေးတွေ၊ သွေးရည်တွေ။ လက်ညှိုးထိက စိမ့်ထွက်လာတဲ့ သွေးရည်တွေ။ တစ်စက်ပြီးတစ်စက်၊ တစ်စက်ပြီးတစ်စက်။

လက်ညှိုးကနေ သွေးရည်တွေ တစ်စက်တစ်စက် အောက်ကို သက်ကျလာတယ်။

ဩော် . . . ပြောပြီးပါပကော။ သူပါလို့။

သူမှ သူအစစ်။

[ မိုးဝေ၊ ဩဂုတ်လ၊ ၁၉၈၇ ]



## ကန္တာလေ တောခြေဝယ်
### (တောလိုက်ဝတ္ထု)

(၁)

ကျယ်လောင်စွာ မြည်ဟိန်းထွက်ပေါ်လာသော သေနတ်သံတစ်ချက်သည် လှေကြီးမှောက်တောင်ခြေ တစ်ခုလုံးတွင် ပဲ့တင်ရိုက်ဟည်း သွားလေသည်။

(၂)

'သားကောင် ခြေရာတွေကတော့စုံနေတာပဲ ဆရာတို့ရေ၊ သမင်ခြေရာတွေရော၊ တောဝက် ခြေရာတွေရော။ ခြေရာ သစ်တွေချည်းပဲ။ ဒီကောင်တွေ ကျုပ်တို့စိုက်ခင်းတွေကို ဖျက်ဆီးဖို့ အုပ်ဖွဲ့ပြီး





လယ်တွေနား ကပ်လာကြတာဗျ'

မုဆိုးကြီးဦးဆယ်ကျော်က နှုတ်ခမ်းမွေး ကော့ကော့ကြီး မျှားလှုပ်ရှားသွားအောင် အားရပါးရ ပြုံးလိုက်ရင်းပြော၏၊ တောလိုက်အဖွဲ့သည် ဦးဆယ်ကျော်၏ စကားကြောင့် အားတက် သွား ကြ၏။

ဦးဆယ်ကျော်က သူ့လက်စွဲတော် ဒူးလေးကြီးကိုအိမ် နံရံတွင် ထောင်လိုက်၏။ ခေါင်းပေါ်မှ ဝါးဖတ်ခမောက်ကို ချွတ်လိုက်ပြီး ဒူးလေးပေါ်တွင်တင်သည်။ ထို့နောက် မီးဖိုဘေးတွင် ဝင်ထိုင်၏။

တောလိုက်အဖွဲ့သည် ညနေစောင်းတွင်မှ နှောပင်ကုန်းရွာသို့ရောက်လာခဲ့ကြ၏။ တောလိုက်အဖွဲ့တွင် မြေတရင်းဦးစီးမှူး ဦးချစ်စံ၊ သစ်ထုတ်ရေး မန်နေဂျာ ဦးကောင်းလုံ နှင့် တောအုပ်ကြီး ဦးမင်းအောင်တို့ပါဝင်ကြသည်။ တောလိုက်အဖွဲ့ ရောက်လျှင်ရောက်ချင်းပင် ဦးဆယ်ကျော်နှင့် ရွာသားအချို့က သားကောင်အခြေအနေသိရန် လှေကြီးမှောက်တောင်ခြေသို့ ကင်းထောက်ထွက်ခဲ့ကြ၏။

'ဦးဆယ်ကျော်တို့ မိုးချုပ်နေလို့ ကျွန်တော်တို့ စိတ်ပူနေကြတာ'

'ဘာပူစရာရှိလဲတောအုပ်ကြီးရာ၊ ဒီတောတစ်ခွင်လုံးက ကျုပ်နားရွက်ရာတွေချည်းပဲဟာ'

အိမ်ခေါင်းရင်း နံရံတွင် ၃၀၃ စစ်သုံးအင်္ဂလိပ် ရိုင်ဖယ်၊ ၃၇၅ မက်နမ် ရိုင်ဖယ်နှင့် ၄၁၆ ရစ်ဘီမဂ္ဂဇင်းရိုင်ဖယ်တို့ကို ထောင်ထားသည်။

တောလိုက်အဖွဲ့သည် မီးဖိုဘေးတွင်ထိုင်နေကြ၏။ မီးဖိုအနီးတွင်ကား မြေကရားတစ်လုံး ခေါင်းစီထည့်ထားသော ဇလုံတစ်လုံးနှင့် ဟင်းပန်းကန် တစ်ချပ်တို့ရှိ၏။

ခေါ်စီအနက်နှင့်အဖြူများ ရောယှက် ထည့်ထားသော ဇလုံသည် အသက် လေးဆယ်ကျော်ပုဂ္ဂိုလ်တစ်ဦး၏ ဆံဖြူထိုးစ ဦးခေါင်းတစ်လုံး နှင့်တူနေ၏။

ပန်းကန်ထဲမှ ဆီတိုဟူးကို ဘဲဥ၊ ခရမ်းချဉ်သီးတို့နှင့် မွှေကြော်ထားသောဟင်းသည် အငွေ့ထောင်းထောင်းထနေသည်။

ခေါ်စီကို တံစို့ဖြင့်ထိုးပြီး မီးဖိုတွင် ကင်ရ၏။ တံစို့ကို အလိုက်သင့် လှည့်ပေးနေစဉ်တွင် ခေါ်စီသည် ခေါင်းအုံးသဖွယ် ဖောင်းကား၍ လာ၏။ ကောက်ညှင်းမီးသင်းနံ့ မွှေးပျံ့လာသည်။ ခေါ်စီ ပူပူကို ဆီတိုဟူးနှင့်တို့ပြီး စားရသော အရသာကား ထူးကဲပါဘိ၏။

မြေစာရင်း ဦးစီမှူး ဦးချစ်စံမှာ နိုင်ငံခြားမှ ပြန်လာစ ပုဂ္ဂိုလ်ဖြစ်ရကား သူ၏အတွေ့အကြုံများကို ပြန်ပြောပြရန် ပရိသတ်က တောင်းဆိုကြ၏။ ဦးချစ်စံ က သူတွေ့ခဲ့ရသည့် ပျော်ရွှင်ဖွယ် အဖြစ်အပျက်များကို သောလုံးလေးများညှပ်ရင်း ဝေဝေဆာဆာ ပြောပြသည်။

စကားဝိုင်းသည် ရယ်မောသံ များဖြင့်မြိုင်ဆိုင်လျက်ရှိ၏။

'နိုင်ငံခြားက ဇွဲလုံ့လကြီးမားတဲ့ လယ်သမားနှစ်ဦး အကြောင်းကိုလည်း ပြောပြချင်သေးတယ်ဗျ'

ဦးချစ်စံက ရယ်စရာ အဖြစ်အပျက်များကို ပြောပြနေရာမှ စကားလမ်းကြောင်းပြောင်းပြီး လေးနက်သော အကြောင်းအရာကို ပြောလိုဟန်ဖြင့် နိဒါန်းပျိုးလိုက်၏။ ပရိသတ်ကသူဆက် ပြောမည့် စကားကို နားစွင့်နေကြသည်။

'ပထမ လယ်သမားကိုတော့ အမေရိကန်နိုင်ငံမှာ တွေ့ခဲ့သဗျ၊ သူ့နာမည်က မစ္စတာမာတင်တဲ့။ မျက်စိတစ်ဆုံး ကျယ်ပြန့်တဲ့





ပြောင်းခင်းတွေ၊ ဂျုံခင်းတွေ တစ်မျှော်တစ်ခေါ်ကြီး စိုက်ပျိုးလုပ်ကိုင်ပြီး အောင်မြင်နေတဲ့ လယ်သမားကြီး တစ်ဦးပါဘဲ။ သူ့ထူးခြားချက်ကတော့ သူ့လယ်တောရဲ့ အခြေအနေကို အနှစ်နှစ်ဆယ်လုံးလုံး တစ်ရက်မပြတ် မှတ်တမ်းရေးထားနိုင်ခြင်းပဲ။ မြေအခြေအနေ၊ ရာသီအခြေအနေ၊ သီးနှံအခြေအနေတွေကို အသေးစိတ်စနစ်တကျ မှတ်တမ်းရေးထားနိုင်တာကို တွေ့ရသဗျ'

'အေးဗျာ၊ အနှစ်နှစ်ဆယ်တိုင်တိုင် တစ်ရက်မပြတ် မှတ်တမ်းရေးထားတယ်ဆိုတော့ တော်ရုံ ဇွဲလုံ့လမျိုးနဲ့ ဘယ်ဖြစ်နိုင်လိမ့်မလဲ၊ ချီးကျူးထိုက်ပါပေတယ်'

'ဇွဲလုံ့လကြီးမားတဲ့ ဒုတိယလယ်သမားတစ်ဦးကိုတော့ ဂျပန်နိုင်ငံမှာတွေ့ခဲ့ရသဗျ။ သူ့နာမည်ကတော့ မစ္စတာကင်စန်တဲ့။ ကျွန်တော်တို့ ရောက်သွားတဲ့ အချိန်မှာတော့ တောင်ကုန်းပေါ်က သူ့လယ်တောဟာ သီးနှံတွေ မြိုင်မြိုင် ဆိုင်ဆိုင်နဲ့၊ အခြေကျနေပါပြီ။ တချို့ ဂျုံခင်းတွေများဆိုရင်အနှံတွေ ထွားလွန်းလို့ ကန်သင်းရိုးမှာ ယိုင်ပတ်ထားရတော့မလား အောက်မေ့ရပါတယ်။ ဒါပေမဲ့ အံ့သြစရာ ကောင်းတာက သီးနှံတွေမဟုတ်ဘူး။ မြေကြီးဗျ။ အဲဒီ တောင်ကုန်းဟာ မူလက ကျောက်သား ပကတိတဲ့၊ မြေကြီးဆိုလို့ တစ်မှုန်မျှမရှိတဲ့ တကယ့် ကျောက်တောင်ကြီးဆိုပဲ။ အဲဒီ ကျောက်တောင်ကြီးကို စက်ယန္တရားမပါဘဲ သူကိုယ်တိုင် မြေတွေ သယ်ဖို့ပြီး လယ်သစ်တည်ခဲ့ရသတဲ့။ ဘယ့်နှယ်လဲ၊ အံ့သြစရာ မကောင်းဘူးလား'

'အေးဗျာ၊ တောင်ကတုံးကို သျှောင်ထုံးနိုင်တဲ့ ပုဂ္ဂိုလ်ပေပဲ။ ထူးခြားပါပေတယ်'

ဦးကောင်းလုံက ထောက်ခံလိုက်၏။

နှောပင်ကုန်းရွာကလေးကား လရောင်အောက်တွင် အိပ်မော ကျလျက်ရှိလေသည်။ လှေကြီးမှောက်တောင်ခြေဘက်မှ တသုန်သုန် တိုက်ခတ်လာသော လေပြည်သည် တောပန်းရနံ့များဖြင့် မွှေးပျံ့လျက်ရှိ၏။ သစ်တောက်ငှက်တစ်ကောင်၏ အော်မြည်သံကို ကြားရ သည်။

ဦးဆယ်ကျော်က မီးဖိုထဲသို့ ထင်းများထပ်ထည့်နေ၏။

'ကဲဗျာ၊ ဦးဆယ်ကျော်က တစ်လှည့်ပြောစမ်းပါဦး၊ ခင်ဗျား ကျွန်တော့်ကို ပြောဖူးတဲ့ စစ်ပြီးစက အဖြစ်အပျက်လေးဟာ အတော် စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကျန်တဲ့လူတွေလည်း ကြားရအောင်"

ဦးမင်းအောင်က ပွဲတောင်းသည်။ ဦးဆယ်ကျော်က သူ၏ နှုတ်ခမ်းမွေး ကော့ကော့ကြီးများကို သပ်ရင်း ပြုံးလိုက်၏။ သူ့နှုတ်ခမ်းမွေးများသည် ကွမ်းသွေးဖြင့် နီရဲစွတ်စိုနေသည်။

'ဒီလိုဗျ၊ အဲဒီတုန်းက စစ်ကြီးပြီးစ ရပ်ရွာအခြေအနေက လည်း မငြိမ်မသက် ဖြစ်နေတဲ့အချိန်ပေါ့။ တောမီးလောင်တော ကြောင် လက်ခမောင်းခတ် ဆိုသလိုပေါ့ဗျာ။ သူခိုးဓားပြတွေက လည်း ဆူပူထကြွနေကြလေတော့ လှေကြီးမှောက်တောင်ခြေက တောထဲမှာ ဓားပြဂိုဏ်းကြီး တစ်ဂိုဏ်း ရောက်လာပြီး ခိုအောင်းနေသဗျ၊ ဒီသတင်းကိုကြားတယ် ဆိုရင်ပဲ ကျုပ်တို့ရွာကသူကြီးရော၊ ပိုက်ဆံရှိ တဲ့လူတွေရော အကုန် မြို့တက်ပြေးကြတော့တာပဲဗျို့။ ရွာမှာ ကျုပ်နဲ့ ဆင်းရဲသားလယ်သမားတွေပဲ ကျန်ရစ်တယ်။ ဒီတော့ ရွာမှာ လောက်လောက်လားလားဆိုလို့ ကိုယ်ပဲရှိလေတော့ ကျုပ်ကပဲ ရွာကို ဦးဆောင်ဦးရွက် လုပ်ရတော့တာပေါ့ဗျာ။'

'မဆိုးကျော်ကြီး သူကြီးဖြစ်ခန်း ဆိုပါတော့ဗျာ'





ဦးကောင်းလုံက ထောက်လိုက်၏။

'ဟုတ်ပဗျာ၊ ဟုတ်ပ၊ ပြောလောက်ပါပေရဲ့၊ ဓားပြဂိုဏ်းကြီးရဲ့ ခေါင်းဆောင်က ဦးကြွက်နီတဲ့ဗျ၊ တစ်နေ့တော့ ဦးကြွက်နီဆီက စာတစ်စောင် ရောက်လာတယ်၊ စာဆိုပေမယ့် ရှည်ရှည် ဝေးဝေး မဟုတ်ပါဘူး။ စာတစ်ကြောင်းပဲ ရေးထားပါတယ်'

'တစ်ကြောင်းက စာချွန်တော်ပေါ့ဗျာ'

ဦးကောင်းလုံက ထောက်ပေးလိုက်သည်။

'အဲဒါနဲ့ ကျုပ် ဖတ်ကြည့်လိုက်တော့ 'ထမင်းထုပ်ငါးဆယ် ပို့ရမည်' တဲ့၊ အတော်ပြင်းထန်တဲ့အမိန့်ဗျ။ ဘယ်နေ့ဝုံလိမ့်မတုံး ဗျာ၊ ချက်ချင်းစီစဉ်ရတော့တာပဲ၊ ရွာထဲပြန်လှည့်ပြီးခေါ်ဩရတော့ တာပေါ့။ ကဲဟေ့ ကဲဟေ့၊ ဒီမှာအမိန့် ရောက်လာသကွဲ့၊ ထမင်း ထုပ်တွေ ထုပ်ကြစမ်း၊ အမိန့်ကိုတော့ တိတိကျကျ လိုက်နာမှ ဖြစ်မ ကွဲ့၊ တော်ကြာ ဦးကြွက်နီ ရာဇမာန်ရှနေလိမ့်မယ်၊ စာထဲမှာ ထမင်း ထုပ်လို့ ဆိုထားတယ်၊ ထမင်းချည်း ထုပ်ကြစမ်း၊ ဟင်းဆိုလို့ ဆား တစ်ပွင့်တောင် ယောင်လို့ မထည့်ကြနဲ့နော်၊ တော်ကြာ အလွဲလွဲ အချော်ချော်တွေ ဖြစ်ကုန်ရင် မကောင်းဘူးကွဲ့လို့ တစ်အိမ်တက် ဆင်း ပြောရတော့တာပေါ့'

'ဟုတ်လိုက်လေဗျာ၊ ဒါနဲ့ ထမင်းထုပ် ငါးဆယ်ပို့လိုက်ရော လား'

'ပို့လိုက်တယ်ဗျ၊ ဘာပြောကောင်းမလဲ၊ နောက်တစ်နေ့ကျ တော့ စာတစ်စောင် ထပ်ရောက်လာတာပဲ၊ ဒီစာမှာလည်း စာတစ် ကြောင်းတည်းပဲ ပါတယ်ဗျ၊ ကျုပ်ဖတ်ကြည့်လိုက်တော့

'ထမင်းဟုဆိုရာတွင် ဟင်းလဲပါသည်' တဲ့။

'အေးလေဗျာ၊ ခင်ဗျား ထမင်းချည်းပဲ ပို့လိုက်တော့ ဦးကြွက်နီ

ခမျာ ထမင်းကို အဓိပ္ပာယ်ဖွင့်ဆိုရတော့တာပေါ့'

'ဘယ်နေဝှံ့လိမ့်မတုံးဗျာ၊ ချက်ချင်း စီစဉ်ရတော့တာပဲ၊ ကဲဟော့ ကဲဟော့။ ဒီမှာအမိန့်ရောက်လာပြန်ပြီကွဲ့၊ ထမင်းဆိုတာ ဟင်းလည်း ပါသတဲ့၊ ရွာထဲက မိန်းမတွေ အကုန်ထွက်ကြစမ်း၊ ရွာရှေ့က ကန်ထဲ ကိုသွားပြီး ပိန်းရွက်ခူးတဲ့ လူကခူး၊ ကြာစွယ်ချိုးတဲ့လူက ချိုးကြ စမ်းဟေ့လို့ ဆော်ဩရတော့တာပဲ . . . ။ ပြီးမှ ပိန်းရိုးနဲ့ ကြာစွယ် တွေကို ပြုတ်ပြီး၊ ထမင်းနဲ့ရောထုပ်ရသဗျ၊ ပိန်းပေါင်းဟင်း၊ ကြာစွယ်ဟင်းများ ပါဝင်တဲ့ ထမင်းထုပ်ပေါ့ဗျာ'

'စီစဉ်ပုံကတော့ သိုက်မြိုက် ပါပေ့ဗျာ'

'မသိုက်မြိုက်နဲ့ဗျ၊ ဒီထမင်းထုပ်တွေ အပို့လွှတ်လိုက်တယ် ဆိုရင်ပဲ နောက်နေ့ကျတော့ စာတစ်စောင် ရောက်လာပြန်တယ်၊ ဒီစာမှာလဲ အရင်စာတွေလိုပဲ စာတစ်ကြောင်းတည်း ပါတယ်၊ ကျုပ် ဖတ်ကြည့်လိုက်တော့ 'ဟင်းဆိုသည်မှာ ကြက်ကို ဆိုလိုသည်' တဲ့။

ရယ်သံများ စီစီညံညံ ထွက်ပေါ်လာ၏။ ဣန္ဒြေကြီးလှသော တောအုပ်ကြီး ဦးမင်းအောင်သည်ပင် ပခုံးလှုပ်အောင်ရယ်မော လျက် ရှိ၏။

'ဒါနဲ့ ကျုပ်က ဥတင်းထဲက ကြက်ပေါက်လေးတွေချက်ပြီး ပို့မယ်လုပ်သေးတယ်ဗျ၊ မလုပ်ပါနဲ့ ဦးဆယ်ကျော်ရယ်၊ တစ်ရွာလုံး ခေါင်းပြတ်ကုန်ပါလိမ့်မယ်လို့ ရွာသားတွေက ဝိုင်း ပြီးတောင်းပန် လို့ လျှော့လိုက်ရတာ'

ရယ်သံများထွက်ပေါ်လာပြန်သည်။

'သူကြီး လုပ်ရတာ မဟန်ပါဘူးဗျာ၊ ကျုပ်ဟာကျုပ် မုဆိုး လုပ်နေရတာပဲ ကောင်းပါတယ်၊ ကျုပ်တို့ ဒုက္ခမသေးလှပါဘူးဗျာ၊ လယ်တစ်ဘက်က လုပ်ရင်း၊ အဲဒီဓားပြဂိုဏ်းကြီးကို ထမင်းထုပ်ပို့





ရတာ အကြာကြီးပဲဗျ၊ အစိုးရတပ်တွေရောက်လာပြီး တောနင်း နှိပ်ကွပ်လိုက်မှ အဲဒီဝဋ်က ကျွတ်သွားတော့တယ်'

ထင်းစများအားလုံး လောင်ကျွမ်းသွားပြီဖြစ်၍ မီးဖိုတွင် မီးစွယ်ကျသွားသည်။ သန်းခေါင်ကြက်တွန်သံကို ကြားရ၏။ နံနက်စောစောထပြီး တောလိုက်ထွက်ရန်အစီအစဉ်ရှိသေးသဖြင့် စကားဝိုင်းသိမ်းပြီး အိပ်ရာဝင်ရန် ပြင်ဆင်ကြလေသည်။

(၃)

ဝင်းဖန့်ဖန့် နေခြည်သည် ကွန်းရွက် ဖားဖားကြီးများကို ထွင်း ဖောက်၍ မြေပြင်ပေါ်သို့ ပြောက်တိပြောက်ကျား ကျရောက် လျက်ရှိ၏။

တောလိုက်အဖွဲ့သည် ဦးဆယ်ကျော်၏ဇနီး တည်ခင်း ကျွေး မွေးသော ဆတ်သားခြောက်ဖုတ်နှင့် ချိတ်ပေါင်း ပူပူနွေးနွေးကို စားနေကြ၏။

'ကဲ အဆင်သင့် ပြင်ကြတော့ဗျို့၊ နေမမြင့်ခင် တောထဲဝင် ရအောင်'

ဦးချစ်စံက နှိုးဆော်လိုက်သည်။

ဦးကောင်းလှက ရေဘူးထဲသို့ ရေဖြည့်၏။

ဦးမင်းအောင်က အမဲလိုက် ဓားမြှောင်တစ်ချောင်း ချိတ်ဆွဲထားသော ခါးပတ်ပြားကြီးတွင် ကျည်ဆန်များ အစီအရီထိုးနေသည်။

'တောခြောက်ဖို့ ရွာသားတွေခေါ်ခဲ့ရဦးမလား'

မုဆိုးကြီး ဦးဆယ်ကျော်က သူ့ဒူးလေးကြီးကို ထမ်းလိုက်ရင်း မေး၏။

'တောခြောက်ပြီး အထိတ်တလန့်ပြေးလာတဲ့ သားကောင်ကို

ပစ်ရတာ ရက်စက်ရာကျပါတယ်ဗျာ'

'သဘာဝအတိုင်းပဲ သားကောင်ကို ပစ်ကြတာပေါ့'

ဦးချစ်စံက ပြောသည်။

'ဒါဆိုရင်လူသုံးယောက်လောက်ပဲ ခေါ်ခဲ့တော့မယ်လေ'

သက်ငယ်ပင်၊ ကိုင်းပင်၊ မနုန်းပင်များ ထူထပ်စွာပေါက်နေသော ထွေးတောကို ဖြတ်လာကြ၏။ မီးလောင်ပြင်တောင်ယာဟောင်းကို လွန်သောအခါတွင်ကား သစ်ပင်ရိပ်များအုပ်ဆိုင်းလာပြီး တောက အင်တိုင်းဆန်လာသည်။ ငှက်နီလေးတစ် ကောင်သည် သစ်ရွက်တစ်ရွက်ကြွေကျသလို ကျွန်းပင်ထိပ်ဖျားမှ မြေပြင်ပေါ်သို့ ပျံဆင်းလာပြီး တောလိုက်အဖွဲ့ကို မြင်သဖြင့် ရုတ်ခြည်းထပျံသွား၏။

တောထဲရှိမြေသည် နက်မှောင်ပြီး နူးညံ့လှ၏။ မြေမည်းမည်းမှ ထိုးထွက်၍ မားမားရပ်နေသောကျွန်းပင်ငုတ်တိုကြီးပေါ်တွင် သစ်ခွပန်းဝါဝါများ တက်ပွင့်နေကြသည်။ ဘောင်ဘဲ့ချုံများသည် မိုးဦးအကျတွင် ပေါ်ပေါက်လာသော ရေစီးကြောင်းလေးများကို စိမ်းလန်းသော အခက်အနွယ်များဖြင့် ဖုံးအုပ်ထားကြ၏။ တောင်ကမ်းပါးယံတွင် တွယ်ကပ်ပေါက်နေကြသော ခင်ပုပ်ချီ နွယ်ပင်များ၌ အပွင့်ဖြူဖြူ လေးများ စီရရီပွင့်လျက်ရှိ၏။

သက်ငယ်ပင်များအကြားတွင် တောစံပယ်ပွင့်များ ဖွေးဖွေးလှုပ်အောင် ပွင့်နေကြ၏။ ပန်းမွှေ့ရာကြီး ခင်းထားသည့်ပမာရှိသည်။ လေပြည်သည် တောပန်းရနံ့များဖြင့်ထုံကြိုင်လျက်ရှိသည်။

အစာရှာနေသော တောကြက်တစ်အုပ်သည် တောလိုက်အဖွဲ့၏ အသံကို ကြားသည်နှင့် တဖြုံဖြုံ လန့်ပျံပြေးသွားကြ၏။





တောင်ကုန်းလေးမှ အဆင်းတွင် စမ်းပေါက်တစ်ခုကို တွေ့ရ၏။ စမ်းပေါက်အနီးတွင် မိုးမခပင်များ၊ ဆီးချုံများထူထပ်စွာပေါက်နေကြသည်။ ကြည်စိမ်းသော စမ်းရေသည် သဲထဲမှ တစ်ပွက်ပွက် ပွက်၍ထွက်နေ၏။ စမ်းဝတွင် ရေသည်ဝဲဂယက် ထလျက်ရှိ၏။ ရွှေရောင်သဲပွင့်လေးများသည် ဝဲဂယက်များအကြားတွင် ငုပ်တုံပေါ်တုံ ကူးခတ်ဆော့ကစားနေကြ၏။

သဲသောင်ပြင်ပေါ်၌ ရှုပ်ထွေးနေသော သမင်ခြေရာများကို တွေ့ရ၏။

ဦးဆယ်ကျော်သည် သမင်ခြေရာများကို လက်ဖြင့်တိုင်းထွာကြည့်နေသည်။

'သမင်ဖိုမ တစ်စုံတော့ မကြာခင်ကပဲ ဒီသဲပြင်ပေါ်မှာ ဖြတ်ပြေးသွားကြတယ်ဗျို့'

ဦးချစ်စံက ဦးဆယ်ကျော် ဘေးတွင် ထိုင်လိုက်ပြီး သမင်ခြေရာများကို စူးစမ်းနေ၏။ သူ့အဖို့ကား သမင်ခြေရာများသည် တစ်ခုနှင့်တစ်ခု ဘာမျှ ကွာခြားခြင်းမရှိပေ။

'ဦးဆယ်ကျော် ဘယ်လိုခွဲခြားပြီး သိတာလဲ၊ ကျွန်တော်တို့ကိုလည်း ခြေရာကောက်နည်း သင်ပေးပါဦး'

'အလေ့အကျင့်ပါပဲ ဆရာရယ်၊ ခက်လှတယ်တော့ မဟုတ်ပါဘူး၊ ဟောဒါက သမင်မခြေရာလေ၊ သမင်မခြေရာက သမင်ထီးခြေရာထက်ပိုပြီးချွန်တယ်။ ဟောဒါက သမင်ထီးခြေရာ။ ဒီတော့ သမင်ဖိုမ တစ်စုံလို့ ပြောနိုင်တာပေါ့။ ပြီးတော့ သမင်သွားပုံလာပုံကို သိချင်ရင် ခြေရာစေ့နေသလား၊ ကွဲနေသလား ကြည့်ရတယ်။ ခြေရာစေ့နေရင် ဖြည်းဖြည်းလျှောက်သွားတာပဲ၊ ခြေရာကွဲနေရင်တော့ အပြေးသွားတာပေါ့။ ဒီမှာ ခြေရာကွဲနေတာကို တွေ့တယ်

မဟုတ်လား။ ဒီတော့ သူတို့ ပြေးပြီးသွားကြတယ်ဆိုတာ ခန့်မှန်းနိုင်တာပေါ . . .'

'မကြာခင်ကပဲ ပြေးသွားကြတယ် ဆိုတာကရော'

'ဒါကတော့ ခြေရာဟောင်းလား။ ခြေရာသစ်လား ခွဲခြားကြည့်ပြီး ပြောတာပါ၊ ခြေရာထဲမှာ သဲမဝင်သေးရင် ခြေရာသစ်ပေါ့၊ သဲဝင်နေတာတွေ့ရင် ခြေရာဟောင်းပေါ့၊ သဲဝင်တာ များလေလေ ခြေရာဟောင်း လေလေပဲ၊အခုခြေရာတွေမှာက သဲလုံးဝ မဝင်သေးဘူးလေ။ ဒါကြောင့် သူတို့ဖြတ်ပြေးသွားတဲ့ အချိန်ဟာ သိပ်မကြာသေးဘူးလို့ ပြောတာပါ'

စမ်းပေါက်အနီးမှ ထွက်ခွါလာကြ၏၊ အင်ကြင်းပင်ကြီးတစ်ပင်၏ အကိုင်းများတွင် ပျားအုံကြီးများ ခွဲနေသည်ကို မြင်ရ၏။

မြင့်မားသော သစ်ပင်ကြီးများ၏ အကိုင်းအခက်များမှ တွဲရရွဲဆိုင်းရရိုင်း ဖြာကျနေသော နွယ်ဒန်းများကို တိုးဝေ့ ဖယ်ရှားရင်း ခရီးဆက် ရ၏။ ရှဉ့်စုပ်သံများကို ကြားရသည်။ ရိုးကလေးတစ်ခုအလွန်၌ ဦးဆယ်ကျော်က ပါးစပ်ကိုလက်ညှိုးဖြင့်တေ့ပြီး ရှူးခနဲ အသံပြု၏။ တုံ့ခနဲ ရပ်လိုက်ကြသည်။

အင်ကြင်းပင်စုအကြားမှ ရှေ့သို့ မျှော်ကြည့်လိုက်သော အခါတွင်ကား ကောက်စိုက်ပြီးစ လယ်ကွက်ကြီးတစ်ကွက်ဟု ရုတ်တရက်ထင်မှတ်ရသည့် ညီညာပြန့်ပြူးသော မြက်ခင်းကြီးကို မြင်တွေ့လိုက်ရ၏။ မြက်ခင်းပေါ်တွင် သမင်ဖိုကြီးတစ်ကောင်သည် လည်တိုင်ရှည်ကြီးကို ငုံ့စင်းလျက် မြက်နုများကို အားရပါးရ ဟပ်စားလျက်ရှိလေသည်။

တောလိုက်အဖွဲ့သည် ပခုံးပေါ်မှ သေနတ်များကိုလျှောချပြီး ရင်ခွင်ပိုက် အသင့်အနေအထားဖြင့် ကိုင်ထားလိုက်ကြ၏။





ဦးချစ်စံက ဦးကောင်းလုံ နှင့် ဦးမင်းအောင်တို့ကိုလက်ပြပြီးတား၏။ ပြီးမှ လက်ညှိုးထောင်ပြသည်။

ဤသမင်ကို သူပစ်ပါရစေဟု ခွင့်တောင်းခြင်းဖြစ်ကြောင်း နားလည်လိုက်ကြသည်။

ဦးမင်းအောင်က ဦးဆယ်ကျော်ကို ကြည့်လိုက်၏။ ဦးဆယ်ကျော်က ခေါင်းညိတ်ပြသည်။

ဦးချစ်စံသည် ခြေသံကိုလုံအောင် နင်းရင်းတဖြည်းဖြည်း ရှေ့သို့တိုးသွား၏။ ပုဆိုးတစ်ပတ်ခန့်ရှိသော အင်ကြင်းပင်ကြီး တစ်ပင်၏ ပင်စည်ကို ကွယ်ပြီး ရပ်လိုက်သည်။

သမင်ဖိုကြီးသည် မြက်နုလေးများကို ဝါးနေရာမှ ဦးခေါင်းကို မော့လိုက်ပြီး လေထဲတွင် အနံ့ခံရှူရှိုက်လျက်ရှိ၏။ သူ၏ ဦးချိုကြီးများသည် တော်ဝင်ပန်းပုဆရာ၏ စိတ်တိုင်းကျ ထုဆစ်ထားသော ကနုတ်ပန်းခက်များသဖွယ် နေရောင်ထဲတွင် ကော့ပျံလျက် ရှိလေသည်။

သမင်ဖိုကြီးသည် နားရွက်များကို စွင့်လျက်ပေပေကြီး ရပ်နေရာမှ တစ်စုံတစ်ရာ သင်္ကာမကင်းဖြစ်လာဟန်ဖြင့် ခုန်ပေါက်ပြေးသွားရန်အတွက် ကိုယ်ကို ကျုံ့လိုက်၏။

ထိုစဉ်တွင် ဦးချစ်စံက သေနတ်ခလုတ်တာကွင်း အတွင်းမှ မောင်းကို လက်ညှိုးဖျားဖြင့်ညင်သာစွာ ညှစ်ချလိုက်သည်။

ကျယ်လောင်စွာ မြည်ဟိန်းသံ ထွက်ပေါ်လာသော သေနတ်သံ တစ်ချက်သည် လေ့ကြီးမှောက် တောင်ခြေတစ်ခုလုံးတွင် ပဲ့တင်ရိုက်ဟည်းသွားလေသည်။

(၄)

'ထိပါတယ်ဗျ၊ ကျွန်တော်သေသေချာချာချိန်ပြီး ပစ်တာပါ'

ဦးချစ်စံက ပြော၏။

'ခင်ဗျားကသာ ထိတယ်ပြောနေ သမင်ကဖြင့်ဟိုဘက် ဝါးတောထဲဝင်ပြေးသွားပြီ'

ဦးမင်းအောင်ကပြောသည်။

'တောက်၊ ခင်ဗျားပစ်ချင်တယ်ဆိုလို့သာ ခွင့်ပြုလိုက်ရတယ်ဗျာ၊ ကျုပ်သာ ပစ်ရရင် ဒီသမင်သေချာပေါက် ထိတယ်'

ဦးကောင်းလုံက အားမလို အားမရလေသံဖြင့် ညည်းသည်။

'ဟာ. . . ခင်ဗျားတို့ အငေဖန်မစောကြပါနဲ့ ဦးဗျာ၊ ကျွန်တော့်လက် ဒီလောက်မညံ့ပါဘူး၊ ထိကိုထိတယ်ဗျာ၊ ကြိုက်တဲ့ ကြေးလောင်းလိုက်'

'ကဲပါလေ. . . ငြင်းမနေပါနဲ့၊ ဦးချစ်စံပစ်တာ ထိလောက်ပါတယ်။ နေရာတင်လဲကျနေဖို့ ဆိုတာကတော့ ကျည်ဆန်က သေကွင်းကို သွားထိမှ ဖြစ်နိုင်တာမျိုးပေကိုး၊ဒဏ်ရာရသွားတဲ့ သားကောင်ဟာ ဝေးဝေးမပြေးနိုင်ပါဘူး၊လိုက်ရှာကြရအောင်'

ဦးဆယ်ကျော်က ကွမ်းတမြုံ့မြုံ့ ဝါးရင်း အေးဆေးစွာ ပြော၏။

မြက်ခင်းရှေ့တွင် ပိန်းပိတ် မှောင်မည်းနေသော ဝါးတောကြီး ကာဆီး လျက်ရှိ၏။ အပင်ချင်းလိမ်ယှက်နေသော ဝါးရုံကြီးများ အကြားတွင် ခက်ခဲစွာ တိုးဝင်၍ သွားကြရ၏။ အချို့နေရာ၌ ဝါးနွယ်ဝါးခက်များကို ဓားဖြင့် ခုတ်ထွင် ဖယ်ရှားပြီးလမ်းကြောင်း ဖော်ယူရသည်။

ဝါးရုံကြီးများ၏ အောက်ခြေ၌ သမန်းမြက်ပင်ရှည်ကြီးများ၊





ဝိန်းရိုင်းပင်များ ထူထပ်စွာပေါက်နေကြ၏။ မြက်တောများ အကြားမှ ခြင်ရိုင်း များ ထွက်လာပြီး ဝိုင်းအုံကိုက်ခဲကြသဖြင့် တဖျတ်ဖျတ်သပ်ချနေရသည်။

'လူဖြန့်ရှာမှထင်တယ်၊ သိပ်ဝေးဝေး ဖြန့်ရင်လဲ လူချင်း ကွဲသွား မှာစိုးရတယ်၊ တစ်လံကွာစီလောက် ရင်ပေါင်တန်းပြီးဖြန့်ရှာကြရအောင်'

အတန်ငယ် လျှောက်မိကြသောအခါ၌ ဦးဆယ်ကျော်က အကြံပြုသည်။ လူချင်းခွဲလိုက်ကြပြီး ဒဏ်ရာရနေသော သားကောင်ကို ဆက်ရှာကြ၏။ ဝါးပင်များအကြားတွင် အရွက်ဖားဖားကြီးများနှင့် တောငှက်ပျောပင်များပေါက်နေသည်ကို တွေ့ရသည်။ အချို့ အပင်များတွင် မှည့်ဝင်းသော ငှက်ပျောခိုင်ကြီးများ ထွက်လျက်ရှိ၏။

'ဟောဒီမှာ သွေးစက်တွေ တွေ့တယ်ဗျို့'

လယ်ယာဘက်အစွန်ဆုံးရှိ ဦးကောင်းလုံထံမှ အသံထွက်ပေါ်လာသည်။ ဦးကောင်းလုံ ရှိရာသို့ စုဝေးသွား ကြ၏။

ဦးကောင်းလုံရှေ့မှ မြေပြင်တွင် ဝါးရွက်ခြောက်များ စုပုံရှုပ်ထွေးလျက်ရှိ၏။ ရွက်ခြောက်အချို့ပေါ်၌ ထင်ကျန်နေသော သွေးစက်များကို အမှန်ပင် တွေ့မြင်ကြရ၏။ ဦးချစ်စံ၏ မျက်နှာ ဝင်းလက်သွား၏။ အောင်နိုင်သူတို့၏ အပြုံးမျိုးကို ဦးချစ်စံ၏ မျက်နှာပေါ်တွင် တွေ့ရသည်။

'ကဲ . . . ကျွန်တော် မပြောဘူးလား၊ သေချာထိပါတယ်လို့၊ ဒီသမင် ဘယ်ပြေးလို့ လွတ်မလဲ'

သွေးစက်များအတိုင်း ဆက်လျှောက်လာကြ၏ခြေလှမ်း အနည်းငယ်လှမ်းမိကြသောအခါတွင်ကား အုံ့ညြဖွယ်မြင်ကွင်းကို

မြင်တွေ့လိုက် ကြရ၏။ အားလုံး ဟယ်ခနဲ ဖြစ်သွားကြသည်။

အမျိုးသမီးတစ်ယောက် ဝါးရုံကြီး၏ ခြေရင်းကိုခေါင်းစိုက် လျက် ခွေခွေလေးလဲနေသည်။ သူ့ထဘီတစ်ထည်လုံးသည် သွေးများဖြင့် စိုရွှဲလျက်ရှိ၏။ သူ့အနီးတွင်ကား အမိဝမ်းမှ ကျွတ်စ ချက်ကြိုးတန်းလန်းနှင့် ကလေးနီတာရဲလေးတစ်ဦး။

'အို . . . ဖြစ်မှဖြစ်ရလေ'

အမျိုးသမီးနှင့် ကလေးငယ်ရှိရာသို့ အပြေးအလွှား ချဉ်းကပ်သွားကြ၏။

အမျိုးသမီးမှာ သတိမေ့မြောမတတ် အားပြတ်မောဟိုက်နေသည်။ သူ့ တစ်ကိုယ်လုံးတွင် ဝါးမွေးများ စူးဝင်လျက်ရှိ၏၊ စုတ်ပြဲနေသော အင်္ကျီ အောက်မှ ရောင်ကိုင်းနေသော ပခုံးသားများကို တွေ့မြင်ရ၏။

သူ့ခြေရင်းတွင် ဝါးထမ်းပိုး တစ်ချောင်းလဲကျနေသည်။ မျှစ်များ မောက်လျှံနေအောင် ထည့်ထားသောတောင်းတစ်လုံးကို တည်လျက်သား တွေ့ရ၏။ တောင်းတစ်လုံးကား ရုတ်တရက်ပစ်ချလိုက်ဟန်ဖြင့် တစ်စောင်း လဲနေသည်။ ကိုင်းပင်များ၊ ချုံပုတ်များအောက်၌ ဝါကြင့်ကြင့် မျှစ်ချောင်းများသည် ဖရိုဖရဲပြန့်ကျဲလျက် ရှိ၏။

'ဒါ ကျုပ်တို့ရွာက မိန်းကလေးပါ'

ဦးဆယ်ကျော်၏အသံသည် တုန်ယင်လျက်ရှိ၏။

ဦးချစ်စံက အမျိုးသမီးကို ပွေ့ထူလိုက်သည်၊ ဦးကောင်းလုံက ရေဘူးကို အမျိုးသမီး၏ နှုတ်ခမ်းတွင် တေ့ပေး၏၊ အမျိုးသမီးက ရေတစ်ကျိုက် နှစ်ကျိုက်ကို လျှာဖြင့်သိမ်းရင်း ခက်ခဲစွာမျိုချနေ၏။

ဦးမင်းအောင်က မွေးကင်းစကလေးငယ်ကို ကောက်ယူပြီး





ထွေးပွေ့ထားသည်။

'တင်အိရယ်၊ နေ့စေ့လစေ့ကြီးနဲ့များ မျှစ်ချိုးထွက်ရတယ်လို့ဟယ်၊ မသေကောင်း မပျောက်ကောင်း၊ တို့နဲ့သာ မတွေ့ရင် မတွေးဝံ့စရာပါလား'

ဦးဆယ်ကျော်က ကရုဏာဒေါသောပြော၏။ အမျိုးသမီး၏ ဖြူရော်ရော် နှုတ်ခမ်းလေးများ တရွရွလှုပ် လာသည်၊

'ကျုပ်လဲ ဒီနေ့ဖွားမယ်မထင်လို့ ထွက်ခဲ့မိတာပါ၊ ပြီးတော့ အိမ်က လယ်ကလည်း ဒီနေ့ ကောက်စိုက်နား၊ နားတဲ့နေ့မို့ . . .'

အမျိုးသမီးသည် မျက်လုံးများကို မှိတ်လိုက်၏၊ ထို့နောက် အသက်ပြင်းပြင်းရှုရင်း မှိန်းနေသည်။

ဝါးပိုးဝါးနှစ်လုံးကို ခုတ်၍ ပုဆိုးများဖြင့်စွပ်ပြီး ပုခက် လုပ်ကြ၏။ အမျိုးသမီးနှင့်ကလေးကို ပုခက်ထဲတွင်ထည့်၍ ထမ်းကာ နွှာပင်ကုန်းရွာသို့ ပြန်လာကြ၏။

'ဦးချစ်စံ တစ်ယောက်တော့ သမင်ကို မထမ်းရဘဲလူနာသားအမိကို ထမ်းလာရသဖြင့် မကျေမနပ်ဖြစ်နေမှာပဲ' ဟု ဦးကောင်းလုံက တွေးထင်မိသည်။

သို့သော် ဦးချစ်စံကမူ ဖွဲလုံ့လကြီးမားသော တတိယမြောက် လယ်သမားတစ်ဦးကို မြန်မာနိုင်ငံတွင် တွေ့လိုက်ရပြီဖြစ်သောကြောင့် အလွန်တရာ ကျေနပ်အားရလျက်ရှိလေသည်။

[မိုးဝေ၊ အောက်တိုဘာ ၁၉၈၇]



# နွေလိန်ပိတ် မိုးလဝိတ် ဆောင်းလူဆိတ်

(၁)

မောလိုက်တာ။

ကျုပ်ဖြင့် တကယ်ကိုမောလိုက်တာ၊ မိဒေါင်းမြိုင် ကြိုဟ်ကောင်မ၊ သင်း မနေ့ညနေက မပြောဘဲ ဒီနေ့မနက်မှပြောလို့ ခုလို မောရတာ။ အို . . . ငိုင်နေလို့မဖြစ်သေးပါဘူး။ ရွာတောင်ပိုင်းမှာ ဝက်သားသည် လာတယ် ကြားတယ်၊ ဟင်း တစ်တွဲလောက် ပြေးဆွဲလိုက်ဦးမှ။ အရေးထဲ အမေကလည်းတစ်မျှောင့်။

'ဝိုက်ဆံမရှိ၊ ဆန်နဲ့ဝယ်၊ ကျန်တဲ့လယ် မစော အပ်လိုက်လားအေ့' တဲ့။ ငေါ့နေသေးတယ်။ ဒါက အမေတို့ခေတ်တုန်းက လက်ဖွာတဲ့ အိမ်ရှင်မတွေကို သရော်တဲ့စကားပုံပဲ။ အဲဒီခေတ်တုန်း





က တချို့အိမ်ရှင်မတွေဟာ သိပ်အသုံးအစွဲကြမ်းသတဲ့။ ပိုက်ဆံမရှိရင်တောင် ဆန်နဲ့ဖလှယ်ပြီး ဝယ်ကြသတဲ့။ နောက်ဆုံး ကြွေးလည်ပင်းထိပြီး ရှိတဲ့လယ်ကလေးကို မြို့ကမြေရှင်ကြီး ခေါ်စောလက်ကို အပ်လိုက်ကြရသတဲ့။ အမေတို့ခေတ်သာမဟုတ်ပါဘူးလေ၊ အဘွားတို့ခေတ်တုန်းကလည်း လယ်ကို ချစ်တီးလက်ထိုးအပ်ခဲ့ကြရတာပါပဲတဲ့။

'ဒီနေ့ ဆရာလေးကို ထမင်းကျွေးလှည့်ကျလို့ပါ အမေရဲ့၊ တကတည်း အမေကလည်း ကျုပ်ဆိုရင် အကောင်းကိုမပြောဘူး'

တောင်ရပ်တစ်ရပ်လုံးသာနဲ့ရော ဝက်သားသည်ကိုတော့ မတွေ့လိုက်ရတော့ဘူး။ ဟိုဘက်ရွာ ကူးသွားပြီထင်ပါရဲ့။ ခုက္ခပါပဲ။ ဆရာလေးကို ထမင်းကျွေးတဲ့အခါ ဖွယ်ဖွယ်ရာရာလေး ကျွေးချင်ပါတယ်ဆိုမှ ဟင်းက ဝယ်မရဘူးဖြစ်နေတယ်။

ဆရာလေးကျေးဇူးကတော့ ကြီးပါတယ်။ ကျုပ်တို့ရွာမူလတန်းကျောင်းက လေးတန်းမှာ တန်းလုံးကျွတ် နှစ်နှစ်ဆက်အောင်တယ်ဆိုတာ ဆရာလေး စေတနာကြောင့်ပေါ့။ ဒီနှစ်လည်း စံချိန် မကျအောင်လို့တဲ့၊ နွေကျောင်းပိတ်ရက်မှာတောင် မြို့ကို မပြန်ဘူး၊ ရှေ့နှစ် လေးတန်းတက်မယ့် ကလေးတွေကို ခေါ်ပြီးစာသင်ပေးနေတယ်။ ဒီတော့ ရွာကလည်း ဆရာလေးအတွက် စားရေးသောက်ရေး အခက်အခဲ မဖြစ်ရအောင် တစ်အိမ် တစ်ရက် ထမင်းအလှည့်ကျ ကျွေးကြတယ်။

ဒီနေ့ ကျုပ်တို့အိမ် အလှည့်ဆိုတာ မနက်ကမှ မိဒေါင်းမြိုင်က လာပြောတယ်။ ဘယ်လိုစီစဉ်ရပါမလဲ။ ဝက်သား ဘယ်အိမ်ရလိုက်သလဲဆိုတာ စုံစမ်းပြီး ဟင်းအခွဲခိုင်းရ ကောင်းမလား။ ဒါမှမဟုတ် ငါးခြောက်ထောင်းကြော်လေးပဲ လုပ်ရကောင်းမလား။

ကျုပ် တောင်ပိုင်းက ပြန်လာတော့ ကိုရင်လည်း အိမ်ပြန်ရောက်နေပြီ။ ကိုရင်က နွားပင်ရှာကို မြေဆီအိတ် (ဓာတ်မြေဩဇာအိတ်) အကြွေးသွားဆပ်တာပါ။ ကိုရင် လှည်းချွတ်နေတာ တွေ့လို့ ကျုပ်က နွားတစ်ကောင် ဆွဲချည်ပေးလိုက်တယ်။

ကိုရင်က ပခုံးပေါ်က ပုဆိုးနဲ့ ချွေးသုတ်ရင်းပြောတယ်။

'နှင်းရီရေ. . . ကုန်းပြွန်ခုံစင်မှာ ငါးကျနေတာတွေ့လို့ တစ်ပိဿာ လောက်ဆွဲခဲ့သေးယ်'

ကိုရင်က ဒီလိုအလိုက်သိတာ။ ကျုပ်ဖြင့် အမေ့ကို မြေသွားတာပဲ။

ကိုရင်ဝယ်လာတဲ့ ငါးလေးတွေကို ဆီပြန်ချက်ပြီး ပင်စိမ်းရွက်ကလေးအုပ်မယ်။ ပဲရေပွကတော့ မပါလို့မဖြစ်ဘူး။ မန်ကျည်းသီးစိမ်းထောင်းလေးနဲ့၊ ငံပြာရည်ဖျော်နဲ့ ဘူးသီးဟင်းချိုလေး တစ်ခွက် ချက်လိုက်ရင် အတော်စုံသွာပါပြီ။

မီးဖိုထဲ ဝင်ပြီး ဖိုခွင်နှစ်ခွင်နဲ့ ဇယ်စက်သလို ချက်လိုက်တယ်။ ကျုပ်က ကြက်သွန်ဖြူ ထောင်းနေတုန်း အမေက ဟင်းချိုအိုးကို မြည်းကြည့်နေတယ်။

'ပဲဆီသတ်ဇတော့မှာနော်၊ အမေ ညှော်ရှောင်လိုက်ဦး'

အမေက မီးဖိုထဲကထွက်ရင်း ဗျစ်တောက် ဗျစ်တောက် လုပ်သွားလို့ ခစ်ခနဲ ရယ်ရသေးသတော့။

'အင်း . . . ကာလကြီးကတော့ ပြောင်းပြန်ဟဲ့၊ ယောကျ်ားတွေကလည်း မြေဆီမရှိရင် လယ်မလုပ် တတ်တော့ဘူး'

(၂)

အမေလား။ အမေကတော့ သူ့မှ အပြောကောင်း။

အမေအပြောကောင်းလွန်းလို့ တစ်ရွာလုံးကကျုပ်တို့ကို ပိုင်း





အလှောင်ခံရတဲ့ အဖြစ်ကို မှတ်မိသေးတယ်။

ကိုရင်က ကျုပ်ကို လူကြီးစုံရာနဲ့ လာပြီးဝကားကြောင်းတဲ့ နေ့ကပေါ့။ ကိုရင်တို့ ပြန်သွားတယ်ဆိုရင်ပဲ အမေကပြောတယ်။

'ငါ့ တောကလည်း ဝေးဝေး၊ ညည်းလူကလည်း ခြေသလုံး ပလွေရိုးနဲ့ ဖြစ်ပါမလားအေရယ်' တဲ့။

အမေ့လယ်တောက ပေတစ်ရာလမ်းနားမှာရှိတာမို့ ဝေးတာလည်းမှန်ပါရဲ့၊ ကိုရင်က အရပ်ကြီး ကလန်ကလားနဲ့ လူပုံ နွဲ့တာလည်း မှန်ပါရဲ့။ ဒါပေမဲ့ ဒီနှစ်ခုကိုဆက်စပ်ပြီး ပေါက်ပေါက်ရှာရှာ အမေမို့ပြောတတ်ပလေတယ်။ ဒီတုန်းက အိမ်ထဲမှာဒေါင်းမြိုင်တို့၊ ပေါခင်တို့လည်း ရှိနေတော့ ဒီစကားကတစ်ရွာလုံးပြန့်တော့တာပေါ့။ လှောင်စရာကြီးကို ဖြစ်လို့။

အဲဒီတုန်းကတော့အမေနဲ့ ကိုရင်နဲ့အဆင်မှပြေပါ့မလားလို့ စိတ်ပူနေမိသေးတယ်။

ခုတော့လည်း အဆင်ပြေကြလို့တော်ပါသေးရဲ့။ အမေက ကိုရင်ကို သားအရင်းလို ကြင်နာပါတယ်။ ကိုရင်ကလည်း အမေ့ကို အမေအရင်း လိုပဲရိုသေပါတယ်။ တစ်ခါတလေများ အမေ့ချိုးအိုးကိုတောင် ရေဆွဲထည့်ပေးရှာတယ်။ လယ်ငါးဧကသာ လုပ်ရပေမဲ့ သုံးရာသီလုံး မနားတမ်းလုပ်ကိုင်တဲ့အတွက် ကျုပ်တို့မှာ ကြွေးမြီကင်းပါတယ်။လှူနိုင်တန်းနိုင် လောက်အောင် မပိုလျှံသေးတာကတော့ ကံမပေးသေးလို့ပဲ ဆိုရမှာပေါ့။

'နှင်းရီရေ ထမင်းပွဲပြင်တော့၊ ဆရာလေးရောက်လာပြီ'

ကိုရင်က ဆရာလေးကိုသွားခေါ်လာတယ်။ ကိုရင်သွားတာကလည်းကြာလိုက်တာ။ ဟင်းချိုတွေတောင် အေးကုန်လို့ ပြန်နွေးနေရတယ်။

'မောင်စိန်ထွေးလေး ကျောင်းမတက်တာ ကြာနေလို့ သူတို့ ကုန်းကို ကျွန်တော်သွားပြီး အကျိုးအကြောင်းမေးနေတာ၊ ကိုသင်းအောင် ကျွန်တော့်ကို စောင့်ရတာ နည်းနည်းကြာသွား သလား မဆိုနိုင်ဘူး '

ဆရာလေးက မြိန်ရေရှက်ရေစားနေတာတွေ့လို့ ဝမ်းသာရ သေးတယ်။

'မောင်စိန်ထွေးက ဘာဖြစ်တာတဲ့လဲ ဆရာလေး၊ နေမ ကောင်း လို့တဲ့လား'

'နေမကောင်းတာက မောင်စိန်းထွေး မဟုတ်ဘူးဗျ၊ သူ့အဖေ ကိုဘမောင်၊ မောင်စိန်ထွေးက သူ့အဖေကိုယ်စား ကျွဲကျောင်းလိုက် နေရလို့တဲ့၊ ကလေးက ညဏ်သိပ်ကောင်းတော့ ကျောင်းမပျက် စေချင်ဘူး'

ထမင်းစားပြီးတော့ ဆရာလေးက လက်ဆေးရင်းခုတင် ဘေးက နွားချေးကျံပြီး ပိတ်ထားတဲ့ ပုတ်ကိုမြင်သွားတယ်။

'ဒီပုတ်က ဘာထည့်တာလဲ ကိုသင်းအောင်'

'စပါးထည့်တာပါ'

'ကိုသင်းအောင်တို့မှာ စပါးကျီရှိသားပဲ၊ ကျီထဲမှာ မထည့် ဘူးလား'

'မထည့်ပါဘူး၊ ဆရာလေးရယ်'

အိမ်ရှေ့က ဝဲထဲမှာ ဖျာတစ်ချပ်ခင်းလိုက်တယ်။ ထန်းရွက် သစ် မိုးပြီးစ ဆိုတော့ အဲဒီနေရာလေးက အေးတယ်။

ကန်းစွန်းဥယို၊ ပဲလှော်ကြော်သုပ်ရယ်၊ ငါးကြော်ရယ်နဲ့ လက်ဖက်ရည် ပွဲပြင်တယ်။ ဆရာလေးက အိမ်ရှေ့ တလင်းထဲ ကမပြာရသေးလို့ အမှော်တွေနဲ့ရောနေတဲ့ ကုလားပဲပုံကို လှမ်း





ကြည့်နေတယ်။ ဒီအပုံကလည်း ကုလားပဲပုံပါလို့ ကျိန်ပြီးပြောရမ တတ်ပဲ၊ မီးသွေးပုံလို မည်းနေတာ။

'အဲဒါ ကုလားပဲမြွေလေ ဆရာလေးရဲ့၊ မရိတ်ရသေးခင် မိုးမိ သွားလို့ မည်းနေတာ'

ကိုရင်ကဆရာလေးကို ရေနွေးငှဲ့ပေးတယ်။

'ကုလားပဲ ပွတယ်ဆိုတာ သူတို့ပေါ့တော်'

အမေ့ ငေါ့သံကို ကြားလိုက်ရတယ်။ ဆရာလေးက ပြုံးနေ တယ်။

(၃)

အိမ်ထဲမှာ ဆေးလိပ်လိပ်နေရင်း အိမ်ရှေ့ထဲက ကိုရင့် အသံ ကို ကြားနေရတယ်။

'လိပ်ကနှစ်မျိုးရှိတယ် ဆရာလေးရဲ့၊ ဆောက်လိပ်တဲ့၊ စင်းချောတဲ့၊ ဆောက်လိပ်က အခွံမာတယ်၊ ကျောင်းတက်ပြီး မဥဘူး၊ လူစားနည်းတယ်၊ စင်းချောက အခွံပျော့တယ်၊ ကျောင်းယက်ပြီး ဥတယ်၊ လူစားများတယ် '

ကိုရင်က လိပ်ထိုးတာ ဝါသနာပါတယ်။ ကျုပ်ကတော့ မလုပ်ဖို့ တားပါတယ်၊ ဒါပေမဲ့ ကိုရင်က 'ငါ ထန်းရည်လည်း မသောက်ဘူး၊ ကြက်လည်းမတိုက်တတ်ဘူး၊ အပျော်အပါးဆိုလို့ ဒီလိပ်ထိုးတာ လေး တစ်ခုပဲရှိတယ်၊ ဒါတော့ ခွင့်လွှတ်ပါဟာ' ဆိုလို့ ကြည့်နေ ရတယ်၊ ဒါတောင် လိပ်ကို အိမ်မှာတော့ ချက်စားခွင့်မပေးဘူး။

'လိပ်က ရှာတတ်ရင် ရာသီမရွေး ရတာပါပဲဗျာ၊ တချို့ စီးပွား ဖြစ်လုပ်တဲ့ လူတွေကတော့ ပုတ်နဲ့ထောင်ကြတယ်၊ ပုတ်ထဲမှာ စပါး ပေါက်ပေါက်ထည့်ပြီး ရေကန်ထဲမှာချထားတယ်၊ လိပ်က ပေါက်ပေါက်ကိုလာစားတော့ပုတ်ကို မလိုက်တဲ့အခါ လိပ်ရတာ

ပေါ့လေ၊ ကျုပ်တို့ ကတော့အပျော်တမ်း ဆိုတော့ဒီလိုမထောင်ကြပါဘူး'

'ဟဲ့ . . . သင်းအောင် ၊ဆရာလေးကို ဘယ့်နှယ် မတော်တရော်တွေ လျှောက်ပြောနေရတာလဲ'

ဟော . . . အမေ ပါးစပ်နဲ့တွေ့ပြီ။ ကောင်းတယ်၊ လိပ်အကြောင်းပြောချင်တဲ့လူ၊ ဒါမှမှတ်မယ်။ အထဲကိုလှမ်းကြည့်လိုက်တော့ ကိုရင် ဇက်ပုသွားတာ မြင်ရတယ်။

'ကျွန်တော် မေးလို့ ပြောတာပါ အရီးဆုံရဲ့၊ကျွန်တော်က ဗဟုသုတအဖြစ် မှတ်သားချင်လို့ ကိုသင်းအောင်ကိုမေးနေတာပါ'

ဆရာလေး ဝင်ကယ်ပေလို့ပေါ့၊ နို့မို့တော့ ကိုရင် မလွယ်ဘူး။

'ကိုသင်းအောင်က နွေခါမှာ နေရောင်ကို ပြောင်းပြန် စောင့်ကြည့်ရုံနဲ့ လိပ်ကိုယ် ငွေ့တရိပ်ရိပ် တက်နေတာကိုမြင်ပြီး သွားကောက်နိုင်တယ်ဆိုတာ ဟုတ်သလား'

ကိုရင် ရယ်သံကြားရတယ်။

'မဟုတ်ပါဘူး ဆရာလေးရာ အလကားပြောကြတာပါ၊ ကျုပ်ဒီလောက်မတော်ပါဘူး၊ လိပ်ရှိတတ်တဲ့ စည်းရိုးတွေမှာ ဆူးထောက်ခွနဲ့ လိုက်ထိုးပြီးရှာရတာပဲ၊ 'ဂုတ်'ခနဲနေရင် လိပ်ကို ထိုးမိတယ်ဆိုတာသိပြီး ကောက်လိုက်တာပေါ့၊ နွေမှာ လိပ်က စည်းရိုးမှာ ဝပ်သလို၊ အနိမ့်ပိုင်းမြေပွတဲ့လယ်မှာလဲ ဝပ်တတ်တယ်၊ ရိုးပြတ်မီးရှို့ထားတဲ့ လယ်ထဲမှာ လျှောက်ကြည့်ရင် လိပ်ရှိတဲ့နေရာ မောက်နေတဲ့အတွက် သိသာတယ် ဆရာလေးရဲ့၊ မိုးတွင်းမှာတော့ ရေချိုင့်ဘေးပတ်လည်မှာ လိုက်ရှာရတယ်၊ မြက်ပိတ်နေတဲ့ ရေချိုင့်ဆိုရင် လိပ်ကမနေဘူး၊ ကန်စွန်းပင်လေးတွေကို သေချာကြည့်လိုက်လို့ အမြီး ငုံးတိတိလေးတွေ ဖြစ်နေတာတွေ့ရင် အဲဒါလိပ်စားတာပဲ။





အဲဒီရေချိုင့်အစပ်မှာ လိုက်ရှာရင် လိပ်ရတာများပါတယ်။ ဆောင်းမှာတော့ လယ်စောင်းရိုးစောင်းမှာ လိုက်ရှာရတယ်၊ ကုန်းမခြောက်တခြောက်မှာတော့ လိပ်ရှာရင် လိပ်ဥပါရတာပေါ့ ဆရာလေးရယ်'

'နေပါဦးဗျ၊ ဖွတ်ဥ၊ လိပ်သည်း၊ ကျွဲနို့ခဲ' လို့ အဆိုရှိတာကို ကြားဖူးတယ်။ လိပ်သည်းက သိပ်ဆိမ့်တာပဲလား'

မီးဖိုထဲက ဆူနေတဲ့ ရေနွေးအိုးကိုယူပြီး အိမ်ရှေ့ဝဲထဲကို ထွက်လာခဲ့တယ်။လင်ပန်းထဲက ကရားထဲကို ရေနွေးဖြည့်ပေးတယ်။

'လိပ်သည်းက ဖွာကြမ်းကြမ်းပါ ဆရာလေးရယ်၊ ကျုပ်တော့ ဆိမ့်တယ်လို့ မထင်ဘူး၊ သိပ်မကြိုက်ဘူး၊ တကယ်ကို စားလို့ကောင်းတာက အူခွေဗျ၊ ဆိမ့်အိမ့်သွားတာပဲ'

ရေနွေးဖြည့်ရင်း ဝဲထဲကို မျက်လုံးတစ်ချက် ဝေ့လိုက်တယ်၊ ဟောတော့။ အမေ စိတ်ဆိုးနေပြီ။ ဟုတ်သားပဲတော်၊ ဘယ့်နှယ် လိပ်အူခွေကပဲ စားလို့ကောင်းသတဲ့၊ အော်ဂလီဆန်စရာတွေ လျှောက်ပြော နေတယ်။ ပေါက်ပေါက် ရှာရှာ၊ အမေက ကိုရင့်ကို မျက်စောင်းတခဲခဲ ဖြစ်နေတယ်။ အမေ့ကို ကျောပေးပြီး ထိုင်နေတဲ့ ကိုရင်ကတော့ အမေ့ အရိပ်အကဲကို မသိတဲစကားတွေ ဖောင်နေလိုက်တာ၊ သိပ်ရယ်စရာ ကောင်းတာပဲ။

'လိပ်နဲ့ပတ်သက်လို့ အဆိုတစ်ခု ရှိသေးတယ် ဆရာလေးရဲ့'

'ဆိုစမ်းပါဦး'

'နွေလိနိဗိတ်၊ မိုးလဗိတ်၊ ဆောင်းလုဆိတ်တဲ့ဗျ'

'အဲဒါက ဘာကိုဆိုလိုတာလဲ၊ လင်းစမ်းပါဦး'

'ဒီလိုဆရာလေးရဲ့၊ နွေလိနိဗိတ်ဆိုတာက နွေမှာလိပ်က ဗိနိသတဲ့ ဗျ၊ မိုးလဗိတ်ဆိုတာက မိုးမှာလိပ်က ဝသဗျ၊ ဆောင်းလုဆိတ် ဆိုတာ ဆောင်းမှာလိပ်ကဆူသဗျ၊ အဲသလိုရာသီ အလိုက်

ပြောင်းလဲတတ်တာကို နောင်လာနောက်သား လက်သင်စ လိပ်သမားလေးများ မှတ်သား နှလုံးသွင်းနိုင်ဖို့အတွက် ရှေးလိပ်ဆရာကြီးများက ထားခဲ့တဲ့ စကားပုံပေါ့ ဆရာလေးရာ'

ကိုရင်အတော် အာတွေ့နေပုံရတယ်၊ လိပ်ဗဟုသုတတွေကို အိတ်သွန် ဖာမှောက် ပြောပြနေတယ်။

သည်းမခံနိုင်တော့ လောက်အောင် နားကြားပြင်းကတ်လာတယ်ထင်ပါရဲ့၊ အဲဒီနေရာမှာတင် အမေကတွယ်ထည့် လိုက်တော့တာပဲ။

'အေးဟဲ့၊ မှန်သဟဲ့၊ လိပ်က ရာသီအလိုက် အပြောင်းအလဲရှိသဟဲ့။ နင်သာ အမြဲတမ်းပိန်နေတာ'

ဒီတစ်ခါ အမေ့စကားကို ကြားလိုက်ရတော့ကျုပ်ဖြင့် လေဘယ်လိုဖြစ်မှန်းမသိဘူး၊ ရယ်ချင်စိတ်လည်း မရှိဘူး။ ရင်ထဲမှာ လှိုက်ပြီး ဟာသွားတာပဲ။ လည်ချောင်းထဲမှာ တစ်ဆို့ဆို့နဲ့။ ပြီးတော့ ငိုချင်သလိုလို ဘာလိုလို တစ်မျိုးကြီးပဲ ။

[ ၁၉၈၇၊ ဒီဇင်ဘာလ၊ မိုးဝေ ]



## မှိုင်းညို့သော သုသာန်ကလေး

(၁)

'အုဝဲ . . . အုဝဲ'

ကလေးငိုသံက အိပ်ခန်း နံရံပေါ်ရှိ ဖိဘီကိတ်စ်၏ နှုတ်ခမ်းအစုံကို ဖြတ်သန်းပြီး ညှော်ခန်းစားပွဲပေါ်မှာ ဝဲပျံနေသည်။

ဤမြို့ကလေး၌ ကျွန်တော်နှင့် ရင်းနှီးသူဆို၍ ဘစံခိုနှင့် ဦးဖူးညိုတို့ နှစ်ဦးသာ ရှိ၏။

ဘစံခိုမှာ အိုမင်းမစွမ်း ဖြစ်နေချေပြီ။

ဦးဖူးညိုကား လေဖြတ်ခံရသဖြင့် ကိုယ်တစ်ခြမ်းသေလျက် အိပ်ရာထဲတွင် လဲနေ၏။

သို့ဖြစ်ရကား မြို့တွင်း လှည့်လည်ရာတွင် မလွဲမရှောင်သာ

မောင်ထွေးမြင့်ကိုသာ အဖော်ပြုနေရတော့၏။ တကယ်တော့ သည်လိုအချိန်မျိုးတွင် မောင်ထွေးမြင့်ခမျာ မီးဖွားပြီးစ ဇနီးသည် အနီးတွင်သာ နေချင်ရှာပေလိမ့်မည်။

'မြို့ထဲတော့ တော်တော်လေး နဲ့သွားပါပြီ ဘိုးဘိုး၊ ဒါပေမဲ့ အစ်ကိုက သချိုင်းကုန်းကို သွားချင်သေးတယ်လို့ ပြောပါတယ်'

'ဟေ. . . သချိုင်းကုန်းကို. . .'

ဘစံခို၏ မျက်ခုံးနှစ်ဘက် မြင့်တက်သွား၏။

'ကိုမိုး ဂူကို သွားကြည့်ချင်လို့ပါ ဘစံခို'

ကျွန်တော်က ဝင်ပြောလိုက်၏။

သည်တော့မှ ကျွန်တော့်ဆန္ဒကို နားလည် သဘောပေါက်သွားဟန်ဖြင့် ဘစံခိုက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

'မနက်ဖြန် ဦးဘတူရဲ့ အသုဘလိုက်ပို့ဖို့ရှိတယ် မဟုတ်လား၊ အဲဒီတော့မှ မောင်သင်းအောင်ကိုပါ ခေါ်သွားလိုက်ပေါ့'

'အသုဘက ဘယ်အချိန် ချမှာပါလိမ့်'

မောင်ထွေးမြင့်က မေးသည်။

ဘစံခိုက နံရံပေါ်ရှိ ပြက္ခဒိန်ဇယားကွက်များကို လက်ညှိုးဖြင့် ထောက်ရင်း မှုန်သီသော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေ၏။

'ဒီရက်က ရေထရက် မဟုတ်ဘူးကွဲ့။ ရေမတက်ခင် မနက်ပိုင်းပဲ ဖြစ်မှာပေါ့'

ဘစံခိုက မောင်ထွေးမြင့်ကို ပြောသည်။

သည် ညနေခင်းမှာတော့ နိဗ္ဗာန်ဆိပ်ဦးဘုရားကို သွားရောက်ဖူးမြော်လိုက်ဦးမည်ဟု ကျွန်တော် စိတ်ကူးနေမိပါသည်။





(၂)

ချောင်းရေလျှဉ်သည် ဝဲကတော့ ပါးချိုင့်လေးများ ပေါ်အောင် ပြုံးရင်း လှပစွာ စီးဆင်းနေ၏။ ချောင်းဘေးတွင် လဟာပြင်ကြီးက ကွဲနက်ကြီး တစ်ကောင်ပမာ အကျည်းတန်စွာ လဲလျောင်းနေသည်။

ကွဲနက်ကြီး၏ ကျောရိုးတစ်လျှောက်တွင်ကား ခရာပင်တန်းများက ကင်းစောင့်တပ်သားများသဖွယ် မားမားရပ်နေကြ၏။ ထိုခရာပင်တန်းများ အဆုံးတွင် သစ်ပင်ကြီးများ အုပ်ဆိုင်းနေသည့် မှိုင်းညို့သော သုသာန်ကလေး တည်ရှိလေသည်။

သုသာန်ကလေးထဲရှိ မြေပုံများနှင့် အုတ်ဂူများသည် တွန်ယက် ပြီးစ ယာပြင်၌တစ်ပိုင်း မြှုပ်ထားသော သစ်စေ့များပမာ ဖရိုဖရဲ ပြန့်ကျဲနေကြ၏။

ခါးဆန့်ရပ်နေသော ကညင်ပင်ကြီး တစ်ပင်၏ ခြေရင်းတွင် ကိုမိုး၏ အုတ်ဂူလေးကို ကျွန်တော်တွေ့ရသည်။ ကောင်းကင်သို့ ထိုးထွက်နေသည့် ကညင်မျှော်စင်ကြီးပေါ်မှ ချာချာလည်၍ ကြွေကျလာသော ကညင်သီးလေးများကို မြင်ရ၏။

အချို့ ကညင်သီးလေးများက ကိုမိုးအုတ်ဂူပေါ်တွင် နားခိုနေကြသည်။ ကညင်ပင်ကြီးပေါ်မှ ကညင်သီးလေးများ ကြွေကျလာဟန် မှာ လေယာဉ်ပေါ်မှ လေထီးစစ်သည်များ ခုန်ဆင်းလာပုံနှင့် ယိုးမှားဖွယ်ပင်။

ကျွန်တော်သည် အုတ်ဂူဟောင်းလေးကို ငေးစိုက်ကြည့်နေမိ၏။ ဖက်ဆစ်တော်လှန်ရေးကာလက ကျဆုံးခဲ့ရရှာသော အညတရ ပြောက်ကျားရဲဘော်လေးတစ်ဦးသည် ဤအုတ်ဂူလေးထဲ၌ ငြိမ်းချမ်းစွာ အိပ်စက်နေပေလိမ့်မည်။

အုတ်ဂူလေးပေါ်၌ ကမ္ပည်းစာတမ်း တစ်စုံတစ်ရာမတွေ့ရ

ပေ။ မိုးရေကြောင့် စွန်းကွက်နေသော အမည်းစက်များ၊ ရေညှိစိမ်းဖန့်ဖန့်များကိုသာ ဂူနံရံပေါ်၌ ဖြပ်မဲ့ပန်းချီကားတစ်ချပ် ရေးခြယ်ထားသလို တွေ့မြင်နေရ၏။ အမည်းစက်များနှင့် အစိမ်းပြောက်များ ဖွဲ့ယှက်နေသည့် ဝိုးတဝါး ပုံများထဲတွင် ကိုမိုး၏ စိတ်ဝေဒနာအတွေးများ မှာတမ်းများကို ကျွန်တော် စူးစမ်းရှာဖွေနေမိ၏။

သုသာန်ဇရပ်လေးထဲမှ လူများ ပြုံထွက်လာကြ၏။ အချို့က သရဏဂုံတင်ပြီးသွားသော ရုပ်ကလာပ်ကို သယ်ယူလာကြသည်။ ကျောက်တုံးကြီးတစ်တုံး၏ ခြေရင်းတွင် တလားကို ခေတ္တချထားလိုက်ကြ၏။ လူအုပ်ထဲသို့ ကျွန်တော်ရော မောင်ထွေးမြင့်ပါ ရောက်သွားကြ၏။

ရှားစေးရောင် တိုက်ပုံအင်္ကျီ ဝတ်ထားသူတစ်ဦး ကျောက်တုံးပေါ် တက်ရပ်သည်။ လက်ထဲတွင် စာရွက်တစ်ရွက် ကိုင်ထား၏။ ကွယ်လွန်သူ ဦးဘတူ၏ ရုံးအကြီးအကဲဖြစ်ကြောင်း မောင်ထွေးမြင့် ပြောပြသဖြင့် သိရ၏။

'ယနေ့မှစ၍ သင့်ကို တာဝန်မှ ရပ်စဲလိုက်သည်၊ သင်သွားလိုရာသို့ လွတ်လပ်စွာ သွားနိုင်ပြီ'

သေသူအတွက် အမိန့်ပြန်သံကို ဆို့နင့်ကြေကွဲဖွယ်ရာ ကြားနေရ၏။ ပရိသတ်ထဲမှ ငိုကြွေးသံများ ပေါ်ထွက်လာ၏။

တလားပေါ်သို့ သစ်သီးခြင်း တစ်ခြင်း တင်လိုက်သည်ကို မြင်ရ၏။ ကျောက်တုံးပေါ်တွင် လူသစ်တစ်ယောက် ရောက်နေသည်။

'မြင်သာဈေးထဲမှာ ဦးဘတူရဲ့ ကုန်စိမ်းဆိုင် တစ်ဆိုင်ရှိတယ် အစ်ကိုရဲ့ ဦးဘတူက ကုန်စိမ်းတန်း အသင်းဥက္ကဋ္ဌ၊ ဒါကြောင့် ကုန်





စိမ်းတန်း အသင်းကလည်းလာပြီး အမိန့်ပြန်ကြတာ'

မောင်ထွေးမြင့်က ပြောပြ၏။ ငိုသံများကို ထပ်မံ ကြားရပြန်သည်။ ကုန်စိမ်းတန်း အသင်းက အမိန့်ပြန် အပြီးတွင် ကျောက်တုံးပေါ်သို့ ခေါင်းတုံးပြောင်ပြောင်နှင့် လူပိန်ပိန်တစ်ယောက် တက်လာသည်။ ထိုသူကား လူပိန်သလောက် အသံကျယ်လှ၏။

'အို. . . ဦးဘတူ၊ သင်ကား မြင်သာမြို့ရောက် နမန္တာရွာသားများအသင်း၏ အကြီးအမှူးကြီး ဖြစ်ပါပေ၏။ သင်ကား ကွယ်လွန်ခဲ့ချေပြီ။ သို့သော် သင်၏အမည်ကား နမန္တာရွာတည်ရှိနေသရွေ့ ကွယ်ပျောက်လိမ့်မည် မဟုတ်ပေ။ သင်သည် ငါတို့ နမန္တာရွာ၏ ဂုဏ်ကို အကြိမ်ကြိမ်မြှင့်တင်ခဲ့ပေ၏။ နမန္တာရွာ၏ သားကောင်းစစ်ကေန်ဖြစ်သူ၊ အို. . . ဦးဘတူ. . .'

ရွာသား ကိုလူပိန်သည် ဦးဘတူဂုဏ်ပုဒ်များကို အချိန်ကြာမြင့်စွာ ထုတ်ဖော်ချီးကျူးလျက်ရှိ၏။ ပြီးမှ အမိန့်ပြန်စာကို ဖတ်သည်။

သည်တစ်ခါ ကျောက်တုံးပေါ် တက်လာသူကား အစိမ်းရောင် အားကစား စွပ်ကျယ်လက်ပြတ် ဝတ်ဆင်ထား၏။ ဖောင်းကြွသော ရင်ဘတ်ကြွက်သားများသည် စွပ်ကျယ်အောက်မှ ရုန်းထွက်နေကြ၏။ စွပ်ကျယ်ဝဲဘက်ရင်ဘတ်တွင် ဆုတံဆိပ်များ စုပြုံချိတ်ဆွဲထား၏။

'တကယ်တော့ ဒီလောက်များတဲ့ ဆုတံဆိပ်တွေချိတ်နိုင်ဖို့အတွက် သူဟာ အခုထက် ပိတ်သားများတဲ့ အင်္ကျီမျိုးကို လုံလုံခြုံခြုံ ဝတ်လာသင့်တယ်၊ အေးလေ၊ ဒီလိုဆိုပြန်တော့လည်း သူ့ရဲ့ရင်ဘတ် ကြွက်သားအလှက ဘယ်မှာပေါ်လွင်ပါတော့မလဲ'

ကျွန်တော် သံဝေဂ တစ်မျိုးရနေဆဲတွင် တံဆိပ်များရှင်က ရပ်ကွက်အားကစားအသင်းခေါင်းဆောင် ဦးဘတူအတွက် အမိန့်

ပြန်နေပါသည်။

ထို့နောက်တွင်ကား ယောဂီမယ်လေးများ၏ ချိုအေးကြည်မြသော ရှစ်လုံးဖွဲ့ ကဗျာရွတ်သံကို သာယာစွာကြားရ၏။ ကဗျာရွတ်ဆိုနေစဉ် ကြေးစည်ပုံခပ်နှိပ်ထားသော အဝါရောင် ပိတ်စလွယ်ဆင်မြန်းထားသူတစ်ဦး ကျောက်တုံးပေါ်မှာ ရပ်နေသည်ကို မြင်ရ၏။ ထိုသူ၏ ပါးဖောင်းဖောင်းကြီးများမှာ ချွေးဖြင့်ရွှဲရွှဲစိုနေ၏။ ကျောဘက် မှ နေရောင်ထိုးထားသဖြင့် သူ့အရိပ်သည် တလားပေါ်သို့ တလူပ် လူပ်ကျရောက်လျက်ရှိ၏။ အရိပ် ကျနေပုံမှာ တလား၏ ခေါင်းရင်း ခြေရင်းတိုင်အောင် အနက်ရောင် ပိတ်စကြီးတစ်စဖြင့် ဖုံးအုပ် ပေးနေသည့်အလား ထင်မှတ်ရ၏။ ကဗျာရွတ်သံ အစဲတွင် စလွယ် ဆင်မြန်းထားသူက မဟ္ဘာရုံဝေယျာဝစ္စ အသင်းဥက္ကဋ္ဌ ဦးဘတူအတွက် အမိန့် ပြန်စာကို ဖတ်သည်။

နေရင့်လာသဖြင့် ပရိသတ်ထဲမှ အချို့ထီးဖွင့်ဆောင်းကြ၏။ အချို့မှာ နီးရာ သစ်ပင်ရိပ်အောက်သို့ ခိုဝင်ကြသည်။

'ဩော်. . . တွက်ဆသချာ၊ သုံးရက်အကျူး၊ လေးရက်သို့ ကူးပြီးထင့်၊ ဖူးရောင်မားခန္ဓာအကောင်း၊ မရှုမလှ၊ ဒုကရ အသုဘ ပေါင်း ပေမို့၊ ထောင်းညက်ညက်ကြေ၊ ဒွတ္တိံသည္ဓတ်၊ ဝတ်ကိန်းက လွတ်နိုင်ဘု၊ မကဋ္ဌာသေ'

ဇာတ်ပွဲထဲက မင်းသားကြီးလေသံမျိုးဖြင့် စာပေါင်ပုံပုံ၊ အာစောက်ကျကျ လက်ာရွတ်နေသံကို ကြားရသဖြင့် ကြည့်လိုက်ရာ ပိုးပုဝါအုပ်ပေါင်း ပေါင်းထာသူတစ်ဦး ကျောက်တုံးမှာ ရပ်နေသည်ကို မြင်ရ၏။ အဝါရောင်ဖဲပြားကွပ်ထားသော ကတ္တီပါအင်္ကျီအနီကို ဝတ်ထားကြသည်။

'ဩော်. . . လေးထွေခါတုံ၊ အဋ္ဌကလာပ်၊ စ မပြတ်အောင်





ကြပ်ကြပ်များ ရှုလိုက်လျှင်၊ ကိုယ်ဟုမဟုတ်၊ နိစ္စနိစ္စ၊ ဘဝ္စနတွင်ဖြင့်၊ ထိတ်စရာ့ ရုပ်ပါကလား'

မရဏပွါဒ်၊ ဇာတိရိပ်ခြွေ၊ မြိတ်ဆံခွေနှင့်၊ ငိုသံနွှေဖြတ်ရအောင်၊ လက်သပ်ကယ်ခွေရုံး၊ ငွေဖေ့၊ ကေကော့၊ ခွေတစ်ကြော၊ ဖေအသော့ မုန်းတော့မယ်၊ သုံးစီဝရ၊ ခန္တီပရမာ၊ ဈာန်ဝသီရှာပြီးလျှင်၊ သမ္ဘိဒါမျှပါတဲ့၊ ပင်ရုကၡမူလေ၊ မင်ဂူပြကတော့၊ ကြင်သူမေ့ပါတဲ့ ကျွေ့နဘောတွင်၊ မွေ့မပြေထုံဆုံးမှ၊ ဘုံသုံးဆယ့်တစ်ကေဉ္စ. . .'

ပရိတ်သတ်အားလုံး ငြိမ်သက်နေကြ၏။ ကမ္ဗဋ္ဌာန်းလင်္ကာရွတ်ဆိုအပြီးတွင်မှ မင်းသားကြီးက ရပ်ကွက်ဒိုးပတ်ဝိုင်းခေါင်းဆောင် ဦးဘတူအတွက် အမိန့်ပြန်စာကို ဆက်ဖတ်သည်။

'တွီ. . . တွီ. . . တွီ'

ခရာတုတ်သံ သုံးချက် ရုတ်တရက်ပေါ်ထွက်လာသဖြင့် အားလုံး ဇာ့အားသင့်သွားကြ၏။ အသံသြသြဖြင့် အမိန့်ပေးသံကို ကြားရ သည်။

'တန်းစီ'

ဖုံးထိုင်း ဖုံးထိုင်းနှင့် ပြေးလွှာသံများ ကြားရပြီး ကရာတေးဝတ်စုံဝတ်ဆင်ထားသူများ တလားဘေး၌ တန်းစီရပ်နေသည်ကို မြင်ရ၏။

'ကျားသစ်နက် သိုင်းအဖွဲ့ နာယကကြီး ဦးဘတူအား အလေးပြု. . . နေမြဲ'

သံပတ်အိမ် တစ်ခုတည်းက စက်ရုပ်လေးများသဖွယ် ညီညာစွာ လှုပ်ရှားနေကြသော သိုင်းအဖွဲ့သားများကို ငေးကြည့်နေမိကြ၏။ ထိုစဉ် ပရိသတ်နောက်ပိုင်းက ရုတ်ရုတ်သဲသဲ ဖြစ်လာသည်။ လူအချို့ ဟိုဟိုသည်သည် ပြေးလွှာနေကြ၏။

'ရေတက်လာပြီဟေ့၊ ဒီရေတက်လာပြီဟ'

ခရာပင်တန်းကို ကျော်စပြုလာသော တက်ရေဖွေးဖွေးကို မြင်ရ၏။ ကျွန်တော်သည် လူအုပ်ထဲ၌ မောင်ထွေးမြင့်ကို ရှာဖွေနေမိ၏။ လူတွေရှုပ်ထွေးနေသဖြင့် မောင်ထွေးမြင့်ကို မတွေ့ရတော့ပေ။

ကျောက်တုံးကြီးအနီးမှ အချို့အချ စကားပြောနေသံများကို ဆူညံစွာ ကြားရ၏။

'မင်းတို့ အမိန့်ပြန်စာဖတ်မယ့်အဖွဲ့က ဘယ်နှစ်ဖွဲ့ကျန်သေးလဲ'

'ငါးဖွဲ့လောက် ကျန်သေးတယ်'

'ဟာ မဖြစ်တော့ဘူး၊ ဖတ်မနေကြနဲ့'

'ကျန်တဲ့ စာရွက်တွေ အကုန်လုံးခေါင်းထဲသာ ဖွင့်ထည့်လိုက်ကြတော့'

'မြန်မြန်လုပ်ကြဟေ့၊ မြန်မြန်ကွဲ့'

ကျွန်တော်သည် ကိုမိုး၏ဂူကို ဦးညွတ်အလေးပြု လိုက်ပြီးနောက် သုသာန်ကလေးထဲမှ တည်ငြိမ်စွာ ထွက်ခွာလာခဲ့၏။

ဒီရေကား တရိပ်ရိပ်တက်လျက်။ ။

[ မိုးဝေ၊ ဖေဖော်ဝါရီလ ၁၉၈၈ ]





# နွေဟန်မြတ်သင်းနှင့် အပေါင်းအသင်းများ

## (၁)

မဥပ္ပလာထေရီတဲ့။

နွေရာသီ ကျောင်းဝိတ်ရက်အတွင်း သမီးလေး သီလရှင်ဝတ်စဉ်က ဘွဲ့အမည် ဖြစ်၏။ သမီးလေး၏ ဘွဲ့ကို စစ်ကိုင်းတောင်ရိုး ဝေဇယန္တာချောင် ဆရာတော် အရှင်မဟာသဓေ ချီးမြှင့်ပေးခဲ့သည်။

'ဥပ္ပလ' ဟူသော ပါဠိဝေါဟာရမှာ ကြာပန်းကို ဟောသည်ဟု ဆို၏။

ဦးပြည်းစိမ်းစိမ်း၊ အသားဖြူဖြူနှင့် သမီးလေး၏ ရုပ်သွင်မှာ

အမှန်ပင် ကြာပွင့်ကလေးတစ်ပွင့်နှယ် လန်းဆန်းနေသည်။ ရုံးအလုပ်များကြောင့် စိတ်ရှုပ်ထွေးနောက်ကျိလာသည့် အခါတိုင်း စားပွဲမှန်ချပ် အောက်ရှိ သီလရှင်ဝတ်ဖြင့် ရိုက်ကူးထားသော သမီးလေး၏ ဓာတ်ပုံ ကို ကြည့်မိမြဲပင်။ ထိုသို့ ကြည့်မိလျှင် စိတ်ထဲတွင် ငြိမ်းချမ်း ကြည်လင်သွားလေ့ ရှိ၏။

ယခုနှစ် ကျောင်းပြန်အဖွင့်တွင်ကား သမီးလေးသည် ဆဋ္ဌမတန်းကို တက်ရ၏။ တနင်္ဂနွေသမီးဖြစ်သော်လည်း သမီးလေးကို နေ့သင့် နံသင့် အမည်ပေးမထားခဲ့။ နွေရာသီတွင် ဖွားမြင်သောကြောင့် နွေဟန်မြတ်သင်းဟုသာ မှည့်ခေါ်ခဲ့သည်။

'ဖေဖေ သမီး ခွင့်ရက်ရှည် ယူချင်တယ်။ ခွင့်စာ ရေးပေးပါ'

ကျောင်းမှ ပြန်လာသော နွေဟန်မြတ်သင်းက ဦးထုပ်နှင့် လွယ်အိတ်ကို နံရံမှာ ချိတ်ရင်းထူးဆန်းသော စကားတစ်ခွန်းကို မြွက်ဆိုခဲ့၏။ ထိုနေ့ကား ကျောင်းစဖွင့်သောနေ့။ သင်းအောင်ရော၊ နှင်းရီ ပါ အံ့အားသင့်သွားကြသည်။

'ရှာရှာဖွေဖွေ သမီးရယ်၊ ဘာကြောင့် ခွင့်ရက်ရှည် ယူချင်ရတာလဲ'

သင်းအောင်က သမီးလေး၏ ပခုံးကို သိမ်းဖက်လိုက်၏။

'ဆံပင်မရှည်သေးလို့ပေါ့ ဖေဖေရဲ့၊ ကျောင်းမှာ သမီးကို စိန်ကတုံး၊ စိန်ကတုံးနဲ့ တစ်တန်းလုံး ပြောင်ခေါ်နေကြတာ သိပ်ရှက်စရာကောင်းတာပဲ'

သမီးက နွဲ့ချွဲသော အသံဖြင့် ပြော၏။

ဒီတော့မှ သမီး၏ စူပုံ့ပုံ့နှုတ်ခမ်းအစုံကို ကြည့်ရင်း ဟက်ဟက် ပက်ပက် ရယ်မောမိကြသည်။





(၂)

ပိတ်စကို လိပ်ခေါက်၍ ချည်မျှင်ဖြင့် စည်းနှောင်ကာ ဖန်တီးပြုလုပ်ထားသော အရုပ်ကလေး။

ထိုအရုပ်ကလေးကို အင်္ကျီတွေ၊ လုံချည်တွေ လဲလှယ်ဝတ်ဆင်ပေးရင်း သမီးလေး အလုပ်ရှုပ်နေသည်။

'ဒီအရုပ်ကလေးက မလှဘူးလား၊ အဲဒါ နုသဲက ပေးတာ'

ယခု စာသင်နှစ်အတွင်း သမီးလေးတွင် အပေါင်းအသင်းတွေ တိုးပွားလာ၏။ နုသဲဟူသော အမည်လှလှကလေးတစ်ခုကို မကြာခဏ ကြားရ၏။

နုသဲ၏ ညီမလေးကား ကင်းသဲ။

လက်ဇော့ချန်ပီယံ ကိုဒေါ်လာ၏ ရင်သွေးချင်း အမျိုးသမီးလေး များ ဖြစ်ကြသည်။

'နုသဲက သိပ်လက်ရာ မြောက်တာ ဖေဖေရဲ့။ သမီးကိုတောင် သိုးမွေးဦးထုပ်လေး တစ်လုံး ထိုးပေးမလို့တဲ့'

သမီး သူငယ်ချင်းများအနက် သီရိဇော်ကား ဂုဏ်ကြွေအကြီးဆုံးဖြစ်၏။ ပြုံးရယ်ခဲသော်လည်း ပြုံးလိုက်လျှင် သွားတက်ကလေးတွေ ပေါ်လာတတ်သဖြင့် ချစ်စရာ ကောင်းသည်။

'သမီး သူငယ်ချင်းနာမည်ကလဲကွယ်၊ ပေါက်ပေါက်ရှာရှာ သီရိဇုံရယ်လို့' ဟု သင်းအောင်က စသည်။

'သီရိဇော်ပါ ဖေဖေရဲ့၊ သီရိဇုံ မဟုတ်ပါဘူး'

သမီးက ချက်ချင်း ချေပတတ်၏။

'သူက သီချင်းဆို သိပ်ကောင်းတာ။ တစ်ခါတစ်ရံ ဆရာမက အဆိုနိုင်းလို့တောင် အတန်းရှေ့မှာ ထွက်ပြီး ဆိုပြရတယ်'

'အေးပါ. . . အေးပါ. . .၊ သမီးသူငယ်ချင်းတွေက အားလုံး

လူတော်တွေချည်းပါပဲ'

နှင်းရီက ပြော၏။ သမီးက ရယ်နေသည်။

တစ်နေ့တွင်တော့ သီရိဇော် ရေပိုက်လုံးပေါ်မှ လိမ့်ကျပြီး လက်ကျိုးသွားသည်ဟု ဆို၏။ သမီး ပူဆာသောကြောင့် သင်းအောင်တို့ ဇနီးမောင်နှံ ဆေးရုံသို့ လိုက်သွားရသည်။ သမီးက လက်တွင် ကျောက်ပတ်တီး စည်း ထားသော သီရိဇော်ကို ကြည့်ရင်း မျက်ရည်ဝိုင်းနေသည်။

သမီး သူငယ်ချင်းများထဲတွင် အိမ်ကို လာအလည်ဆုံး သူကား မေရီဖြစ်၏။ မေရီက သင်းအောင်တို့လမ်းနှင့် တစ်လမ်း ကျော်တွင် နေသည်။ မေရီ၏ မိဘများက ဟေမဝန်ဈေးထဲမှာ ကုန်ခြောက် ရောင်းကြ၏။

'ဟောဒီမှာ ကိုသင်းအောင်ရေ၊ ရှင့်သမီးလွယ်အိတ်ထဲ က စာတစ်စောင် တွေ့သတော့'

နှင်းရီက စာရွက်ခေါက် တစ်ခုကို ထောင်ပြ၏။

သင်းအောင်က ဆတ်ခနဲ ဆွဲယူလိုက်ပြီး ဖတ်ကြည့်သည်။

မေရီက သမီးထံပေးသော စာ. . .။

'မင်းကလဲကွာ၊ လျှို့ဝှက်သည်းဖိုတွေ လုပ်နေရသေးတယ်။ မေရီက ပေးထားတဲ့ စာတွေ့တယ်လို့ တစ်ခါတည်း ပြောလိုက်လဲ အပြီးသားနဲ့'

နှင်းရီက ရယ်သည်။

'မဟုတ်ပါဘူး။ ကျောင်းမှာရော အိမ်မှာပါ တတွဲတွဲနဲ့ ဒီလောက် လူချင်းတွေ့နေကြရဲ့သားနဲ့၊ စာပေးစာယူ လုပ်နေကြ တာကို နှင်းရီက အံ့ဩလွန်းလို့ပါ'

'ဒါတော့ သူတို့ချင်းက သိပ်ခင်တာကိုးကွ'





စာထဲတွင် မေရီက လာမည့်စနေနေ့၌ အိမ်ကထမင်းထုပ် ကိုယ်စီ ယူလာပြီး ငမိုးရိပ်ချောင်းဘေးသို့ သွား၍ ပျော်ပွဲစားကြရန် သမီးကို ချိန်းဆိုထား၏။

'အပေါင်းအသင်းတွေနဲ့ ကစားနေတာနဲ့ ကျောင်းစာ လစ်ဟင်းပြီး စာညံ့နေဦးမယ်နော် သမီး။ သတိလည်းထားဦး'

သင်းအောင်က သမီးကို လက်သည်းညှပ်ပေးနေရင်း ပြော၏။

'ဖေဖေကလည်း စိတ်မပူစမ်းပါနဲ့၊ သမီးသူငယ်ချင်းတွေက စာလည်းတော်တာပဲ ဖေဖေရဲ့။ မေရီဆို မနှစ်က သုံးဘာသာ ဂုဏ်ထူး'

(၃)

ဒုတိယအစမ်း စာမေးပွဲတွင် သမီး အဆင့်တစ်ရ၏။ ကျောင်းက ပေးလိုက်သော ကတ်ပြားပေါ်မှ ကိန်းဂဏန်းများ ကိုကြည့်ရင်း သင်းအောင်တို့ဇနီးမောင်နှံ ပီတိ ဖြစ်နေမိကြ၏။

'သမီးက ဘာသာတိုင်းမှာ အမှတ်တွေ သိပ်ကောင်းတာပဲ။ ဒါပေမဲ့ အတန်းထဲမှာ ပထမရရုံနဲ့တင် ကျေနပ်မနေနဲ့ ဦးနော်။ အတန်းတင် စာမေးပွဲကြီး ရောက်ရင် တစ်ကျောင်း လုံးမှာ ပထမ ရအောင် ကြိုးစား။ သမီးလိုချင်တဲ့ ရွှေနာရီလေး မေမေ ဝယ်ပေး မယ်'

သမီးက ခေါင်းညိတ်၏။

သမီးက စာကြည့်စားပွဲတွင် အချိန်မှန်ထိုင်သော်လည်း ဝလွန်း၍လား မသိ။ အိပ်ငိုက်တတ်သည်။

အတန်းတင် စာမေးပွဲကြီးနီးလာတော့ သမီး စာပိုပြီး ကျက်ချင် လာအောင် သင်းအောင်က ချော့၏။

'စာသေချာ ကျက်နော်သမီး။ စာမေးပွဲကြီးပြီးရင် သမီးနဲ့ သမီး

သူငယ်ချင်းတွေအားလုံးကို ဖေဖေ မင်္ဂလာဒုံဥယျာဉ် လိုက်ပို့မယ်'

အတန်းတင် စာမေးပွဲကြီး စသည်။

"သမီး ပေတံတို့ ခဲဖျက်တို့ မေ့နေဦးမယ်နော်။ အောက်က ခံရေးဖို့ သတင်းစာရော ပါရဲ့လား"

မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း. . .

မေးခွန်းစာရွက်ကို မြှောက်ကိုင်ရင်း အိမ်ထဲသို့ မြူးကြွစွာ လှမ်းဝင်လာလေ့ရှိသည့် သမီးလေးကိုကြည့်ရင်း တစ်ရက်ချင်း ကြည်နူးခဲ့ရသည်။

'ကဲ. . . နက်ဖြန် မင်္ဂလာဒုံဥယျာဉ် လိုက်ပို့မယ်။ သမီး သူငယ်ချင်းတွေ အားလုံးခေါ်ခဲ့'

သင်းအောင်က သမီးကို ပြော၏။

ဥယျာဉ်သို့သွားရန် ကားအတွက်တော့ သူငယ်ချင်း ကြည်ဖိုးထွန်းကို အပူကပ်ထားပြီး ဖြစ်သည်။

နှင်းရီက နက်ဖြန် ဥယျာဉ်မှာ စားရန် ပေါင်မုန့်ကြက်ဥကြော် ကြော် နေသည်။

'သိပ်အများကြီး ကြော်မနေနဲ့ မေမေ။ သမီးတို့က လေး ယောက်တည်းရယ်'

'ဘယ်သူတွေများလဲ သမီးရဲ့'

နှင်းရီက ပေါင်မုန့် တစ်လွှာကို ကြက်ဥရည်ထဲမှာ နှစ် လိုက်၏။

'သမီးရယ်၊ နုသဲရယ်၊ ကင်းသဲရယ်၊ သီရိဇော်ရယ်'

နှင်းရီ၏ မျက်ခုံးနှစ်ဖက်တွန့်သွားသည်။

'ဟဲ့. . . မေရီရော မပါဘူးလား။ မေရီကို ခေါ်ဦးလေ'

သမီးက ခေါင်းယမ်းပြ၏။





'ခေါ်ခဲ့ပါ သမီးရဲ့။ မေရီက သမီးအချစ်ဆုံး သူငယ် ချင်းဆို' သင်းအောင်က ဝင်ပြော၏။

သမီး၏ မျက်နှာမှာ သိသာစွာ ညှိုးရော်သွား၏။ သမီး ၏ နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်လာသည်။


'မေရီက မကောင်းဘူး ဖေဖေ။ တစ်နေ့က ပျဉ်းမပင်ကြီး အောက်မှာ သူထိုင်နေတယ်။ သမီးက သူ့ဘေးမှာ ရပ်လို့။ မေရီက စကားပြောရင်း မြေကြီးပေါ်မှာ လက်ညှိုးနဲ့ လိုက်ခြစ်နေတယ်။ သမီးက အရုပ်ရေးနေတယ်လို့ ထင်မိတာပေါ့။ သေချာကြည့်လိုက် တော့လေ. . . အရုပ်ရေးနေတာ မဟုတ်ဘူး။ တွင်းထဲက ထွက်လာ တဲ့ ပုရွက်ဆိတ်လေး တွေကို လိုက်ပြီး ပွတ်ခြေနေတာ။ သိပ်သနား စရာ ကောင်းတာပဲ။ ဘာမှအပြစ်မရှိတဲ့ ပုရွက်ဆိတ် လေးတွေကို အလကားနေရင်း သတ်ပစ်နေတာ ဖေဖေရဲ့။ သိပ်ရက် စက်တာပဲ။ မုန်းတယ်။ မေရီ့ကို မုန်းတယ်'

စကားပြောရင်း ရှိုက်ကြီးတငင်ဖြစ်လာသဖြင့် သင်းအောင်က သမီးကို ပွေ့ချီထားလိုက်ရ၏။

'အေးပါ သမီးရယ်။ မေရီကို သမီး မခေါ်ချင်လည်း မခေါ်ပါနဲ့ တော့နော်။ တိတ်ကွယ်. . . တိတ်. . . တိတ်'

သင်းအောင်က သမီး၏ ကိုယ်လုံးလေးကို တင်းကျပ်စွာ ဖက် ထားရင်း ချော့နေလေသည်။

[ မိုးဝေ၊ ဇွန် ၁၉၈၈ ]



## မေမေပျိုးသောပန်းတစ်ပင်

(၁)

မန်ကျည်းရွက် စိပ်စိပ်တို့၏ အရိပ် ကြဖြန့်ထားသော မြေတလင်းဝယ် သူထိုင်နေမိသည် ။ ဤနေရာကား ငယ်စဉ်က သူစာကျက် ခဲ့ရာ နေရာလေး တစ်ခုပင်။ နယူးစတာဗီရိုဒါ စာအုပ်အဖုံးပေါ်မှ ဘောင်းဘီတိုတိုလေးနှင့် ကောင်လေးကို သူလှမ်းဆွတ် သတိရနေမိ၏။ ဤနေရာကား ငယ်စဉ်က ကျောက်ဒိုးလိုမ့်တမ်း ကစားခဲ့ရာ နေရာလေးတစ်ခုပင်။ မြေပြင်ဝယ် ဝိုင်းစက်သောတွင်းငယ်လေးများ စီရရီပေါ်လာသည် ထင်မိ၏။ ဤနေရာကား ငယ်စဉ်က သူ သုံးထပ်ကျားကစားခဲ့ရာ နေရာလေးတစ်ခုပင်။ မြေပြင်ဝယ် တုတ်ချောင်းဖြင့်ရေးခြစ်ထားသော စတုရန်း သုံးဆင့်ပေါ်လာသည် ထင်မိ၏။





'သားတို့နေတဲ့မြို့က မော်တော်ကား တစ်စီးမှ မရှိဘူးဆိုဟုတ်လားသား'

အိပ်ခန်းထဲမှ ထိုးထွက်လာသော မေမေ့အသံကို ကြားရ၏။ မေမေ့အနားမှ သူထွက်ခွာလာခဲ့သည်မှာ အချိန်အတော်ကြာသွားပြီဖြစ်ကြောင်း သတိပြုမိ၏။ မေမေသည် သားကို သူ့အနီးတွင် ရှိနေစေချင်သည့်အခါတိုင်း ဤသို့ပင် စကားတံတား သွယ်တန်း၍ ခေါ်ယူလေ့ရှိသည်။ သူအိမ်ထဲသို့ ဝင်ခဲ့သည်။ မေမေ့ကို နှိပ်ပေးနေသော ဒေါ်ဒေါ်ဥက သူ့ကို ပြုံးပြီး နှုတ်ဆက်၏။

'မေမေ့ကို ဘယ်သူပြောလဲ'

မေမေ့အနီးကြမ်းပြင်တွင် သူထိုင်လိုက်သည်။

'မြေးလေးက ပြောတာပဲ'

ဒေါ်ဒေါ်ဥက မေမေ့ပခုံးသားများကို တံတောင်ဖြင့် ကြိတ်ပေးလျက် ရှိ၏။

'သာယာကုန်းက မြို့မှ မဟုတ်တာ မေမေရဲ့။ ဘောဂဝတီမြစ်က ရွာကိုပတ်ပြီး စီးနေတဲ့ကုန်းလမ်းမပေါက်ဘူးလေ။ ဒီတော့ မော်တော်ကားလည်း မရှိဘူးပေါ့။ ကားမရှိတာကဘာ ဟုတ်သေးလဲ။ လမ်းပေါ်မှာ လမ်းလျှောက်သွားနေတဲ့ လူတွေ ကိုကြည့်လိုက်ရင် လူဆယ်ယောက်မှာ ငါးယောက်က ဖိနပ်မပါဘူး'

သူ့စကားကြောင့် ဒေါ်ဒေါ်ဥ အံ့အားသင့်သွားဟန်ရှိသည်။ နှိပ်မြင့် လှုပ်ရှားနေသော တံတောင်းဆစ်များ ခေတ္တရပ်တန့်သွား၏။

'ဆရာမကြီးကလည်းတော်၊ ကိုယ့်မှာသားလေးတစ်ယောက်တည်းရှိတာ၊ ဘာလို့များ ဒီလောက်ခေါင်တဲ့ အရပ်ကိုပို့ ထားပါလိမ့်'

'ကျွန်တော်က အစိုးရအမှုထမ်းကိုး ဒေါ်ဒေါ်ဥရဲ့၊ တာဝန်

ကျတဲ့ခေသကို သွားရတာပေါ့'

မေမေက ဒေါ်ဒေါ်ဥ၏ တံတောင်ကို လက်ဖြင့်ဆုပ်ကိုင်ပြီး အသာအယာ ဖယ်ရှားလိုက်၏။ ခဏနားဦးဆိုသော သဘော။

'ဒေါ်ဥ ထမင်းစားပြီးမှ ပြန်နော်'

ဒေါ်ဒေါ်ဥက ဆေးလိပ်ခွက်ထဲမှ ပြောင်းဖူးဖက် ဆေးလိပ်တိုကို ယူပြီး ကြေးဝါ မီးခြစ်ဖြင့် မီးညှိ၏။ ဆေးလိပ်ထိပ်တွင် ဝုတ်ခနဲ မီးတောက်ဖြာ ထွက်လာသည်အထိ ဖွာရှိုက်ပြီးမှ တံတွေး စွတ်စိုနေသော လက်ချောင်းဖြင့် မီးတောက်ကို ငြိမ်းသတ်လိုက်သည်။

'သားကြီးပြန်လာတဲ့အခါ ဘာတွေများ ချက်ကျွေးနေလဲ ဆရာမကြီးရဲ့'

ကျွန်မ ဘာမှ ချက်မကျွေးရပါဘူးရှင်။ အညာပြန်လာတဲ့အခါ အညာစာတွေ စားချင်တယ်ဆိုပြီး သူတို့ဟာ သူတို့ စီမံနေကြတာပါ။ ဒီနေ့ချက်စားတဲ့ ဟင်းတွေကို ပြောပြလိုက်ပါ ဦးသားရဲ့။ မင့် ဒေါ်ဒေါ်ဥကို'

'ဆူးပုပ်ကလေးနဲ့၊ နရှားကြီးရွက် ဟင်းချိုလေ ဒေါ်ဒေါ်ဥရဲ့၊ ငရုတ်သီးတောင့်လေး မီးကင်ပြီး ခတ်မယ်စိတ်ကူးတာပဲ။ ပြီးတော့ ပဲကြီးနှပ်၊ အငန်ကတော့ ငါးပိတစ်ခဲကို ခရမ်းချဉ်သီး နိုင်းချင်းနဲ့ ချက်ထားတယ်။ တမာရွက်တို့စရာ၊ သရက်သီးခြောက် နဲ့ ဝက်သားရောချက်ထားတဲ့ဟင်းလေးက တစ်ခွက်။ ဒေါ်ဒေါ်ဥ မြိန်မှာပါ'

မေမေက ပြေကျလာသော ဆံပင်များကို လက်ဖြင့် သိမ်းရစ်ရင်း ပြန်ထုံးနေ၏။ ငွေရောင်သမ်းနေသော ဆံမျှင် အချို့ကို သတိပြုမိ သည်။

'ဒီကောင်က အစားသမား ဒေါ်ဥရဲ့၊ သူ ငယ်ငယ်က စာကျက်ချောင်ရင် အစားနဲ့ပဲ ချော့ပြီး အကျက်ခိုင်းရတယ်။ ပန်းသီး စိတ်





ကလေးတွေ စိတ်ထားပြီး သားစာကျက်နော်။ စာတစ်ပုဒ်ရလို့ မေမေ့ကို ပြန်ပြနိုင်တိုင်း ပန်းသီးတစ်စိတ် စားရမယ် လို့သာ ပြောလိုက်၊ စာတွေ တအားကုန်း အော်ပြီး ကျက်တော့တာပဲ'

မြေပြဖာကျွေး၍ ပြုစုပျိုးထောင်ပေးခဲ့ရသော အပင်ငယ်လေးကို ပြန်လည် သတိရဟန်ဖြင့် မေမေ့မျက်နှာ ပြုံး ရွှင်နေသည်။

'ဒါ့ကြောင့်လည်း ဆရာဝန်ကြီးဖြစ်တာပေါ့တော်'

ဒေါ်ဒေါ်ဥက ဆေးလိပ်တိုကို ခွက်ထဲသို့ ပြန်ထည့်လိုက်ရင်း သုံးသပ်၏။ ထို့နောက် မေမေ့ကို တစ်ကျော့နှိပ်ပေးရန် ပြင်ဆင်သည်။

'ကျွန်မတော့လေ၊ ကိုယ့်မှာ သားသမီးမရှိပေမဲ့ သူများ သားသမီးတွေ ထွန်းထွန်းပေါက်ပေါက် ဖြစ်တာများ မြင်ရရင် သိပ်ကြည်နူးတာပဲ။ ၇-လမ်းထဲက မမြခင်သားလေး ဖိုးထောင်ကို ဆရာမကြီး သိတယ်မဟုတ်လား။ ပြီးခဲ့တဲ့ သီတင်းကျွတ်တုန်းက အမေ လှူချင်တာ လှူဖို့ဆိုပြီး ငွေ ၅၀၀၀ လာပေးသွားသတဲ့၊ လိမ္မာလိုက်တာ'

ဖိုးထောင် လိမ္မာပုံကို သူအားကျသွားမိသည်။ သကြိန်တွင်းမှာ လုပ်မည့် မေမေ့ဆွမ်းကျွေးအတွက် ပြန်စရိတ်ကို ချိန်ဆရင်း ငွေနှစ်ရာထည့်ရန် စိတ်ကူးထားသည်မှာ နည်းလွန်းနေလားဟု သူတွေးနေမိ၏။

ဒေါ်ဒေါ်ဥကား သူ့လုပ်ငန်းသဘာဝအရ အိမ်တိုင်းသို့ ဝင်ထွက်ခွင့်ရသူ ဖြစ်ရာ မြို့လေးမှ သတင်းမျိုးစုံကို ကြားသိနေခဲ့ပေသည်။ ဒေါ်ဒေါ်ဥသည် သူနှစ်သိမ့်ကြည်နူးမိသော သတင်းတစ်ပုဒ်ကို ဆက်လက် ပြောဆိုလျက်ရှိ၏။ 'ဈေးပိုင်းက မဌေးရဲ့ သားမောင်အောင်ဘကတော့ မြို့ကိုအလည်ပြန်လာရင်း သူ့အမေ

အိမ်ကို ပြင်ဆောက်ပေးသွားတယ်။ အုတ်ခံ အိမ်ကြီးကို ဟိန်းနေတာပဲ ဆရာမကြီးရယ်'

ရေနံငတ်သဖြင့် မွဲခြောက်ခြောက်နေသောနံရံ ပျဉ်ချပ်များကို သူငေးကြည့်နေမိ၏။ သည်တစ်ခေါက်တော့ ဈေးကြီးလွန်း၍ ရေနံဈေးချည်း မတတ်နိုင်သည့်တိုင် ဒီဇယ်ဆီနှင့် ရောလို့ပဲ ဖြစ်ဖြစ် မေမေ့အိမ်လေးကို ရေနံသုတ်ပေးသွားရန် သူဆုံးဖြတ်လိုက်၏။

'အဲဒီ မောင်ဖိုးထောင်ရော၊ မောင်အောင်ဘရောဟာ ကျွန်မတပည့်တွေပဲ'

မေမေက ဆရာမကြီးပီပီ လိမ္မာသော တပည့်များအတွက် ဂုဏ်ယူ ပြောဆိုလိုက်၏။

သူ၏ ခုန်နှုန်းမြန်နေသော နှလုံးသားကလည်း တိတ်ဆိတ်သော စကားတစ်ခွန်းကို ဟစ်ကြွေးလိုက်သည်။

အဲဒီ ဖိုးထောင်တို့၊ အောင်ဘတို့ဟာလေ ကျွန်တော့် သူငယ်ချင်း တွေပါပဲ ဒေါ်ဒေါ်ဥရယ်။

(၂)

ထင်းရှူးပင်ပုလေးများ၏ အပ်ချောင်းလို ချွန်မြသော ရွက်သေးမျှင်မျှင်များအကြားတွင် ရောင်စုံမီးလုံးများ ပြိုးပြက် တောက်ပနေကြ၏။

စိမ်းလဲ့လဲ့ မြက်ခင်းပေါ်တွင် ခင်းသန့် ဖြူဖြန့်လွှားထားသော စားပွဲဝိုင်းများ အစီအရီ ရှိနေသည်။

ဥရောပဝတ်စုံ ဝတ်ထားသော စားပွဲထိုးများက အဖျော်ယမကာနှင့် စားမြိန်စာများ တင်ထားသော လင်ပန်းများကို သယ်ဆောင်လျက် စားပွဲ တစ်ခုမှ တစ်ခုသို့ လိပ်ပြာလေးများ သဖွယ်





တုံ့ခေါက်လူးလာ ပျံဝဲနေကြ၏။

အသံအိမ်များထဲမှ ငြိမ့်ညောင်းသာယာစွာ စီးဆင်းလာသော အိပ်မက် ဝိုင်တေးသွားကို ယစ်မူးစဖွယ် ကြားနေရ၏။

'အောင်ဘကြီးကို စောင့်ရင်းဖြည်းဖြည်း စလိုက်ကြစို့လား'

ဖိုးထောင်က စီးကရက် ကြော်ငြာစာတမ်းရှည်ပါသော ဖန်ခွက် နှစ်လုံးကို အနီးသို့ ဆွဲယူလိုက်၏။ သူနှင့် ဖိုးထောင်တို့ နှစ်ဦးသား မိုးမခပြိုင် စားတော်ဆက်သို့ အရင်ရောက်နှင့် နေကြသည်။ အောင်ဘက ဧည့်ခံပွဲတစ်ခု ရှိနေသဖြင့် နောက်ကျမည်ဟု ဆို၏။

ရမ်ပုလင်း စက္ကူပတ်ပေါ်မှ ဘီယာရာပြည့်တံဆိပ်ကို သူငေးကြည့်နေမိသည်။ ဖိုးထောင်၏ မျက်နှာပေါ်သို့ အကြည့် ရွှေ့လိုက်၏။

'မင်း ဘယ်နှခေါက် ရှိသွားပြီလဲ'

'နှစ်ခေါက်'

'ပထမတစ်ခေါက်က အချိန် ဘယ်လောက်ကြာသလဲ'

'တစ်နှစ်'

ပုစ္ဆာတစ်ပုဒ်ကို သူတွက်နေမိသည်။ တစ်နှစ် ကားတစ်စီး၊ အောက်ထစ် ကျပ်ငွေတစ်သိန်း။

'တို့ အလုပ်က စွန့်စွန့်စားစား ပင်ပင်ပန်းပန်း လုပ်ရတဲ့အလုပ်ပါ သင်းအောင်ရာ။ အောင်ဘကြီး အလုပ်ကမှ ဟန်ကျတာကွ၊ ဘာမှ လူ မပင်ပန်းဘူး။ ဒီကောင်ကြီးကတော့ တကယ့်ကို ချမ်းသာနေပြီ'

အင်းလျားလမ်းတွင်ရှိသော အောင်ဘအိမ်သို့ ရောက်ခဲ့စဉ်က မြင်ကွင်းကို သူသတိရမိ၏။ ဂေါက်ရိုက်လေ့ကျင့်ရန် အလှမွေးထားသော မြက်ခင်းစိမ်းစိမ်း၊ ရေသူမရုပ်လေး၏ လက်ချောင်း

များ အကြားမှ ဖြာထွက်နေသော ရေပန်းများ၊ ကျွန်းသားပါကေး ကြမ်းပြင်ပေါ်မှ ရိုတ်သိမ်း၍ ရနိုင်လောက်အောင် အမွေးအမျှင် ရှည်လျား အိထွေးသော ကြမ်းခင်းကော်ဇော။

စုပ်မျိုလိုက်သော ယာမကာ တစ်ကျိုက်၏ ခါးသက်သက် အရသာကြောင့် ဖက်ထုပ်ကြော်တစ်ခုကို ဝါးနေလိုက်သည်။

'ဟော . . . အောင်ဘ ရောက်လာပြီ'

တိုက်ပုံအင်္ကျီအဖြူ ရှပ်အင်္ကျီကော်လာကတုံးနှင့် စိမ်းပြာရောင် ရခိုင်လုံချည်တို့ကို ဝတ်ဆင်လျက် လှမ်းဝင်လာသော အောင်ဘကို တွေ့လိုက်ရ၏။

'အိုတ်ကျူစ်မီ သူငယ်ချင်း၊ အင်းလျားလိပ်မှာ လုပ်တဲ့ သတို့ သားရဲ့ ညည်ခံပွဲက တန်းလာခဲ့ရတာ၊ အဝတ်အစားတွေ ပဲကြည့် တော့'

သူရော ဖိုးထောင်ပါ ခွင့်လွှတ်ပြုံးပြုံးလိုက်ကြသည်။

'မင်း ရန်ကုန် ရောက်တယ်ကြားကတည်းက ငါဖိုးထောင်ကို အချိန်းခိုင်းနေတာ၊ ဒီကောင်ညှဲ့လို့ ဒီနေ့မှ ဆုံဖြစ်တာ'

အောင်ဘက ကမ္ဘာကြီးတစ်ခုလုံးကို အိတ်ထဲတွင် ထည့်ထား နိုင်သူတို့၏ အသံမျိုးဖြင့် ပြော၏။

'ငါလည်း နေ့တိုင်းဆက်တာပဲကွ သူတို့ ရုံးဖုန်းက အမြဲတမ်း အင်ဂေ့ဂျ်ဖြစ်နေတာ ဆက်လို့ကို မရဘူး'

စားပွဲထိုးများ အောင်ဘ အနီးသို့ အလုအယှက် ချဉ်းကပ် လာကြ၏။ အောင်ဘက သူတို့ကို လှည့်မကြည့်။ စားပွဲပေါ်မှ ရမ်ပုလင်းကိုသာ စူးစိုက်ကြည့်သည်။

'ဟေ့ဖိုးထောင်၊ ဘယ်လိုဘဲကွ၊ သူငယ်ချင်း ဆရာဝန်ကြီး တစ်ယောက်လုံးကို ညည့်ခံတာ ဒီအရက်မျိုးပဲလား'





အောင်ဘက စားပွဲပေါ်မှ ရမ်ပုလင်းကို ဆတ်ခနဲလှမ်းယူလိုက် ၏။ ပုလင်းပိတ်ဝက်အူရစ်ကို လှည့်ဖွင့်နေသည်။ ထို့နောက် ပုလင်း ထဲမှ အရက်များကို စောင်းငှဲ့သွန်ချပစ်လိုက်၏။ ပတ္တမြားရောင် ရေတံခွန်ငယ်တစ်ခု စီးသွယ်ဖြာကျလျက် ရှိသည်ကို လှပစွာ မြင် တွေ့ရ၏။

သင်းအောင်က ဖိုးထောင်၏ မျက်နှာကို ကြည့်လိုက်သည်။ ဒေါသရိပ်ခြည်စွန်းထင်းခြင်းမရှိ။ ကျေနပ်အားရမှုကြောင့် ပွင့်လက် လာသောအပြုံးရိပ်ကိုသာ မြင်တွေ့ရ၏။

အောင်ဘက အရက်ကုန်သွားသော ပုလင်းခွံကို မြက်ခင်း ပေါ်သို့ ပစ်ချက်လိုက်၏။ သံတမန်အိတ်ကို ခလုတ်နှိပ်၍ ဖွင့်သည်။ တံဆိပ်နက် ဝီစကီတစ်လုံးကို ထုတ်ယူပြီး စားပွဲသို့ အသံမြည်သွား အောင် ဆောင့်ချလိုက်၏။

'ဒီလို ထိုက်ထိုက်တန်တန် လုပ်ပါကွ'

ကုလားထိုင်လွတ်တစ်လုံး၌ အောင်ဘထိုင်သည်။

'မင်းတို့ ဘာတွေ မှာထားကြလဲ'

'ဟိုစာ ဒီဟာ ဘာညာ ကွိကွပေါ့ကွာ'

ဖိုးထောင်၏ အသံသည် ဖျော့တော့ပါးလျက်ရှိ၏။

'ဟေ့ သူတို့မှာထားတာတွေအကုန်လုံးရုပ်ပစ်လိုက်တော့'

စားပွဲထိုးက ရိုသေစွာ ဦးညွှတ်ပြသည်။

'ဖတ်စကလပ်တစ်ပွဲလုပ်ကွာ၊ တဲင်းနံကိုစ်ပေါ့၊ ငါးမန်းတောင်၊ ကြက်ကော်ရည်နဲ့၊ ဝက်ကလေးကင်တော့ ပါပေ့စေ၊ ဩော် . . . ပွဲသိမ်း၊ အချိုရည်ကို လိုက်ချီးစ်ဘူးဖောက်ပေး၊ ဘူးနော်ဘူး၊ ပေါင်းထားတဲ့ လိုကယ် တွေယူမလာခဲ့နဲ့'

ဟင်းလျာ ဆယ်မျိုးပါသော ပထမတန်းစား တစ်ဝိုင်းစာ မှာနေ

ခြင်းဟု နားလည်လိုက်၏။ ဖန်ခွက်ကို သူလှမ်းယူလိုက်သည်။ ဝီစကီ အကောင်းစားတို့၏ အရည်အသွေးတစ်ရပ်ဖြစ်သော ချောမွေ့ ညက်ညောခြင်းကို လျှာဖြင့် မတွေ့ထိ ခံစားနေ၏။

'တို့သူငယ်ချင်းတွေထဲမှာ မင်းတစ်ယောက်ပဲ ဆရာဝန် ဖြစ်တာကွ၊ မင်းအတွက် ငါ သိပ်ဂုဏ်ယူတယ်'

ကိုစောညိန်း၏ ပွင့်ဦးသီချင်းကို ကြားယောင်မိသည်။

'လှောင်တာလေလားနော်ကွယ်' ဟူသော အပိုဒ်ကလေးကို ညည်းညူသံဖြင့် ရွတ်ဆိုချင် စိတ်ပေါ်လာ၏။ အောင်ဘ၏မျက်နှာကို မလုံမလဲကြည့်မိ၏။ မျက်လုံးမှာ၊ လေသံမှာ လှောင်ပြောင်ရိပ်ကိုမတွေ့ရ၊ ချစ်ခင်လေးစားသောအကြည့်၊ လှိုက်လှဲသော အသံတို့စေတနာမှန်ဖြင့် ပြောသောစကားဟု ယုံကြည်စိတ်ချကာ အနည်းငယ် နေသောထိုင်သာရှိသွားသည်။

ဇလုံထဲမှ ရေခဲတုံးကြီးကြီး တစ်တုံးကိုယူ၍ ဖန်ခွက်ထဲ ထည့်လိုက်၏။

ဖန်ခွက်ထဲတွင် ကျောက်ဆောင်နှင့် ရွှေဝါရောင် လှိုင်းဂယက်နှင့် လှပသော သမုဒ္ဒရာတစ်စင်း ပေါ်ထွန်းသည်။

ဖိုးထောင်က အောင်ဘ ဘက်သို့ စောင့်ငဲ့၍ တစ်စုံတစ်ရာ ပြောသည်။ အောင်ဘကလည်း ပြန်ပြော၏။ မိမိနှင့် ဝေးလှမ်းလှသော ဘာသာစကားများ ဖြစ်သဖြင့် ခပ်မဆိတ်နေလိုက်၏။

တိုယိုတာ ကိုရိုလာ ဒီအိတ်စ်၊ အက်စ်အီး၊ စပရင်တာ၊ ဟိုက်လပ်၊ ပတ်ဘလစ်ကာ၊ နီဆန်းပရက်စတို၊ ဆန်နီ . . . ။

ဖူဂျီယာမာ နှင်းပွင့်တောင်ထိပ်သို့ သူရောက်သွား၏၊ အရိုးခိုက်အောင် အေးမြသောလေက တဟူးဟူးတိုက်ခတ်နေသည်။





နံပါတ် အနက်၊ နံပါတ် အနီ၊ ယာယီ နံပါတ်၊ ပါမစ် ဝယ်ခြင်း . . . ။

'ဟော့ . . . သင်းအောင်၊ မင်းလည်း တစ်စီးလောက် ဆွဲထားလိုက်ပါလား။ ကိုရိုလာ ဗျမျဉ်းဆွဲလောက် ဖြစ်ဖြစ်ပေါ့'

ဖိုးထောင်က ရုတ်တရက် သူ့ဘက်သို့လှည့်ပြီးပြော၏၊ ရင်ထဲတွင် ပွန်းရှသွားသည်။

'မဝယ်နိုင်ပါဘူး သူငယ်ချင်းရာ၊ ကိုယ့်မှာ ဒီလောက် ငွေအင်အား မရှိပါဘူး'

အသံမှာ သေချာစွာ နားစိုက်တောင်မှ ယဲ့ယဲ့လေးဖြစ်သည်။

'ချိုမင်္ဂနစမ်းပါနဲ့ကွာ၊ ဂျီပီလုပ်လို့ရတဲ့ ပိုက်ဆံတွေ ဘယ်သွားထားမှာလဲ'

စားပွဲထိုးအဆွဲအတွင်းသို့ ကျဆင်းလာသည့် စိုထိုင်း၍ ငါးညှီနံ့သင်းသော ကျပ်တန်ခပ်နွမ်းနွမ်းလေးများ၊ စားပွဲပေါ်တွင် တင်ထားသည့် နွားနို့တစ်ပုလင်း၊ ကြက်ဥငါးလုံး၊ ကောက်ညှင်းဆန်တစ်ပြည်။

ဘောဂဝတီမြစ်ကမ်းနံဘေးမှ ဆေးခန်းအတွင်းသို့ သူ ပြန်လည်ရောက်ရှိသွားသည်။

'ကိုယ့်လူနာတွေက ဆင်းရဲကြပါတယ်ကွာ'

ဇလုံထဲမှ ရေခဲသေးသေးတစ်တုံးကိုယူ၍ ဖန်ခွက် ထဲထည့်လိုက်၏။

စကားပြတ်သွားကြသည်။ ဆိတ်ငြိမ်မှုသည် ပွင့်ဖတ်နွမ်းလျသော ပန်းတစ်ခြင်းကို သယ်ဆောင်လာပြီး သူတို့သုံးဦးအပေါ်သို့ ဖြည်းညင်းစွာ ကြဲဖြန့်ပေးလျက်ရှိ၏။

'မင်းက အလုပ်မလုပ်တတ်ဘူး ထင်ပါရဲ့ကွာ'

အားမလို အားမရ အသံဖြင့် အောင်ဘက ပြော၏။

အေဂျေကရိုနင်၏ ယုဒသစ်ပင်ဝတ္ထုထဲမှ စည်းစိမ်အဆိပ်သင့် ရှာသူ ဆရာဝန်ဒေးဗစ်မိုရေး၏ ကြေကွဲဖွယ်ဘဝနိဂုံးကို သတိရမိသဖြင့် ကျောရိုးတစ်လျှောက် စိမ့်သွားသည်။

မိုးခါးရေသောက်ရန်အတွက် ဟစ်ပိုကရေးတီး၏ ကတိ သစ္စာကို ချိုးဖောက်ဝံ့ပါရဲ့လား။

မိမိလျှောက်လာရာလမ်းလေးကို ပြန်လှည့်ကြည့်မိ၏။ ဆင်းရဲငြိုငြင်၍ ခရီးမတွင်သော်ငြားလည်း ဤလမ်းလေးတွင် တစ်ကိုယ်ကောင်း ဆန်မှု ကျင်းချိုင့်များမရှိ၊ ရက်စက်ကြမ်းကြုတ်မှု သားရဲများမရှိ၊ ချစ်ခင်မှု သစ်ပင်တို့၏ အရိပ်များရှိ၏။ ကောက်ကျစ်စဉ်းလဲမှု ထောင်ချောက်များလည်း မရှိ။ ကြင်နာမှု ကျေးငှက်တို့၏ တေးသံချိုချိုရှိ၏။ ရောင့်ရဲတင်းတိမ်မှု ရေချမ်းစင်ကလေးရှိ၏။ ထို့ပြင် လိပ်ပြာသန့်သူတို့သာ မြင်တွေ့ခွင့်ရသော တောင်စဉ်တောင်တန်းများလည်း ရှိလေသည်။

စိတ်နှလုံး အေးမြငြိမ်းချမ်းစေသည်မို့ ဤလျှောက်လက်စလမ်းကလေးမှာပင် ဆက်လက်လျှောက်လှမ်းရန် ဆုံးဖြတ်လိုက်သည်။

ကြက်သား၊ မျှစ်ဆိမ့်ကြော်ပန်းကန်ပေါ်သို့ ဝဲသွားသော ဖိုးထောင်၏ လက်ထဲမှ တူနှစ်ချောင်းကို ငေးကြည့်နေမိ၏။

ငယ်စဉ်ကလေးဘဝက ကြည်နူးဖွယ်ရာ အဖြစ်အပျက်များကို လွမ်းမောတသစွာ ပြန်ပြောမိကြ၏။ ထို့နောက် စကားပြတ်သွား၏။ ဖိုးထောင်မျက်နှာ အောင်ဘဘက်သို့ လှည့်သွားပြန်သည်။ မြေကွက် အရောင်းအဝယ်ကိစ္စကို ဖိုးထောင်က စကားစ၏။ အောင်ဘနှင့် အချီအချ ပြောနေကြသည်။ မိမိနှင့်ဝေးလွန်းလှသော ဘာ





သာစကား တစ်ရပ်ကို ထပ်မံ၍ကြားရပြန်ပြီဖြစ်၏။ သူ ခပ်မဆိတ်နေရပြန်သည်။

ဂိုးလ်ဒင်းဘယ်လီ ဆိုသော အသံကို ကြားရ၏။ အင်းလျားမြိုင်ဆိုတာပါသည်။ ချောက်မိုင်၊ အာတီးယား၊ ပြည်လမ်း၊ ပါရမီ။

တိမ်တိုက်ပေါ်၌ တည်ဆောက်ထားသော ဘုံဗိမာန်များကို ဝင်းဝင်းလျှပ်လျှပ် မြင်ယောင်လာမိသည်။ 'ပါရမီမသီနှင့်၊ ဘုံခန်းမစမ်းနှင့်' ဟူသော ကျောင်းတုန်းက မြန်မာစာဆရာ၏ အဆိုအမိန့်ကို မဆီမဆိုင် သတိရနေမိသည်။

'သင်းအောင်၊ မင်းစိတ်ကူးမလွဲနဲ့၊ ရန်ကုန်မှာ မြေတစ်ကွက်လောက် ဝယ်ပြီး အခြေချထားဖို့ကောင်းပြီ'

ထစ်ချုန်းမည်ဟိန်းလိုက်သော အောင်ဘ၏ အသံကြောင့် သူထိတ်လန့်သွားသည်။ ကြက်သီးတွေ တဖြန်းဖြန်းထလာ၏။ ထူအမ်းအမ်း ဖြစ်လာသော မျက်နှာကို လက်ကိုင်ပုဝါဖြင့်ပွတ်ရင်း ဖုံးကွယ်ထားရ၏။

တုန်ခါမှုနှုန်း မြင့်မားလှသော အောင်ဘ၏ အသံစူးစူးကို ဆက်လက် ကြားနေရ၏။

'ဘာလဲ၊ ပင်စင်ယူပြီးမှ ဝယ်မယ်လို့ ဆင်ခြေပေးဦး မလို့လား။ မြေကွက်ဈေးနှုန်းက မင်းပင်စင်ယူတဲ့အထိ ငြိမ်ပြီးစောင့်မှာ မဟုတ်ဘူးကွ၊ စဉ်းစားမနေနဲ့ ဝယ်ထားရင်မမှားဘူး။ မင်းကြိုက်တဲ့နေရာသာပြော၊ တို့ ဝိုင်းရှာပေးမယ်၊ ဘယ်နေရာ ကြိုက်လဲ၊ ချောက်မိုင်မှာလား၊ ပါရမီမှာလား'

နှုတ်ဖြင့် ဖြေဆိုရန် အတွက် စကားဝါကျခေါင်းပါး လွန်းလှ၏။ ရင်ထဲကမူ စကားတွေ အများကြီး ပြောနေမိသည်။

ဘယ်လိုဖြေရမှာလဲ သူငယ်ချင်းရယ်။ မင်းပြောတဲ့ မြေကွက်က

တစ်ပေကို ဘယ်လောက်နှုန်းပေးချေရမှာတဲ့လဲ။ မြေတစ်ပေပတ်လည်ပေါ်မှာ အိမ်တစ်လုံးဆောက်လို့ရော ရနိုင်ရဲ့တဲ့လား။ ရနိုင်တယ်ဆိုရင် အဲဒီအိမ်သေးသေးလေးနေမှာပေါ့နော်။ တို့ငယ်ငယ်က ကစားခဲ့ကြတဲ့ ပလတ်စတစ်အုတ်ချပ် အဖြူ အနီလေးတွေနဲ့ အိမ်ကလေးမျိုးဖြစ်မယ် ထင်တယ်။ အဲဒီအိမ်ကလေးထဲကို ဝင်နိုင်ဖို့ အတွက် ငါ့ကိုယ်ငါ လက်မလို လူသေးသေးလေးဖြစ်သွားအောင် ဖန်ဆင်းရမှာပေါ့နော်။

အို . . . ဖန်ဆင်းဖို့ရော လိုသေးရဲ့လားကွယ်။

ဝီစကီကြောင့်လား၊ သိမ်ငယ်စိတ်ကြောင့်လားမသိ။ မူးရိပ် မူးရိပ် ဖြစ်လာသည်။ ရင်ထဲမှ တလှပ်လှပ်ခုန်လာ၏။ လည်ချောင်းထဲမှာ ယားလာသည်။ ပျို့အန်ချင်စိတ်ပေါ်လာသဖြင့် ရင်ကို လက်ဖြင့် ဖိထား၏။ ဆရာဝန် စာရေးဆရာတစ်ဦး၏ အီကိုနိုဂျဲနစ်ကာစီနိုးမား ရောဂါကို သွားသတိရ၏။

ဇလုံထဲတွင်ကား ရေခဲတုံးအားလုံးအရည်ပျော်လျက်ရှိလေပြီ။

(၃)

ကြိုးအဆက်အတက် သွက်လက်စေရန်အတွက် သစ်သားစက်သီးကို ရေနှစ်ခွက်ခန့်ပက်လိုက်သည်။

ဒူးတိုက်ပေါ်တွင် လက်ထောက်ရင်း တွင်းထဲသို့ငုံ့ကြည့်၏။ မိမိပုံရိပ်ကို မှုန်ပျပျသာမြင်ရသည်။ မိမိတို့မြို့လေးမှ ရေတွင်းများသည် နွေရာသီဆိုလျှင် ဤသို့ပင် ရေစင်ဝေးတတ်မြဲ ဖြစ်၏။

ကြိုးကို လျှော့ချလိုက်၏။ ပုံးနှင့်ရေမျက်နှာပြင်တို့ ထိသံကို ကြားရသည်။ ပုံးမြုပ်သွားအောင် ကြိုးကိုတစ်ချက် နှစ်ချက် ဆောင့်





လိုက်ပြီးမှ အားစိုက်၍ဆွဲသည်။ စဥ့်အင်တုံကြီးထဲသို့ ရေတစ်ပုံးပြီး တစ်ပုံး လောင်းထည့်နေသည်။

'သားကလဲကွယ် မေမေရေစည်မှာ ထားပါတယ် ပြောသားနဲ့ အလကား ဒုက္ခခံနေတယ်၊ လက်တွေများ ပေါက်ကုန်မှ ဖြင့် . . .'

မေမေ့ အသံကိုကြားရ၏။

မေမေချိုးဖို့ရေကို သားကိုယ်တိုင်ဆွဲပေးချင်လို့ပါ မေမေရဲ့'

စဥ့်အင်တုံကြီးထဲတွင် ရေပြည့်သွားမှ သူနားသည်။

မေမေဖတ်နိုင်းထားသော တောင်မြို့ ဂန္ဓာရုံဆရာတော်၏ တစ်ဘဝ တစ်သံသရာ စာအုပ်ကိုသူဖတ်နေ၏။ မေမေက သူ့အနီးမှ ပက်လက် ကုလားထိုင်တွင် လာထိုင်သည်။

'ဖိုးထောင်တို့၊ အောင်ဘတို့နဲ့ သားတွေ့သေးရဲ့လား'

'တွေ့ပါတယ် မေမေရဲ့။ ရန်ကုန်ရောက်တိုင်း တွေ့ပါတယ်'

'အေးကွယ်၊ မနေ့က ဒေါ်ဥကြီးပြောလို့ သူတို့လေးတွေကြီးပွားနေကြတယ်ဆိုတာ ကြားရတော့ ဝမ်းသာပါတယ်၊ ဒါနဲ့ ဖိုးထောင်က ရန်ကုန်ကို ဘယ်လိုရောက်သွားသလဲ။ သူက အမှုထမ်း မလုပ်ဘူးလား'

'ဒီကောင်က မန္တလေးတက္ကသိုလ်မှာ ပထမနှစ်အောင်ပြီးကတည်းက ကျောင်းဆက်မတက်ဘဲ ရန်ကုန် ဆင်းသွားတာ မေမေရ။ အမှုထမ်းလည်း လုပ်တယ်လို့ မကြားမိပါဘူး။ ခုတော့ သဘောလိုက်နေတော့ ဟန်တာပေါ့ မေမေရာ။ ရန်ကုန်မှာ တိုက်နဲ့၊ ကားနဲ့၊ သားတို့နဲ့ ဘာဆိုင်တော့တာမှတ်လို့ '

နံရံတွင် ချိတ်ဆွဲထားသော ဖယောင်းတိုင်ပုံကားချပ်ကို သူငေးကြည့်နေမိ၏။

'လူကလည်း အသုံးအစွဲကျစ်လျစ်လိမ္မာလို့ပေါ့ သားရယ်။

အောင်ဘကြီးကိုတော့ မေမေ မတွေ့တာ ကြာလှပြီ၊ ခုနေများ တွေ့ရင် မှတ်မှမှတ်မိပါ့မလား မဆိုနိုင်ဘူး'

'ဒီကောင်ကြီးက ရုပ်မပြောင်းဘူး မေမေရ၊ နည်းနည်းဝလာတာပဲရှိတယ်။ မေမေ မတွေ့တာကြာဆို ဒီကောင်က ရှစ်တန်းအောင်ပြီးတာနဲ့ ကျောင်းကထွက်သွားတာဆိုတော့ ဆယ့်ငါးနှစ်လောက်တောင်ရှိသွားပြီ မေမေရ။ အဲဒီကတည်းက စီးပွားရေးလုပ်နေတာ ကြီးပွားလိုက်တာတော့ မပြောနဲ့ မေမေရာ၊ အခု ဒီကောင်က ကားပွဲစားလေ'

'ကားပွဲစား'

မေမေက နားမလည် နိုင်ဟန်ဖြင့် မေး၏။

'မေမေကလည်း ကားပွဲစားဆိုလို့ လွယ်အိတ်တစ်လုံးနဲ့ လမ်းပေါ်မှာ လျှောက်နေတဲ့ ပွဲစားမျိုးလို့ မထင်နဲ့ ။ ဒီမှာ ထန်းလျက်တွေ လှောင်သလို ကားတွေ အများကြီးလှောင်ထားနိုင်တဲ့ ပွဲစားမျိုး မေမေရ။ အရမ်းကို ချမ်းသာတာပဲ။ သားဖြင့် သူ့တိုက်ထဲ ဝင်ရတာတောင် ခပ်ရွံ့ရွံ့ရယ်'

အမှန်လည်း ရန်ကုန်ရောက်တိုင်း အောင်ဘ၏ တိုက်ရှေ့မှ နေ့စဉ် ဖြတ်သွားနေရပါလျက် ဝင်ဖြစ်ခဲလှ၏။

နေရင့်လာသဖြင့် အပူဓာတ်အနည်းငယ် လျှမ်းမိုးစပြုလာသည်။ အရှေ့တောင်အရပ်ဆီမှ တသုန်သုန် တိုက်ခတ်လာ သောကျွဲတောင်ငှုလေကလေးကြောင့် အနည်းငယ် သက်သာ ရာရ၏။

လှုပ်ရှားသွားသော သဘော်ရွက်များကို မြင်ရ၏။ ပင်စည်တွင် တွယ်ကပ်နေသော သဘော်သီးများ၏ အရွယ်အစား အလိုက် အဆင့်ဆင့်တည်နေပုံ အဆင်ဒီဇိုင်းကို သူစိတ်ဝင်စားစွာ ကြည့်နေမိသည်။





အိမ်ရှေ့လမ်းပေါ်မှ မြင်းလှည်းတစ်စီး ရပ်လိုက်သံကို ကြားရ၏။

'နှင်းရီတို့ ဖိုးသားတို့ပြန်လာကြပြီ ထင်တယ်'

သူအိမ်ရှေ့သို့ ထွက်လာခဲ့၏။ မြင်းလှည်းပေါ်မှ ပစ္စည်းများကို အောက်သို့ ချသည်။ ရောမဖရဲသီးကြီးတစ်လုံးကို နှင်းရီက ပွေ့ထား၏။ မြင်းလှည်းဆရာက ပစ္စည်းများကို သယ်ဆောင်ပေးနေသဖြင့် ကျေးဇူးတင်မိ၏။

ဖိုးသားကို ချီပြီး အိမ်ထဲသို့ဝင်ခဲ့၏။

မေမေက ဖိုးသားကို လက်ကမ်းယူပြီး ပွေ့ချီထား၏။

နှင်းရီက ရွာမှာ ဒီနှစ်ကုလားပဲတွေရကြကြောင်း ပြောပြနေသည်။

စကားစပြတ်သွားသဖြင့် ဖတ်လက်စ စာအုပ်ကို ပြန်ကိုင်လိုက်၏။

'မြေးလေး၊ ဒီနေ့ ဆယ်နှစ်အလီထိ ရအောင်ကျက်ရမယ်နော်၊ ဘွားဘွားက မြေးလေးဖို့ ပန်းသီးလေးတွေ စိတ်ထားတယ်။ အလီတစ်ပုဒ် ရရင် ပန်းသီးတစ်စိတ် စားရမယ်'

ဖိုးသားက သူ့ဘွားဘွား၏လျော့ရဲစပြုနေပြီဖြစ်သော ပါးပြင်ကို မွှေး၏။ နှင်းရီက မြေးအဘွားနှစ်ယောက်ကို ကြည့်ရင်း ကြည်နူးဟန်ဖြင့် ပြုံးသည်။

သူက မေမေ့ကို ကျီစယ်လိုသောကြောင့် အရွှန်းစကား ဆိုလိုက်သည်။

'မေမေ့ပန်းသီးစိတ်တွေ စားရလွန်းလို့ သားဖြင့် သိမ်ငယ်လှပါပြီ မေမေရာ။ ခုလည်း ဖိုးသားကို ပန်းသီးစိတ်တွေ ကျွေးနေပြန်ပြီလား'


ပြောပြီးသည်နှင့် သူကရယ်မောလိုက်၏။ မေမေက လိုက်မရယ်ချေ။

ချစ်၍ ကျီစယ်လိုက်သော စကားဆိုသည်ကိုသိ၏။ သို့သော် ဆရာမကြီး မေမေသည် သူတစ်သက်တာလုံး စွဲမြဲစွာ ယုံကြည်ခဲ့သော အကြောင်းအရာကို ထိပါးလာပါက စိုးစဉ်းမျှ သည်းခံနိုင်စွမ်းရှိဟန် မတူပေ။ မေမေ့မျက်နှာ ရုတ်ခြည်းတင်းမာသွားသည်။ အေးစက်သော မျက်လုံးများဖြင့် သူ့ကိုကြည့်၏။ ထို့နောက် သူ့နှလုံးသားတိုင် ထိပါး ရိုက်ခတ်သွားစေသော စကားတစ်ခွန်းကို မေမေဆိုလိုက်၏။

'မေ့မေ့နားရွက်ကိုများ ကိုက်ဦးမှာလား သားရယ်'

| ပေဖူးလွှာ၊ ဧပြီ ၁၉၈၉ |





# မောင်ကြော့ဝေ

ကျွန်တော့်အား ပုဂ္ဂိုလ်စွဲ ပုတ်ခတ်သော ဆောင်းပါးများ ရေးကြ လေသည်။ ကျွန်တော် မပြောသည်ကို အပြောလုပ်ကာ လုပ်ကြံ၍ အမျိုးမျိုး ဂုဏ်သရေကို ကြံဖန်၍ ဖျက်ဝှဲ့နိုင်ကြပေသည်။ နောက်ဆုံး လုံချည် ဝတ်တာကအစ ကျွန်တော့်မှာ အပြစ်ဖြစ်နေလေသည်။

ဒဂုန်တာရာ

(၁)

ပတ္တလားသံနှင့် သီးချင်းသံတို့သည် မြူနှင့်တိမ်ခိုးတို့သဖွယ် ရစ်ဖွဲ့ဆိုင်းယှက်နေကြသည်။

တေးသံလှိုင်းတွန့်လေးများက ပရိသတ်၏ ရင်တွင်းကမ်းခြေ

ကို တဖျတ်ဖျတ် ရိုက်ခတ်နေကြ၏။

ဇာတ်စင်ပေါ်ရှိ ဆိုတီးတီးနေသော အနုပညာရှင်ကို ငေးကြည့်နေရင်းက ကိုနန္ဒာ၏ စိတ်အစဉ်သည် တေးသံ၏ညို့ခေါ်ရာနောက်သို့ လွင့်မျောလိုက်ပါသွားနေသည်။

'အို ဘယ်ဝယ်. . . . . . . . တောင်စွယ် မှော်ရုံကြောလွန်သာမောဖွယ် တောစုံယံမှာ . . . ရွှေလျှံဝင်းမှည့် ထုံမှုန်ကြွေ . . . ရိဝေဖြာဖြာ လွမ်းဖွယ်စေ . . . '

တေးသံယဲတွင် မြူခြေရစ်ဆိုင်းသော တောဟေဝန်ကို မြင်ရ၏။

တောင်ယံလယ် ကြော့မြိုင်နယ်စုံတွင် ခိုင်ရွှေညာကြေးမာလာမှုန်တို့ မွှေးပျံ့လျှက်ရှိ၏။

'ညင်းလေသွေးတယ်. . . သင်းချိုအေးဖွယ်. . . ဆင်းရွှေသွေးဝယ် . . . မွှေးကြိုင်ထုံ . . . သင်းပျံ့ကြူ . . . ခိုင်ပန်းမခူ . . . '

သစ်ရိပ်အုံ့ဆိုင်းသော လမ်းကလေးတွင် မင်းညီနောင်တို့မောဟိုက်နွမ်းလျစွာ လျှောက်လှမ်းနေကြသည်။

ပူဗျာဝန်ကြောင့် ဖြေညွှန်ခွေယိမ်းပျောင်းနေရှာသော နောင်တော် ရာမကို ညီတော်လက္ခဏ ဖေးမတွဲကူလျက် ခေါ်လာ၏။

ခက်လက်စိမ်းမြသော ကြို့ညိုပင်ရိပ်တွင်ခိုဝင်နားကြ၏။

'စကြာစုံရွှေမြန်း. . . ရှိန်ဖြာကိန္နာ ပြည်တိုင်းခန်း . . . ကြို့ညိုသည် ဘုံစံကွန်းနန်း. . . ဖြန့်မြန်းညီနောင်လေ . . . စွန်တောင်ကိုင်ရွှေလေး . . . ရိပ်ဝင်ငယ်လေခိုကြောင်းရေး'

ညီတော်ပေါင်ပေါ်တွင် ခေါင်းတင်လျောင်းစက်ရင်း နောင်တော်အပန်းဖြေနေသည်။ အိပ်မောကျသွားသော နောင်တော်၏ မျက်နှာကို ညီတော်က ကရုဏာမျက်လုံးများဖြင့် တစိမ့်စိမ့်ကြည့်နေသည်။





ချုံနွယ် သစ်ကိုင်းပင်များအကြားမှ ပျံထွက်လာသော ငှက်တစ်ကောင်သည် ညီတော်၏ ကျောပြင်နုနုကို မညှာမတာ ကိုက်ခဲလိုက်၏။

စိမ်းမြမြမွေးညင်းနုများ ယှက်သန်းနေသော ရွှေဝါရောင်ကျောပြင်မှ သွေးစက်များ ယိုစီးကျ၏။

နောင်တော် နိုးသွားမည်စိုးသဖြင့် ကိုယ်ကို မလှုပ်ရှားဘဲ နာကျင်သော ဝေဒနာကို ညီတော်ကြိတ်မှိတ် ခံစားနေသည်။

မင်းညီနောင်တို့၏ အမူအရာသည် ကြို့ညိုပင်ပေါ်ရှိ သုဂျိတ်မျောက်မင်း၏ နှလုံးသားကို ဖျစ်ညှစ်ဆုပ်နယ်လိုက်၏။ ဩော်. . . သူများ ညီအစ်ကိုတွေများ တယ်ပြီးကြင်နာကြပါလား။ တို့ညီအစ်ကိုနဲ့များ ကွာခြားပါဘိ၊ နောင်တော် ဘာလီရယ်။ မင့်ငါ့အပေါ် ရက်စက်လှချည်လားကွယ်။ သုဂျိတ်၏မျက်ဝန်း အစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်။

'ပျော်လောင်သာ စက်မှေး . . . ဆွေးဖွယ်ကိုဝင် . . . သုဂျိတ်မျှော်ရှုဆင်မြင်. . . ညီနောင်မူရာသူ့သာမြင်. . . သည့်တွင် . . . ရွှေဘဝင် လွန်လှိုက်လှဲ . . . ပူလောင် ကြေကွဲ . . . ဆိုလောင်လည်လဲ. . . သည်သဲမြေဘဲအောင်သာ. . . သွယ်ဖြာငွေနှင်း . . . မျက်ရည် ကျဆင်း . . . ရင်တွင်းငယ်မှာ'

ရှိုက်ငင်သံစွက်ရင်း လှိုက်လှဲစွာ ဆိုနေသော ဂီတပညာရှင်၏ တေးသံက ကိုနန္ဒာကို ဖမ်းစားထားသည်။

'အဲဒါ ကျွန်တော်တို့ ရွာက ကိုထွေးလေ။ မြို့ပေါ်က ပွဲတွေအထိ လိုက်ပြီး ဖျော်ဖြေနေရတဲ့ ဂီတပညာရှင်တစ်ယောက်ပေါ့'

မောင်စောနိုင်က ကိုနန္ဒာ၏ လက်ချောင်းလေးများကို ဆုပ်ကိုင်လိုက်ရင်း ပြောပြ၏။ တေးသံရပ်သွားသည်။ ခုတ်တရက် တစ်ခဲနက် ဆိတ်ငြိမ်သွားပြီးနောက်မှ လက်ခုပ်သံများ ဆူညံစွာ ပေါ်ထွက်လာခဲ့၏။ ဂီတပညာရှင်သည် ပတ္တလားနောက်တွင်

ထိုင်နေရာမှ မတ်တတ် ရပ်လိုက်၏။ ဇာတ်စင်ဘေး နှစ်ဖက်မှ လူနှစ်ယောက်ပြေး ထွက်လာပြီး ဂီတပညာရှင်လေးကို တွဲခေါ်ကြသည်။ ကိုနန္ဒာအံ့အား သင့်သွား၏။

ဩော် . . . ဂီတပညာရှင်လေးခမျာ မျက်စိနှစ်ကွင်း အလင်း မရရှာပါကလား။

(၂)

ငါဒီအကြောင်းတွေပြောရတာ နှုတ်မမြိန်ဘူးစောနိုင်၊ ပြီးတော့ ဒါတွေကို မေ့ထားချင်လို့လည်း ဒီရွာကလေးကို လာခဲ့တာပဲ။ အေး လေ၊ မင်းက တဖွဖွ မေးနေတော့လည်း ဘယ်နေသာပါ့မလဲ။ ပြောပြရတော့မှာပေါ့။

စာရေးဆရာကြီး မင်းဆွေ ကိုတော့ မင်း သိတယ်နော်။ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်ခင်က 'လင်'၊ 'သွေး'၊ 'မား' စတဲ့ အလွန် ကျော်ကြားတဲ့ ဝတ္ထုကြီးတွေကို ရေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ အဲဒီ စာရေးဆရာကြီး မင်းဆွေဟာ ၁၉၄၈ ခုနှစ်လောက်မှာထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ဖူးတယ်။

အခု မင်းမေးနေတဲ့ မောင်ကြော့ဝေ ဟာလည်း 'သရပါ အိပ်မက်' ကိုရေးပြီးလို့ ကျော်ကြားနေတုန်းမှာပဲ ရုတ်တရက် ပျောက်ဆုံးသွားခဲ့တယ်။

မောင်ကြော့ဝေကို ဆောင်းနှင်းမြူတွေထဲမှာ ငါစပြီး တွေ့ဖူးတာပဲ။ တံခါးဝမှာ ရပ်နေတဲ့ ဆံပင်ရှည်ရှည်နဲ့ အသားဖြူဖြူ အရပ် မြင့်မြင့် ကောင်လေးကို ငါ ငေးကြည့်နေမိတယ်။ သူ့ တစ်ကိုယ် လုံးမှာ နှင်းတွေရွှဲ ရွှဲစိုလို့။ ပိန်လွန်းလို့ သူ့ကိုယ်လုံး သေးသေး လေးဟာ နှင်းတွေထဲမှာ လွင့်ပြယ်သွားတော့မလား ထင်ရတယ်။

'ကျွန်တော် ကြော့ဝေ ပါ' တဲ့။

သူ့အသံက တိုးတိုး ညင်ညင်လေးရယ်။ သဲသဲ ကွဲကွဲ ကြား အောင် မနည်း နားထောင်ယူရတယ်။ သူ့လက်ထဲမှာ စာအိတ်က





လေး တစ်လုံးကို ကိုင်ထားတယ်၊ အဲဒီစာအိတ် ကလေးထဲမှာ သူ့ အသက် ဝိညာဉ်ကို ထည့်ပြီး ပိတ်ထားသလိုပဲ။ သူဟာ စာအိတ် ကလေးကို မြတ်နိုးစုံမက်တဲ့ မျက်လုံးတွေနဲ့ အကြာကြီး ငေးစိုက် ကြည့်နေတယ်။ ပြီးမှ ဖျတ်ခနဲ လန့်နိုးသွားသလို အမူအရာမျိုးနဲ့ ငါ့ကို စာအိတ်လေးလှမ်း ပေးနေတယ်။ အဲဒါ သရပါ အိပ်မက်ကို တို့တိုက်က ထုတ်မယ့်အကြောင်း သူ့ဆီ အကြောင်းကြားတဲ့ စာ ပေါ့။

သရပါအိပ်မက် ရိုက်နေတုန်းမှာ တိုက်ကိုသူမကြာမကြာ လာ တတ်တယ်။ မောင်ကြော့ဝေဟာ သူ့လက်ရေး ကနေ အသွင်ပြောင်း သွားတဲ့ ပုံနှိပ်စာလုံး ဝိုင်းစက်စက်ကလေးတွေကို ငေးကြည့်ရင်း ကြည်နူးနေတတ်တယ်။

သူ့အတွေး နုနုလေးတွေကြောင့်ပဲထင်ပါရဲ့။ သရပါ အိပ်မက် ဟာ ထင်တာထက် အောင်မြင်သွားတယ်။

'ဖြစ်ပြီ ငါ့ညီ၊ ဆက်သာရေး။ လုံးချင်းလိုင်းကို မင်းတိုးနိုင် သွားပြီ' သူ့ ပခုံးကိုဖက်ပြီး ငါအားပေးမိတယ်။ မောင်ကြော့ဝေ နာမည်နဲ့စာတွေ တို့တိုက်ကို တဖွဲဖွဲရောက်လာတယ်၊ဆရာ ဝေယန္တာကလည်း ကောသမ္ဘီ မဂ္ဂဇင်းထဲက စာအုပ်ဝေဖန်ခန်းမှာ သရပါအိပ်မက်ကို ခမ်းခမ်းနားနား ချီးကျူးထားတယ်၊ ဆောင်း ပါးအမည်က 'လာခြင်းကောင်းသော မောင်ကြော့ဝေ တဲ့၊ အရေး သစ်သလို အတွေးသစ်တဲ့ ဝတ္ထုတစ်ပုဒ်မို့ သရပါအိပ်မက်ကို ကြိုဆိုလိုက်ရပါတယ်' လို့ဆိုတယ်။ မောင်ကြော့ဝေက တော့သိပ် ပျော်နေတယ်။ 'အတွေးအခေါ်ရော၊ အတတ်ပညာပါ တိုးတက် လာအောင် ကျွန်တော်အများကြီး အားထုတ်ရဦးမယ် အစ်ကို။ အောင်မြင်ခြင်းဟာ ကြိုးစားခြင်းရဲ့ ဒုတိယအမည် မဟုတ်လား' လို့ အားတက်သရော ပြောတယ်။

အဲဒီနောက်တော့ မောင်ကြော့ဝေ တိုက်ကိုမလာဘူး။ တစ်နေ့

သူငှားနေတဲ့ အခန်းကိုရောက်သွားတယ်။ မောင်ကြော့ဝေဟာ ခုတင်ပေါ်မှာ ပိုးစတစ်စ ပစ်ချထားသလို လဲလျောင်းနေတယ်၊ အခန်းထဲမှာ စာအုပ်တွေ ဆေးပေါ့လိပ်တိုတွေ ပြန့်ကျဲလို့ပေါ့။ စားပွဲပေါ်က ကတ်ပြား ဖိုင်လေးထဲမှာ ရေးလက်စ စာရွက်လေးတွေ ညှပ်ထားတယ်။ ပြတင်းက တိုးဝင်လာတဲ့လေကြောင့် စာရွက်လေးတွေဟာ တဖျတ်ဖျတ် လှုပ်ရှားနေကြတယ်။ 'ကျွန်တော် သိပ်နေမကောင်းဘူးအစ်ကို။ ခဏခဏ ဖျားတယ်။ စာရေးမပျက်အောင်တော့ ကြိုးစားနေပါတယ်' တဲ့။ စကားပြောရင်း မောင်ကြော့ဝေဟာ ချောင်းအဆက်မပြတ်ဆိုးနေတယ်။ မောလွန်းလို့ သူ့ကိုယ်လုံးပါးလှုပ်လှုပ်လေးဟာ ရှေ့နောက် ယိမ်းထိုးနေတယ်။

ကောသမ္ဘိ မဂ္ဂဇင်းရဲ့ ဝေဖန်ချက်ကို တုံ့ပြန်တဲ့ ဆောင်းပါးတစ်ပုဒ် ပါလာတယ်။ ဆောင်ပါးရှင်ကတော့ ဆရာနေဖန်ဝါပဲ။ နေဖန်ဝါဟာ ထင်ရှားတဲ့ ပြဇာတ်ရေးဆရာတစ်ဦးဖြစ်တယ်။နေဖန်ဝါရဲ့ ပြဇာတ် တစ်ပုဒ်ကို မကြာခင်ကပဲ ဝေယန္တာက ဝေဖန်ဖူးတယ်။ 'နေဖန်ဝါရဲ့ ပြဇာတ်ကို ဖတ်ရတာဟာ ကျူဘစ်ဇင် ပန်းချီကား တစ်ချပ်ကို ကြည့်ရသလိုပဲ။ အသိခက်တယ်' လို့ ဝေယန္တာက ဝေဖန်လိုက်တယ်။ ဒါကို နေဖန်ဝါက လက်ခံတယ်။ ဒါပေမယ့် 'နေဖန်ဝါဟာပြဇာတ်ထဲက ကီလိဋ္ဌဝါကျတွေရဲ့ အောက်မှာ သူ့မုန်းကွက်တွေကို ဖုံးဝှက်ထားတယ်။ ဒါကို အထောက်အထားနဲ့ တကွ ဖော်ထုတ်ပြနိုင်ပါတယ်'လို့ရေး လိုက်တာကိုတော့ နေဖန်ဝါက ဆတ်ဆတ်ခါ နာကြည်းသွားတယ်။ 'ဒီလို ဝေဖန်ခြင်းဟာ အနုပညာသည်ချင်း စောင့်စည်းအပ်တဲ့ ကျင့်ဝတ်ကို ဖောက်ဖျက်ရာရောက်တယ်၊ ဒါကို ဘွာခတ်လို့ လည်းမရနိုင်တော့ဘူး' လို့ အပြတ်ပြောတယ်၊ ဒီအချိန်ကစပြီးနေ ဖန်ဝါဟာ ဝေယန္တာနဲ့ ပတ်သက်လာရင် ပေါက်ကွဲလုလု မီးတောင်တစ်တောင်လို ဒေါမာန်ဆူပွက်နေခဲ့တယ်။





ဒီလိုအခါမျိုးမှာ ဝေယန္တာရဲ့ ခိုးကျူးခြင်းခံလိုက်ရတာ ဟာတကယ်တော့ မောင်ကြော့ဝေအဖို့ ကံဆိုးတာပဲ။ 'စိန်ကွက် ဖော်ဖန်စများ' လို့ အမည်ပေးထားတဲ့ နေဖန်ဝါရဲ့ဆောင်းပါးဟာ ပါးပျဉ်းခွက်ထားတဲ့ မြွေဟောက်တစ်ကောင်လိုခက်ထန်နေခဲ့တယ်။

မောင်ကြော့ဝေဆိုတာ ရုံးစာရေးလား။ ငါးစိမ်းသည်လားတောင် သူမသိပါဘူးတဲ့။ဒါပေမယ့် ဝေယန္တာက အလုပ်မရှိ ကြွေစေ့သွန်ကောက်ကြည့် ဆိုတာလို အချစ်ဝတ္ထု တစ်ပုဒ်ကို ဖုတ်ဖက်ခါထုတ်လာပြီး ခိုးကျူးနေတဲ့အတွက် တုံ့ပြန်ရတာပါတဲ့။ မောင်ကြော့ဝေဟာ သရုပါအိပ်မက် မရေးခင်က မြင်စည်မဂ္ဂဇင်းနဲ့ အိမ်နောင်မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုလေးတွေ ရေးဖူးတယ်လို့ ဆိုပါတယ်တဲ့။ ဒါပေမယ့် အဲဒီ မဂ္ဂဇင်းတွေကို သူဖတ်လေ့ မရှိတဲ့အတွက် မောင်ကြော့ဝေကို မသိခဲ့ပါဘူးတဲ့။ အခု သရုပါ အိပ်မက်ကိုသာ ဝေယန္တာက တကျည်ကျည် ခိုးကျူးလွန်းလို့ ဖတ်ကြည့်ရတာပါတဲ့။ ဒီတော့မှ မောင်ကြော့ဝေဟာ စာရေးဆရာအေးဇော်ရဲ့ ရေးဟန်ကို တုပပြီး ရေးနေသူဒုတိယ ဖိုးစိန်ဖြစ်ကြောင်း ဝမ်းနည်းစွာ သိလိုက်ရတယ်တဲ့။အကြောင်း အရာပိုင်းနဲ့ ပတ်သက်လို့လည်း ဝတ္ထုထဲက တချို့အချက် အလက်တွေဟာ မှားယွင်းနေပါတယ်တဲ့။ ဒါကြောင့် မောင်ကြော့ဝေဟာ ဝတ္ထုနောက်ခံ ဒေသဖြစ်တဲ့ ပုဂံကို တကယ် မရောက်ဖူးဘဲ ဖြီးဖြန်းရေး ထားတယ်ဆိုတာပေါ် လွင်နေပါတယ်တဲ့။ ဒါ မျိုးဟာမလုပ်အပ်ပါဘူးတဲ့။ ဆောင်းပါးရဲ့ နိဂုံးမှာတော့ 'ဝေယန္တာ ပြောသည့် အတွေးသစ်သည်ဆိုသော ဝတ္ထုကို ဖတ်ကြည့်လိုက်ရာ သစ်သောအတွေးကိုကား မတွေ့ရ။ မောင်ကြော့ဝေ တစ်ယောက် အချစ်အသည်းကွဲ မြေမှုန့်များပေါ်၌ လျောင်းအိပ်ကာ အေးဇော်၏ ခြေရာများကို နမ်းရှုပ်နေသည်ကိုသာ မြင်တွေ့လိုက်ရလေသည်' လို့ရေးထားတယ်။

ဒီဆောင်းပါးကို ဖတ်ရတော့ မောင်ကြော့ဝေတစ်ယောက်

သိပ်စိတ်ထိခိုက်သွားမှာကို ငါစိုးရိမ်နေမိတယ်။ မဆိုးပါဘူး။ သူယုံ ယုံတော့ ပြုံးနိုင်ပါသေးတယ်။

'ဆရာ့ဆောင်းပါးကို ဖတ်ရတာ ဖြူကောင်တစ်ကောင်ရဲ့ နမ်းရှုပ်ခြင်းကိုခံလိုက်ရသလိုပဲအစ်ကို။ ဒါပေမဲ့ ဆရာနေဖန်ဝါလို ပုဂ္ဂိုလ်ကြီးမျိုးက ကျွန်တော့်လို ပမွှားတစ်ယောက်ကို အသိအမှတ်ပြုပြီး ဝေဖန်တဲ့အတွက်တော့ ဂုဏ်ယူမိပါတယ်ဗျာ'လို့ ပြောတယ်။

သရုပါ ဒီပ်မက်ရဲ့ နောက်ဆက်တွဲ လိုင်းဂယက်တွေဟာ ဒီမှာတင်ပဲ တန့်ရပ်ငြိမ်သက်သွားပါစေလို့ ငါဆုတောင်းမိတယ်။ ဒါပေမဲ့ ဆုတောင်း ဆိုတာမျိုးကလည်း ပြည့်နိုင်ခဲသားလားကွာ။ မကြာခင်မှာပဲ လင်းထက်က 'ဝေဖန်ရေးလော၊ အရှုံးမီးသွေးရေးခြစ်ခြင်းလော ဆိုတဲ့' ဆောင်းပါးတစ်ပုဒ်ရေးလာ ပြန်တယ်။

'ဝေဖန်ရေးဟာ စာပေတိုးတက်ရေးအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်တဲ့အတွက် အလွန်လိုအပ်လှပါတယ်တဲ့။ ဒါပေမယ့် ဝေဖန်ရေး မျက်နှာဖုံးစွပ်ထားတဲ့ ပုဂ္ဂိုလ်ရေး ထိုးနှက်မှုမျိုးကိုတော့ မလိုလားအပ်ပါဘူးတဲ့၊ ဒါကြောင့်လည်း ဝေဖန်ရေးအစစ်အမှန်ကို လိုလားလွန်းလို့ သူ့အနေနဲ့ ဝေဖန်ရေးကို ဝေဖန်ရေးလုပ်လိုက်ရတာ ဖြစ်ပါတယ်လို့ လင်းထက်က သူ့ဆောင်းပါးမှာ အစချီထားတယ်။ ပြီးမှ နေဖန်ဝါရဲ့ ဆောင်းပါးဟာ အာဃာတတွေနဲ့ ဖွဲ့စည်းထားတဲ့ အဆိပ်ဟင်းတစ်ခွက် ပါတဲ့။ တကယ်တော့ နေဖန်ဝါ ဟာ စာကိုဝေဖန်တာ မဟုတ်ပါဘူးတဲ့။ လူကို အက်စစ်နဲ့ ပက်လိုက်ခြင်းသာ ဖြစ်ပါတယ်တဲ့။ မောင်ကြော့ဝေရဲ့ ဝတ္ထုတိုများပါဝင်တဲ့ မဂ္ဂဇင်းနှစ်စောင်ကို သူဖတ်လေ့ မရှိဘူး ဆိုတာဟာ အသားလွတ်ဆဲရေးခြင်းသာဖြစ်ပါတယ်တဲ့။ ဒါမှ မဟုတ်ရင်တော့ စာစုံအောင် မဖတ်တဲ့အတွက် သူညံ့သေးကြောင်း အရှက်မရှိ ဝန်ခံတာပဲဖြစ်ရပါမယ်တဲ့။ မောင်ကြော့ဝေက ဒေးဇော်ရဲ့ ရေးဟန်ကိုတုပပြီး ရေးတယ်ဆိုတာဟာ အပြစ်ဆိုစရာ မဟုတ်ပါဘူးတဲ့။ စာရေးစ





ကလောင်တိုင်းဟာ မိမိနှစ်သက်စွဲလမ်းတဲ့ စာရေးဆရာရဲ့ ဩဇာလွှမ်းမိုးမှုကို ခံကြရစမြဲပဲ ဖြစ်ပါတယ်တဲ့။ ဒါနဲ့ ပတ်သက်လို့ ဆရာရန်အောင် ပြောဖူးတဲ့ ဖြစ်ရပ်တစ်ခုကို သူအမှတ်ရမိပါတယ်တဲ့။ တစ်ခါက ဆရာရန်အောင်ဟာ ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရင်းနဲ့ ဒီဆောင်းပါးက ရွှေဥဒေါင်းရဲ့ ရေးဟန်ကလည်း ပီပီနင်းနဲ့ တူလှချည်လား' လို့ အံ့အားသင့်သွားမိခဲ့ဖူးပါတယ်တဲ့။ ကလောင်အမည်ကို ပြန်ဖတ် ကြည့်တော့မှ ရွှေဥဒေါင်းမဟုတ်ပဲ ငွေဥဒေါင်းဖြစ်ကြောင်း တွေ့ရပါတယ်တဲ့၊ ဆရာ ငွေဥဒေါင်းလို ဒီနေ့ ကိုယ်ပိုင်ရေးဟန်နဲ့ နေလိုလလို ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးမျိုးတောင် နုစဉ်အခါက ဆရာပီမိုးနင်းရဲ့ ဩဇာလွှမ်းမိုးမှုကို မလွန်ဆန်နိုင်ခဲ့ကြောင်း ဒီဖြစ်ရပ်က ပြဆိုနေပါတယ်တဲ့၊ တကယ်တော့လည်း ဟန်ဆိုတာ သိပ်အရေးမကြီးလှပါဘူးတဲ့'

နေဖန်ဝါက မောင်ကြော့ဝေဟာ ဝတ္ထုနောက်ခံဒေသ ဖြစ်တဲ့ ပုဂံကို တကယ်မရောက်ဖူးဘဲ ဖြီးဖြန်းရေးတယ်လို့ စွပ်စွဲထားပြန်ပါတယ်တဲ့။ ဒီနေရာမှာလည်း ဝတ္ထုရေးဆရာဟာ ဝတ္ထုနောက်ခံဒေသကို ကိုယ်တိုင်ရောက်ဖူးမှ ရေးရမယ်လို့ တထစ်ချ မဆိုအပ်ပါဘူးတဲ့။ ဝတ္ထုရေးဆရာဟာ ဝတ္ထုနောက်ခံဒေသံ တစ်ခုကို ကိုယ်တိုင်မရောက်ဖူးပေမဲ့ တစ်ဆင့်ခံလေ့လာ မှတ်သားခြင်းပဲဖြစ်ဖြစ်၊ စိတ်ကူး အာရုံ ဖြန့်ကြက်ခံစားခြင်းနဲ့ပဲဖြစ်ဖြစ် အဲဒီဒေသအကြောင်းကို ပေါ်လွင်အောင် ရေးလို့ ရနိုင်ပါတယ်တဲ့။ ဒါနဲ့ ပတ်သက်လို့ သာဓကပြရရင် အလွန်ကျော်ကြားလှတဲ့ 'လိုက်ခဲ့တော့ မြနန္ဒာ' ဝတ္ထုကိုရေးစဉ်က ဆရာမြသန်းတင့် ဟာ ဝတ္ထုနောက်ခံဒေသဖြစ်တဲ့ ရှမ်းပြည်နယ်ကို မရောက်ဖူးသေးဘူးလို့ အဆိုရှိပါတယ်တဲ့။ ဒါပေမဲ့ ဆရာရဲ့ မောရှမ်းမြေဖွဲ့ဟာ သဘာဝကျပြီး လှပအသက်ဝင်လွန်းလို့ တသသ စွဲမက်ခဲ့ကြရပါတယ်တဲ့။ လင်းထက်က သူ့ဆောင်းပါးအဆုံးသတ်မှာ 'ဆရာ နေဖန်ဝါ ခင်ဗျား။ ဆရာ မှန်ကြည့်ဖူးပါရဲ့

လား။ မှန်ထဲမှာ မိမိမျက်နှာပေါ်က ညင်းပွင့်တွေကိုရော ရေတွက်ကြည့်ဖူးပါရဲ့လား' လို့ ရေးထားတယ်။

လင်းထက် ဆောင်းပါး ပါလာတဲ့အချိန်မှာတော့ မောင်ကြော့ဝေ တစ်ယောက် ဆေးရုံပေါ်ကို ရောက်နေတယ်။သလိပ်စစ်ကြည့်ရာမှာ အဆုတ်ရောဂါပိုး တွေ့နေတယ်လို့ မောင်ကြော့ဝေက ပြောတယ်။ သူ့ နှုတ်ခမ်းလေးတွေဟာ ပြာနှမ်းနေတယ်။ ဆေးရုံသုံး အိပ်ရာခင်းဖြူဖြူ လေးပေါ်မှာ နှင်းဆီနီ တစ်ပွင့် တင်ထားတာကို တွေ့တယ်။ ကတ်ထူပြား ဗိုင်လေးကိုလည်း ခေါင်းအုံးဘေးမှာတွေ့တယ်။ 'လင်းထက်ဆိုတာ ဘယ်သူလဲ အစ်ကို၊ ကျွန်တော်တော့ ဆရာနေဖန်ဝါက ကျွန်တော်ရေးတယ်လို့ အထင်လွဲမှာကိုပဲ သိပ်ကြောက်နေမိတယ်ဗျာ'လို့ မောင်ကြော့ဝေ ပြောတယ်။

စာပေဟောပြောပွဲကိစ္စနဲ့ ငါ နယ်ထွက်လာခဲ့ရတယ်။ မောင်ကြော့ဝေဆီကို မကြာမကြာသွားပြီး လိုအပ်တာတွေ ကူညီပေးဖို့ တိုက်က ကောင်လေးတစ်ယောက်ကိုတော့ မှာထားခဲ့ပါတယ်။ နယ်မှာ တော်တော်ကြာသွားတယ်။

စာပေဟောပြောပွဲကအပြန် ရထားပေါ်မှာ နေဖန်ဝါ ဦးစီးတဲ့ တင်ထုတ်မဂ္ဂဇင်းတစ်ခုကို ငါဖတ်နေမိတယ်။မဂ္ဂဇင်းလေးက စုံတယ်။ ပဒေင်ခန်းလဲ ပါတယ်။ အမေးအဖြေခန်းလဲ ပါတယ်။ အမေးအဖြေခန်းထဲက မေးခွန်းတစ်ပုဒ်ကို ဖတ်ရင်း ငါရင်တွေတုန်သွားတယ်။ မေးခွန်းက -

'ခုတစ်လော ပုဂံနောက်ခံ အချစ်ဝတ္ထုတစ်ပုဒ်နဲ့နာမည်ကြီးနေတဲ့ ဟိုစာရေးဆရာလေးဟာ အယ်ဒီတာတွေကို အရက်တိုက်ထမင်းကျွေးပြီး သူ့ဝတ္ထုတွေပါအောင် လုပ်တယ်။ ဟို ဝေဖန်ရေးဆရာကြီးကိုလည်း သံတမန် အိတ်ကြီး တစ်လုံးပေးပြီး သူ့ဝတ္ထုကို ချီးကျူးခိုင်းတယ်ဆိုတာ ဟုတ်ပါသလား' တဲ့။ မေးသူနေရာမှာတော့ 'စာဖတ်သူတစ်ဦး' လို့ ဖော်ပြထားတယ်။ စာဖတ်သူတစ်ဦးက





တကယ်ပဲ မေးခဲ့သလား ဆိုတာကိုတော့ တန်ခိုးရှင်မှပဲ သိနိုင်မယ်။

စာရေးဆရာလေးရဲ့ အမည်ကို ထုတ်ဖော်ပြီးရေးမထားပေမဲ့ ဒီမေးခွန်းဟာ မောင်ကြော့ဝေကို ရည်ညွှန်းတာပဲဆိုတာ အားလုံးက သိကြပါတယ်။ ငါအတော်စိတ်မကောင်း ဖြစ်မိတယ်။ မောင်ကြော့ဝေကိုလည်း သိပ်သနားသွားတယ်။ သူခံနိုင်စွမ်း ရှိပါဦးမလားလို့လည်း သံသယဝင်မိတယ်။

ဆေးရုံကိုလိုက်သွားတော့ သူဆေးရုံမှာ မရှိတော့ဘူး၊ ဆင်းသွားပြီလို့ ပြောတယ်။ သူငှားနေတဲ့ အခန်းလေးရှိရာကို လိုက်သွားတယ်။ အဲဒီမှာလည်း မတွေ့ရတော့ဘူး။မောင်ကြော့ဝေ ပြန်မလာတာ နှစ်ရက် သုံးရက်ရှိပြီလို့ အခန်းနီးချင်းတစ်ယောက်က ပြောတယ်။

သူ့အခန်းထဲက ကြမ်းပြင်ပေါ်မှာ ကတ်ပြားဗိုင်လေး ကျနေတာ ကိုတွေ့ရတယ်။ ဗိုင်ထဲမှာရေးပြီးစာမူတွေမရှိတော့ဘူး၊ စာရွက်တစ်ရွက်ညှပ်ထားတာကိုပဲ တွေ့ရတယ်စာရွက်ပေါ်မှာတော့ မောင်ကြော့ဝေရဲ့ လက်ရေးနဲ့စာကြောင်းလေးတစ်ကြောင်း ရေးထားတာ ကိုနောက်ဆုံးတွေ့လိုက်ရတယ်။

'ကျွန်တော့်မှာ ဘာများအပြစ်ရှိလို့လဲဗျာ' တဲ့။

(၃)

ကုန်းမြင့်ကွန်းရိပ်သာမှ မျှော်လိုက်လျှင် ကွေးဝိုက်သော လမ်းဖြူဖြူလေးကို အပေါ်စီးမြင်နေရ၏။ လမ်းလေးကား အင်ကြင်းရဂုံဆီသို့ ဦးတည်ကာ မမောနိုင် မပန်းနိုင်လူး လွန့်လျှော ဆင်းသွားရင်း နှင်းမြူကန့်လန့်ကာကြီး အတွင်းသို့ တိုးဝင် ပျောက်ကွယ်သွားလေသည်။

'ဟို လူနှစ်ယောက်ကို ကြည့်လိုက်စမ်းပါဦး အစ်ကို၊ သူတို့ နှစ်ယောက်လုံး မျက်စိမမြင်ကြရှာဘူး။ နောက်က မယ်ဒလင်တစ်လုံးကို ချိုင်းမှာ ညှပ်ထားတဲ့လူက ညတုန်းက ပတ္တလား တီးပြီး

ဖော်ဖြေခဲ့တဲ့ ကိုထွေးဆိုတာပေါ့'

မောင်စောနိုင် ညွှန်ပြသည့်နေရာဆီသို့ ကိုနန္ဒာလှမ်း ကြည့်လိုက်သည်။ တရွေ့ရွေ့လျှောက်သွားနေသော လူနှစ်ယောက်ကို မြင်ရ၏။ ရှေ့မှလူက တောင်ဝှေးတစ်ချောင်းကို မြေပြင်မှာ ထောက်လိုက်၊ ဝှေ့ယမ်းလိုက်နှင့် တစ်လှမ်းချင်း လျှောက်နေသည် ကိုထွေးက ထိုသူ၏ပခုံးကို ကိုင်ရင်း နောက်မှ ဖြည်းညှင်းစွာ လိုက်နေ၏။


'ကိုထွေးက သူမသေခင် သူ့ပညာအမွေပေးခဲ့ချင်လို့တဲ့။ ဟိုဘက်ရွာက မျက်မမြင်လူငယ်လေး တစ်ယောက်ကို ဂီတပညာ သင်ပေးနေတယ်။ အဲဒါကို ကိုထွေးအပြန်မှာ တပည့်က ဆရာကို လိုက်ပို့ပေးနေတာပဲ'

ကုန်းတက်လေးတစ်ခုတွင် ရှေ့မှလူရွယ်က ကိုထွေးကို ယုယစွာ ပေးမတွဲခေါ်နေသည်ကို မြင်ရ၏။ ကိုနန္ဒာ၏ မျက်လုံးတွေ ရုတ်တရက် မှုန်ဝါးသွားသည်။

နှင်းလား . . . မြူလား . . . သုဂြိုတ်ရဲ့ မျက်ရည်တွေလား။

[ပေစုးလွှာ၊ . . . ]





## တွယ်ကပ်ရစ်နှောင် အိုပညောင်

(၁)

ထုံးတမ်းစဉ်လာအရ ရုံးလုလင်ဟုသာ ခေါ်နေရသည်။

စင်စစ် ဦးပန်းထွေးသည် လုလင်ပျိုတဦးကားမဟုတ်ပေ၊ အသက် ၅၀ ကျော် အဘိုးအိုတစ်ဦးသာ ဖြစ်ပါသည်။ ထိုကြောင့် လုလင်တို့၏ ပျိုမျစ် ဖျတ်လတ်ခြင်းသည် ဦးပန်းထွေး၌ မရှိတော့၊ ပါးရေကလည်းတွန့်ပြီ။ နှုတ်ကလည်းဆွဲ့ပြီ။ မျက်စိကလည်းမှိုင်းပြီ၊ ခါးကလည်းကိုင်းစပြု၊ နားကလည်း ထိုင်းလုလု။

သို့သော် အရာရှိအခန်းထဲကလှမ်းခေါ် ခေါ်သံလောင်းကိုတော့ တစ်ကြိမ်ထက်နှစ်ကြိမ်အနှိပ်မခံပါ။ နားဆွံ့ပေမဲ့ နားစွင့်လျက်ပင်ရှိပါ၏။ ခါးကိုင်းသည့် အတွက်ကတော့ ရှိသေမှုသဘော ပိုလို့တောင်

ပေါ်သေးသည်ဟုပင် အောက်မေ့ထားလိုက်တော့၏။ ကိုယ်ကမြင်မြင်လေရာ နှိုးသေနေရသူကိုး။ ဦးခေါင်းဝယ် သေမင်းအလံဖြူ တလူလူလွင့်နေပေမယ့် တာဝန်ပိုင်းကိုတော့ မပျက်ကွက်စေရပါ။ တခြင်းဘယ်နှခုကိုသယ်ရသယ်ရ၊ ဗိုင်ဘယ်နှခုကို ထမ်းရထမ်းရ တစ်ချက်ကလေး မညည်းစဖူးချေ။ ဝန်ထောက်မင်းထံ လာကြသည့် ဂုဏ်သရေရှိစည့်သည်များအတွက် လက်ဖက်ရည်မှာပေးရဦးမည်လော၊ အသင့်ပင်။ တစ်ခုတော့ရှိ၏။ စက်သူဌေး ကိုအုံးကျော်လိုလူမျိုး ရုံးသို့လာသဖြင့် ဝန်ထောက်မင်း အမိန့်အရ လက်ဖက်ရည်ဝယ်ပေးရပြီဆိုလျှင်တော့ ကိုယ့်ပိုက်ဆံ မဟုတ်ပေမဲ့ တယ်ပြီးမသဒ္ဓါချင်လှ။သို့သော် ကိုယ့်ဝတ္တရားကိုတော့ ဘယ်မှာအချို့တဲ့ခံအုံးနည်း။ ဝန်ထောက်မင်း အလိုကျ ဆောင်ရွက်ပေးလိုက်သည်ပင်ဖြစ်ပါသည်။

ဒါကရုံးမှာ။

အိမ်မှာတော့လည်း . . .

(၂)

ဦးပန်းထွေးသည် နဖူးပြင်ဝယ်သီးနေသည့် ချွေးဥများကို အကျႌဖျင်လက်ဖြင့်သုတ်လိုက်၏။

ဏ္ဍနှမာလာတောင်ပိုင်းမှ ဝန်တောက်မင်း၏အိမ်တည်ရှိရာခြံဝင်းကား တစ်ဧကခန့်ကျယ်ပေသည်။ မိုးသို့မျှော်နေသော ပင်လယ်ကဗွီးပင်ကြီးများ၊ နွဲ့ယိမ်းနေသော ကံ့ကော်ပင်များ၊ ဏ္ဍခြေရှင်သရက်ပင်အုပ်ကြီးများကြောင့် နေချင်စဖွယ် သာယာလှပေ၏။ ပွင့်ဟန်ဆင်နေပြီဖြစ်သော စကားဝါပင်များ၊ နှင်းဆီပင်များနှင့် စံပယ်ရုံတို့ကြောင့် ရာသီမပြတ် ရနံ့တသင်းသင်းရှိပေ၏။ဝင်းခြံ





အလယ်မှ ကုန်းမော့မော့တွင်မူ ဏ္ဍနှမာလာသို့ရောက်ရှိလာသော နယ်ဘက်အရာရှိကြီးများ နေထိုင်ရန်ဆောက်လုပ်ထားသည့် တိုက်ခံအိမ်ကြီးသည် ခံ့ညားစွာ တည်ရှိနေပေ၏။ထိုအိမ်ကြီး၏ လက်ဝဲဘက် ခပ်လှမ်းလှမ်းမှ အိမ်ပုလေးတွင်ကား ဦးပန်းထွေးတို့ မိသားစုနေထိုင်ကြ၏။ နန္ဒဝန်ဥယျာဉ်တမျှ ဤဝင်းဤခြံ စိုပြည်နေခြင်းသည် စင်စစ် ဦးပန်းထွေး၏ သစ်ပင်ချစ်တတ်သော ဝါသနာကြောင့်သာဖြစ်၏။ ဦးပန်းထွေးသည် နှင်းဆီပင်များကို မြေတောင်မြှောက်ပေးရင်း ကုန်းပေါ်မှ အိမ်အနီးသို့ ရောက်သွား၏။

'အလိုလေး ဒီညောင်ပင် မြန်မြန်ရှင်နေပြန်ပြီကိုး'

ဦးပန်းထွေးသည် ဝန်ထောက်မင်းအိမ်၏ အုတ်ခုံပေါ်မှ ခေါင်းပြူထွက်နေသော ညောင်ပင်ပေါက်ကလေးကို တအံ့တသြကြည့်နေမိ၏။ အိမ်ကြီးသည် ရှေးအိမ်ကြီးဖြစ်သဖြင့် အိုမင်းလှချေပြီ။ အုတ်ဖိနပ်နှင့်နံရံ၌ အချို့နေရာတွင် အင်္ဂတေများ အက်ကွဲလျက် ရှိ၏။ ဤညောင်ပင်သည် အုတ်ချပ်ကြား၌ ခိုင်ခိုင်မာမာ အမြစ်တွယ်လျက် အင်္ဂတေအက်ကွဲကြောင်းမှ ထိုးထွက်နေခြင်းဖြစ်၏။ ဤညောင်ပင်ကို သတိပြုမိသည်မှာ ကြာပြီ၊ ရှင်းလင်းခဲ့ပေါင်းလည်း များပြီ။ ဓားဖြင့်ခုတ်ရုံနှင့်မကျေနပ်သောကြောင့် ကျိုက်ကျိုက်ဆုနေသော ရေနွေးဖြင့်လောင်း၏။ ကတ္တရားစေးကို အရည်ကျိုပြီးလောင်း၏။ ခဏသာ သေသည်။ ရက်ကြာသော်မြန်၍ ရှင်မြဲပင်။ ဦးပန်းထွေးသည် ညောင်ပင်ပေါက်ကို ဓားဖြင့် ခုတ်ဖြတ်ပစ်လိုက်သည်။

'အင်း . . . ကောင်းကျိုးပြုမယ့် သီးနှံပင်တွေ ကျတော့လည်း ပြုစုနေတဲ့အထဲက ရှင်သန်ခဲလိုက်တာ၊ ဟောဒီ အကျိုးမဲ့ အောင် ဖျက်ဆီးတတ်တဲ့ အပင်မျိုးကျတော့လည်း တယ်ပြီးသတ္တိ

ကောင်း၊ တယ်ပြီးအသက်ပြင်းလှပါလားကွယ်ရို့'

(၃)

လုပ်သက် အနှစ် ၃၀ မျှ ရှိလာတော့လည်း ဦးပန်းထွေးသည် အရာရှိတို့၏သဘောကို နောကျေအောင် သိနေခဲ့ပြီ။

ရုံးဘီရိုထဲတွင် အရက်ပုလင်းထားပြီး အရက်တခွက် မင်တစ်စက် အလုပ်လုပ်တတ်သော ဝိဇ္ဇာဝန်ထောက်မျိုးကိုလည်း တွေ့ဖူးပါ၏။ အစိုးရသဘော်ဖြင့် မြစ်ကြောအတိုင်း စုန်လိုက်တုံ ဆန်လိုက်တုံပြုကာ ဦးခေါင်းထဲဝယ် ဘယ်သူမျှ မဖမ်းနိုင်သည့် ဖဲဝိုင်းကြီးမျိုးဆင်နွဲကာ ကစားနေတတ်သည့် ဝန်ထောက် ကောရဥ္စ မျိုးကိုလည်း ကြုံခဲ့ဖူးပါ၏။ လုံမချောချောလေးတွေကိုလည်း ထည်လဲ နှင့်တွဲချင်သော ရနှောင်ဝန်ထောက်မျိုးကိုလည်း ဆက်ဆံခဲ့ဖူးပါ၏။ လက်ဖွဲ့တို့၊ ချိုးအမြှုတေတို့ကိုသာ တစိုက်မတ်မတ် ရှာဖွေနေတတ်သော ပဋ္ဌမံဝန်ထောက်မျိုးကိုလည်း ဆည်းကပ်ဖူးပါ၏။ နောက်ဆုံးတွင် ဦးပန်းထွေး ကောက်ချက်ချမိသည်ကား အရာရှိဆိုသူများသည် အလွန်အပေါင်းရ အသင်းရခက်သော သတ္တဝါမျိုးသာတည်း ဟူ၏။ သို့သော် ခြွင်းချက်က ရှိနေပြန်၏။

ကိုအုံ့ကျော်လိုလူမျိုးနှင့်ကျပြန်တော့လည်း အရာရှိတကာတို့သည် ချပ်ခနဲ ကပ်ခနဲ၊ တတွဲတွဲမခွဲဘဲ ကော်နှင့်တည်းဘိသို့ ဖြစ်နေပြန်တော့၏။ ကိုအုံ့ကျော်ကပင် အားကောင်းသော သံလိုက်တုံးကြီးဖြစ်နေ၍လော။ အရာရှိတွေကပင် အပ်ချောင်း ငယ်လေးများဖြစ်နေ၍လော။ မပြောတတ်တော့ပါ။ ဣန္ဒမာလာ ခရိုင်ခွဲအတွက် ဝန်ထောက်အသစ်တစ်ဦး ရောက်လာသည်ဆိုတိုင်း နောက် တစ်နေ့နံနက်၌ ဝန်ထောက်အိမ်ဧည့်ခန်းဝယ် အစောဆုံး





မြင်တွေ့ရ သူကား ကိုအုံ့ကျော်သာတည်း။

ဦးပန်းထွေး စူးစမ်းမိသလောက် အရာရှိတွေနှင့်ပေါင်းသင်းလိုသူ လူမျိုး သုံးစားရှိ၏။ ပထမအမျိုးအစားကား အရာရှိနှင့်ပေါင်းရလျှင် ဂုဏ်ရှိသည်ဟု ယူဆသောကြောင့်၊ စိန်နားကပ်အရောင်နှင့် ပါးပြောင်လိုသူ ဖြစ်။ ဒုတိယ အမျိုးအစားကား အရာရှိဟူသည် အန္တရာယ်ပြုနိုင်သူများပေတည်းဟု ရွံ့ကြောက် တတ်သောကြောင့် ခေါ်စာပစ်သည့်နယ် ပသလိုသူ ဖြစ်၏။ တတိယ အမျိုးအစားကား အရာရှိတို့ကို သင့်အောင်ပေါင်း၏။ ယင်းတို့ ထံမှလည်းအခွင့်အရေးရအောင်ယူ၏။ အရာရှိနှင့် ရင်းသည်ဟူသော ဟိတ်လုံး ဖြင့် နယ်လူထုထံမှ နိုက်လည်းနိုက်၍ နိုက်မရသော် တိုက်၍ယူတတ်၏။ ဘုရားလိုဏ်ခေါင်းအောင်း၍ မာန်သွေးလိုသူများ ဖြစ်ကြ၏။

ကိုအုံ့ကျော်သည် တတိယတန်းစား စာရင်း၌ဝင်သည်။ သူ့တွင် အလုပ်ကလည်းစုံသည်။ စက်သူဌေးလည်းဖြစ်၏။ ကန်ထရိုက်လည်း ဖြစ်ခဲ့တုံသေး၏။ မော်တော်လည်းရှိသည်။ အင်းသူကြီးလည်းဖြစ်၏။ တစ်ဖန် ကျောင်းဒကာကြီးလည်း ဖြစ်ပါချေသေး၏။ ဒီလိုလုပ်ငန်းစုံသဖြင့်လည်း ကိုအုံ့ကျော်အဖို့ အရာရှိတို့နှင့်ပေါင်းသင်းရေးသည် လွန်စွာအရေးကြီးသည်။ အရာရှိများနှင့် ခင်မင် ခြင်းကား ကိုအုံ့ကျော်အတွက် ရှင်သီဝလိဂါထာမဆောင်ပဲ ပေါ် လာဘ် ပေါ်ခန့်ဖြစ်စေသော နည်းပေတည်း။

အရာရှိပေါင်းနည်း နိဿရည်းကို လက်ကိုးကျေသည့်နေရာတွင်တော့ ကိုအုံ့ကျော်သည် အုံ့လောက်အောင် ကျော်ဘိ၏။ ပုရွက်ဆိတ်သည် ထန်းလျက်နံ့ကို အာရုံဖြင့် သကာအိုး၏ အတ္တကြောင်းကို ရာ၍ဝင်တတ်သကဲ့သို့ ကိုအုံ့ကျော်သည် အရာရှိတို့၏

စရိုက်ရနံ့ကို မရောက်မီကပင် သိနေတတ်၏။ ညောင်ပင်ပျို သည် အုတ်ကြား၌ ဘယ်သို့ဆွဲတွယ်ပြီး ထန်းပင်ကိုဘယ်သို့ မျိုလျက် ကုတ္တို ပင်ဝယ်ဘယ်သို့ ရစ်နှောင်ရမည်ကို သိသကဲ့သို့လည်း အရာရှိတို့နှင့် ဆက်ဆံရာ၌ ပရိယာယ်ကြွယ်လွန်းလှ၍ အာဏာစူး ရှသော အရာရှိ တစ်ဦးဣန္ဒမာလာမြေပေါ်သို့ နင်းလာပြီဆိုလျှင် ကိုအုံ့ကျော်သည် ပင့်ကူကဲ့သို့ စေးကပ်သော ကြိုးမျှင်ဖြင့်လည်း ထောင်၏။ စပါးကြီး ကဲ့သို့လည်း ညို့ငင်၏။ တံငါသည်ပမာ ငါးစာ ဖြင့်လည်း မျှား၏။

ယင်းသို့ ထောင်ချောက်ဆင်တတ်သော၊ ညို့ငင်တတ်သော၊ ငါးစာဖြင့် ဖြားလည်း ဖြားတတ်သောကြောင့် ကိုအုံ့ကျော်ရသည့် အခွင့်အရေးတွေကလည်း မနည်းလှ၊ အကြောင်း အမျိုးမျိုးပြ၍ ပွဲမိန့်များရအောင်ယူကာ ပွဲခင်းအမှောင်ရိပ်ဝယ် လောင်းကစားဝိုင်း ကြီးများ၊ မြိမ့်မြိမ့်သဲဆင်နွှဲ၍ စီးပွားရှာခဲ့ခြင်းမျှကိုတော့ ဦးပန်းထွေး က မပြောလိုသေး။ အရာရှိနှင့် ရင်းနှီးခြင်းဟူသော နှင်တံဖြင့် ယုဉ် ဖြိုင်ဘက်တို့အား ရွံ့ဆုတ်စေကာ ဣန္ဒမာလာ ခရိုင်ခွဲအတွင်းရှိ ကြီးကျယ်သော အင်းလုပ်ငန်း မှန်သမျှကို အမည်အမျိုးမျိုးတို့ဖြင့် လေလံဆွဲနိုင်ခြင်းလောက်ကိုတော့ စာမဖွဲ့ချင်သေး။ သူအရင်က ပိုင်ဆိုင်ခဲ့သည့် လယ်မြေများကို သူ့စာရင်းငှားတို့ဖြင့် အမည်အမျိုး မျိုးတို့ဖြင့် သီးစားခွဲစေလျက် ပေါ်ထွက်လာသော သီးနှံဟူသ၍ ကို လက်ဝါးကြီးအုပ် နေခြင်းမျှကိုကား ထားလိုက်ပါတော့။

အကြောင်းကိစ္စပေါ်ပေါက်လာသော လယ်သူ၊ လယ်သား တို့အတွက် အရာရှိ၏ ထောက်ခံစာ ယူပေးနေယုံနှင့်ပင် ကိုအုံ့ကျော် ၏ အိတ်ကအလိုလို ဖောင်းလာတတ်သည်။ ကိုအုံ့ကျော်၏ ဝမ်းဗိုက် တစ်နေ့တခြား စူထွက်လာတတ်သည်ဟုဆိုက ချင့်တွက်နိုင်လောက်





ပါပြီ။

ဝန်ထောက်မင်း ဦးဘဆန်း ရောက်လာကာစ အတွေ့အကြုံ တစ်ခုကို ပြောပြရဦးမည်။

'ကိုဘဆန်း ရှင်ပြန်လာရင် မြို့သာယာရပ်ကွက်ထဲက လှလှတို့ အိမ်ကိုဝင်ခဲ့စမ်းပါ။ သူကနွဲ့တို့ ကောလိပ်မှာတုန်းက ဆိပ်း ဘက်ချ်လေ၊ နွဲ့တို့ရောက်လာကြောင်းသိရအောင်ပေါ့'

နံနက်ခင်း၌ မင်းကတော်က ဝန်ထောက်မင်းအား မှာကြား နေစဉ်တွင် ကိုအုံ့ကျော်၏ ကလိန်ဇေ့ရောင်မှန်ကားလေး ရောက်လာ ၏။

'ဒီမှာ ကိုအုံ့ကျော်. . . ဣန္ဒမာလာကို မရောက်ခင်ကတည်း က ခင်ဗျားအကြောင်းကို ကျုပ်နားမဆံ့အောင် ကြားခဲ့ပြီးသား၊ ရောက်လာသမျှ အရာရှိဟူသရွေ့ကို တည့်အောင်ပေါင်း ခုတုံးအ ဖြစ်နဲ့ ချနင်းပြီး စီးပွားရေး ကလိန်ကျတတ်ပုံတွေ မကြားချင်အဆုံး ပဲ၊ ကျုပ် ဣန္ဒမာလာကိုလာတာက နယ်လူထုကို စည်းရုံးဘို့လာတာ ဗျ၊ ခင်ဗျားအစည်းအရုံးခံဘို့ လာတာမဟုတ်ဘူး။ ကျုပ်ဘာသာ ကျုပ် လွတ်လွတ်လပ်လပ်ပဲ နေပါရစေ၊ ခင်ဗျား ခါးပိုက်ထဲတော့ မဝင်ပါရစေနဲ့'

ဦးဘဆန်းက ပက်ပက်စက်စက်ပြောမိ၏။ ကိုအုံ့ကျော်က အလွန် ကြောက်ရွံ့လေဟန်၊ အလွန်ဝမ်းနည်းလေဟန်မျိုးဖြင့် တုန်တုန် ယင်ယင် လုပ်နေသည်။

''ဝန်ထောက်မင်း ကျွန်တော့်ကို သိပ်အကောင်လွဲနေပြီ၊ တစ်နေ့တော့ ကျွန်တော့်သဘောသိပါလိမ့်မယ်လေ. . . ကျွန်တော် က ပုဂ္ဂိုလ်ခင်တာ သက်သက်ပါ ခင်ဗျာ'

ဧည့်ခန်းထဲမှ ခပ်ယို့ယို့ပင် ထွက်သွား၏။ ဦးပန်းထွေးက

ကျိတ်ပြီး ဝမ်းသာနေသည်။ အရင်ဝန်ထောက်တွေတုန်းက အရက်ကြိုက်သူကို ပုလင်းရောင်စုံများနှင့်၊ လောင်းကစားတတ် သူကို ဖဲချပ်နှင့်၊ မ'ကြိုက် တတ်သူကို မြာနှင့်၊ အဝိုင်းကြိုက်တတ်သူ ကိုငွေနှင့် ကိုအုံ့ကျော် သိမ်းသွင်းနိုင်ခဲ့၏။ ဒါက နည်းနည်းလေးမျှ အုံ့ဩစရာ မကောင်း၊ တံခါးကျိုးပျက်နေသော အိမ်ကို သူခိုးအလွယ်တကူ ဝင်နိုင်ပေမပေါ့။ ယခု ဦးဘဆန်းလို မိုးလုံသည့်အိမ်မျိုးကျတော့ ဘယ်လိုလုပ် မိုးယိုမည်နည်း။ သိက္ခာစည်းရိုး ခတ်ထားသည့် ဝင်းခြံထဲသို့ ဘယ်လိုလုပ်ဝင်နိုင်ဦးမည်နည်း။

'ဦးပန်းထွေး . . . နွဲ့ကို ဈေးလိုက်ပို့ပါဦး'

မင်းကတော်၏ ဈေးခြင်းကိုကိုင်၍ လိုက်သွား၏။ ခုံထည်သော တိုက်ကြီးတစ်လုံးရှေ့သို့ ရောက်သွားကြသည်။

'မင်းကတော် . . . ဒါ ကျွန်တော့်တိုက်ပါ၊ အထဲကို ခဏကြွပါဦး'

သို့နှင့် မင်းကတော်နှင့် ကိုအုံ့ကျော်တိုက်ထဲသို့ ဝင်ရ၏။

'မင်းကတော်ရဲ့ ဖေဖေ ဦးစိုးတင့်ကိုတော့ ဟင်္သာတမှာ လုပ်သွားတုန်းက တွေ့ဖူးပါတယ်။ မင်းကတော်ကို မြင်လိုက်ကတည်းက ဦးစိုးတင့်သမီးလို့တော့ အထင်သား၊ မင်းကတော်တို့ သားအဖက ရုပ်ချင်းအင်မတန် ဆင်တာပဲ အဟုတ်၊ မင်းကတော်၊ အဟုတ်၊ မျက်လုံးဝိုင်းပြီး မျက်ရစ်ထင်ရှားပုံ၊ နှာတံပေါ်ပုံ နီပုံတွေက အတော့်ကို တူကြတာကလား။

ဒီနေ့ ဈေးထဲမှာ ဈေးဝယ်ကြရပုံသည် ရယ်စရာ ကောင်းလှ၏။ မင်းကတော်က ကြက်သား တစ်ပိဿာကို ချိန်စေ၏။ ဈေးသည်က မနုလွန်းမရင့်လွန်းသော ကြက်နှစ်ကောင်ကို သေချာရွေးပြီး ချိန်ခွင်မှာ တင်၏။ ပိဿာလေးထည့်ထားသော ချိန်ခွင်ခွက်နှင့်





ချိန်ခွင်ပေါင်သည် ကရိန်းသဖွယ် အထက်သို့ မြောက်တက်သွား၏။ ကြက်သားထည့်ထားသည့် ဘက်သို့ ချိန်ခွင်လျှာသည် အစွန်းကုန်ထွက်ပြူလာသည်။ ဦးပန်းထွေးက ကြက်နှစ်ကောင်ကိုယူ၍ ခြင်းထဲထည့်၏။

'ရော့ . . . ရော့ . . . ကြက်သားဖိုး'

'ပေးပြီးပြီရှင့်'

'အို မဟုတ်တာ . . . ဘယ်သူကပေးလို့လဲ'

'ဦးအုံ့ကျော်ပေးထားပါတယ်ရှင့် . . .'

'ဦးအုံ့ကျော် ပေးတာကို ပြန်ပေးလိုက်ပါ၊ ရော့ . . . ဒီက ယူပါ'

ကြက်သားသည် မိန်းကလေးက ပြုံးစိစိနှင့် ခေါင်းယမ်း၏။ လက်ကို နောက်မှာဝှက်ထား၏။ မင်းကတော်က အလျှော့ပေးလိုက်၏။ အခြားဆိုင်များဘက်သို့ လျှောက်ကြ၏။ အခြားဆိုင်တွေကလည်း ထိုနည်းလည်းကောင်း . . .

'ကျွန်မတို့ မယူပါဘူး မင်းကတော်'

'ဦးအုံ့ကျော်က ပေးပြီးပြီ'

'ယူလည်း မယူပါရစေနဲ့၊ ကိုအုံ့ကျော်စိတ်ဆိုးလည်း မခံပါရစေနဲ့'

နိဗ္ဗာန်ဈေးဖွင့်နေသလား၊ အောက်မေ့ရအောင်ပင် ဈေးသည်တွေက တညီတညွတ်တည်း အဖိုးငွေမယူရန် ငြင်းပယ်ကြ၏၊ ဤသည်ကို ဦးပန်းထွေး၏ စိတ်ထဲ၌ ဦးအုံ့ကျော်က မင်းကတော်အား လူစည်ကားရာ ဈေးလယ်ကောင်မှာ သိက္ခာချနေသည်၊ အရှက်ခွဲနေသည်ဟု ယူဆ၏။

'ဟဲ့ . . . ကိုအုံ့ကျော် ပေးထားပြီးပြီဆိုလို့ ဖြစ်မလား၊

မင်းကတော် ကိုယ်တိုင်ပေးနေတာဆို ယူမှပေါ့'

သည်မှာတင် ဥညောင်ရေလောင်းသူ ပတ်ထမ်းနှင့်တွေ့သည်။ မျက်နှာမရ ခြေထောက်ရ၏။ ပြုံးနေသော မင်းကတော်၏ မျက်နှာသည် တစ်မုဟုတ်ချင်း ညှိုးမှောင်သွား၏။

'ဦးပန်းထွေး နောက်ကို နေရာတကာဝင် မစွက်ပါနဲ့၊ ကိုယ်နဲ့ ဆိုင်တဲ့နေရာမှ ဝင်ပြောပါ'

မင်းကတော်၏ အသံကပြတ်၏။ မင်းကတော်၏ မျက်စောင်းကထက်၏။

စျေးထဲမှ ခြင်းအပြည့် တောင်းအပြည့်သာ ထမ်းပိုး လာခဲ့ရသည်။ မင်းကတော်၏ ပိုက်ဆံအိတ်သည် ကြေးပြားတဟ်ပြားမျှ လျော့မသွားခဲ့။

သည့်နောက်တွင်တော့ မင်းကတော်က ဝန်တောက်မင်းကို ခေါ်ပြီး ကိုအံ့ကျော်တို့တိုက်သို့ အလည်သွား၏။ ကိုအံ့ကျော်က မင်းကတော်ကို လိုက်ပို့ရင်း ဝန်ထောက်မင်းအိမ်သို့ မကြာခဏ အလည်လာ၏။

သည်တော့မှ ဦးပန်းထွေးသိရသည်ကား ဦးဘဆန်းသည် ငယ်စဉ်က အလွန်ဆင်းရဲခဲ့၏။ စာရေးလေးဘဝနှင့် ရှိုးရိုးကုပ်ကုပ် လုပ်ကိုင်နေစဉ် အရာရှိကြီးတစ်ဦးက သဘောကျ၍ အိမ်မှာ ခေါ်ထား၏။ ထို့ကြောင့် အရာရှိကြီး၏ သမီးချောနှင့် ရင်းနှီးကာ အကြောင်းပါခဲ့သည်ဆို၏။ စာရေးလေးဘဝမှ ပညာပြည့်စုံလာအောင် ယခုကဲ့သို့ ဝန်ထောက်ကြီး ဖြစ်လာအောင်လည်း မင်းကတော်၏ မိဘများက စောင်မမြှင့်တင်ပေးခဲ့ရသည်ဟု ဆို၏။ ထို့ကြောင့် ဦးဘဆန်းသည် မယားကိုတော့ အလွန် ကြောက်ရသော ဝန်ထောက် ဖြစ်သည်ဟု ဆို၏။ ဒါတွေကို တစ်ဝင်းတည်း တစ်ခြံ





တည်းနေသည့် ဦးပန်းထွေးပင်လျှင် မသိ။ ကိုအံ့ကျော်ကတော့ ရှာရှာဖွေဖွေ သိပြီးနေချေပြီ။ သို့ဖြစ်၍လည်း ညှော်ခန်းမှဝင်၍ မရသော အိမ်ကို မီးဖိုချောင်မှ နောက်ဖေး ပါက်မှ စုဖုရားလတ်ကို စည်းရုံးကာ ဝင်ခဲ့၏။

ဝန်ထောက် ဦးဘဆန်းပြောင်း၍သာ သွားခဲ့သည်။

ဦးအံ့ကျော်နှင့်ကား အမြွာညီနောင်သဖွယ် တတွဲတွဲပင်။

(၄)

ဦးခင်မောင်ဖြူသည် ဣန္နမာလာသို့ ရောက်ဖူးသမျှ ဝန်ထောက်တို့အနက် အငယ်ဆုံးဖြစ်၏။ ထက်လည်း အထက်ဆုံးဖြစ်၏။ မိဘကလည်း ကျိကျိတက်ကြွယ်ဝခဲ့သည်ဟု ဆို၏။ နိုင်ငံခြားအထိ သွားရောက်၍ ပညာဆည်းပူးခဲ့သူဟုလည်းဆို၏။ ဦးခင်မောင်ဖြူရောက်ပြီးနောက်တစ်နေ့မှာပင် ထုံးတမ်းစဉ်လာ နှင့်အညီ ညှော်ခန်းထဲသို့ ကိုအံ့ကျော်လာ၍ ထိုင်ပြန်၏။ ဦးခင်မောင်ဖြူကတော့ ခပ်တန်းတန်းပင်။

ဆိုဖာပေါ်မှာ ငုတ်ငုတ်ထိုင်နေသည့် ကိုအံ့ကျော်ကိုရှိသည်ဟုမှ အောက်မေ့ပါလေရဲ့လားမသိ။ ညှော်သည်လူကြီး လူကောင်းနှင့် စကားပြောရမည့်အစား ဗီရိုမှန်သုတ်နေသော ရုံးလုလင် ဘက်သို့သာ ဦးခေါင်းလှည့်ထား၏။

'ဦးပန်းထွေးတို့ ဒီနေ့ ဘာဟင်းချက်လဲ၊ ခြံထောင့်က ဒန့်သလွန်သီးတွေ ခူးချက်ကြဗျ။ ငါးခြောက်နှင့် ချဉ်ရည်ချက် စားပေါ့။ ဗီရိုမှန်က ကြည်လှပါပြီ ဦးပန်းထွေးရဲ့၊ ခင်ဗျား မိန်းမ ချောင်းဆိုးဘာ ပျောက်သွားပြီလား'

ဦးပန်းထွေးကိုသာ တစ်ချိန်လုံး စကားပြောနေပြီး ကိုအံ့ကျော်

အား သူ့ရုံးလုလင်လောက်မှ အရေးမပေးဘူးဆိုသည့် သဘောမျိုး။ ဦးပန်းထွေးဘက်မှ ဝန်ထောက်မင်း၏ မျက်နှာသည် မိမိဘက်သို့ လုံးဝလှည့် မလာရကား၊ ညှိုသည်လူကြီး လူကောင်းသည် နှုတ်ဆက်၍ ပြန်သွား၏။

ရက်တွေသာ ကြာညောင်းလာသည်။ ဝန်ထောက်မင်းနှင့် ကိုအံ့ကျော်ကား ရင်းနှီးမှုမရှိသေး။

'ဒီနေ့ . . . ရုံးစောစောသွားကြမယ် ဦးပန်းထွေးရေ'

ဝန်ထောက်မင်းက ပြောသည်။ ထိုနေ့က အစည်းအဝေးလည်းရှိ၊ နောက်တစ်ရက်နှစ်ရက်အတွင်း တိုင်းအဆင့်ရှိသော ဌာနအကြီးအကဲ ရောက်လာလိမ့်မည်ဖြစ်ကြောင်း သံကြိုးလည်းဝင်လာ၏။ ဒီတော့ ရုံးအစစ် ခံနိုင်ရန် အသင့်အနေအထားတွင် ရှိမှဖြစ်မည်။ တိုင်းဆိုသဟာမျိုးကလည်း စားပွဲပေါ်မှာ ပြထားသည့် ဖိုင်များကို မျက်စောင်းမျှထိုးသည်မဟုတ်၊ ချောင်ထဲမှာ ဖွက်ထားသည့်အမှုတွဲကိုမှ တောင်း၍ ကြည့်ချင်တတ်သည်။ နံနက် (၇) နာရီက စ၍ထိုင်ကြသည်မှာ (၁၁း၃၀)အထိ မပြီးကြသေး။ နံနက်စာကလည်း မစားကြရသေး။ ဒီမှာပင် ထမင်းချိုင့်တို့က လေ့ကားအထစ်သုံးဆယ်ကိုကျော်ပြီး ရုံးပေါ်သို့ ရောက်လာသည်။ဖွင့်လိုက်သည်နှင့်ပင် အငွေ့တထောင်းထောင်းထနေသည့် ဟင်းပေါင်းစုံ၏ ရနံ့သည် ဝန်ထောက်မင်း၏ နှာနုကို ကလိ၏။ ငါးသလောက်ကို အရိုးနူးအောင် ပေါင်းထားသဖြင့် ဂျပန်ငါးသေတ္တာနံ့ ကြိုင်နေ၏။ ခရမ်းသီး၊ ဒန့်သလွန်သီး၊ ရုံးပတီသီးနှင့် ဘာလူးတို့ကို ငါးရံ့ခေါင်းနှင့် သီးစုံချဉ်ရည်ဟင်းချက်ထား၏။ မန်ကျည်းမှည့် အနေတော် ခပ်သဖြင့် ချဉ်ဖြုံးဖြုံးလေးနှင့် လျှာရည်ယိုချင်စဖွယ် ရှိသည်။ စေးပေ့ဆိုသည့် သိလ္လာတည်း အလုံးချောကြီးများကို မုန့်ပျားသလက်ပမာ





ပြန့်နေအောင်ထု၍ အုန်းနို့ဆမ်းထားရာ နံပြားဝယ် မလိုင်သုတ်ထားသကဲ့သို့ ရှိ၏။ လက်သီးဆုပ်မရှိတရှိ ဝက်သားတုံးကြီးများကို ပုန်းရည်ကြီးနှင့် ချက်ထား၏။ ပုစွန်ခြောက်နိုင်းချင်းနှင့် ဖျော်ထားသည့် ငံပြာရည် သခွားသီး အတို့၊ ကြက်အသည်းများကို ပါးပါးလှီးပြီး ပဲတောင့်ရှည်ကြီးနှင့်ကြော်ကာ ခရမ်းချဉ်သီးမှည့်များ အုပ်ထားလိုက်သေးသည်။ ဝန်ထောက်မင်း ခေါင်းမဖော်တော့။ အားရပါးရ လွေးသည်။ ဇွန်းသံ၊ ချဉ်ရည်ကို 'ရှုး' ကနဲသောက်လိုက်သံ သခွားသီးစိတ်ကို 'တဂျွတ်ဂျွတ် ဝါးစားသံ'

'ဒီနေ့ မမလေး ဘာစိတ်ကူးပေါက်သလဲမသိဘူး၊ ဟင်းတွေကို စုံလို့'

'မင်းကတော်ချက်တာမဟုတ်ဘူးဗျ၊ အခြားက လာပို့တာ'

'ဗျာ . . . ဘယ်လို'

'ကိုအံ့ကျော်လာပို့ သွားတာခင်ဗျာ'

'ဟောဗျာ'

ချဉ်ရည်ဇွန်းကိုင်သော လက်သည် တန့်သွား၏။ ဦးပန်းထွေးကမူ ဒီနေ့ ဒီအချိန်ထိ ဝန်ထောက်မင်း နံနက်စာမစား ရသေးသည်ကိုလည်းကောင်း၊ ရုံးမှာ အလုပ်ရှုပ်နေသည်ကိုလည်းကောင်း သိနိုင်စွမ်းသော ကိုအံ့ကျော်၏ အရည်အသွေးကို အံ့ဩနေမိ၏။

'ဟန်ကျတာဘဲဗျို့ . . . တိုင်းကလာရင် အကျွေးအမွေးနဲ့ ညှိခံဖို့တာဝန်ကိုတော့ ကိုအံ့ကျော်ပဲ တာဝန်ပေးရလိမ့်မယ်'

ထို့နောက်တွင်ကား . . .

ဝန်ထောက်မင်းသည် ကိုအံ့ကျော်အိမ်မှ ဒံပေါက်ထမင်းဒိတ်ကျွေးသဖြင့်လည်း သွားရောက်သုံးဆောင်ရ၏။ မန္တလေး မုန့်တီလာ ပို့သဖြင့်လည်း စားရ၏။ မင်းကတော် ဒေါ်မမလေးကလည်း

ကိုအုံ့ကျော်အိမ်မှ ရခိုင်ဟင်းချိုသည် အုန်းနို့၊ သကြား၊ ဆန်မှုန့်တို့အနေတော်ကြောင်း ချီးမွမ်း၏။ ညဦးယံ စကားဝိုင်းများတွင် အင်းရဲကြီးငါးပိအကြောင်း၊ မြင်စလူငံပြာရည်အကြောင်း၊ ရွှေလောင်း ငါးသလောက်အကြောင်း ဆွေးနွေးကြ၏။ ငါးဖရုံဟင်း၊ တုတ်စီငှက်ကြော်၊ ပုစွန်ဆီတို့ကား ပြတ်သည်မရှိအောင်ပင် ရောက်နေ၏။ ကိုအုံ့ကျော်အိမ်မှ ချိုင့်ပြာပြာသည် ဝန်ထောက်မင်း ထမင်းစားပွဲပေါ်မှ ပြန်သည်မရှိတော့။

ထိုအခါတွင်မှ စာရေးတစ်ဦးကပြော၍ ဦးပန်းတွေးသိလာရ၏။

ဝန်ထောက် ဦးခင်မောင်ဖြူသည် မိဘများကြွယ်ဝသည်နှင့်အမျှ အစားကောင်းကြိုက်တတ်၏။ မြက်မြက်ကလေးလည်း စားချင်၏။ ခဲရာခဲဆစ် ရှားရှားဖွေဖွေဟင်းများကိုလည်း ချင်ခြင်းတတ်၏။ အစားလည်း ပုတ်၏။ အစားလည်းခုတ်လှ၏ ဟူသတည်း။

(၇)

'ဦးပန်းတွေးရေ . . . ညနေကျရင်တော့ မမွှရဲ့သီဘက်ကို လျှောက်ကြဦးစို့'

လဲဝါတို့အား လွင့်ပျံ့အောင် မွှေခဲ့သော လေသည် ကျောက်ထီးကိုမူကား လှုပ်ယှံမျှပင် မတိုက်ခတ်နိုင်တော့။ ကြောင်လာသောအခါ၌ ကြွက်ဝမ်းဖြူသည် မိမိကစားမြူးထူးခဲ့ရာ အိမ်ကို စွန့်ခွာရ၏။

ဝန်ထောက် ဦးမေဓာရောက်ပြီး နောက်တစ်နေ့၌ ကိုအုံ့ကျော် ရောက်လာလေမည်လား။ ဦးပန်းတွေး မျှော်ပါသေး၏။ ဦးမေဓာ အကြောင်းကို သိရောထင့်၊ ကိုအုံ့ကျော် မပေါ်လာချေ။





နှစ်လမျှ သောအချိန် ကြာညောင်းသွား၏။ ကိုအုံ့ကျော်၏ အရိပ်အယောင် ကိုမျှ မမြင်ခဲ့ရ။ တစ်ဆင့်တက်သော် တစ်ထောင်ကျော်မျှ တစ်မှော်ရုံလျှို၊ တစ်ချိုးတိုးခဲ့သော ကိုအုံ့ကျော်သည် ဦးမေဓာတည်းဟူသော တစ်ပင်မြို့ကြီး ဂနိုင်ဆီးသောအခါတွင် ဟီးချ၍ အရှုံးပေးရပြီ ထင်သည်။

ဦးမေဓာလို ဝန်ထောက်မျိုးကလည်း အကယ်၍ ကိုအုံ့ကျော် ချဉ်းကပ်လာပါကလည်း ဦးမေဓာအတွက် ကိုအုံ့ကျော်နှင့် စကားပြောစရာ အချိန်ရှိမည်မထင်ပါ။ ကိုအုံ့ကျော် မြှောက်၍လည်း မြှောက်မည် မထင်ပါ။ ဖြီးလျှင်လည်း ယုံမည်မဟုတ်ပါ။ ဦးမေဓာသည်တိကျ၏။ စေ့စပ်၏။ သေရည်တစ်စက်ကိုမျှ လျှာဖျားဝယ် မတင်ခဲ့။ ဖဲတစ်ချပ် ကြွေတစ်စေ့မျှ မကိုင်တွယ်တတ်၊ ဦးမေဓာ ကိုင်တွယ်သည်ကား ကျမ်းစာအုပ်၊ ဦးမေဓာ မွေ့လျော်သည်ကား ဓမ္မရိပ်၊ ဒီတော့ ကိုအုံ့ကျော်နှင့်က မြေခါးတစ်လမ်း၊ သံတလမ်းတည်း။ ထို့အပြင် ဦးမေဓာသည် လာဘ်ကို လောက်တဖွားဖွားကျနေသော ခွေးသေကောင်ပုပ်နှယ် စက်ဆုပ်၏။ လာဘ်ဖြင့်လည်း ကိုအုံ့ကျော် မချဉ်းကပ်နိုင်တော့။

အရာရှိဆိုပေမဲ့။ ဘီလီယက်ပင် မထိုးတတ်သော ဖြောင့်မတ်သော၊ အဂတိတရားကင်းစင်သော၊ အရာရာ၌ ဓမ္မဓိဋ္ဌာန်ကျကျ ဆုံးဖြတ်တတ်သော၊ တည်ကြည်သော်လည်း သိမ်မွေ့သော၊ အေးစက်သော်လည်း မွန်ရည်သော၊ ရိုးဖြောင့်သော်လည်း နက်နဲသော ပုဂ္ဂိုလ်မျိုးအပေါ်သို့ ကိုအုံ့ကျော်သည် အသို့လျှင် ချဉ်းကပ်ဝံ့တော့အံ့နည်း။

ဦးပန်းတွေးသည် စကားဝါပင်တန်းများ အနီးတွင် ကြေလျှောက်ရင်း ပုတီးစိပ်နေသည့် ဝန်ထောက်ဦးမေဓာကို လေးစား-

ကြည်ညိုသော မျက်လုံးများဖြင့် ငေးစိုက်နေမိ၏။

ညနေစောင်းသောအခါတွင် ဝန်ထောက်မင်းနှင့် အတူ ဓမ္မရုံသီ ကျောင်းဝင်းထဲသို့ ရောက်သွားကြ၏။ နေပြောက်မထိုး အောင်အုပ်ဆိုင်းနေ ကြသော ကရမက်ပင်ကြီးများသည် ကျောင်း ပရဝုဏ်အတွင်းသို့ ဝင်ရောက် လာသော ပုဂ္ဂိုလ်တို့၏ သောကကို ငြိမ်းအေးစေ၏။ ပုထိုးစေတီတို့၏ ထီးတော်များမှ တလွင့်လွင့်ပျံ့ လွင့်လာသော ဆည်းလည်းသံ တချွင်ချွင်ကား ယောဂီတို့နှလုံး သားဝယ် အပြစ်ကင်းသော ကြည်နူးမှုကို ဖြစ်ပေါ်စေပေသည်။ ဆရာတော်ထွက်ကြွလာဟန် မတူသေးပေ။ ဓမ္မာရုံထဲတွင် ဓမ္မမိတ် ဆွေများ စုဝေး၍ တရားဆွေးနွေးနေကြ၏။ ဓမ္မာရုံထဲသို့ လှမ်းဝင် လိုက်လျှင်ပင် ဦးပန်းထွေး၏ တစ်ကိုယ်လုံးကြက်သီး တဖြန်းဖြန်း ထသွား၏။

တရားဆွေးနွေးနေကြသော ဝိုင်းများအနက် ကြေးစည် ကြီးအနီးတွင် ထိုင်နေကြသော ဝိုင်းကားပို၍ မြိုင်၏။ ခေါင်းတုံး ပြောင်အောင်ရိတ်ထားသော ဦးပြည်းစိမ်းစိမ်းနှင့် ယောဂီကြီး တစ်ဦးက ဦးဆောင်ဆွေးနွေးနေသဖြင့်လည်း ပို၍စည်ကားနေ၏။ ယောဂီကြီးသည် တစ်ကိုယ်လုံးပိတ်ဖြူ ဝတ်ဆင်ထားပြီး ယောဂီ ရောင်တဘက်ညို တစ်ထည်ကို စလွယ်သိုင်း၍ ထား၏။ ယောဂီ ကြီး၏ စကားသံကို ဦးပန်းထွေးနားစွင့်လိုက်၏။

'နှာသီးဖျားမှ လေကလေးတိုးနေတာကို သိအောင်ရှုကြတယ် မဟုတ်လား'

'ရှုပါတယ် ဆရာကြီး'

'ထိမှုက ရုပ်တရားဗျ၊ သိမှုက နာမ်တရားဗျ၊ အဲဒီထိမှု သဘောကို အဖန်တလဲလဲ သုံးသပ်နေတာကိုတော့ သမ္မာသန





ဉာဏ်လို့ ခေါ်တယ်၊ ဒီနောက် သမာဓိရင့်သန်လာရင် ဖြစ်မှုကို မမြင်ဘူးလား'

'မြင်လာပါတယ် ဆရာကြီး'

'အဲဒါ ဥဒယဘယဉာဏ်ပေါ့ဗျာ၊ ဒါဖြင့် ပျက်မှုကိုရော မမြင် ဘူးလားတဲ့၊ ပျက်မှုကို မြင်တာကတော့ ဘင်ဉာဏ်လို့ ခေါ်တယ်၊ အပျက်ကို မြင်တဲ့ ယောဂီဟာအလိုလေး ရုပ်နာမ်တရားဆိုတာ မျက်စိ ယိုယွင်းတတ်ပါကလား၊ တယ်လည်း ကြောက်စရာ ကောင်းပါလား. . . ရယ်လို့ မြင်လာလိမ့်မယ်၊ အဲ . . . ကြောက်စ ရာ မြင်တာကတော့ တယဉာဏ်ဘဲပေါ့'

ယောဂီပုဂ္ဂိုလ်ကြီးသည် ဆက်လက်၍ ဉာဏ်စဉ်ဆယ်ပါး ပြည့်အောင် ရှင်းပြနေ၏။ ပရိသတ်များကား တုတ်တုတ်မျှ မလှုပ်ကြ၊ အစုံအစုံသော မျက်လုံးများသည် ဟောပြောသူပုဂ္ဂိုလ်ကြီး ၏ ကြည်ညိုဖွယ်မျက်နှာပေါ်တွင်သာ စူးစိုက်နေကြ၏။ အစုံအစုံ သော နားတို့ကိုလည်း ထိုပုဂ္ဂိုလ်ကြီး၏ အောင်မြင် ခံ့ညားသည့် အသံဝါကြီးကသာလျှင် စိုးမိုးလျက်ရှိကုန်၏။ ထိုအခိုက်တွင် ဣန္ဒမာလာ ဝန်ထောက်မင်းသည် ဓမ္မာရုံအတွင်းသို့ မြေကို အသံမ ထွက် စိမ့်သောငှာ ရွရွညင်သာ နင်းလျက်ဝင်ရောက်လာ၏။ ထိုင် နေသူများက ခရီးဦးကြိုပြုကာ နေရာပေးကြ၏။ တရားသံရှင် ပုဂ္ဂိုလ်ကြီးကား ဝန်ထောက်မင်းရှိရာဘက်သို့ စိုးစဉ်းမျှ လှည့်မကြည့် ချေ။ ထိုပုဂ္ဂိုလ်ကြီးသည် ဣန္ဒာမာလာခရိုင်ခွဲ၌ အာဏာအရှိဆုံး သော ဝန်ထောက်မင်း တစ်ယောက်လုံးကိုပင်လျှင်လည်း ခေတ်သေး ပါးနှင့် ဖွဲ့စည်းထားသည့် ပစ္စည်းတစ်ခုထက်ပို၍ တန်ဖိုးထားပုံမရ ချေ။ ဘမယံအာရုံနှင့် ဝိပဿနာအာရုံ ဟူရာ၌ ပညတ်သည် သမထဖြစ်ပြီး ပရမတ်သည် ဝိပဿနာဖြစ်ကြောင်းတို့သာ တည်

ငြိမ်စွာ ဆက်လက်ဟောပြောလျက်ရှိပေ၏။ ရုံးလုလင် ဦးပန်းထွေးကား နဖူးတွင် ချွေးများစို့လျက် ပါးစပ် အဟောင်းသားနှင့် ဓမ္မကထာများကို နားထောင်နေလေသည်။

'ဒါ့ကြောင့် ကိုးဂုဏ်သခင် ရှင်တော်မြတ်ဘုရားက ဥပရိပဏ္ဏာသပါဠိတော် မဟာသဋ္ဌာယတနိကသုတ်မှာ ဟောကြားတော်မူခဲ့တာက တသိမေဒွေဓမ္မာ'

'တစ်ဆိတ်ကလေး ခင်ဗျာ . . . ခေတ္တလေး'

တရားမင်ရာမှ ပုဂ္ဂိုလ်ခင်လာဟန်ရှိသော ဝန်ထောက်ဦးမေဓာသည် ယောဂီကြီး၏ စကားမဆုံးမီမှာပင် ဝင်ရောက်လျက် . . .

'ခေတ္တလေး သည်းခံတော်မူပါဦးခင်ဗျာ၊ ဒီက ဓမ္မမိတ်ဆွေကြီးရဲ့ အမည်လေး တစိတ်လောက် သိပါရစေ ခင်ဗျား'

ပုဂ္ဂိုလ်ကြီးသည် ပြောဆဲစကားကို ဖြတ်လိုက်ပြီး ဝန်ထောက်မင်းအား ကြည့်သည်ဟု ဆိုနိုင်ရုံမျှ မျက်လွှာကိုပင့်၍ ကြည့်၏။ ထို့နောက် နောင်တော်က ညီငယ်၏အမှားကို ခွင့်လွှတ်သော အပြုံးမျိုးဖြင့် သိမ်မွေ့စွာ တစ်ချက်ပြုံးလိုက်၏။ သူ၏ အမည်ကိုကား ဖြေကြားခြင်း မပြုချေ။

မျက်ခုံးမွေးဖြူဖြူနှင့် ယောဂီကြီးတစ်ဦးကသာ ပုဂ္ဂိုလ်ကြီးကိုယ်စားဝင်၍ ဖြေ၏။

'ဒါက ကျွန်တော်တို့ ရိပ်သာရဲ့ ဓမ္မမိတ်ဆွေသစ် တစ်ဦးပေါ့ ဝန်ထောက်မင်းရဲ့။ အမည်ကတော့ ကျောင်းဒါယကာကြီး ဦးအုံးကျော်တဲ့'

လေပြင်းအဆောင့်ခံလိုက်ရသူပမာ ဝန်ထောက်မင်း၏ ခန္ဓာကိုယ်သည် နောက်သို့ ယိမ်းယိုင်သွား၏။ ချိတ်ဆွဲထားသော





ကြေးစည်ကြီးကို မှိုလိုက်မိသည်။ ကြေးစည်ကြီးသည်နောက်ဆုတ်ထွက်ပြေးကာ ဓမ္မာရုံနံရံကို ခေါင်းဖြင့်ဝေ့၏။ 'ဒေါင် ဟောင်ဟောင်' ဟူ၍လည်း မချိမဆံ့အော်မြည် ရှာသည်။ ထို့နောက် ဝန်ထောက်မင်းနှင့် ကိုအုံးကျော်တို့ အပြန်အလှန် ဆွေးနွေးကြ၏။ ဝန်ထောက်မင်းက အမေး၊ ကိုအုံးကျော် က အဖြေ။ ဝန်ထောက်မင်း ဦးမေဓာ ပဋ္ဌာကျမ်းများ ထုတ်ဦး မည်လောမဆိုနိုင်ပေ။

အပြန်တွင်ကား လရောင်ထိန်ထိန်ညီးနေချေပြီ။

သရက်ပင်တန်းလေးမှ လျှောက်လာကြ၏။ သရက်ဖူးနံ့လေးများ သင်းနေသည်။ လမ်း၌ တစ်ဦးကို တစ်ဦး စကားမပြောမိကြ။ အတွေးကိုယ်စီနှင့် ဆိတ်ငြိမ်စွာ လျှောက်လာခဲ့ကြ၏။ အိမ်ရှေ့သို့ ရောက်သောအခါတွင်မှ ဝန်ထောက်မင်းက ဦးပန်းထွေးမျှော်လင့်နေသည့် စကားတစ်ခွန်းကိုဆို၏။

'ဦးအုံးကျော်ကို အခွင့်အရေးသမားကြီး လူညာလူလည်ကြီး၊ လူညွန့်ခူးစားနေတဲ့လူကြီးရယ်လို့ သမုတ်နေကြတာဟာ စနွကူးပင်ကို ရန့်မရှိဘူး၊ အနှစ်မရှိဘူးရယ်လို့ စွပ်စွဲတာနဲ့ အတူတူပါပဲဗျာ။ စင်စစ်တော့ ဦးအုံးကျော်ဟာ တကယ့်သူတော်ကောင်းကြီး၊ ပါရမီရှင် တိဟိတ် ပုဂ္ဂိုလ်ကြီး ပါဗျာ'

ဦးပန်းထွေး၏ မျက်လုံးအစုံသည် ဝန်ထောက်မင်းအိမ်၏ အုတ်ခုံဆီသို့ရောက်သွား၏။ အုတ်ကြားထဲတွင် အမြစ်တွယ်နေသော ဒေါင်ပင်ကို လရောင်၌ မြင်မိပြန်သည်။ ယမန်နေ့ကပင် သွေ့သေချာချာ နှိမ်နင်းထားသေး၏။ ယခု အညွန့်တလူလူနှင့် ခေါင်းထူနေပြန်ချေပြီ။

ဟယ် . . . သည် ဒေါင်ပင်နှယ်။

[မြဝတီ၊ အောက်တိုဘာ ၁၉၇၃]